MIFER

# MIFER BULLETIN (2/2025)

Special Publication for 7th Anniversary





www.mifer.gov.mm

**Presented by**

**e-Government Division**

# ရင်းနှီး/ စီးပွား သတင်းလွှာ

## နာယကများ

| | |
|---|---|
| ဒေါက်တာဝါဝါမောင် | ပြည်ထောင်စုဝန်ကြီး |
| ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး |

## အယ်ဒီတာချုပ်

| | |
|---|---|
| ဒေါက်တာသီတာကြူ | ညွှန်ကြားရေးမှူးချုပ် |

## စာတည်းအဖွဲ့

| | |
|---|---|
| ဦးစိုးမြင့်အောင် | ဒုတိယအမြဲတမ်းအတွင်းဝန် |
| ဦးမင်းလွင်ဆွေ | လက်ထောက်အတွင်းဝန် |
| ဒေါ်ဇာလီနွယ် | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါက်တာအေးအေးမြင့် | ဒုတိယညွှန်ကြားရေးမှူး |
| ဦးအောင်ထက်ပိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်အိသက်ခိုင် | ဦးစီးအရာရှိ |
| ဒေါ်သဉ္ဇာစိန်ဝင်း | ဦးစီးအရာရှိ |
| ဒေါ်သက်စုကြည် | ဦးစီးအရာရှိ |
| ဒေါ်ဆုအိမ်သူ | ဒုတိယဦးစီးမှူး |
| ဒေါ်ဝင်းဇာဇာလှိုင် | ဒုတိယဦးစီးမှူး |
| ဦးဝေယံထွဋ် | ဒုတိယဦးစီးမှူး |
| ဦးအောင်ကျော်ကျော် | အကြီးတန်းစာရေး |
| ဒေါ်ထက်ထက်ဝင်း | အငယ်တန်းစာရေး |

## မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

| | |
|---|---|
| ဦးအောင်ထက်ပိုင် | လက်ထောက်ညွှန်ကြားရေးမှူး |

e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) မှ စီစဉ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ကဗျာကဏ္ဍ** | |
| ၁ | "DICA ခွန်အား၊ မြန်မာ့စီးပွား" | ၁ |
| | **ဆောင်းပါးကဏ္ဍ** | |
| ၂ | ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) သို့ မြန်မာနိုင်ငံ၏ ဗျူဟာမြောက် စီးနင်းဝင်ရောက်ခြင်း | ၂ |
| ၃ | ISDS ပြုပြင်ပြောင်းလဲရေးကို ဘယ်သူတွေက အမှန်တကယ်ပုံဖော်နေကြသလဲ | ၇ |
| ၄ | မိုးရာသီ ခရီးသွားမြို့တော် ဘားအံ | ၁၂ |
| ၅ | ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (SCO) အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး "One-Stop Service Center" များမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ချဉ်းကပ်ပုံ အားလေ့လာခြင်း | ၁၄ |
| ၆ | "အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုမှသည် EAEU နှင့် GCC နိုင်ငံများဆီသို့ - မြန်မာ့ ရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းမှုအသစ်" | ၂၀ |
| ၇ | သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၂၄ |
| ၈ | သမ္မတထရမ့်၏ အခွန်နှုန်းထားသတ်မှတ်ခြင်းက အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးများ တရုတ်နိုင်ငံဘက်သို့ ပိုမိုတိမ်းညွတ်စေသည့် အလားအလာများ ဖြစ်ပေါ်လာစေ | ၂၆ |
| ၉ | နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် အကြပ်အတည်းများ | ၂၉ |
| ၁၀ | ရင်းနှီးတိုးပွား ပြည်ထွန်းကား | ၃၂ |
| ၁၁ | အပြာရောင်စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ရှေ့အနာဂတ်အလားအလာ | ၃၄ |
| ၁၂ | FDI တိုးတက်စေရေး စက်မှုကဏ္ဍမြှင့်တင်ပေး | ၃၉ |
| ၁၃ | ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး DICA ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများ မြှင့်တင်ပေး | ၄၂ |
| ၁၄ | စိန်ခေါ်မှုများအကြားက ရင်းနှီးမြှုပ်နှံမှုအလားအလာ | ၄၆ |
| ၁၅ | နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှု မောင်းနှင်ခြင်း – ဗီယက်နမ်၏ သိပ္ပံ၊ နည်းပညာနှင့် ဒီဂျစ်တယ် အပြောင်းအလဲအတွက် PPP ဖွဲ့စည်းပုံ | ၄၈ |

| | | |
|---|---|---|
| ၁၆ | စွန့်ဦးတီထွင်လုပ်ငန်းများ အထောက်အပံ့ဖြစ်ခြင်း စီးပွားရေးဝန်းကျင် | ၅၀ |
| ၁၇ | ဒီဂျစ်တယ်ခေတ်ရဲ့ လူမှုဘဝပြောင်းလဲမှုများ | ၅၂ |
| ၁၈ | ကုန်စည်ပြပွဲ အခြေပြု နိုင်ငံတကာ ဈေးကွက်ဖော်ဆောင်ရေးသို့ | ၅၆ |
| ၁၉ | မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီအနေအထားနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ | ၆၀ |
| ၂၀ | မဲခေါင်သိပ္ပံ (Mekong Institute – MI) မှ မြန်မာနိုင်ငံရှိ လျှောင်ဒဏ်သင့်ဒေသများသို့ ပြန်လည်ထူထောင်ရေး အထောက်အပံ့ပေးအပ်နိုင်ရေး အစီအစဉ်တစ်ခု ပြင်ဆင်လျက်ရှိခြင်း | ၆၆ |
| ၂၁ | မြန်မာနှင့် ကာဇက်စတန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ | ၆၈ |
| ၂၂ | သက်ဝင်လှုပ်ရှား ရင်းနှီးစီးပွား ပုံရိပ်များ | ၇၁ |
| | **MIFER သတင်းကဏ္ဍ** | |
| ၂၃ | ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | ၇၇ |
| ၂၄ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ | ၇၈ |
| ၂၅ | တတိယအကြိမ်မြောက် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၇၉ |
| ၂၆ | ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းနှင့် ရုံးလုပ်ငန်းအတတ်ပညာ၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်းနှင့် အစီရင်ခံစာရေးသားခြင်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ | ၈၀ |
| ၂၇ | (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် | ၈၁ |
| ၂၈ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (China International Development Cooperation Agency-CIDCA) ဥက္ကဋ္ဌ ဖြစ်သူ Mr. Chen Xiaodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၈၂ |
| ၂၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund- UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Yasumasa Kimura ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၈၃ |

| | | |
|---|---|---|
| ၃၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် အီဂျစ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံ | ၈၃ |
| ၃၁ | ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာ နိုင်ငံဆိုင်ရာကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ | ၈၄ |
| ၃၂ | MOFCOM ပညာသင်ဆုများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် များစွာအထောက်အကူပြုနိုင်ငံအတွက် သစ္စာရှိရှိနှင့် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည် ပြည့်ဝသူများ ဖြစ်လာစေရေးကြိုးစားအားထုတ် | ၈၄ |
| ၃၃ | ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ပံ့ပိုးကူညီရန် အဆင်သင့်ရှိဟု ပြည်ထောင်စုဝန်ကြီးပြော | ၈၆ |
| ၃၄ | ပြည်ထောင်စုဝန်ကြီးက UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၈၇ |
| ၃၅ | အာဆီယံဒီဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ- အိန္ဒိယ ကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ အာဆီယံစီးပွားရေး ဝန်ကြီးများ အထူးအစည်းအဝေးများကျင်းပ | ၈၇ |
| ၃၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေးရုံး (UN Development Coordination Office – UNDCO) ၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံ | ၈၉ |
| ၃၇ | မြန်မာနှင့် တရုတ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး | ၉၀ |
| ၃၈ | ပြည်ထောင်စုဝန်ကြီးက (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲတက်ရောက် | ၉၁ |
| ၃၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး | ၉၂ |
| ၄၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme- UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ Mr. Norimasa Shimomura အား လက်ခံတွေ့ဆုံ | ၉၃ |

| | | |
|---|---|---|
| ၄၁ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက China Harbour Engineering Co., Ltd. နှင့် Yunnan Baoshan Hengyi Industrial Group Co., Ltd. တို့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ | ၉၃ |
| ၄၂ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက် | ၉၄ |
| ၄၃ | အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ | ၉၇ |
| ၄၄ | တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းသည့်အစည်းအဝေးကျင်းပ | ၉၉ |
| ၄၅ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၀၁ |
| ၄၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဟန်နွိုင်းမြို့အခြေစိုက်၊ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံ | ၁၀၂ |
| ၄၇ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ- ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၀၂ |
| | **ဦးစီးဌာန သတင်းကဏ္ဍ** | |
| ၄၈ | အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြားဆေးဝါးလုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် PHARMA CONNNECT 2025 အခမ်းအနားကျင်းပ | ၁၀၄ |
| ၄၉ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းဝန်ဆောင်မှု ပေးခြင်း | ၁၀၄ |
| ၅၀ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၁၀၅ |
| ၅၁ | ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ ခြင်း | ၁၀၅ |
| ၅၂ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၁၀၅ |

| | | |
|---|---|---|
| ၅၃ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း | ၁၀၆ |
| ၅၄ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း | ၁၀၆ |
| ၅၅ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၁၀၆ |
| ၅၆ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုခြင်း | ၁၀၇ |
| ၅၇ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၁၀၇ |
| ၅၈ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း | ၁၀၇ |
| ၅၉ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၁၀၈ |
| | **ပြည်တွင်း/ပြည်ပသတင်းကဏ္ဍ** | |
| ၆၀ | ရွှေတစ်ထရှိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ (၄,၃၀၀) အထိ မြင့်တက် | ၁၀၉ |
| ၆၁ | ဆော်ဒီအာရေဗျနိုင်ငံနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် ယူအေအီးနိုင်ငံမှ ဆောင်ရွက်လျက်ရှိ | ၁၀၉ |
| ၆၂ | ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားက ဆန်တင်သွင်းခြင်းမပြုလျှင် ဆန်ဈေးကွက်အပေါ် အကျိုးသက်ရောက်မှုအမေရိကန်နိုင်ငံသို့ တင်သွင်းသည့် သစ်၊ ပြုပြင်ပြီးသစ်သားနှင့် အခြားသစ်တောထွက်ပစ္စည်း သွင်းကုန်များကို ထိန်းညှိခြင်းဆိုင်ရာ ကြေညာချက်ထုတ်ပြန် | ၁၁၀ |
| ၆၃ | မြန်မာ-အိန္ဒိယ အကျိုးရှိမည့် ကဏ္ဍများတွင် ပူးပေါင်းမှု တိုးမြှင့်မည် | ၁၁၁ |
| ၆၄ | မြန်မာ-ရုရှား ကုန်သွယ်မှု တိုးမြှင့်ရေးဆွေးနွေး | ၁၁၂ |
| ၆၅ | နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင်လာရောက် ဆောင်ရွက်ကြရန်ဖိတ်ခေါ် ခဲ့ | ၁၁၃ |
| ၆၆ | မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား ကုန်သွယ်ရေးတိုးမြှင့်ရန် ဆွေးနွေး | ၁၁၄ |
| ၆၇ | မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အပြန်အလှန် ပြည်ဝင်ဗီဇာကင်း လွတ်ခွင့် သဘောတူစာချုပ်ကို စက်တင်ဘာတွင် လက်မှတ်ရေးထိုးမည် | ၁၁၅ |
| ၆၈ | နိုင်ငံအတွက် အားထားရသည့်တနင်္သာရီတိုင်းဒေသကြီး၏ ငါး၊ ပုစွန်လုပ်ငန်း | ၁၁၆ |
| ၆၉ | အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေ ဖြည့်တင်းရေး | ၁၁၇ |

# ဥယျောဇဉ်




နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့၊ ချေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/ ၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိကမဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးကဏ္ဍများတွင် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားလျက် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို မြင့်တင်ကာ ပြည်တွင်းအရင်းအမြစ်များနှင့် ပေါင်းစပ်အသုံးချနိုင်မည့် ပြည်ပငွေကြေးအရင်းအမြစ်များ ရှာဖွေခြင်း၊ အကူအညီအထောက်အပံ့၊ နည်းပညာအကူအညီများ စီးဝင်လာရေးအတွက် နိုင်ငံတကာ စီးပွားဆက်သွယ်ရေးနည်းလမ်းဖြင့် နိုင်ငံအချင်းချင်း၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံစုံအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လျက် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့်အညီ ဤသတင်းလွှာအား ၂၀၂၂ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ လူမှု-စီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများရယူ၍ အကျိုးထိရောက်စွာ အသုံးချ နိုင်ရေး၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များ စသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ သုံးလတစ်ကြိမ် ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/ စီးပွားသတင်းလွှာ (၂/၂၀၂၅) တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်တွင်း/ ပြည်ပစီးပွားရေးသတင်းများ၊ ကဗျာနှင့် ဗဟုသုတရရှိစေမည့် ဆောင်းပါးများတို့ကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပါသည်။

နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ဆောင်းပါး ရေးသားပေးပို့ကြသည့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးသတင်းများ ကူညီပံ့ပိုးပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုအပ်ပါသည်။

ဒေါ်ကြင်ဝါဝါမောင်<br>
ပြည်ထောင်စုဝန်ကြီး



# ကဗျာ

# “DICA ခွန်အား၊ မြန်မာ့စီးပွား”

နိုင်ငံ့စီးပွား၊ စိုက်ပျိုးအားကို
တိုးပွားမြင့်ရေး၊ အားပေးခြင်းအား
အလျဉ်းဆောင်ရွက်၊ DICA လက်ဖြင့်
စုတ်မှတ်ရေးခြယ်၊ စီးပွားဟန်ကို
အမှန်ကေန်၊ ဖော်ဆောင်ပြီ။
မွေးမြူကဏ္ဍ၊ ရုပ်လုံးလှဖို့
DICA ကြိုးစား၊ မဆုတ်အားနှင့်
လှမ်းထားခြေဟန်၊ အဟုတ်မာန်ဖြင့်
ကိုယ်ဟန်မပျက်၊ ရပ်တည်လျက်
စွမ်းလျက်ဆောင်မည်၊ DICAN သည်။
စက်မှုလုပ်ငန်း၊ ရှေ့ဆက်လှမ်းဖို့
မျှော်မှန်းဖော်ဆောင်၊ အကျိုးအောင်ရန်
ရှေ့ဆောင်ကြိုးစား၊ DICAN များ
အင်အားမလျော့၊ အားမပျော့ပြီ။
ရင်းနှီးမြှုပ်နှံ၊ လမ်းကြောင်းမှန်ဖို့
ရင်းခံစိတ်ထား၊ အလေးထား၍
ပြည့်အားစီးပွား၊ ဒီရေလားသို့
မြင့်မားစေရန်၊ ကြိုးပမ်းပြန်၏။
ပြည်တွင်းမက၊ ပြည်ပမှသည်
တိုးရရင်းနှီး၊ လုပ်ငန်းကြီးများ
ပိုပြီးရရေး၊ DICAN တွေး၍
မနေးဆောင်ရွက်၊ နိုင်ငံတွက်ကို
မပျက်အားနှင့်၊ ခွန်အားထုတ်လျက်
ကြိုးပမ်းကြသည်၊ တို့ DICA သည်။ ။

သီရိမာလာသွင်
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုဌာနခွဲ (၁)

7th Anniversary



# ဆောင်းပါးများ

## ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) သို့ မြန်မာနိုင်ငံ၏ ဗျူဟာမြောက် စီးနင်းဝင်ရောက်ခြင်း

### နိဒါန်း

၂၁ ရာစုသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေး အလှည့်အပြောင်းများအတွက် အခြေခံကျသည့် အသွင်ကူးပြောင်းမှုများကိုဆောင်ကျဉ်းနေသောကာလဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ၂၁ ရာစုသည် နှစ်ပေါင်းများစွာ အရိုးစွဲခဲ့သည့် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် အစုအဖွဲ့တစ်စု၏ ဦးဆောင်ရာကို ယိမ်းရသည့် (Unipolar) စနစ်ကို ဆန့်ကျင်ကာ၊ နိုင်ငံများစွာ၏ ကိုယ်စားပြုမှု၊ အကျိုးစီးပွား၊ ဆုံးဖြတ်ချက်စသည်တို့ ညီညွတ်မျှတစွာ ပါဝင်နိုင်မည့် ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) ဆီသို့ ချဉ်းကပ်လျက်ရှိပါသည်။ Multipolar World စနစ်သို့ ချဉ်းကပ်ရာတွင် နိုင်ငံအသီးသီးက မိမိနိုင်ငံ၏ ပထဝီဝင်အနေအထား၊ နိုင်ငံရေးအရ အရေးပါမှု၊ စီးပွားရေးတိုးတက်မှု၊ စွမ်းအင်နှင့် အရင်းအမြစ်များပေါ်များမှု အစရှိသော အားသာချက် အားနည်းချက်များအပေါ် မူတည်၍ ယှဉ်ပြိုင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို တစ်ချိန်တည်း ပြုလုပ်ကာ ဗျူဟာကိုယ်စီဖြင့် ရွေ့နေကြခြင်းဖြစ်ပါသည်။

တရုတ်နိုင်ငံ၊ တောင်အာရှနှင့် အရှေ့တောင်အာရှတို့၏ လမ်းဆုံလမ်းခွတွင် တည်ရှိသော မြန်မာနိုင်ငံအတွက် ယခုကဲ့သို့ ပြောင်းလဲလာသော ကမ္ဘာ့အခြေအနေသည် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ နှစ်မျိုးစလုံးကို ဖန်တီးပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏အရွေ့ကိုဗျူဟာမြောက်စေရေးအတွက် မြန်မာနိုင်ငံ၏ အားသာချက်များကို ပါးနပ်စွာ အသုံးချရန် လိုအပ်မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ပထဝီအနေအထားတည်ရှိမှုကလည်း အားသာချက်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ ပထဝီဝင်အနေအထားကို **"A Country on A Doorstep (ထွက်ပေါက်တံခါးဝက နိုင်ငံ)"** ဟု အချို့က တင်စားပြောရလောက်အောင်ပင် မြန်မာနိုင်ငံ၏ တည်ရှိမှုက မဟာဗျူဟာမြောက် အရေးပါပါသည်။

တရုတ်နိုင်ငံ၏ Belt and Road Initiative အရ အိန္ဒိယသမုဒ္ဒရာသို့ သွယ်တန်းရေး စီမံကိန်းတွင် မြန်မာနိုင်ငံအနေဖြင့် မြောက်ဘက် နယ်နိမိတ်တစ်လျှောက် တရုတ်နိုင်ငံ (ယူနန်ပြည်နယ်) နှင့် ထိစပ်နေမှုနှင့် အနောက်ဘက်ကမ်းရိုးတန်း၊ ဘင်္ဂလားပင်လယ်အော်မှ Arabian ပင်လယ်အထိ တိုက်ရိုက်သွားလာနိုင်မှုတို့က အရေးပါသော ဂိတ်ဝတစ်ခုသဖွယ် တည်ရှိနေပါသည်။ ထို့ကြောင့် ယင်းသို့ အချက်အချာကျမှုကို A Country on A Doorstep ဟု တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံရေးအရအရေးပါသော ကျောက်ဖြူ-ကူမင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက် လိုင်းကဲ့သို့သော စွမ်းအင်သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို အသုံးပြုကြရာတွင် မလက္ကာရေလက်ကြား (Strait of Malacca) ကို ရှောင်ကွင်း၍ သွားလာနိုင်မည့် လမ်းကြောင်း၏ ဗဟိုချက်အဖြစ် တည်ရှိနေမှုကလည်း မြန်မာနိုင်ငံ၏ သဘာဝကပေးသည့် နောက်ထပ်အားသာချက်တစ်ခု ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ **"Act East"** မူဝါဒကို လေ့လာကြည့်မည်ဆိုပါက ၎င်းမူဝါဒအရ မြန်မာနိုင်ငံကို ကုန်းတွင်းတံတား (Land Bridge) အဖြစ် သတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ခြမ်းနှင့် အရှေ့တောင်အာရှတို့ကို ဆက်သွယ်ပေးမည့် နိုင်ငံအဖြစ် အိန္ဒိယ၏ စီမံကိန်းကြီးများဖြစ်သည့် Kaladan Multi-Modal Transit Transport Project (KMMTTP) ၊ India-Myanmar-Thailand Trilateral Highway (IMTTH) တို့အတွက်လည်း မြန်မာနိုင်ငံကအရေးပါသည့် အခန်းကဏ္ဍက တည်ရှိနေပါသည်။ အလားတူစွာပင် ဂျပန်နိုင်ငံ၏ **"Middle-of-the-Road"** မူဝါဒအရလည်းကောင်း၊ တောင်ကိုးရီးယား နိုင်ငံ၏ **"Anmi Gyeongjung"** ခေါ် **"Security with the U.S., Economy with the China"** မူဝါဒနှင့်အညီ ကုန်ပစ္စည်း ပို့ဆောင်ရေးလမ်းကြောင်းအဖြစ် ဆောင်ရွက်ရာတွင်လည်းကောင်း မြန်မာနိုင်ငံသည် အရေးပါသဖြင့် ၎င်းနိုင်ငံတို့သည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုကို ဖောင်းပေးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါ အခြေအနေများက မြန်မာနိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး အနေအထားသည် ပိုမိုကျယ်ပြန့်သော ဒေသတွင်း စီးပွားရေး ပေါင်းစည်းရေးမဟာဗျူဟာများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် မည်ကဲ့သို့ အသွင်ပြောင်းလဲနေသည်ကို သရုပ်ဖော်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည် ၎င်းပထဝီဆိုင်ရာ အခြေအနေကောင်းများကို နောက်ခံပြုလျက် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC)၊ ဘင်္ဂလားပင်လယ်အော်

ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC)၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (GMS)၊ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အစရှိသည့် ဒေသတွင်း အဖွဲ့အစည်းများတွင်သာမက ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (SCO) အထိပါ ပူးပေါင်းပါဝင်ခြင်းသည် ဗဟိုဝင်ရိုးကမ္ဘာ (Multipolar World) ပိုမိုနက်ရှိုင်းစွာ ချဉ်းကပ်နေခြင်းပင် ဖြစ်ပါသည်။

## ASEAN ၊ BIMSTEC ၊ GMS ၊ RCEP တို့သို့ မြန်မာနိုင်ငံ၏ ချဉ်းကပ်ဝင်ရောက်မှုအနေအထား

### ASEAN

မြန်မာနိုင်ငံသည် ASEAN တွင် ၁၉၉၇ ခုနှစ်ကတည်းက အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ဒေသတွင်းဆိုင်ရာ နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်လျက်ရှိပါသည်။ စီးပွားရေးအရ အာဆီယံသည် တရုတ်နှင့် အိန္ဒိယပြီးနောက် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရှိနေပြီး ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၁၈% ခန့်ကို ကိုယ်စားပြုပါသည်။ ASEAN အနေဖြင့် နိုင်ငံတကာ၏ နိုင်ငံရေး၊ စီးပွားရေး တင်းအားများကို ပြေလျော့စေခြင်း၊ ASEAN Economic Community (AEC) ၊ ASEAN's Regional Forum (ARF) ၊ ASEAN Single Window ၊ ASEAN e-commerce၊ Defense Ministers' Meeting (ADMM-Plus) အစရှိသည့် ပူးပေါင်းဆောင်ရွက်မှု အားဖြည့်ခြင်းများဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာ တရားဝင်ဖြစ်တည်မှုနှင့် ဗဟုဝင်ရိုးသို့ ချိတ်ဆက်မှုတို့ကို အထောက်အကူပြုလျက် ရှိပါသည်။

### BIMSTEC

မြန်မာနိုင်ငံသည် BIMSTEC တွင်လည်း စတင်ဖွဲ့စည်းသည့် ၁၉၉၇ ခုနှစ်ကတည်းက အဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ BIMSTEC တွင် ပင်လယ်နှင့် နီးစပ်သည့် နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ ပါဝင်ပါသည်။ BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းလူဦးရေမှာ ၁.၈ဘီလီယံ (ကမ္ဘာ့လူဦးရေ၏ ၂၂% ခန့်) ရှိပြီး၊ ပေါင်းစပ် GDP မှာ (၂၀၂၅ ခုနှစ် ခန့်မှန်းခြေအရ) အမေရိကန်ဒေါ်လာ ၅.၂ ထရီလီယံ ရှိပါသည်။ BIMSTEC သည် အိန္ဒိယနိုင်ငံ၏ **"Act East မူဝါဒ"** ကို အရှေ့တောင်အာရှ၏ **"Look West ချဉ်းကပ်မှု"** နှင့် တိုက်ရိုက်ချိတ်ဆက်ပေးသည့် တံတားတစ်ခုအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသည် တစ်ဘက်တွင် အိန္ဒိယ၊ ကျန်တစ်ဘက်တွင် ASEAN တို့ဖြင့် ကုန်းတွင်းနယ်နိမိတ်ချင်းထိစပ်နေသည့် တစ်ခုတည်းသော နိုင်ငံအဖြစ် အဖွဲ့အတွင်းတွင် အရေးပါပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို BIMSTEC အတွက် တောင်အာရှနှင့် အရှေ့တောင်အာရှကို ချိတ်ဆက်ရာတွင် အချက်အချာကျသည့် **"ကုန်းတွင်း တံတား (Land Bridge)"** တစ်ခုအဖြစ် ရှုမြင်ခံရခြင်းဖြစ်ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေး၏ လေးပုံတစ်ပုံခန့် ဖြတ်သန်းသွားလာသော ဘင်္ဂလားပင်လယ်အော်သည်လည်း မဟာဗျူဟာမြောက် ရေကြောင်းလမ်းမကြီးတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းအရှည် ၁,၉၃၀ ကီလိုမီတာကလည်း BIMSTEC ၏ ရေကြောင်းလုံခြုံရေးနှင့် ပင်လယ်ပြာစီးပွားရေး အစီအစဉ်များတွင် အရေးပါစေသော နောက်ထပ် အားသာချက်တစ်ရပ် ဖြစ်ပါသည်။


BIMSTEC ၏ အိန္ဒိယနိုင်ငံ (Moreh) မှစတင်၍ မြန်မာနိုင်ငံ ( မန္တလေးမြို့) ကိုဖြတ်ပြီး ထိုင်းနိုင်ငံ (မဲဆောက်မြို့) သို့ ချိတ်ဆက်မည့် ၁,၃၆၀ ကီလိုမီတာ အရှည်ရှိသည့် IMT Trilateral Highway ၊ အိန္ဒိယနိုင်ငံ (Kolkata Port) မှ မြန်မာနိုင်ငံ (စစ်တွေဆိပ်ကမ်း) နှင့် အိန္ဒိယ၏ အရှေ့မြောက်ပြည်နယ်များသို့ ဆက်သွယ်ပေးမည့် Kaladan Multimodal Transit Transport Project (KMTTP) တို့က မြန်မာနိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အလားအလာ ကောင်းများကို ဖိတ်ခေါ်ပေးလျက်ရှိပါသည်။

### GMS

GMS တွင်မဲခေါင်မြစ်ဝှမ်း တစ်လျှောက်ရှိ ကမ္ဘောဒီးယား၊ တရုတ် ၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ ပါဝင်ပြီး ၁၉၉၂ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ပံ့ပိုးမှုဖြင့် စတင်ခဲ့ပါသည်။ လူဦးရေ သန်း ၃၄၅ ခန့်ကို လွှမ်းခြုံထားပြီး၊ စုစုပေါင်း GDP သည် (၂၀၂၅ ခန့်မှန်းချက်အရ) ဒေါ်လာ ၂.၄ ထရီလီယံဖြစ်ပါသည်။

GMS တွင်လည်း မြန်မာနိုင်ငံက **"လမ်းဆုံလမ်းခွ နိုင်ငံ (Crossroads State)"** အဖြစ် တည်ရှိနေပါသည်။ GMS အနေဖြင့် အဓိက စီးပွားရေးစင်္ကြံလမ်းကြီး ၉ ခုကို

ဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံသည် ၎င်းတို့အနက် North–South Economic Corridor (NSEC) နှင့် East–West Economic Corridor (EWEC) တို့တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ နယ်စပ်ဖြတ်ကျော်လျှပ်စစ်စွမ်းအင်ကုန်သွယ်မှုအတွက် Mekong Power Grid တွင် လည်းကောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့စီးဆင်းမှုတွင်လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုတို့ အလားအလာ ကောင်းလာနိုင်မည်ဖြစ်ပါသည်။ အောက်ဖော်ပြပါပုံတွင် ၎င်းတို့ချိတ်ဆက်နေပုံကို လေ့လာတွေ့ရှိနိုင်ပါသည်-




## RCEP

RCEP သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်အာဏာသက်ဝင်ခဲ့သော ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်ပါသည်။ RCEP တွင် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်ပြီး ကမ္ဘာ့ GDP ၏ ၃၀% နီးပါးနှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၂၈ % ကို လွှမ်းခြုံထားပါသည်။ ဇဟုဝင်ရိုးကမ္ဘာ၏ အဓိကစီးပွားရေးစင်တာနှစ်ခု ဖြစ်သည့် အရှေ့မြောက်အာရှ (တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား) နှင့် အာဆီယံဒေသတို့ကို မြန်မာနိုင်ငံက တံတားတစ်ခု (Bridgehead) သဖွယ် ချိတ်ဆက်ပေးထားသည့်အတွက် RCEP မှ စီးပွားရေးအခွင့်အလမ်းများစွာကို ရရှိနိုင်ပါသည်။ RCEP ၏ အခွန်လျှော့ပေါ့ တင်ပို့နိုင်သော ထုတ်ကုန်မူရင်းစည်းမျဉ်းများ (Common Rules of Origin - ROO) ၊ Factory Asia အဖြစ် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့် အလားအလာများ ရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လိုအပ်သည့်စံနှုန်းများကို လိုက်မီအောင် ကြိုးစားပေါင်းစပ်ခြင်းဖြင့် RCEP နှင့် အတူ ဇဟုဝင်ရိုးသို့ ချဉ်းကပ်လာနိုင်မည် ဖြစ်ပါသည်။

**SCO အပါအဝင် အခြားပူးပေါင်းအဖွဲ့များသို့ မြန်မာနိုင်ငံ၏ ချဉ်းကပ်ဝင်ရောက်မှုအနေအထား**

### ကုလသမဂ္ဂ (UN) နှင့် ဆက်စပ်အဖွဲ့အစည်းများ

UN နှင့် ၎င်း၏ ဆက်စပ်အဖွဲ့အစည်းများအပြင် WTO ၊ World Bank ၊ ADB ၊ AIIB စသည့် အဖွဲ့အစည်းများ/ စီးပွားရေးနှင့် ငွေကြေးပူးပေါင်းဆောင်ရွက်မှုများကလည်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ တရားဝင်အသိအမှတ်ပြုမှုကို ထိန်းညှိရန်နှင့် ပြင်ပဖိအားများကို စီမံခန့်ခွဲရန်အတွက် စင်မြင့်များသဖွယ် တည်ရှိလျက်ရှိပါသည်။ နိုင်ငံရေးအရ ကစားကွက်များကို ကျော်လွှားရာတွင် မြန်မာနိုင်ငံသည် အာဆီယံမိတ်ဖက်များနှင့် ကမ္ဘာ့တောင်ခြမ်း မဟာမိတ်အဖွဲ့များနှင့် ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု (Balance-of-power Cooperation) ကို ရှာဖွေနိုင်ခဲ့သည်ဟု ပညာရှင်အများက သုံးသပ်ပြောဆိုခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ထိုသို့သော အင်အားချိန်ခွင်လျှာ မျှတအောင် ပူးပေါင်းဆောင်ရွက်မှုများသည် UN အပါအဝင် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့များ၏ အဖွဲ့ဝင်အဖြစ်မှတဆင့် သီးခြားရပ်တည်မှု မဖြစ်စေရေး ကာကွယ်နိုင်စေရန်၊ သံတမန်ရေးရာ မြင်သာမှုကို ထိန်းသိမ်းရန်၊ ဇဟုဝင်ရိုး ချဉ်းကပ်သည့် မိတ်ဖက်ဆက်ဆံရေး (Multivector Partnerships) ဖြင့် အခြားနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို ချေဖျက်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

### Non-Aligned Movement - NAM

စစ်အေးခေတ်နောက်ပိုင်းတွင် NAM ၏ အရေးပါမှုသည် အနည်းငယ် မှေးမှိန်သွားသော်လည်း၊ NAM သည် မဟာအင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုကို တိုက်ရိုက်မထိတွေ့အောင် ရှောင်ရှားလိုသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် နိုင်ငံရေးအရ အရေးပါမှုကို ဆက်လက်ထိန်းထားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ NAM တွင် ပါဝင်ခြင်းသည် လုံခြုံရေးအစီအမံ မဟာဗျူဟာ (Hedging Strategy) ရှိမှုကို ဖော်ညွှန်းပြီး၊ ပိတ်ဆို့အရေးယူ မှုများနှင့် ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုများ ရင်ဆိုင်နေရချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများထံမှ ပထဝီ နိုင်ငံရေးအရ ထောက်ခံမှုကို

ရယူနိုင်စေခဲ့ပါသည်။ NAM ၏ **"အချုပ်အခြာ အာဏာပိုင်စိုးမှုနှင့် ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရေး"** ရပ်တည်ချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာ ဆွေးနွေးညှိနှိုင်းမှုများတွင် ပိုမိုတွင်ကျယ်စေသည့် စံနှုန်းဆိုင်ရာ အထောက်အပံ့တစ်ရပ်ကို ရရှိစေပါသည်။

### Mekong–Lancang Cooperation - MLC

MLC သည် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံကို တိုးချဲ့ရန်အတွက် အထင်ရှားဆုံးသော အခွင့်အလမ်းများထဲမှ တစ်ခုဖြစ်ပါသည်။ BRI နှင့် နီးကပ်စွာ ဆက်စပ်နေသည့် MLC သည် မြန်မာနိုင်ငံအတွက် ရေအားလျှပ်စစ်၊ သယ်ယူပို့ဆောင်ရေး စင်္ကြံလမ်းများနှင့် နယ်စပ်ဖြတ်ကျော်အခြေခံ အဆောက်အအုံများ ပေါ်ပေါက်လာစေရန် ငွေကြေးထောက်ပံ့မှု ရရှိစေနိုင်ပါသည်။

### ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံလမ်း (BCIM Economic Corridor)

BCIM စင်္ကြံလမ်းသည် လတ်တလောတွင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပြိုင်ဆိုင်မှုကြောင့် နေးကွေးနေသော်လည်း ၎င်းစင်္ကြံလမ်း အကောင်အထည်ဖော်ရာတွင်လည်း (အထက်တွင်ဖော်ပြထားသည့်အတိုင်း) မြန်မာနိုင်ငံက အရေးပါသည့် ပထဝီဝင်အနေအထား ပိုင်ဆိုင်မှုများ ရှိနေပါသည်။

### ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO)

မကြာသေးမီကကျင်းပခဲ့သည့် SCO SUMMIT 2025 Plus တွင် မြန်မာနိုင်ငံက Dialogue Partner အဖြစ် တက်ရောက်ခဲ့သည့် SCO ၏ အဖွဲ့ဝင်နိုင်ငံများမှာ တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဘယ်လာရုစ်နိုင်ငံတို့ ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအပြင် လေ့လာသူနိုင်ငံများ (Observer States) နှင့် ဆွေးနွေးဖက်များ (Dialogue Partners) ကွန်ရက်တို့ကိုလည်း တည်ထောင်ထားရာ မြန်မာနိုင်ငံအနေဖြင့် Dialogue Partners အဖြစ် ပါဝင်ခြင်းဖြစ်ပါသည်။ SCO သည် အမေရိကန်ဦးဆောင်သည့် ကမ္ဘာ့နိုင်ငံရေးစနစ်နဲ့ အပြိုင်ဖြစ်ပြီး၊ ကမ္ဘာ့အင်အားစုများကို တစ်နေရာတည်းတွင် ဗဟိုမပြုဘဲ၊ အင်အားစုံဖြင့် ဟန်ချက်ညီသော **"Multipolar World"** တစ်ခုကို တည်ဆောက်ရန် ရည်ရွယ်ထားပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးရာများကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် မူဝါဒ အခြေခံ၍ အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနဲ့ အစွန်းရောက်ဝါဒ ('Three Evils' - Terrorism, Separatism and Extremism) တို့ကို တိုက်ဖျက်ရန်နှင့် ဒေသတွင်းလုံခြုံရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးများကို မြှင့်တင်ပေးသွားရန် ရှေ့ရှုဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့် SCO ကို စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အနောက်နိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို ဟန်ချက်ညီအောင် ပူးပေါင်းဆောင်ရွက်မည့် အင်အားစုတစ်ရပ်အဖြစ် ရှုမြင်ကြပါသည်။

SCO အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်း လူဦးရေသည် ကမ္ဘာ့လူဦးရေရဲ့ ၄၂.၀၂ % ကျော် ရှိခြင်း၊ ကမ္ဘာ့ကုန်းမြေဧရိယာရဲ့ ၂၄% ကို လွှမ်းခြုံထားခြင်း၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ စုစုပေါင်း GDP (Nominal GDP) သည် ကမ္ဘာ့ GDP ၏ ၂၃.၁၆ % ခန့် နှင့် GDP (Purchasing Power Parity GDP) သည် ၃၃. ၈ % အထိ ရှိခြင်းတို့ကြောင့် SCO ၏ လှုပ်ရှားဆောင်ရွက်မှုများကို Unipolar ယိမ်းနိုင်ငံများက အကဲဖြတ်စောင့်ကြည့်လျက် ရှိပါသည်။ SCO သည် (စတော့ဟုမ်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး သုတေသနသိပ္ပံ -Stockholm Internation Peace Research-SIPRI ၏ ၂၀၂၄ ခုနှစ် အစီရင်ခံစာအရ) စစ်ရေးအရလည်း အင်အားကြီးသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့်အပြင် NATO ကဲ့သို့ အပြန်အလှန် ကာကွယ်ရေး ကတိကဝတ်များအပေါ်တွင် အခြေခံဖွဲ့စည်းထားခြင်း မဟုတ်ဘဲ၊ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် စစ်ရေးပူးတွဲလေ့ကျင့်ထိန်းကျောင်းခြင်းကို (Interoperability) အခြေခံ၍ ဒေသတွင်း အကြမ်းဖက် တိုက်ဖျက်ရေးဖွဲ့စည်းပုံ Regional Anti-Terrorist Structure (RATS) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် Multipolar World ကို သိသိသာသာ အကောင်ထည်ဖော်လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ SCO တွင် ဆွေးနွေးဖက်အဖြစ် ပါဝင်ခြင်းက လုံခြုံရေးနှင့် စီးပွားရေးနယ်ပယ် နှစ်လုံးတွင် ခံနိုင်အားကို ပိုမိုမြှင့်တင်လျက် Multipolar World သို့ သံတမန်ရေးရာ မဟာဗျူဟာ ဖြန့်ကျက်ဝင်ရောက်ခြင်း ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြပါသည်။

**နိဂုံး**

Multipolar World ၏ အယူအဆမှာ အင်အားစု တစ်ခု (Unipolarity) သို့မဟုတ် နှစ်ခု (Bipolarity) တို့မှ ကမ္ဘာ့စည်းမျဉ်းများကို သတ်မှတ်ခြင်းအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အစရှိသည်တို့ကို လွှမ်းမိုးခြယ်လှယ်ခြင်း မဟုတ်ဘဲ ကမ္ဘာ့အခြေအာဏာကို နိုင်ငံများ သို့မဟုတ် မဟာမိတ်အဖွဲ့များစွာကြားတွင် ဖြန့်ဝေထားသည့် အခြေအနေကို ဆိုလိုပါသည်။ ထိုသို့ ဖြန့်ဝေထားရာတွင် အဖွဲ့အစည်းဆိုင်ရာ မတူကွဲပြားမှု (Institutional Pluralism) သဘောတရားလည်း ပါဝင်သဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ ပူးပေါင်း ဆောင်ရွက်ခြင်းအတူ ယှဉ်ပြိုင်ခြင်းများလည်း ရှိပါသည်။ တနည်းဆိုရလျှင် မြန်မာကဲ့သို့သော နိုင်ငံငယ်များအတွက် Multipolar World သို့ ချဉ်းကပ်ရာတွင် အခွင့်အလမ်းများနှင့်အတူ စိန်ခေါ်မှုများကိုပါ ဖန်တီးပေးလျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံငယ်များ အများစုအနေဖြင့် အောက်ဖော်ပြပါ ဗျူဟာမြောက် ချဉ်းကပ်ခြင်း နည်းလမ်းများကို အသုံးပြုလေ့ရှိပါသည်-

၁။ **အင်အားစု နောက်လိုက်ခြင်း (Bandwagoning)**။ ကာကွယ်ရေး သို့မဟုတ် စီးပွားရေး အကျိုးကျေးဇူးများရရှိရန် ပါဝါအားကောင်းသည့် နိုင်ငံနှင့် ပူးပေါင်းခြင်း၊

၂။ **အာဏာမျှခြေ ချိန်ညှိခြင်း (Balancing)**။ လွှမ်းမိုးရှိနေသော နိုင်ငံ (Dominant Actor) ကိုထိန်းချုပ်ရန် ဆောင်ရွက်မှုများတွင်မဟာမိတ်အဖြစ် ထောက်ခံပူးပေါင်း ပါဝင်ခြင်း၊

၃။ **မိမိကိုယ်ကို အကာအကွယ်ယူခြင်း (Hedging)**။ နိုင်ငံတစ်နိုင်ငံ အပေါ်တွင် လွန်ကဲစွာ မှီခိုရမှုကို ရှောင်ရှားနိုင်ရန် အတွက် ၎င်းနိုင်ငံ၏ ဆန့်ကျင်ဘက်တွင်လည်း နေခြင်း သို့မဟုတ် ဘက်ပေါင်းစုံတွင် ဗျူဟာကျ ပူးပေါင်းဆောင်ရွက်ခြင်း။

၄။ **ဘက်ပေါင်းစုံသံတမန်ရေး (Omnidirectional Diplomacy)**။ ပြောင်းလွယ် ပြင်လွယ်မှု အားကောင်း စေရန်အတွက် နိုင်ငံတကာ ဆက်ဆံရေးများစွာကို တစ်ချိန်တည်းတွင် ထိန်းသိမ်းထားခြင်း။

အချုပ်အားဖြင့် ဆိုရလျှင် မြန်မာနိုင်ငံ၏ Multipolar World သို့ ဗျူဟာမြောက် ချဉ်းကပ်မှုသည် အထက်ဖော်ပြပါ နည်းလမ်းများကို လက်ရှိတွင် အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံသည် နိုင်ငံ၏ ပထဝီအနေအထားအရ အားသာချက်ကို အားပြုလျက် မိမိကိုယ်ကိုကာကွယ်သော မဟာဗျူဟာ (Hedging Strategy) ကို ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိနိုင်ပါသည်။ တရုတ်နိုင်ငံ ဦးဆောင်သည့် စီးပွားရေး စီမံကိန်းများကို အကျိုးရှိအောင် အသုံးချနေချိန်တွင်၊ ရုရှားနှင့်သော်လည်းကောင်း၊ အိန္ဒိယနှင့် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး၊ ဒေသတွင်း အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုများအပြင် တဖြည်းဖြည်းတိုးတက်လာနေသော SCO တွင်ပါ သံတမန်ရေးအရ ခြေကုပ်ယူနေသည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ ဗျူဟာမြောက်ချဉ်းကပ်မှုများက အနာဂတ်အတွက် အလားအလာ ကောင်းများကို ဆောင်ကျဉ်းပေးမည်ဟု ယုံကြည် မျှော်လင့်မိပါကြောင်း ပြုစုရေးသားအပ်ပါသည်။

ဒေါ်စောသက်စုဝင်း
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# ISDS ပြုပြင်ပြောင်းလဲရေးကို ဘယ်သူတွေက အမှန်တကယ်ပုံဖော်နေကြသလဲ

**နိဒါန်း**

မရေရာသော ဈေးကွက်များတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ပေးသည့် ယန္တရားတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံသူနှင့် အိမ်ရှင်နိုင်ငံအကြား အငြင်းပွားမှုဖြေရှင်းရေး (Investor-State Dispute Settlement - ISDS) စနစ်ကို ဖန်တီးခဲ့ပါသည်။ ၎င်းက ရင်းနှီးမြှုပ်နှံသူများကို ပြည်တွင်း တရားရုံးများကို ကျော်လွှားပြီး အိမ်ရှင်နိုင်ငံများကို အပြည်ပြည်ဆိုင်ရာ ခုံသမာဓိစီရင်ရေးခုံရုံးများသို့ တိုက်ရိုက် တရားစွဲဆိုခွင့်ပြုခြင်းဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင်ရန်၊ စီးပွားရေးတိုးတက်မှုကို လှုံ့ဆော်ရန်နှင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ (Global South) သို့ သာယာဝပြောမှု ယူဆောင်လာရန် ကတိပြုခဲ့သည်။

သို့သော် ဆယ်စုနှစ်များစွာ ကြာပြီးနောက် အထောက်အထားများက အခြား ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနေပါသည်။ ISDS ဖြင့် ကျောထောက်နောက်ခံပြုထားသောရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များသည် ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာမည်ဟု အာမမခံနိုင်ခဲ့ပါ။ ယင်းအစား ၎င်းတို့သည် ပြည်သူ့ဘဏ္ဍာငွေများကို ယုတ်လျော့စေကာ တရားဝင် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းကို နှောင့်နှေးစေပြီး ရင်းနှီးမြှုပ်နှံမှု တင်ပို့သည့် နိုင်ငံများနှင့် တင်သွင်းသည့် နိုင်ငံများအကြား မညီမျှမှုများကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက်မူ ဤစနစ်သည် အကာအကွယ်ပေးသည့် ဒိုင်းလွှားတစ်ခုထက် ချည်နှောင်ထားသည့် သံခြေကျင်းတစ်ခုနှင့် ပိုတူနေခဲ့သည်။

တရားဝင်မှုအပေါ် မေးခွန်းထုတ်မှုများ ကြီးထွားလာခြင်းကြောင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေကော်မရှင် (United Nations Commission on International Trade Law -UNCITRAL) သည် ၂၀၁၇ ခုနှစ်တွင် လုပ်ငန်းအဖွဲ့အမှတ် (၃) (Working Group III - WGIII) ကို ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် ဖွင့်လှစ်ထားသည့် ဤဖိုရမ်သည် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသာမက တရားမျှတမှု၊ အားလုံးပါဝင်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ကြဉ်းပေးရန် ရည်ရွယ်ခဲ့သည်။

သို့သော် ISDS စနစ်ကို ဒုက္ခပေးနေသည့် မညီမျှမှုများကိုယ်တိုင်က ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွင်းမှာပင် ထပ်တူထပ်မျှ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရကြောင်း သုတေသီအချို့ကဆိုသည်။ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အားလုံးပါဝင်နိုင်မှုက နက်ရှိုင်းသော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အားနည်းချက်များကို ဖုံးကွယ်ထားပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို တက်ရောက်ခွင့်ရှိသော်လည်း ၎င်းတို့၏အသံကို မကြားရသလောက် ဖြစ်စေသည်။ ဤလမ်းကြောင်းကို မပြောင်းလဲနိုင်ပါက WGIII သည် ဘက်ပေါင်းစုံ သဘောတူညီမှုဟူသော မျက်နှာဖုံးအောက်တွင် လက်ရှိအခြေအနေကိုသာ ပိုမိုခိုင်မာစေမည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

## ပျက်ယွင်းသွားသော ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေး ကတိကဝတ်

ISDS စနစ်သည် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်းက ပိုမိုများပြားသော ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုများကို ဖြစ်ပေါ်စေသည်ဟူသော ယုံကြည်ချက်အပေါ် အခြေခံထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပေါ်လစီချမှတ်သူများကို နိုင်ငံခြားမှ ရင်းနှီးငွေ၊ နည်းပညာနှင့် အလုပ်အကိုင်များ ဆွဲဆောင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ လက်မှတ်ရေးထိုးရန် တိုက်တွန်းခဲ့ကြသည်။

သို့သော် ရလဒ်များမှာ စိတ်ပျက်ဖွယ်ရာ ဖြစ်ခဲ့သည်။ လေ့လာမှုများအရ ISDS စာချုပ်များနှင့် တကယ့် FDI စီးဝင်မှုများအကြား ယုံကြည်စိတ်ချရသော ဆက်စပ်မှုကို မတွေ့ရှိရပါ။ တစ်ချိန်တည်းမှာပင် ကုန်ကျစရိတ်များမှာ ကြီးမားလှသည်။ ရလဒ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုး ကြီးမားခြင်း** - ခုံသမာဓိ စီရင်ဆုံးဖြတ်မှုများမှ ပေးလျော်ရသည့် ပမာဏသည် တစ်ခါတစ်ရံ ဘီလီယံနှင့်ချီ ရှိတတ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးသို့မဟုတ် ပညာရေး ဘတ်ဂျက်တစ်ခုလုံးနှင့်ပင် ညီမျှနေတတ်သည်။ အမှုကို ခုခံကာကွယ်ရုံမျှဖြင့်ပင် ကုန်ကျစရိတ်မှာ သန်းနှင့်ချီ ရှိနေသည်။

(ခ) **စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာမူဝါဒများချမှတ်ရန် လက်တွန့်သွားခြင်း** - အစိုးရများသည် ကျန်းမာရေး၊ အလုပ်သမား သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြည်သူ့ အကျိုးစီးပွား အတွက် စည်းကမ်းထိန်းသိမ်းမှုများ ပြုလုပ်ရန် တရားစွဲဆိုခံရမည်ကို စိုးရိမ်သောကြောင့် တုံ့ဆိုင်းနေကြသည်။

(ဂ) **ပြည်တွင်းဥပဒေစနစ်ကို ထိခိုက်စေခြင်း** - ISDS သည် ပြည်တွင်းတရားရုံးများကို ကျော်လွှားပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက်သာ သီးသန့်တရား စီရင်ရေး စနစ်တစ်ခုကို ဖန်တီးပေးသည်။

အချုပ်အခြာအာဏာကို အလျှော့ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ရရှိမည်ဟူသော ကတိကဝတ်မှာ မတည်ခဲ့ပါ။ ထိုအစား ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးအမြတ် အနည်းငယ်သာ ပေးအပ်ပြီး သယံဇာတများကို စုပ်ယူနေသော စနစ်တစ်ခုအတွင်း ပိတ်မိနေကြသည်။

## ဆွေးနွေးပွဲကို ထိန်းချုပ်ခြင်း တစ်နည်း အာဏာတည်ဆောက်မှုအဖြစ် အစီအစဉ်ရေးဆွဲခြင်း

WGIII သည် ဘက်ပေါင်းစုံ ဆွေးနွေးမှုများမှ တစ်ဆင့် ISDS စနစ်ကို ပြန်လည်ပုံဖော်ရန် မျှော်လင့်ချက်ကြီးစွာဖြင့် စတင်ခဲ့သည်။ သို့သော် လုပ်ငန်းစဉ်အစောပိုင်းမှာပင် အရေးပါသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေး ဆွေးနွေးမှုများကို လုပ်ထုံးလုပ်နည်း ပိုင်းဆိုင်ရာကိစ္စရပ်များတွင်သာ အဓိက ကန့်သတ်ထားရန် ဖြစ်သည်။

ဤအစီအစဉ်သည် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးမှု၏ အဓိကအချက်ဖြစ်သော အနှစ်သာရပိုင်းဆိုင်ရာ စာချုပ်ပါ စံနှုန်းများကို ချန်လှပ်ထားစေခဲ့သည်။ ကျယ်ပြန့်သော **"တရားမျှတပြီး ညီတူညီမျှဆက်ဆံမှု"** (Fair and Equitable Treatment - FET) စံနှုန်း သို့မဟုတ် ပြည်သူပိုင် သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကဲ့သို့သော စည်းမျဉ်းများကို ဆွေးနွေးခွင့် မပြုခဲ့ပါ။ ယင်းအစား ခုံသမာဓိလူကြီးများ၏ ကျင့်ဝတ်၊ တသမတ်တည်းဖြစ်မှုနှင့် ကုန်ကျစရိတ်များ ကဲ့သို့သော ပိုမိုကျဉ်းမြောင်းသည့် ကိစ္စရပ်များကိုသာ အာရုံစိုက်ခဲ့သည်။

သို့ဖြစ်၍လည်း ဖွံ့ဖြိုးဆဲနိုင်ငံများက ကန့်ကွက်ခဲ့ကြသည်။ တောင်အာဖရိကက အနှစ်သာရ ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမရှိဘဲ **"ISDS ကို ပြုပြင်ပြောင်းလဲရုံမျှဖြင့် မလုံလောက်"** ဟု သတိပေးခဲ့သည်။ အင်ဒိုနီးရှားက လုပ်ထုံးလုပ်နည်းနှင့် အနှစ်သာရပိုင်း ကွဲပြားမှုသည် **"ပြုပြင်ပြောင်းလဲရေး၏ ရည်ရွယ်ချက်ကို ပျက်ပြားစေနိုင်သည်"** ဟု မှတ်ချက်ပြုခဲ့သည်။ ထိုင်းနိုင်ငံက အဖွဲ့ကို လုပ်ထုံးလုပ်နည်းထက် ကျော်လွန်၍ အနှစ်သာရပိုင်းကိုပါ ကြည့်ရှုရန် တိုက်တွန်းခဲ့သည်။

သို့သော် အစီအစဉ်ကို ချမှတ်ပြီးသား ဖြစ်သွားသည်။ ဤသို့ အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်ရေးဆွဲမှုသည် အင်အားကြီးနိုင်ငံများဘက်သို့ ကစားကွင်းကို တိမ်းညွတ်စေခဲ့သည်။ ဆွေးနွေးမှု၏ နယ်နိမိတ်များကို ကျဉ်းမြောင်းစေခြင်းဖြင့် ဤလုပ်ငန်းစဉ်သည် ISDS ၏ တရားဝင်မှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်စေခဲ့သော အခွင့်ထူးများကို အကာအကွယ်ပေးခဲ့သည်။

## ဖွံ့ဖြိုးဆဲနိုင်ငံများ ပြုပြင်ပြောင်းလဲရေးကို ပုံဖော်ရန် အဘယ်ကြောင့် ရုန်းကန်နေရသနည်း

ဤကျဉ်းမြောင်းသော လုပ်ပိုင်ခွင့်အတွင်းမှာပင် WGIII လုပ်ငန်းစဉ်သည် အလွန်အမင်း မညီမျှဘဲ ရှိနေသည်။ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အတားအဆီးများက ISDS ကြောင့် အများဆုံး ထိခိုက်ခံရသော နိုင်ငံများကို အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်နိုင်ခြင်းမှ ကန့်သတ်ထားသည်။

ယင်းတို့အနက် သယံဇာတကွာဟမှုမှာ အထင်ရှားဆုံးဖြစ်သည်။ ချမ်းသာသော နိုင်ငံများသည် ဘာသာရပ်ဆိုင်ရာ အထူးပြုကိုယ်စားလှယ်များစွာကို စေလွှတ်နိုင်သော်လည်း ဆင်းရဲသော နိုင်ငံများမှာ ကိုယ်စားလှယ်တစ်ဦး စေလွှတ်ရန်ပင် ရုန်းကန်နေရသည်။ မကြာသေးမီက အစည်းအဝေးများတွင် ဝင်ငွေမြင့်နိုင်ငံ ၂၁ နိုင်ငံက ကိုယ်စားလှယ် ၈၅ ဦးကျော် ပူးပေါင်းစေလွှတ်ခဲ့ပြီး ဝင်ငွေနိမ့် နိုင်ငံအားလုံးပေါင်းမှ ကိုယ်စားလှယ် ၁၅ ဦး အောက်သာ စေလွှတ်နိုင်ခဲ့သည်။ အမေရိကန် ကိုယ်စားလှယ်အဖွဲ့တစ်ခုတည်းကပင် ဝင်ငွေနိမ့်နိုင်ငံများမှ ကိုယ်စားလှယ် အားလုံးပေါင်းအရေအတွက်နှင့် တူညီနေသည်။

ဘာသာစကားကွာဟမှုက ဖယ်ကျဉ်မှုကို ပိုမိုဆိုးရွားစေသည်။ အင်္ဂလိပ်ဘာသာစကားသည် အထူးသဖြင့် သဘောတူညီချက်များ၊ တကယ်ရရှိသည့် တရားမဝင်

ညှိနှိုင်းမှုများနှင့် မူကြမ်းရေးဆွဲသည့် အဖွဲ့များတွင် တရားဝင် မဟုတ်သော်လည်း လုပ်ငန်းသုံးဘာသာစကား ဖြစ်နေသည်။ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမရှိသော ကိုယ်စားလှယ်များသည် ဘေးဖယ်ခံရပြီး စာရွက်စာတမ်းများစွာမှာ အင်္ဂလိပ်ဘာသာဖြင့်သာ လည်ပတ်နေသည်။

ကျွမ်းကျင်မှုအရည်အသွေးကွာဟမှုသည် နောက်ထပ် အတားအဆီးတစ်ခုဖြစ်သည်။ ISDS ပြုပြင်ပြောင်းလဲရေးသည် နည်းပညာပိုင်းဆိုင်ရာ ကိစ္စဖြစ်သည်။ ဝင်ငွေမြင့်နိုင်ငံများသည် လေ့ကျင့်ထားသော နိုင်ငံတကာဥပဒေ ပညာရှင်များကို စေလွှတ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အမြဲတမ်း ကိုယ်စားလှယ်ရုံးများမှ သံတမန်များကိုသာ အားကိုးနေရတတ်သည်။ ၎င်းတို့သည် ကျွမ်းကျင်သော ညှိနှိုင်းသူများ ဖြစ်သော်လည်း နည်းပညာဆိုင်ရာ ပြဋ္ဌာန်းချက်များကို ယှဉ်ပြိုင်ရန် လိုအပ်သော ဥပဒေရေးရာ အထူးပြုကျွမ်းကျင်မှု မရှိကြပေ။

ဆက်တိုက်ပါဝင်မှု ပြတ်တောက်ခြင်းက အခြေအနေကို ပိုဆိုးစေသည်။ ညှိနှိုင်းမှုများသည် နှစ်ပေါင်းများစွာ ကြာမြင့်သည်။ အဖွဲ့အစည်းဆိုင်ရာ မှတ်ဉာဏ်နှင့် ဆက်ဆံရေးများသည် အရေးကြီးသည်။ ဝင်ငွေမြင့်နိုင်ငံများ၏ ထက်ဝက်နီးပါးသည် အစည်းအဝေးငါးခုတွင် တူညီသော ကိုယ်စားလှယ်များကို စေလွှတ်နိုင်ခဲ့သော်လည်း၊ ဝင်ငွေနိမ့်နိုင်ငံများ၏ ၄% အောက်သာ ထိုသို့ ပြုလုပ်နိုင်ခဲ့သည်။ ကိုယ်စားလှယ်များ မကြာခဏ အပြောင်းအလဲဖြစ်ခြင်းက ၎င်းတို့၏ လွှမ်းမိုးဆောင်ရွက်နိုင်မှုကို တိုက်စားစေသည်။

အစုအဖွဲ့မညီမျှမှုက အခြေအနေကို ပိုမိုယိုင်နဲ့စေသည်။ အဖွဲ့ဝင် ၂၇ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂသည် ညီညွတ်သော အုပ်စုတစ်စုအဖြစ် လည်ပတ်သည်။ ၎င်း၏ ပြည်တွင်း ပြင်ဆင်မှုများနှင့် တညီတညွတ်တည်းသော ရပ်တည်ချက်များက ၎င်း၏အာဏာကို ချဲ့ထွင်ပေး သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစုအဖွဲ့များ ရှိသော်လည်း မကြာခဏဆိုသလို တခဏတာသာ ဖြစ်သည်။

## ပါဝင်ညှိနှိုင်းမှုဆိုင်ရာ မညီမျှခြင်း

ပါဝင်မှုဆိုင်ရာ ကွာဟချက်များကို ကိန်းဂဏန်းများဖြင့် အခိုင်အမာ တွေ့ရှိရသည်-

(က) **ဝင်ငွေမြင့်နိုင်ငံများ** - ISDS အမှုများ၏ ၈.၈% တွင်သာ တရားပြိုင်များ ဖြစ်ကြသော်လည်း WGIII တွင် ပြောဆိုချက်များ၏ ၄၀% နီးပါး ကို ပြုလုပ်ကြသည်။

(ခ) **ဝင်ငွေအလယ်အလတ်နိုင်ငံများ** - အမှုများ၏ ၃၇.၅% တွင် တရားပြိုင်များဖြစ်ပြီး အများဆုံး ဖြစ်သော်လည်း ပြောဆိုချက်များ၏ ၂၀.၄% သာ ပြုလုပ်ကြသည်။

(ဂ) **ဝင်ငွေအလယ်အလတ်အထက် နိုင်ငံများ** - အမှုများ၏ ၂၄.၁% တွင် တရားပြိုင်များ ဖြစ်သော်လည်း ပြောဆိုချက်များ၏ ၁၁.၉% သာ ပြုလုပ်ကြသည်။

ဤမညီမျှမှုသည် တစ်ဦးချင်း ဖြစ်ရပ်များတွင်လည်း မြင်သာသည်။ ISDS ပစ်မှတ်ထား ခံရလေ့ရှိသော ကာဇက်စတန်နှင့် ကာဂျစ္စတန်တို့သည် အစည်းအဝေးများစွာကို လုံးဝ မတက်ရောက်ခဲ့ကြပါ။ အများဆုံးတရားစွဲခံရသော နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့် အီဂျစ်သည် အစည်းအဝေးငါးခုအနက် တစ်ခုတွင် သုံးကြိမ်သာ စကားပြောခဲ့သည်။

ဆန့်ကျင်ဘက်အနေဖြင့် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ကနေဒါ၊ ဂျပန်နှင့် ဆွစ်ဇာလန်—ISDS အမှုအားလုံး၏ လေးပုံသုံးပုံခန့်အတွက် တာဝန်ရှိသော ရင်းနှီးမြှုပ်နှံသူများ၏ ဇာတိနိုင်ငံများကမူ ဆွေးနွေးပွဲများကို လွှမ်းမိုးထားသည်။

ဤအချက်မှာ ထင်ရှားသော ရှေ့နောက်မညီမှုဖြစ်သည်။ အများဆုံး ထိခိုက်နစ်နာသူများက အနည်းဆုံး စကားပြောပြီး အနည်းဆုံးထိခိုက်နစ်နာသူများက အများဆုံး စကားပြောနေကြသည်။

## ခုခံမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်း

အတားအဆီးများကြားမှ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် တစ်ခါတစ်ရံ လက်ရှိအခြေအနေကို စိန်ခေါ်နိုင်ခဲ့သည်။ ယခုအခါ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖိအားကြောင့် ကြီးမားသော လျော်ကြေးငွေများသည် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေကြောင်း အသိအမှတ်ပြုလာခဲ့ရသည်။ ဆီယာရာလီယွန် ဦးဆောင်ပြီး အာဖရိကသမဂ္ဂ၊ ပါကစ္စတန်နှင့် ဂျမေကာ တို့က ကျောထောက်နောက်ခံပြုခဲ့သော ညွန့်ပေါင်းအဖွဲ့သည် ခုံသမာဓိလူကြီးများက ရှေ့နေနှင့် တရားသူကြီး နှစ်မျိုးလုံးအဖြစ် ဆောင်ရွက်သည့် အလေ့အထကို စိန်ခေါ်နိုင်ခဲ့သည်။ ဤလုပ်ဆောင်ချက်များက ညီညွတ်သော လှုပ်ရှားမှုသည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အတား

အဆီးများကို ချိုးဖျက်နိုင်ကြောင်း ပြသသည်။ ဆီယာရာ လီယွန်၊ ဗီယက်နမ်၊ အာမေးနီးယားနှင့် မော်ရိုကိုတို့မှ ကိုယ်စားလှယ်များသည် ထူးခြားစွာ ထိရောက်ခဲ့ပြီး မဟာဗျူဟာကျသော ပါဝင်မှုက အားနည်းချက်ကို ကျော်လွှားနိုင်ကြောင်း သက်သေပြခဲ့သည်။ သို့သော် ၎င်းတို့မှာ ခြွင်းချက်များသာ ဖြစ်နေဆဲဖြစ်သည်။ စနစ်ကျသော အတားအဆီးများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ဘေးဖယ်ခံနေရဆဲဖြစ်သည်။

**ပေါ်လစီချမှတ်သူများ အဘယ်ကြောင့် ဂရုစိုက်သင့်သနည်း**

ဤသည်မှာ အဖွဲ့အစည်းဆိုင်ရာ ဇာတ်လမ်းတစ်ပုဒ်မျှသာ မဟုတ်ပါ။ WGIII ၏ ရလဒ်များသည် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုနှင့် ပြည်တွင်းမူဝါဒဆိုင်ရာ လုပ်ပိုင်ခွင့်များကို ဆယ်စုနှစ်ပေါင်းများစွာ ပုံဖော်သွားမည်ဖြစ်သည်။

အစိုးရများအတွက်မူ ချွတ်ယွင်းသော ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ ဆက်လက် တည်ရှိနေမည့် ဘဏ္ဍာရေးဆိုင်ရာ အန္တရာယ်ပင်ဖြစ်သည်။ ဘီလီယံနှင့်ချီသော လျော်ကြေးငွေများသည် ဘဏ္ဍာတိုက်များကို ဆက်လက် ယုတ်လျော့စေမည်ဖြစ်သည်။ ပြည်သူများအတွက်မူ ဆေးရုံနည်းပါးခြင်း၊ အလုပ်သမား အကာအကွယ် အားနည်းခြင်းနှင့် ရာသီဥတုဆိုင်ရာမူဝါဒများ ရပ်တန့်ခြင်းတို့ကို ဆိုလိုသည်။

အပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဝင်မှုအတွက်မူ အလွန်အရေးကြီးသော အခြေအနေ ဖြစ်သည်။ WGIII က အပေါ်ယံ ပြုပြင်ပြောင်းလဲမှုများသာ ထုတ်ပေးနိုင်ပါက နိုင်ငံများက ယုံကြည်မှု ပျောက်ဆုံးသွားမည်ဖြစ်သည်။ တောင်အာဖရိက၊ အီကွေဒေါ၊ အိန္ဒိယနှင့် အခြားနိုင်ငံအချို့က စာချုပ်များကို ဖျက်သိမ်းခြင်း သို့မဟုတ် ISDS မှ နုတ်ထွက်ခြင်းများ ပြုလုပ်ပြီး ဖြစ်သည်။ ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲရေး မအောင်မြင်ပါက တစ်နိုင်ငံတည်း နုတ်ထွက်ခြင်းသည် တစ်ခုတည်းသော ရွေးချယ်စရာ ဖြစ်လာနိုင်သည်။

WGIII သည် အဓိပ္ပာယ်ရှိသော ပြုပြင်ပြောင်းလဲရေးကို ဆောင်ကြဉ်းပေးလိုပါက ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ မညီမျှမှုများကို ဖြေရှင်းရမည်ဖြစ်သည်။ UNCITRAL အနေဖြင့် ဦးစားပေးငါးရပ်ကို အကောင်အထည်ဖော်သင့်သည်-

(က) **သယံဇာတကွာဟမှုကို ပေါင်းကူးပေးခြင်း** - ဝင်ငွေနိမ့် ကိုယ်စားလှယ် အဖွဲ့များအတွက် ခရီး စရိတ်နှင့် တည်းခိုစရိတ် အပြည့်အစုံကို UNCITRAL ရန်ပုံငွေမှ တိုးချဲ့ထောက်ပံ့ရန် လိုအပ်သည်။ ညှိနှိုင်းမှုများကို ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့တော်များတွင် အလှည့်ကျ ကျင်းပခြင်းသည် ကောင်းမွန်သော အစီအစဉ်တစ်ရပ်ဖြစ်သည်။ ထို့ပြင် ဘက်မလိုက်သော ဥပဒေရေးရာ သုံးသပ်ချက်နှင့် မူကြမ်းရေးဆွဲမှု အကူအညီပေးရန် နည်းပညာအထောက် အကူပြု ဌာနတစ်ခု ဖွဲ့စည်းရန်လည်း လိုအပ်ပါသည်။

(ခ) **ဘာသာစကားကွာဟမှုကို ကျော်လွှားခြင်း** - တရားဝင်နှင့် တရားမဝင် အစည်းအဝေးတိုင်းအတွက် ကုလသမဂ္ဂဘာသာစကားခြောက်မျိုးလုံးဖြင့် တပြိုင်နက် ဘာသာပြန်ဆိုမှုကို အာမခံရန် လိုအပ်သည်။ စာရွက်စာတမ်းအားလုံးကို ဘာသာစကား ခြောက်မျိုးလုံးဖြင့် တပြိုင်နက်တည်း ထုတ်ဝေခြင်းသည် ကောင်းမွန်သော အစီအစဉ် တစ်ရပ်ဖြစ်သည်။

(ဂ) **ကျွမ်းကျင်မှုနှင့်ဆက်တိုက်ပါဝင်မှုကို မြှင့်တင်ခြင်း** - ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ အရာရှိများအတွက် ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ ကုလသမဂ္ဂရန်ပုံငွေဖြင့် လေ့ကျင့်ရေးအစီအစဉ်များ ဖန်တီးရန် လိုအပ်သည်။ စဉ်ဆက်မပြတ် ပါဝင်မှုကို အာမခံရန် ဝန်ကြီးဌာနများတွင် ရေရှည် ရာထူးများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးနိုင်ပါက ပို၍ကောင်းမွန်ပါသည်။

(ဃ) **စုပေါင်းလုပ်ဆောင်မှုကို အားကောင်းစေခြင်း** - ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံများ မဟာဗျူဟာများ ညှိနှိုင်းနိုင်ရန် ဒေသဆိုင်ရာ (AU, ASEAN, CELAC) ပြင်ဆင်မှု အစည်းအဝေးများကို ပံ့ပိုးရန် လိုအပ်သည်။

(င) **အနှစ်သာရ ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ပြန်လည်ဖွင့်လှစ်ခြင်း** - FET နှင့် ပြည်သူပိုင်သိမ်းခြင်းကဲ့သို့သော စာချုပ်ပါ စံနှုန်းများကို ထည့်သွင်း ဆွေးနွေးနိုင်ရန် ခွင့်ပြုပေးသင့်သည်။ အနှစ်သာရပိုင်း ပြောင်းလဲမှုမရှိသော

လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်မှုများက တရားဝင်မှုအပေါ် မေးခွန်းထုတ်မှုကို ဖြေရှင်း နိုင်မည် မဟုတ်ပါ။

### ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် UNCITRAL WGIII ၏ ISDS ပြုပြင်ပြောင်းလဲရေးကပေးသော သင်ခန်းစာများ

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်၊ UNCITRAL WGIII ၏ အတွေ့အကြုံသည် သတိပေးချက် တစ်ခုသာမက မဟာဗျူဟာအကြံပြုချက်ကိုပါ ပေးအပ်ခဲ့ပါသည်။ ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများ ဆက်လက်ရှိနေသော်လည်း ကိုယ်စားလှယ်များ၏ စွမ်းဆောင်နိုင်မှုသည် အရေးပါပြီး အရွယ်အစားသေးငယ်သော်လည်း ကောင်းစွာ ပြင်ဆင်ထားသော နိုင်ငံများသည် သြဇာလွှမ်းမိုးမှု ရှိနိုင်ကြောင်း ပြသခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ မူဝါဒချမှတ်သူများသည် သင်ခန်းစာ ၃ ရပ်ကို ရယူနိုင်ပါသည်။

ပထမအချက်မှာ **"ပြင်ဆင်မှုနှင့် ကျွမ်းကျင်မှုသည် အရေးကြီးသည်"** ဟူသောအချက် ဖြစ်သည်။ ဆီယာရာ လီယွန်နှင့် ဗီယက်နမ်ကဲ့သို့ ကောင်းစွာ ကြိုတင်ပြင်ဆင်ထားသော ကိုယ်စားလှယ်အဖွဲ့များသည် လူဦးရေ နည်းပါးသော်လည်း ဆွေးနွေးမှုများကို ပုံဖော်နိုင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေပိုင်းတွင် အရာရှိ အချို့ကို လေ့ကျင့်ပေးရန် ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် ၎င်းတို့ စဉ်ဆက်မပြတ် ပါဝင်နိုင်ကြောင်း သေချာစေခြင်းသည် ရေရှည်ညှိနှိုင်းမှု စွမ်းအားကို တည်ဆောက်ပေးပါသည်။

ဒုတိယအချက်မှာ **"မဟာမိတ်ဖွဲ့ခြင်းက အသံကို ပိုမို ကျယ်လောင်စေသည်"** ဟူ၍ ဖြစ်သည်။ အာဖရိက သမဂ္ဂနှင့် မဟာမိတ် ဖွဲ့ထားသော နိုင်ငံအစုအဖွဲ့တို့က တရားသူကြီးများ၏ ရာထူးနှစ်ခု ယူမှုကဲ့သို့သော ကိစ္စရပ်များအပေါ် စိန်ခေါ်နိုင်မှုသည် စုပေါင်းလုပ်ဆောင်မှု၏ ခွန်အားကို ပြသသည်။

တတိယအချက်မှာ **"မဟာဗျူဟာမြောက် အာရုံစိုက်မှု သည် မရှိမဖြစ်လိုအပ်သည်"** ဟူသော အချက်ဖြစ်သည်။ စစ်ပွဲတိုင်းကို တစ်ပြိုင်နက်တည်း တိုက်ခိုက်၍မရပါ။ အမျိုးသား အကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်သော ကိစ္စရပ်များဖြစ်သည့် နစ်နာကြေးများ၊ တရားသူကြီး ကျင့်ဝတ်နှင့် ပြည်တွင်းကုစားခွင့်များအပေါ် အာရုံ စိုက်သော ကိုယ်စားလှယ်အဖွဲ့များသည် အလွန်အမင်း ကျယ်ကျယ်ပြန့်ပြန့် အာရုံထားသော ကိုယ်စားလှယ် အဖွဲ့ များထက် ပိုမိုထိရောက်ခဲ့သည်။ မူဝါဒ ချမှတ်သူများသည် ဦးစားပေးပြုပြင်ပြောင်းလဲရေးပန်းတိုင်များကိုဖော်ထုတ်ပြီး ဇွဲရှိရှိ ဆောင်ရွက်သင့်သည်။

ပြင်ဆင်မှု၊ မဟာမိတ်ဖွဲ့စည်းမှုနှင့် မဟာဗျူဟာမြောက် အာရုံစိုက်မှုတို့ကို ပေါင်းစပ်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွဲ့စည်းပုံဆိုင်ရာ အားနည်းချက်များကို တွန်းလှန်နိုင်ပါသည်။ WGIII မှ သင်ခန်းစာသည် ပြုပြင်ပြောင်းလဲရေး မဖြစ်နိုင်ဟု မဆိုလိုဘဲ သြဇာလွှမ်းမိုးမှု ရှိရန်အတွက် ရည်ရွယ် ဆောင်ရွက်ရမည့် မဟာဗျူဟာတစ်ရပ် လိုအပ်ကြောင်းဆိုလိုပါသည်။

### နိဂုံး

WGIII သည် အားလုံးပါဝင်နိုင်သော ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲရေးမှ တစ်ဆင့် ပျက်စီးနေသော စနစ်ကို ပြင်ဆင်ရန် မျှော်လင့်ချက်ဖြင့် စတင်ခဲ့သည်။ သို့သော် မျှော်လင့်ချက်တစ်ခုတည်းဖြင့် မလုံလောက်ပါ။ အဖြစ်မှန်မှာ ISDS တွင် တရားပြိုင်အဖြစ် အနည်းငယ်သာ ပါဝင်ပတ်သက်သော ချမ်းသာသည့် နိုင်ငံများက လွှမ်းမိုးထားသည့်ညှိနှိုင်းမှု တစ်ခုဖြစ်နေသည်။ အများဆုံး ထိခိုက်ခံရသော ဖွံ့ဖြိုးဆဲနိုင်ငံများမှာ သယံဇာတ၊ ဘာသာစကား၊ ကျွမ်းကျင်မှု၊ ဆက်တိုက်ပါဝင်နိုင်မှုနှင့် ညွန့်ပေါင်းဖွဲ့စည်းဆောင်ရွက်နိုင်မှု အင်အားဆိုင်ရာ အတားအဆီးများနှင့် ရင်ဆိုင်နေရသည်။ ပါဝင်မှုသည် တရားဝင်အားဖြင့် ဖွင့်လှစ်ထားသော်လည်း အနှစ်သာရအားဖြင့် မညီမျှပါ။ အထက်တွင် ဖော်ပြသကဲ့သို့ ISDS အမှုများ၏ ၉% အောက်တွင်သာ တရားပြိုင်ဖြစ်သော ဝင်ငွေမြင့် နိုင်ငံများက ပြောဆိုချက်များ၏ ၄၀% နီးပါးကို ပြုလုပ်သည်။ အမှုများ၏ ၄၀% နီးပါးတွင် တရားပြိုင်ဖြစ်သော ဝင်ငွေ အလယ်အလတ် နိုင်ငံများကမူ ၂၀% သာ ပါဝင်ပြောဆိုသည်။ အဓိကဖြစ်သင့်သော အသံများမှာ ဖုံးလွှမ်းခံနေရသည်။ သို့သော် ဤလမ်းကြောင်းကို ပြောင်းလဲ၍ မရနိုင်ဟု မဆိုလိုပါ။ ကစားကွင်းကို ညီမျှစေရန် သေချာသည့်အစီအမံများဖြင့် WGIII သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ အချုပ်အခြာအာဏာကို ကာကွယ်ရန်နှင့် တရားဝင်မှုကို ပြန်လည်တည်ဆောက်ရန် စနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ပါသေးသည်။ ပေါ်လစီချမှတ်သူများသည် ရွေးချယ်မှုတစ်ခု ပြုလုပ်ရမည် - "မညီမျှ

မှုကို ပိုမိုခိုင်မာစေမည့် အပေါ်ယံ ပြုပြင်ပြောင်းလဲရေးလော” သို့မဟုတ် “တရားမျှတမှုကို ဖန်တီးပေးမည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလော” ဟူ၍ပင် ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးစီမံအုပ်ချုပ်မှုအပေါ် ယုံကြည်ကိုးစားနိုင်စွမ်းသည် ဤအဖြေအပေါ် မူတည်နေသည်။ လမ်းကြောင်းမှန်သို့ ပြန်လည်ပြင်ဆင်ရန် အချိန်ကျရောက်နေပြီ ဖြစ်သည်။

**ရည်ညွှန်းကိုးကားမှု** - Ladan Mehranvar & Lea Di Salvatore, *Structural Barriers and Power Dynamics in UNCITRAL WGIII: Upholding the Status Quo?*, Columbia Center on Sustainable Investment (2023).

**ဖြူနှင်းဝတ်ရည်**

## မိုးရာသီ ခရီးသွားမြို့တော် ဘားအံ

၂၀၂၅ ခုနှစ် ဧပြီလ ၁၆ ရက်နေ့ မဟာသင်္ကြန် အတက်နေ့ ညနေစောင်းတွင် ဘားအံမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့လေသည်။ အပူချိန်မြင့်မားမှုကြောင့် ရွာသွန်းခဲ့သော ပြန်ကျမိုးသည် ၂၀၂၅ ခုနှစ် အတွက် ဘားအံမြို့၏ ပထမဆုံးမိုး ရေစက်များကို ဖျန်းပက်ပေးခဲ့၏။

သင်္ကြန်အတက်နေ့တွင် စတင်ရွာသွန်းခဲ့သော်လည်း ဖက်ဆွတ်ရေတိုးစေသော သင်္ကြန်မိုး အဆင့်မဟုတ်ခဲ့ပါ။ ခပ်စိတ်စိတ် ဆက်လက်ရွာသွန်းခဲ့သော မိုးရေစက်များသည် မုတ်သုန်နှင့် လက်ချင်းချိတ်ကာ ဘားအံမြို့ကို စိုစွတ်အေးမြစေခဲ့သည်။ မေလဆန်းတွင်မတော့ တောမီးလောင်ကျွမ်း ထားခဲ့သော ဇွဲကပင် တောင်ကြောတလျှောက်တွင် မိုးဦးရေကြောင့် ပဒက်စာ ဖွေးဖွေးတို့က အစီအရီ ပေါက်ရောက်နေပြီဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မေလ၏ တတိယမြောက်ရက်သတ္တပါတ်မှစ၍ လူမှုကွန်ယက်ပေါ်ရှိ ခရီးသွား ဘလော့ဂါများ၊ လူငယ်များ၏ Page and Account များ ပေါ်တွင် စကားလုံးတစ်ခု စတင်ပေါ်ပေါက် လာခဲ့လေသည်။ အဆိုပါ စကားလုံးကတော့ **“Hpa-An is Calling”**

မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင် တည်ရှိသော ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့သည် ပင်လယ်နှင့် များစွာ မဝေးကွာသော်လည်း တောင်တန်းများ ပတ်လည်ဝန်းရံနေ၍ ပူအိုက်စွတ်စိုသော မုတ်သုန် ရာသီကို ပိုင်ဆိုင်သည်။ ပျမ်းမျှအပူချိန် ၃၀-၃၅ ဒီဂရီစင်တီဂရိတ်ခန့်ရှိပြီး နှစ်စဉ်မိုးရေချိန် ၁၅၀-၁၉၀ လက်မခန့် ရွာသွန်းလေ့ရှိသည်။

ရာသီဥတုနှင့် လျော်ညီစွာ ပေါက်ရောက်သော အမြဲစိမ်းသစ်တောများ ဖုံးလွှမ်းနေသည့် တောင်တန်းတောင်ကုန်းများသည် မိုးရာသီတွင် အစိမ်းရောင် မြသားကမ္ဗလာ ခင်းကျင်းထားသည့်အလား မိုးနှင့်မြေတခွင် စိမ်းရောင်ဆင်လျက်ရှိနေတတ်သည်။



ဘားအံမြို့ ပတ်ဝန်းကျင်ရှိ ချောင်းမြောင်းအင်းအိုင်များတွင်လည်း မိုးရေတက်ရေ တဖွေးဖွေးနှင့် ပြည့်လျှံနေတတ်ပေသည်။ သဘာဝ လိုဏ်ဂူများ အတွင်း၌ ကျောက်စက်စိမ့်ရေ တစ်ပေါက်ပေါက် ကျသံနှင့်အတူ အေးမြသော ခံစားမှုကို ရရှိနိုင်ပေသည်။

မြို့လယ်ရှိ ကန်သာယာကန်နံဘေးမှ မျှော်ကြည့်လိုက်လျှင် ကောင်းကင်ပြာအတွင်းတွင် တိမ်ဖွေးဖွေးတို့ ဝန်းရံနေသော ကြာအင်းတောင်နှင့် ဇွဲကပင်တောင် ရှုခင်းမှာ ခရီးသွားတို့အတွက် တမှတ်တရ မှတ်တမ်းတင်စရာ ပုံရိပ်လည်း ဖြစ်ပေသည်။

၂၀၁၅ ခုနှစ်နောက်ပိုင်းမှစ၍ ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှု တိုးတက်လာခဲ့သော ဘားအံမြို့တွင် မုတ်သုံမိုးရာသီသည် ခရီးသွားဝင်ရောက်မှု များပြားသော

အချိန်တစ်ခုဖြစ်သည်။ နွေရာသီကုန်ဆုံးသော ဇွန်လဆန်းမှစ၍ ဘားအံမြို့သို့ ပြည်တွင်းခရီးသွား ဧည့်သည် ဝင်ရောက်မှုသည် နှစ်ဆတိုးလာခဲ့ပြီး လစဉ်ခရီးသွား ဧည့်သည် ၁၅,၀၀၀ ကျော် ရောက်ရှိခဲ့ပေသည်။




ဘားအံမြို့နှင့် ပတ်ဝန်းကျင်ရှိ ဇွဲကပင်တောင်၊ လုမ္ဗိနီဥယျာဉ်၊ ကြာအင်းတောင်၊ တောင်ဝိုင်းတောင်၊ ကျောက်ကလပ်၊ နောင်ခလိုင်ရေဂူ၊ ကော့ကသောင်ဂူ၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဣန္ဒာသယဂူ၊ လွန်းညရေပြာအိုင်၊ ထွန့်ပတိုင်ကန်၊ နောင်လုံတောင်ကြား၊ ကော့နန်းသာစမ်းချောင်းတို့သည် စနေ၊ တနင်္ဂနွေနှင့် ပိတ်ရက်များ၌ ခရီးသွားများနှင့် စည်ကားနေ တတ်သည်။ သံလွင် မြစ်ကမ်းနံဘေးရှိ ရွှေယဉ်မျှော်စေတီနှင့် ကမ်းနားညဈေးတန်းတို့ကလည်း ကရင်ရိုးရာအစားအစာနှင့် ဒေသထွက်ပစ္စည်းများ အမှတ်တရလက်ဆောင်များ ဝယ်ယူနိုင်သော နေရာဖြစ်သည်။ ဒေသခံတို့၏ ဈေးဆိုင်များ၌ ဧည့်သည်များနှင့် စည်ကားနေသလို ဘားအံမြို့အနီး ပတ်ဝန်းကျင် သွားရောက် လည်ပတ်နိုင်သည့် သုံးဘီးယာဉ်ငယ်များကလည်း လမ်းမများပေါ် ပြေးလွှားနေပေသည်။

ဘားအံမြို့တွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း အရေအတွက် ၆၄ ခုရှိပြီး ဝန်ဆောင်မှုပေးနိုင်သော အခန်းအရေအတွက်မှာ ၂၂၆၁ ခန်းဖြစ်သည်။တည်ဆောက်ဆဲဟိုတယ် ၃ လုံးမှာလည်း ဇွဲကပင်တောင်ခြေတွင် တည်ရှိပေသည်။


မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ၁၂ ခုအား ခွင့်ပြုပေးထား နိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂.၆ သန်းနှင့် မြန်မာကျပ်ငွေ ၄၃.၇၁ ဘီလီယံ ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှလည်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍအား ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပေသည်။ ဘားအံမြို့သည် ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ စိတ်ပါဝင်စားမှု မြင့်မား၍ လာရောက်လည်ပတ်မှု နှစ်စဉ်တိုးတက်လျက်ရှိသလို ပြည်နယ်အစိုးရအဖွဲ့မှ သဘာဝအခြေခံ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်း၊ လက်ရှိခရီးစဉ်ဒေသများအား တိုးတက်ဖွံ့ဖြိုးရန် ပံ့ပိုးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။



သို့ရာတွင် သံလွင်မြစ်ကမ်းနံဘေး၌ တည်ရှိသော ဘားအံမြို့သည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၏ နောက်ဆက်တွဲဖြစ်သည့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မြစ်ကြောင်း ပြောင်းလဲခြင်းနှင့် မြစ်တိမ်ကောခြင်းတို့၏ အကျိုးဆက်အဖြစ် နှစ်စဉ်ရေကြီး ရေလျှံခြင်း၊ ရေတိုက်စား၍ ကမ်းပါးပြိုခြင်း၊ သောင်ထွန်း၍ နုန်းပို့ချခြင်းစသည့် သဘာဝဘေးများအား ကြုံတွေ့ခံစားနေရပေသည်။ အဆိုပါ သဘာဝဘေးများကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးစေရန် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ လိုအပ်သော အစီအမံများအား ဆောင်ရွက်ပေးလျက်ရှိပေသည်။



အထက်ပါ သဘာဝဘေးများအား ကြုံတွေ့နေရသည့်တိုင် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှု၊ ဒေသခံများ၏ ဖော်ရွေပျူငှာမှုကြောင့် ဘားအံမြို့၏ ခရီးသွားစိတ်ပါဝင်စားမှုနှုန်းမှာ ထိခိုက်မှုမရှိခဲ့ပါ။ ဘားအံမြို့သည် ၂၀၁၈ ခုနှစ်တွင် ASEAN Tourism Federation မှ ချီးမြှင့်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ခရီးသွားမြို့ပြဆုရရှိခဲ့ပြီး၊ ၂၀၂၅ ခုနှစ်တွင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ချီးမြှင့်သည့် (၆) ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုကိုလည်း ရရှိခဲ့သည်။



ထူးခြားဆန်းကျယ်စွာ တည်ရှိသော ဘုရားစေတီ၊ ဂူပုထိုးများအား ဖူးမျှော်ကြည်ညိုလိုသည့် ခရီးသွားများ၊ တောင်တက်ခြင်း၊ လှေစီးခြင်းစသည့် စွန့်စားသွားလာရခြင်းကို နှစ်သက်သည့် ခရီးသွားများ၊ Tiktok Telegram Instagram စသည့် Social Media များပေါ်တွင် လှပသော ဓါတ်ပုံ၊ ဗီဒီယိုများ တင်လိုသည့် ခရီးသွားများအတွက် မိုးရာသီခရီးသွားမြို့တော် ဘားအံမှ အမြဲကြိုဆိုလျက်ရှိနေမည် ဖြစ်ပါတော့သည်။

နိုင်ဝင်းတိုး (ဘားအံ)
ဦးနိုင်ဝင်းတိုး
ညွှန်ကြားရေးမှူး(ဘားအံ)

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (SCO) အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး "One-Stop Service Center" များမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ချဉ်းကပ်ပုံအားလေ့လာခြင်း

### နိဒါန်း

ယနေ့ ကမ္ဘာ့စီးပွားရေးတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ဆွဲဆောင်ရန် နိုင်ငံအချင်းချင်း ပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိပါသည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (SCO) အဖွဲ့ဝင်နိုင်ငံများ ဖြစ်သော တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ အိန္ဒိယနှင့် အခြားသော နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေမည့် နည်းလမ်းသစ်များကို ရှာဖွေလျက်ရှိသည်။ ၎င်းတို့အနက်မှ အရေးပါသော နည်းလမ်းတစ်ခုမှာ **"One-Stop Service Center"** (OSSC) စနစ်ကို ထူထောင်ပြီး ထိရောက်စွာလည်ပတ်နိုင်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အဖွဲ့ဝင် နိုင်ငံတစ်ခုစီတွင် ၎င်းတို့၏ ကိုယ်ပိုင်ထူးခြားသော စနစ်ရှိသော်လည်း SCO စီးပွားရေး အစီအစဉ်၏ အဓိကအစိတ်အပိုင်းဖြစ်သည့် ခြုံငုံသော ပန်းတိုင်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံသူများအတွက် ပိုမိုထိရောက်ပြီး ဆွဲဆောင်မှုရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန် ဖြစ်ပါသည်။

### OSSC ၏ အခြေခံသဘောတရားနှင့် အရေးပါမှု

One-Stop Service Center ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူတစ်ဦးအတွက် လိုအပ်သည့် ခွင့်ပြုမိန့်များ၊ လိုင်စင်များ၊ ဗီဇာများနှင့် အခြားသောအုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို တစ်နေရာတည်းမှ ပေါင်းစပ်ဆောင်ရွက် ပေးနိုင်သော ဗဟိုဌာနဖြစ်ပါသည်။ ဤစနစ်၏ အဓိကရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ၏ ရှုပ်ထွေးမှုနှင့် ကြန့်ကြာမှုကိုလျှော့ချရန်ဖြစ်ပါသည်။ ၎င်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အချိန်နှင့်ငွေကြေး ကုန်ကျမှု သက်သာစေသည့် အပြင်အဂတိလိုက်စားမှုကို လျှော့ချပြီး ပွင့်လင်းမြင်သာမှုကိုမြှင့်တင်ပေးပါသည်။ SCO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း ကုန်သွယ်ရေးကို မြှင့်တင်ရန်အတွက် OSSC သည် မရှိမဖြစ် လိုအပ်သော အခြေခံအဆောက်အအုံတစ်ခု ဖြစ်လာပါသည်။

### OSSC များမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ချဉ်းကပ်ပုံအား လေ့လာခြင်း

SCO အဖွဲ့ဝင်နိုင်ငံများ၏ OSSC များသည် ရင်းနှီး

မြှုပ်နှံမှုမြှင့်တင်ရေးကို နည်းလမ်းမျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်ကြပါသည်။ ၎င်းတို့၏ချဉ်းကပ်ပုံများကိုအဓိကအားဖြင့် အပိုင်း (၃) ပိုင်း ခွဲခြားလေ့လာနိုင်ပါသည်။

**အပိုင်း(၁) ။ ဗျူဟာမြောက် ကဏ္ဍအလိုက် ချဉ်းကပ်ပုံ (Sector-Specific Approach)**

နိုင်ငံတော်၏ စီးပွားရေး ဦးစားပေးကဏ္ဍများကို အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ခြင်းဖြစ်ပါသည်။ SCO အဖွဲ့ဝင်နိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့သည် သတင်းအချက် အလက်နည်းပညာ (IT)၊ ကုန်ထုတ်လုပ်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အခြေခံအဆောက်အအုံစသည့်ကဏ္ဍများကို အဓိကထားပြီး ရင်းနှီးမြှုပ်နှံမှု မက်လုံးများပေးကာ OSSC မှတစ်ဆင့် အထူးဝန်ဆောင်မှုများပေးအပ်ပါသည်။ ဥပမာအားဖြင့်၊ တရုတ်နိုင်ငံ၏ စီးပွားရေးဇုန်များတွင် လျှပ်စစ်ကား ထုတ်လုပ်ရေးကဲ့သို့သော နည်းပညာမြင့်လုပ်ငန်းများအတွက် မြေယာရရှိမှု၊ အခွန် သက်သာခွင့်နှင့် လုပ်ငန်းခွင့်ပြုမိန့်များ လျင်မြန်စွာရရှိအောင်ဆောင်ရွက်ပေးပါသည်။

**အပိုင်း(၂)။ ဒေသအလိုက် ချဉ်းကပ်ပုံ (Geographical Approach)**

နိုင်ငံအတွင်းရှိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော ဒေသများ သို့မဟုတ် နယ်စပ် ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများကို အာရုံစိုက် ဆွဲဆောင်ခြင်းဖြစ်ပါသည်။ ထိုဒေသများတွင် အထူးစီးပွားရေးဇုန် (Special Economic Zones - SEZs) များကို တည်ထောင်ပြီး OSSC များကို ဗဟိုပြု၍ အထူးအခွင့်အရေးများ ပေးအပ်ခဲ့ပါသည်။ ကာဇက်စတန်နိုင်ငံ၏ Astana International Financial Center (AIFC) သည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများပေးရန် ရည်ရွယ်ပြီး သီးခြားဥပဒေဖြင့် လည်ပတ်နေသော OSSC ၏ အကောင်းဆုံး ဥပမာ ဖြစ်ပါသည်။ ရုရှားနိုင်ငံသည်လည်း နယ်စပ်ဒေသများရှိ OSSCများမှတစ်ဆင့် အာရှ-ပစိဖိတ်ဒေသတွင်း ကုန်သွယ်မှုများကို တိုးချဲ့လျက်ရှိပါသည်။

**အပိုင်း(၃)။ ရင်းနှီးမြှုပ်နှံသူ ဗဟိုပြု ချဉ်းကပ်ပုံ (Investor-Centric Approach)**

ဤချဉ်းကပ်ပုံသည် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို အခြေခံ၍ ဝန်ဆောင်မှုများကို ပေးအပ်ပါသည်။ OSSC များသည် ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သော အချက်အလက်များ၊ စီးပွားရေးဆိုင်ရာအကြံဉာဏ်ပေးခြင်း၊ စာရွက်စာတမ်း ပြင်ဆင်ရာတွင် အကူအညီပေးခြင်းနှင့် လုပ်ငန်းအငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းစသည့် ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးပါသည်။ အိန္ဒိယနိုင်ငံ၏ Startup India Initiative သည် OSSC နှင့် အွန်လိုင်းပေါ်တယ်များကို ပေါင်းစပ်အသုံးပြု၍ လုပ်ငန်းသစ်များအတွက် မှတ်ပုံတင်ခြင်း၊ အခွန်သက်သာခွင့်နှင့် ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ဤချဉ်းကပ်ပုံသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အတွက် အထူးအကျိုးပြု ပါသည်။

အထက်ပါ ချဉ်းကပ်ပုံများမှတစ်ဆင့် SCO အဖွဲ့ဝင်နိုင်ငံများသည် လက်တွေ့ကျင့်သုံးမှု အနေနှင့် ဒေသတွင်းအချင်းချင်းပူးပေါင်း၍ စွမ်းအင်၊ ပို့ဆောင်ရေးနှင့် ဒီဂျစ်တယ်ကွန်ရက် ကဲ့သို့သော ကဏ္ဍကြီးများတွင် ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်လျက်ရှိပါသည်။ ၎င်းတို့၏ နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များတွင် One-Stop Service Centers များကို ပူးပေါင်းထူထောင်ခြင်းဖြင့် ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် SCO Startup Forum ကဲ့သို့သော အစီအစဉ်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ပိုမိုနားလည်နိုင်ပြီး ၎င်းတို့၏ စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်သောဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။

## OSSC ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိရောက်စွာ လည်ပတ်မှုဆိုင်ရာ လက်တွေ့ကျသည့် သင်ခန်းစာများ

OSSC ကို အောင်မြင်စွာ ထူထောင်ပြီး ထိရောက်စွာ လည်ပတ်နိုင်ရန်အတွက် အဓိကအချက်အချာကျသော ကဏ္ဍ ၃ ခုကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

### ကဏ္ဍ (၁) - ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အဆင့်မြှင့်တင်မှု

၁။ **ကတိကဝတ်နှင့် လုပ်ပိုင်ခွင့်ပေးအပ်ခြင်း။** OSSC ၏ အောင်မြင်မှုသည် အစိုးရ၏ ခိုင်မာသော မူဝါဒဆုံးဖြတ်ချက်နှင့် လုပ်ငန်းပံ့ပိုးမှုအပေါ် အဓိကမူတည်သည်။ OSSC သည် လုပ်ငန်းများကို အမှန်တကယ်ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများဖြစ်သော ကုန်သွယ်ရေး၊ အလုပ်သမား၊ ပတ်ဝန်းကျင်၊ အခွန် စသည့်ဌာနများအပေါ် ဩဇာလွှမ်းမိုးမှုနှင့် လုပ်ပိုင်ခွင့်များ အပြည့်အဝ

ရှိရမည်။ ဥပမာအားဖြင့် ကာဇက်စတန်နိုင်ငံ၏ Astana International Financial Center (AIFC) သည် သီးခြား ဥပဒေမူဘောင်ဖြင့် လည်ပတ်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို လွတ်လပ်စွာချမှတ်နိုင်ခြင်းကြောင့် အလွန်အမင်းထိရောက်မှုရှိပါသည်။

**၂။ ဌာနဆိုင်ရာကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ခြင်း။** OSSC အတွင်း ဌာနပေါင်းစုံမှ ကိုယ်စားလှယ်များကို တိုက်ရိုက် ခန့်အပ်ထားခြင်းသည် လုပ်ငန်းစဉ်များကို အလွန်အမင်း မြန်ဆန်စေသည်။ ဤကိုယ်စားလှယ်များ သည် ၎င်းတို့၏ သက်ဆိုင်ရာဌာနများ၏ လုပ်ထုံး လုပ်နည်းများကို ချက်ချင်း ဆုံးဖြတ်ပေးနိုင်ပြီး ကြန့်ကြာ မှုကိုလျှော့ချပေးနိုင်သည်။ ဤချဉ်းကပ်မှုသည် ရင်းနှီးမြှုပ် နှံသူများအတွက် လိုအပ်သော ခွင့်ပြုမိန့်များအားလုံးကို တစ်နေရာတည်းမှ ဆောင်ရွက်ပေးနိုင်စေပါသည်။

**၃။ ရှင်းလင်းပြတ်သားသော ဥပဒေမူဘောင်များ ချမှတ်ခြင်း။** ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့် မူဝါဒများသည် ရှင်းလင်းပြတ်သားပြီး ပြောင်းလဲမှုမရှိဘဲ ခိုင်မာရန် လိုအပ်ပါသည်။ OSSC သည် ရင်းနှီးမြှုပ်နှံသူများကို နိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ အကြောင်း ပြည့်စုံစွာရှင်းပြနိုင်ရပါမည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးဇုန်များတွင် ပြည်ပ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ **"negative list"** ကို ထုတ်ပြန်ခြင်းသည် လုပ်ငန်းခွင့်ပြုချက်ဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုရှင်း စေပါသည်။

### ကဏ္ဍ (၂) - နည်းပညာနှင့် ဒစ်ဂျစ်တယ်စနစ်အသုံးချခြင်း

**၁။ အွန်လိုင်းပေါ်တယ်များနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်း များထူထောင်ခြင်း။** အွန်လိုင်း One-Stop Portal များ သည် OSSC စနစ်၏ အသက်သွေးကြောဖြစ်သည်။ ရင်းနှီး မြှုပ်နှံသူများသည် လျှောက်လွှာတင်ခြင်း၊ စာရွက်စာတမ်း တင်သွင်းခြင်း၊ လုပ်ငန်းစဉ်အခြေအနေကို စောင့်ကြည့် ခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းတို့ကို အွန်လိုင်းမှ တစ်ဆင့် ပြုလုပ်နိုင်သောကြောင့် အချိန်ကုန်သက်သာစေ ပြီး ပိုမိုပွင့်လင်းမြင်သာမှု ရှိစေပါသည်။ SCO Startup Forum ကဲ့သို့သော အွန်လိုင်းပလက်ဖောင်းများကို အသုံး ပြု၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ၊ မက်လုံး ပေးမှုများနှင့် စီးပွားရေးအခွင့်အလမ်းများကို SCO အဖွဲ့ဝင် နိုင်ငံများအကြားမျှဝေနိုင်ပါသည်။

**၂။ ဒေတာဘေ့စ်စနစ် ပေါင်းစည်းခြင်း။** အစိုးရဌာန အသီးသီး မှ သတင်းအချက်အလက်များကို ဗဟိုချုပ်ကိုင်ထားသော ဒေတာဘေ့စ်တစ်ခုတွင် ပေါင်းစည်းခြင်းသည် OSSC ၏ ထိရောက်မှုကို များစွာမြှင့်တင်ပေးသည်။ ဤနည်းလမ်း သည် စာရွက်စာတမ်းများ ထပ်မံဖြည့်စွက်ရန် လိုအပ်မှုကို လျှော့ချပေးပြီး အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို အလို အလျောက် လည်ပတ်စေပါသည်။ တရုတ်နိုင်ငံ၏ စီးပွားရေး ဇုန် အချို့တွင်အသုံးပြုနေသော **"e-government"** စနစ် သည် ဤချဉ်းကပ်မှု၏ အကောင်းဆုံး ဥပမာတစ်ခုဖြစ်ပါ သည်။

**၃။ AI နှင့် Blockchain နည်းပညာများ အသုံးပြုခြင်း။** ပိုမိုခေတ်မီသော OSSC များသည် Artificial Intelligence (AI) ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံသူများ၏ မေးခွန်းများကို ချက်ချင်းဖြေကြားပေးပြီး လျှောက်လွှာများကို ကြိုတင် စိစစ်ပေးနိုင်သည်။ Blockchain နည်းပညာသည် လိုင်စင် များနှင့် ခွင့်ပြုမိန့်များကို လုံခြုံစိတ်ချရပြီး ပွင့်လင်းမြင်သာ စွာ သိမ်းဆည်းရန် ကူညီပေးပါသည်။

### ကဏ္ဍ (၃) - ဝန်ဆောင်မှုပေးရေးနှင့် စွမ်းရည်မြှင့်တင်မှု

**၁။ ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ခြင်း။** OSSC ၏ ဝန်ထမ်းများသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ၊ စီးပွား ရေး လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစံနှုန်းများ အကြောင်းကို နားလည်ပြီး ကျွမ်းကျင်ရပါမည်။ ဝန်ထမ်း များအတွက် ပုံမှန်လေ့ကျင့်မှုများနှင့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များသည် ဝန်ဆောင်မှုအရည်အသွေးကို များစွာ မြှင့်တင်ပေးပါသည်။ ၎င်းတို့သည် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်ကိုနားလည်ပြီး သင့်လျော်သော အဖြေများကို ပေးနိုင်ရပါမည်။

**၂။ တုံ့ပြန်မှုနှင့် တာဝန်ယူမှုစနစ် ထူထောင်ခြင်း။** OSSC တွင် ရင်းနှီးမြှုပ်နှံသူများ၏ မကျေနပ်ချက်များနှင့် အကြံ ပြုချက်များကို တုံ့ပြန်နိုင်သည့် တရားဝင် ယန္တရားတစ်ခု ရှိရမည်။ တုံ့ပြန်ချက်စနစ်သည် ဝန်ဆောင်မှုများကို အဆက်မပြတ် တိုးတက်စေရန် အထောက်အကူပြုပါ သည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မေးမြန်းမှုများနှင့် လျှောက် လွှာများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်သည့် တာဝန်ခံမှုစနစ်ကို တည်ဆောက်ထားရပါမည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (SCO) နိုင်ငံများအနေဖြင့် OSSC စနစ်ကို ထူထောင်လည်ပတ်

ရာတွင် အဓိကတွေ့ရှိချက်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဗဟိုချုပ်ကိုင်သော အချက်အလက် (Centralized Database) နှင့် လျှောက်လွှာတင်သည့် ပေါ်တယ်များ။** ပထမဆုံးနှင့် အရေးအကြီးဆုံး အဆင့်မှာ ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ဥပဒေရေးရာမူဘောင်များမှ ကဏ္ဍအလိုက် အခွင့်အလမ်းများအထိ လိုအပ်သော အချက်အလက် အားလုံးကို ရှာဖွေနိုင်သည့် တစ်ခုတည်းသော အွန်လိုင်းပေါ်တယ်တစ်ခုကို ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ဤနေရာတွင် ရင်းနှီးမြှုပ်နှံသူများသည် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများသို့ ပို့ဆောင်ပေးမည့် လျှောက်လွှာကိုလည်း တင်သွင်းနိုင်ပါသည်။ အိန္ဒိယနိုင်ငံသည် ဗဟိုနှင့် ပြည်နယ်အဆင့်ခွင့်ပြုချက်များကို ထောင်နှင့်ချီ၍ရယူနိုင်သည့် ၎င်းတို့၏ အမျိုးသားတစ်ခုတည်း သော ဝန်ဆောင်မှုစနစ် (National Single Window System) ကို အကောင်အထည်ဖော်ပြီးဖြစ်ပါသည်။

**သီးသန့် ရင်းနှီးမြှုပ်နှံမှု အေဂျင်စီများ။** ရုရှားနိုင်ငံ၏ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းများ အပါအဝင် SCO အဖွဲ့ဝင်များစွာသည် "**တစ်ခု တည်းသော ဝန်ဆောင်မှု**" ပံ့ပိုးသူအဖြစ် လုပ်ဆောင်သည့် သီးသန့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ (IPAs) ကို တည်ထောင်ထားပါသည်။ ဤအေဂျင်စီများသည် ကနဦးစီမံကိန်း အကဲဖြတ်မှုနှင့် ဖြစ်နိုင်ခြေရှိသော လေ့လာမှုများမှ မြေယာရရှိခြင်း၊ လိုင်စင်များရယူခြင်းနှင့် ရင်းနှီးမြှုပ်နှံပြီး နောက်ပိုင်းပြဿနာများကို ဖြေရှင်းပေးခြင်းအထိ အရာရာတိုင်းတွင် ရင်းနှီးမြှုပ်နှံသူများကို ကူညီရန် အခွင့်အာဏာ ပေးအပ်ထားပါသည်။ ၎င်းတို့၏ အခန်းကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူများအတွက် အချိန်နှင့် ကြိုးပမ်းအားထုတ်မှုများစွာကို သက်သာစေသည့် တစ်ခုတည်းသော ဆက်သွယ်ရေးအမှတ်အဖြစ် ရှိနေရန် ဖြစ်ပါသည်။

**ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေရေးရာမူဘောင်များ။** SCO အဖွဲ့ဝင်နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်အတွက် ဘိုစိနွှန်းများနှင့် ရိုးရှင်းသော ဥပဒေရေးရာမူဘောင်များဆီသို့ တဖြည်းဖြည်းရွေ့လျားနေကြပါသည်။ ဥပမာအားဖြင့် အချို့နိုင်ငံများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ထားသော ကဏ္ဍများကို ရှင်းလင်းစွာသတ်မှတ်ပေးသည့် **"negative lists"** ကို လက်ခံကျင့်သုံးနေကြပြီး အခြားကဏ္ဍများ အားလုံးကို ဖွင့်ပေးထားပါသည်။ ဤပွင့်လင်း မြင်သာမှုနှင့် ခန့်မှန်းရလွယ်ကူမှုသည်ရင်းနှီးမြှုပ်နှံသူယုံကြည်မှုကို တည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ SCO သည် ဤလုပ်ငန်းစဉ်များကို ဥပဒေအရ စနစ်တကျဖြစ်စေရန် **"Single Window"** ဆောင်ရွက်မှုများထည့်သွင်းထားသော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု စာချုပ်များကို ညှိနှိုင်းချုပ်ဆိုရန်လည်း တိုက်တွန်းလျက်ရှိပါသည်။

**အထူးပြုဇုန်များနှင့် စီးပွားရေးစင်္ကြံများ။** SCO မူဘောင်အတွင်းတွင် (Belt and Road Initiative - BRI) နှင့် အမျိုးမျိုးသော စီးပွားရေး စင်္ကြံများကဲ့သို့သော အစီအစဉ်များသည် အခွင့်အလမ်း အသစ်များကို ဖန်တီးပေးနေပါသည်။ ဤစီမံကိန်းများသည် ၎င်းတို့၏ ကိုယ်ပိုင်ရိုးရှင်းသော ရင်းနှီးမြှုပ်နှံမှုဇုန်များ သို့မဟုတ် လွတ်လပ်သော ကုန်သွယ်ရေး နယ်မြေများပါဝင်လေ့ရှိပြီး၊ ၎င်းနေရာများတွင် **"တစ်ခုတည်းသောဝန်ဆောင်မှု"** ပုံစံသည် ပိုမိုခိုင်မာကာ၊ မဟာဗျူဟာအရ အရေးပါသော စီမံကိန်းများအတွက် ထပ်ဆောင်းမက်လုံးများ၊ အခွန်လျှော့ပေါ့မှုများနှင့် လျင်မြန်သော ခွင့်ပြုချက်များကိုပေးပါသည်။

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (SCO) အဖွဲ့ဝင်နိုင်ငံတစ်ချို့၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး "One-Stop Service Center" များ၏ ပုံစံများ

**တရုတ်- ဗဟိုချုပ်ကိုင်ပြီး စက်မှုမူဝါဒ ဦးဆောင်သည့် ပုံစံ။** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် တရုတ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (CIPA) သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို **"ဆွဲဆောင်ရန်"** နှင့် ပြည်ပသို့ **"ကမ္ဘာ့အဆင့်သို့ ထွက်ခွာမည့်"** ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်ဟူသည့် ထူးခြားသောတာဝန်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ မဟာဗျူဟာသည် အမျိုးသား စီးပွားရေး မူဝါဒများနှင့် နက်ရှိုင်းစွာ ဆက်စပ်နေပြီး၊ သီးခြား စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ပစ်မှတ်ထားရန်အတွက် စက်မှု ကဏ္ဍကော်မတီများကို အသုံးချလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် **"တရုတ်နိုင်ငံတကာ ဝန်ဆောင်မှုပလက်ဖောင်း"** ဟူသည့် ဘက်စုံသုံးဒစ်ဂျစ်တယ် ပလက်ဖောင်းတစ်ခုကို ဖော်ဆောင်ထားပြီး၊ ယင်းပလက်ဖောင်း




သည် တရုတ်နိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်ပုံဆိုင်ရာ လမ်းညွှန်ချက်များ အပါအဝင် နိုင်ငံခြားပညာရှင်များ အတွက် အင်္ဂလိပ်ဘာသာဖြင့် ကျယ်ပြန့်သော အချက် အလက်နှင့် ဝန်ဆောင်မှုများကို ပေးပါသည်။ ဤဒီဂျစ်တယ် ပံ့ပိုးမှုသည် လုပ်ငန်းအမည်မှတ်ပုံတင်ခြင်း၊ အခွန်ပေး ဆောင်ခြင်းနှင့် ဘဏ်အကောင့် ဖွင့်လှစ်ခြင်းကဲ့သို့သော လုပ်ငန်းစဉ်များကို စနစ်တကျ ပြုလုပ်ပေးသည့် ကုမ္ပဏီ တည်ထောင်ခြင်းနှင့် ဥပဒေလိုက်နာမှုဆိုင်ရာ **“one-stop”** ဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းထားပါသည်။

**အိန္ဒိယ- ဒစ်ဂျစ်တယ်၊ ပေါင်းစည်းထားသော၊ ပံ့ပိုးကူညီမှု အဓိကထားသည့် ပုံစံ။** အမျိုးသား IPA ဖြစ်သည့် Invest India သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်စက်ဝန်း တစ်လျှောက် လုံးတွင် အစမှအဆုံးအထိ ဘက်စုံပံ့ပိုးမှုပေးသည့် ပြည့်စုံ သော ပံ့ပိုးကူညီသူအဖြစ် လုပ်ဆောင်ပါသည်။ ၎င်း၏ မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်း တစ်ခုမှာ အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ကွာဟချက်ကို ပေါင်းကူးခြင်း နှင့် ပြည်နယ်အဆင့်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့ ဖြစ်ပါ သည်။ အိန္ဒိယ၏အဓိကချဉ်းကပ်ပုံမှာ အမျိုးသား တစ်ခု တည်းသော ဝန်ဆောင်မှုစနစ် (NSWS) ဖြစ်ပါသည်။ ဤဒစ်ဂျစ်တယ် ပလက်ဖောင်းသည် လုပ်ငန်းလည်ပတ် နိုင်ရန် ပေါင်းစည်းထားသော OSS တစ်ခု၏ ထိပ်တန်း နမူနာ ဖြစ်ပါသည်။ ၎င်းသည် ရင်းနှီးမြှုပ်နှံသူများကို ဗဟိုဝန်ကြီးဌာန ၃၂ ခုနှင့် ပြည်နယ် ၂၈ ခုမှ ခွင့်ပြုချက် များကို တစ်ခုတည်းသော အင်တာဖေ့စ် (Interface) တစ်ခုပေါ်တွင် ကြည့်ရှုနိုင်ခြင်း၊ လျှောက်ထားခြင်းနှင့် ခြေရာခံ ခြင်းတို့ကို ခွင့်ပြုထားပြီး၊ ဝန်ကြီးဌာန သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းများစွာသို့ သွားရောက်ရန်လိုအပ်မှုကို ဖယ်ရှားပေးပါသည်။ အထူးသဖြင့် **“Know Your Approvals”** (KYA) မော်ဂျူးသည် မေးခွန်းများမှတစ်ဆင့် လိုအပ် သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များကို လမ်းညွှန်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများကို အဆင်ပြေ စေပါသည်။ ဤဒီဂျစ်တယ်ကို ဦးစားပေးသည့် မဟာ ဗျူဟာသည် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလုပ်ကိုင်ရလွယ်ကူမှု အစီရင်ခံစာတွင် အိန္ဒိယ၏ သိသိသာသာတိုးတက်လာမှု၏ အဓိကအချက်တစ်ခု ဖြစ်ခဲ့ပါသည်။ ဤပုံစံ၏ အောင်မြင်မှု ကြောင့် ဒီဂျစ်တယ်စနစ်သည် ကြီးမားပြီး အဆင့်ဆင့်ရှိ သော အုပ်ချုပ်ရေးစနစ်အတွင်းရှိ စီမံခန့်ခွဲမှုဆိုင်ရာ ရှုပ်ထွေးမှုနှင့် အဖွဲ့အစည်းဆိုင်ရာ ကွဲပြားမှုများကို ကျော်လွှားရန်အထိ ရောက်ဆုံး ကိရိယာဖြစ်သည်ဟူသည့် နိယာမအပေါ် အလေးထားလာကြပါသည်။ ဖက်ဒရယ်နှင့် ပြည်နယ်စနစ်များကို ဒီဂျစ်တယ်နည်းဖြင့် ပေါင်းစည်းခြင်း ဖြင့် အိန္ဒိယသည် ရှုပ်ထွေးသော ဗျူရိုကရေစီကို ပိုမို စုစည်းမှုရှိပြီး ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်း ဂေဟ စနစ်တစ်ခုအဖြစ် ပြောင်းလဲနိုင်ခဲ့ပါသည်။ ဤအချက်သည် ဌာန အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုနှင့် လုပ်ငန်းစဉ်ဆိုင်ရာ ဝန်ပိမှုတို့တွင် ကြုံတွေ့နေရမှုများကို ဖြေရှင်းရန်အတွက် တိုက်ရိုက်ကျပြီး အလွန်အသုံးဝင်သော လမ်းညွှန်တစ်ခု ဖြစ်ပါသည်။

**ကာဇက်စတန်- တက်ကြွသော၊ ပေါင်းစပ်ထားသော၊ "Green Corridor" ပုံစံ။** Kazakh Invest သည် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးကဏ္ဍများတွင် နိုင်ငံခြားအရင်း အနှီးကို ဆွဲဆောင်ရန် ရည်ရွယ်ချက်ဖြင့် ရင်းနှီးမြှုပ်နှံသူများ အတွက် ဗဟို **“တစ်ခုတည်းသော ဆက်သွယ်ရေးအမှတ်”** နှင့် OSS အဖြစ်လုပ်ဆောင်ပေးပါသည်။ ဤအေဂျင်စီ သည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ဆွဲဆောင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့အတွက် အစိုးရအဖွဲ့အစည်း အားလုံးကို တစ်ခုတည်းသော အွန်လိုင်း စနစ်တွင်ပေါင်းစည်းထားသည့် အမျိုးသား ဒီဂျစ်တယ် ရင်းနှီးမြှုပ်နှံမှုပလက်ဖောင်းတွင် ရင်းနှီးမြှုပ်နှံ ထားပါသည်။ ကာဇက်စတန်၏ ပုံစံကို ကွဲပြားစေသည့် အချက်မှာ ရင်းနှီးမြှုပ်နှံသူအတွက် ဝန်ဆောင်မှုများကို တက်ကြွစွာ၊ ပစ်မှတ်ထား၍ ချဉ်းကပ်ခြင်းဖြစ်ပါသည်။ Astana International Financial Centre (AIFC) ရှိ OSS

သည် ဗီဇာနှင့် ပြောင်းရွှေ့နေထိုင်မှုဆိုင်ရာ အကူအညီများ၊ **"ရွှေဗီဇာ"** များဆိုင်ရာ လမ်းညွှန်ချက်များနှင့် အစိုးရ၏ မက်လုံးများ ဆိုင်ရာ ကျွမ်းကျင်သူ အကြံဉာဏ်ပေးခြင်း အပါအဝင် အင်္ဂလိပ်ဘာသာဖြင့် အထူးပြုပံ့ပိုးမှုများကို ပေးပါသည်။ အဓိက ဆန်းသစ်တီထွင်မှုတစ်ခုမှာ **"Green Corridor"** သို့မဟုတ် **"Fast Track"** စနစ်ဖြစ်ပြီး၊ ၎င်းသည် ဦးစားပေး ကဏ္ဍများရှိ အရည်အချင်း ပြည့်မီသော တန်ဖိုးမြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အစိုးရ ဝန်ဆောင်မှုများကို အရှိန်မြှင့်ပေးပါသည်။ ဤပစ်မှတ်ထားသော ဝန်ဆောင်မှုများသည် သီးသန့် ဒစ်ဂျစ်တယ် ပလက်ဖောင်း တစ်ခုနှင့် ပေါင်းစပ်လိုက်သည့်အခါ ကာဇက်စတန်ကို ဗဟိုအာရှတွင် အဓိက FDI လက်ခံရရှိသူ ဖြစ်လာစေခဲ့ပြီး၊ ၎င်း၏ လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁၅၁ ဘီလီယံ ကျော်သော FDI များကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ ဤ အချက်က နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများသည် ပိုမိုကျယ်ပြန့်သော စနစ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းနေချိန်တွင်ပင် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ကြောင်းပြသနေပြီး မြန်မာနိုင်ငံအတွက် အဖိုးတန်သော သင်ခန်းစာကို ပေးပါသည်။

**နိဂုံးချုပ်**

OSSC များမှတစ်ဆင့် FDI မြှင့်တင်ရေးအပေါ် SCO ၏ ချဉ်းကပ်ပုံသည် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရင်းနှီး မြှုပ်နှံသူအတွက်လုပ်သာကိုင်သာရှိသော စီးပွားရေး ပတ်ဝန်းကျင်ကို ဖန်တီးရန်အတွက် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ဗဟိုချုပ်ကိုင်ထားသော ပေါ်တယ်များကို တည်ထောင်ခြင်း၊ သီးသန့်အေဂျင်စီများကို အခွင့်အာဏာပေးခြင်းနှင့် ဥပဒေရေးရာမူဘောင်များကို ညီညွတ်စေခြင်းဖြင့် SCO သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိရောက်စွာနှင့် အကျိုး ရှိစွာ လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ဖို့အတွက် အသင့်ရှိနေပြီဖြစ်ကြောင်း ကမ္ဘာသို့စုပေါင်း အချက်ပြနေကြပါသည်။ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ အစည်း (SCO) အဖွဲ့ဝင်နိုင်ငံများသည် OSSC ကို ထိရောက်စွာ တည်ထောင်ပြီး လည်ပတ်ရန်အတွက် နိုင်ငံရေးပိုင်း ဆိုင်ရာ ကတိကဝတ်၊ ခေတ်မီနည်းပညာ အသုံးချမှုနှင့် လူ့စွမ်းအား အရင်းအမြစ် စွမ်းရည်မြှင့်တင်မှုတို့ကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်၊ ကာဇက်စတန် နှင့် အိန္ဒိယတို့၏ အတွေ့အကြုံများအရ ခိုင်မာသော ဥပဒေမူဘောင်၊ ဒီဂျစ်တယ်စနစ်နှင့် ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့သည် OSSC ကို အောင်မြင် အောင်လုပ်ဆောင်နိုင်သည့်အဓိကအချက်များဖြစ်ပါသည်။ ဤလက်တွေ့ကျသော သင်ခန်းစာများကို လေ့လာသင်ယူခြင်းဖြင့် SCO အဖွဲ့ဝင်နိုင်ငံများကဲ့သို့ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန် မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

မျိုးခိုင်ဦး

**အကိုးအကားများ**


- World Bank. "Global Investment Promotion Best Practices". (2018).
- UNCTAD. "Investment Promotion and Facilitation for Sustainable Development". (2020).
  SCO Official Website & Documents. (https://eng.sectsco.org/).
  Astana International Financial Centre (AIFC) Official Website. (https://aifc.kz/).
- China's Ministry of Commerce. "FDI Administration and Facilitation". (2023).

## “အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုမှသည် EAEU နှင့် GCC နိုင်ငံများဆီသို့ - မြန်မာ့ ရင်းနှီးမြှုပ်နှံမှုညှိနှိုင်းမှုအသစ်”

ယနေ့ ကမ္ဘာ့အခင်းအကျင်းသည် ဗဟုဝင်ရိုး ကမ္ဘာဟု ခေါ်သည့် ဝင်ရိုးစုံကမ္ဘာသို့ ပြောင်းလဲ လျက်ရှိပါသည်။ အင်အားကြီး နိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး အရလွှမ်းမိုးမှုများကို ကျော်လွှားနိုင်ရန် ကြံ့ကြံ့ခံနိုင်ရန် အတွက် ခံယူချက်နှင့် သဘောတရားချင်း တူညီသည့် နိုင်ငံများ အချင်းချင်း၊ မိမိနိုင်ငံနှင့် လူမျိုးအတွက် အကျိုး စီးပွား ဖြစ်ထွန်းစေသည့် နိုင်ငံအချင်းချင်း ပေါင်းစည်း ဆက်ဆံလျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ တကာဆက်ဆံရေး ကောင်းမွန်ရန် တည်ထောင်ခြင်းနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်နေ ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိ စီးပွားရေး အခြေအနေအရ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများကို အားပေးလျက်ရှိသည့် အပြင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာ စေရန်နှင့် ရှိရင်းစွဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ထွက် မသွားစေရေး ထိန်းသိမ်းထားရန်တို့မှာလည်း အရေးကြီး သည့်ကိစ္စရပ် ဖြစ်လာပါသည်။ ထို့ပြင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် အရေးကြီး သည့်ကိစ္စရပ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံသူများကို အကာ အကွယ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာ အကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်များ (Bilateral Investment Treaties – BITs) ချုပ်ဆိုနိုင်ရေးပင် ဖြစ်ပါ သည်။ အဆိုပါ သဘောတူ စာချုပ်များသည် ရင်းနှီးမြှုပ်နှံ သူများ၏ အကျိုးအမြတ်များကို တရားဝင်အာမခံပေး သည့်အပြင် နိုင်ငံတကာတွင် ယုံကြည်စိတ်ချမှု တိုးပွား စေသည့်အခန်းကဏ္ဍကို ဖော်ဆောင်ပေးသဖြင့် မြန်မာနိုင်ငံ တွင်လာရောက် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိသည့် နိုင်ငံများက မြန်မာနိုင်ငံနှင့် BIT ချုပ်ဆိုရန် ကနဦး ဆောင်ရွက်လာကြပါသည်။ ထို့ကြောင့် အဆိုပါသဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အတွက် အလားအလာကောင်းများ၊ အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများ ရရှိနိုင်မည့်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာညှိနှိုင်းမှု အသစ်များ စတင်ဆောင်ရွက်ရန် လိုအပ် လာပါသည်။

### အာဆီယံနိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူ စာချုပ် ချုပ်ဆိုထားသည့် အခြေအနေများ

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာ နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များကို အာဆီယံ နိုင်ငံ ၆ နိုင်ငံနှင့် ချုပ်ဆိုထားပြီး ရင်းနှီးမြှုပ်နှံသူများကို သဘောတူစာချုပ်အရ အကာအကွယ်ပေးလျက်ရှိပါသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် မကြာမီကာလတွင် လက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မလေးရှားနိုင်ငံနှင့် လည်း ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းမှုအသစ်များကို ဆောင်ရွက်သွားရန်လည်း စီစဉ်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် အာဆီယံနိုင်ငံများ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လကုန်အထိ စာရင်းအရ အမေရိကန်ဒေါ်လာ ၄၂၉၈၁ ဒသမ ၄၂၄ သန်းရှိပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၄၅ ဒသမ ၈၃ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရ ပါသည်။

အဆိုပါ အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ တစ်ဝက်နီးပါး ရှိသည်ကို တွေ့ရှိ ရပါသည်။ ထိုသို့ ဝင်ရောက်လာခြင်းမှာလည်း တစ်နည်း အားဖြင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ် ပေးရေးသဘောတူစာချုပ်များ (BITs)၊ အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (ASEAN Comprehensive Investment Agreement-ACIA)၊ ဒေသတွင်း ဘက်စုံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership - RCEP)များ ချုပ်ဆိုထားခြင်းတို့၏ အကျိုးရလဒ်များပင် ဖြစ်ပါသည်။

ထို့ကြောင့် အာဆီယံဈေးကွက်ထက် ပိုမိုကျယ်ပြန့်သော ဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်၊ နိုင်ငံရေးထောက်ခံချက် ပိုမိုရရှိ စေရန်နှင့် နိုင်ငံအင်အား ကြီးမားလာစေရန် တို့အတွက်

မြန်မာနိုင်ငံသည် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU) နှင့် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council - GCC) နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုညှိနှိုင်းမှု အသစ်များ လှမ်းဆောင်ရန် ခြေလှမ်းများ စတင်သင့်သည့် အချိန်အခါသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

## ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများ၏ အခန်းကဏ္ဍ

ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU) သည် ဘယ်လာရုစ်၊ ကာဇက် စတန်၊ ရုရှား၊ အာမေးနီးယားနှင့် ကာဂျစ္စတန်နိုင်ငံ ၅ နိုင်ငံတို့ဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ လ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းတည်ထောင်ထားသည့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အဖွဲ့တစ်ခုလည်း ဖြစ်ပါသည်။ EAEU ၏ အဓိက ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ကုန်စည်၊ ဝန်ဆောင်မှု၊ အလုပ်သမားနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းနိုင်ရန်အတွက် တစ်ခုတည်းသော ဈေးကွက်တစ်ခုကို ဖန်တီးရန်ဖြစ်သည်။ ယခုအခါ EAEU သည် လူဦးရေ ၁၈၃ သန်းကျော် စုစုပေါင်း GDP အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံကျော်ရှိပြီး ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့် စီးပွားရေးသမဂ္ဂ တစ်ခုအဖြစ် ရပ်တည်လာပါသည်။ EAEU သည် ကမ္ဘာ့ရေနံ ထုတ်လုပ်မှု၏ ၁၄ ဒသမ ၅ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်ငွေ့ ၂၀ ဒသမ ၃ ရာခိုင်နှုန်းထုတ်လုပ်နိုင်ပါသည်။

**ရုရှားနိုင်ငံ**သည် EAEU တွင် အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး အခြားအဖွဲ့ဝင် နိုင်ငံများအတွက် အရေးပါသော ကုန်သွယ်ဖက်နှင့် စွမ်းအင်ထောက်ပံ့သူနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့ထိပ်တန်း ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုကဲ့သို့ ထုတ်လုပ်သော နိုင်ငံဖြစ်ပြီး နျူကလီးယားစွမ်းအင် ထုတ်လုပ်မှု၊ သတ္တုလုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်း၊ နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများတွင် အားသာချက်များရှိပါသည်။

**ဘယ်လာရုစ်နိုင်ငံ**သည် စက်မှုထွန်းကားသော နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးနှင့် စက်မှုကုန်ထုတ် လုပ်မှုတွင် အားသာချက်များစွာရှိပါသည်။ ကမ္ဘာ့အကြီးဆုံး သတ္တုတူးဖော်ရေးထရပ်ကားများ၊ အလတ်စားပစ္စည်း သယ်ကားများ၊ ဘတ်စ်ကားများ ထုတ်လုပ်ခြင်း၊ ဓာတ်မြေဩဇာ၊ မော်တော်ယာဉ် အစိတ်အပိုင်းများ၊ နို့ထွက်ပစ္စည်းများ၊ သံမဏိနှင့် သတ္တုပစ္စည်းများ ထုတ်လုပ်ခြင်းတို့တွင် အားသာချက်များရှိပါသည်။

**ကာဇက်စတန်နိုင်ငံ**သည် သဘာဝ အရင်းအမြစ်များ ကြွယ်ဝကာ ရေနံနှင့်သတ္တုမျုား ထုတ်လုပ်ရာတွင် အဓိကကျပြီး EAEU ၏ အလယ်ဗဟိုတွင် တည်ရှိသဖြင့် ကုန်သွယ်ရေး လမ်းကြောင်းအတွက် အရေးပါသောနိုင်ငံဖြစ်ပါသည်။ ဂျုံစိုက်ပျိုးရေးကိုအဓိကဆောင်ရွက်ပြီး ဂျုံထုတ်လုပ်မှုတွင် ကမ္ဘာ့ဆဋ္ဌမမြောက် အကြီးဆုံး ဂျုံထုတ်လုပ်သည့် နိုင်ငံဖြစ်ပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တု၊ စိုက်ပျိုးရေးထွက်ကုန် (ဂျုံ၊ ဂွမ်း၊ နေကြာ) တို့ကို အဓိကတင်ပို့သည့် နိုင်ငံဖြစ်ပါသည်။

**အာမေးနီးယားနိုင်ငံ**သည် ကြေးနီ၊ ရွှေစသည့် သတ္တုများ၊ စားသောက်ကုန်များ၊ ဆေးဝါးများ၊ IT ဝန်ဆောင်မှုများကို အဓိကဆောင်ရွက်ပါသည်။

ကာဂျစ္စတန်နိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းမှာ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ နိုင်ငံတကာငွေလွှဲခြင်း လုပ်ငန်းများကို လုပ်ကိုင်ပြီး စွမ်းအင်ကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများကို လုပ်ကိုင်သည့်နိုင်ငံဖြစ်ပါသည်။ ချည်မျှင်ထုတ်လုပ်ခြင်း၊ အသေးစား အထည်အလိပ်လုပ်ငန်း၊ အသေးစား စားသောက်ကုန် ထုတ်လုပ်ခြင်း လုပ်ငန်းတို့တွင် အားသာချက်များရှိပါသည်။

**အာမေးနီးယားနှင့် ကာဂျစ္စတန်နိုင်ငံ**တို့သည် စီးပွားရေးအရ သေးငယ်သော်လည်း EAEU တွင် ပါဝင်ခြင်းအားဖြင့် ၎င်းတို့၏ စီးပွားရေးကို မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် အခွင့်အလမ်းများ ရရှိနေကြပါသည်။

## ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council - GCC) အဖွဲ့ဝင်နိုင်ငံ များ၏ အခန်းကဏ္ဍ

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council - GCC) သည် ၁၉၈၁ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် အာရပ်နိုင်ငံများဖြစ်သည့် ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ဘာရိန်း၊ ကာတာ၊ အိုမန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံ ၆ နိုင်ငံတို့ ပူးပေါင်းကာ ဖွဲ့စည်းထားသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး

အဖွဲ့ဖြစ်ပါသည်။ အဖွဲ့ဝင် နိုင်ငံများအကြား စီးပွားရေးနှင့် ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ အကောက်ခွန်နှင့် ပို့ဆောင်ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှု၊ လူမှုရေး၊ ကျန်းမာရေး၊ မီဒီယာ၊ ခရီးသွားလုပ်ငန်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်မှုရေးရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ စက်မှု လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နှင့် မွေးမြူရေးကဏ္ဍများတွင် သိပ္ပံနှင့် နည်းပညာ ဆိုင်ရာတိုးတက်မှုကို မြှင့်တင်ရန်၊ သုတေသန စင်တာများ တည်ထောင်ရန် အဆိုပါအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ယခုအခါ GCC အဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေ သည် ၆၁ ဒသမ ၂ သန်းကျော် စုစုပေါင်း GDP အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆၄ ထရီလီယံရှိပြီး ရေနံစိမ်းထုတ်လုပ်မှု၊ ရေနံစိမ်းသိုက်၊ ရေနံစိမ်း တင်ပို့မှု နှင့် သဘာဝ ဓာတ်ငွေ့သိုက်တို့တွင် ကမ္ဘာ့ပထမနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုတွင် ကမ္ဘာ့ဒုတိယအဖြစ် ရပ်တည်လျက်ရှိပါသည်။

**ကူဝိတ်နိုင်ငံ**သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရေနံသိုက် တစ်ခုဖြစ်ပြီး စွမ်းအင်ကဏ္ဍပေါ်တွင် မှီခိုနေပါသည်။ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံရန် အားသာချက်များရှိပါသည်။ မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး ဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။

**ဆော်ဒီအာရေဗျနိုင်ငံ**သည် GCC အတွင်း အကြီးဆုံး စီးပွားရေးကို ပိုင်ဆိုင်ထားပြီး OPEC ကို ဦးဆောင်သည့် နိုင်ငံ ဖြစ်ပါသည်။ ဆော်ဒီအာရေဗျ နိုင်ငံသည် စွမ်းအင်ကဏ္ဍ (ရေနံ)၊ စိုက်ပျိုးရေးနှင့် အစားအသောက် ထုတ်လုပ်မှုကဏ္ဍ၊ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု ကဏ္ဍ၊ စက်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဆေးဝါးနှင့် ဇီဝနည်းပညာကဏ္ဍ၊ ဓာတုပစ္စည်း ထုတ်လုပ်မှုကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှု ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍ၊ခရီးသွားလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အဦကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ကဏ္ဍနှင့် တီထွင်ဖန်တီးမှု ကဏ္ဍများတွင် အားသာချက် ရှိပါသည်။

**အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) နိုင်ငံ**သည် GCC အဖွဲ့ဝင်နိုင်ငံများအနက် တတိယမြောက် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးသော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ UAE ၏ အဓိက ရင်းနှီးမြှုပ်နှံမှုများမှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၊ အိမ်ခြံမြေ ရောင်းဝယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ တို့ဖြစ်သည်။ UAE နိုင်ငံသည် ကမ္ဘာ့တစ်ဝှမ်း ရေနံထောက်ပံ့မှု အများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ UAE နိုင်ငံ စုစုပေါင်း ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းမှာ ရေနံတင်ပို့မှုမှ ရရှိပါသည်။

**ကာတာနိုင်ငံ**သည် ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့ရည် (LNG) အများဆုံး တင်ပို့သည့်နိုင်ငံ တစ်ခုဖြစ်ပြီး တစ်ဦးချင်း ဝင်ငွေအများဆုံး နိုင်ငံတစ်ခု ဖြစ်ပါသည်။ ကာတာနိုင်ငံသည် ရုရှားနိုင်ငံနှင့် အီရန် နိုင်ငံတို့ပြီးလျှင် ကမ္ဘာတွင် တတိယအကြီးဆုံး ဓာတ်ငွေ့ သိုက်ရှိသော နိုင်ငံဖြစ်ရာ ကာတာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကို အဓိကအားထားသော နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ ကာတာနိုင်ငံ၏ အခြေခံအဆောက် အအုံ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ခရီးသွား လုပ်ငန်း၊ စွမ်းအင်၊ သတင်းအချက်အလက်၊ ဆက်သွယ် ရေးနှင့်နည်းပညာ၊ ဝန်ဆောင်မှု စသည့် ကဏ္ဍများတွင် အခွင့်အလမ်းများရှိပါသည်။

**ဘာရိန်းနိုင်ငံ**သည် ဘဏ္ဍာရေးဝန်ဆောင်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေနံဓာတုပစ္စည်း ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်ငန်း (အလူမီနီယမ် ထုတ်လုပ်မှုလုပ်ငန်း)၊ ရေနံဓာတုပစ္စည်း (Petrochemicals) ထုတ်လုပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်နှင့် လေကြောင်းဆိုင်ရာ အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း တို့တွင်အားသာချက်များ ရှိပါသည်။

**အိုမန်နိုင်ငံ**သည် ရေနံစိမ်းထုတ်လုပ်ခြင်း၊ LNG တင်ပို့ခြင်း၊ ရေနံဓာတုစက်ရုံများ၊ ရေနံချက် စက်ရုံများကို အဓိက ဆောင်ရွက်ပြီး ထုံးကျောက်၊ ကြေးနီ၊ ခရိုမိုက်၊ သံသတ္တုရိုင်း၊ ဂျစ်ပဆမ်စသည့် သတ္တုတူး ဖော်ခြင်း၊ ဆိပ်ကမ်းများ၊ Free Zone များ၊ သိုလှောင်ရုံ များတည်ဆောက်ခြင်း၊ နေရောင်ခြည်နှင့် လေအားလျှပ်စစ် စီမံကိန်းများ၊ ငါးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် ခေတ်မီမြို့တော်များ တည်ဆောက်ခြင်း စသည်တို့တွင် အားသာချက်များ

ရှိပါသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ရလဒ်ကောင်းများ

EAEU နိုင်ငံများအနက် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချုပ်ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ BIT လက်မှတ်ရေးထိုးခဲ့သည့် အကျိုးကြောင့် မြန်မာနိုင်ငံအပေါ် ယုံကြည်စိတ်ချမှုများ ပိုတိုးလာကာ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဖြစ်ပါသည်။ အဆိုပါ သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ခြင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ အခြေခံ အဆောက်အအုံ၊ သတ္တု၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည် ဖြစ်ပါသည်။ အဆိုပါ သဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အလားအလာ သစ်များကို ဖန်တီးပေးခြင်းနှင့် အတူ ရုရှားနိုင်ငံ၏ ကျွမ်းကျင်မှု နည်းပညာများလည်း မြန်မာနိုင်ငံသို့ ပါလာမည်ဖြစ်ပါသည်။ ထို့ပြင် ကုန်သွယ်ရေး ကဏ္ဍတွင်လည်း ၃ ဆခန့် တိုးမြှင့်လာနိုင်မည်ဟု မျှော်မှန်းထား ပါသည်။

ထိုကဲ့သို့သော သာဓကကောင်းကို စံနမူနာပြု၍ EAEU နိုင်ငံများအနက် စက်မှုထွန်းကားသော ဘယ်လာရုစ်နိုင်ငံနှင့် BIT စာချုပ် ချုပ်ဆိုနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ နောင်အနာဂတ်တွင်လည်း ကာဇက်စတန်နိုင်ငံနှင့် BIT ချုပ်ဆိုနိုင်ရေး မြန်မာနိုင်ငံဘက်မှ အဆိုပြုကမ်းလှမ်းသွားရန် ဆောင်ရွက်လျက်ရှိပါသည်။ GCC နိုင်ငံများအနက် ကူဝိတ်နိုင်ငံနှင့် သဘောတူ စာချုပ်လက်မှတ် ရေးထိုးထားပြီး UAE၊ ကာတာ၊ ဆော်ဒီအာရေဗျနိုင်ငံတို့နှင့် ညှိနှိုင်းဆွေးနွေးမှုများကိုဆောင်ရွက် လျက်ရှိပါသည်။ ကျန်ရှိသည့် GCC နိုင်ငံများဖြစ်သော ဘာရိန်းနှင့် အိုမန်နိုင်ငံ တို့သို့လည်း ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ကမ်းလှမ်းသွားနိုင်ရေးလည်း ဆောင်ရွက်လျက် ရှိပါသည်။

### မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး ကျောရိုးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်ပြီး အဆိုပါ ကဏ္ဍကို ခေတ်မီနည်းပညာများ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် မဟာဗျူဟာကျသော စီမံခန့်ခွဲခြင်းများနှင့် ခိုင်မာအားကောင်းသော စီးပွားရေး မောင်းနှင်အား တစ်ရပ်ဖြစ်လာစေရေး ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ၊ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်များ၊ ရေလုပ်ငန်း ထွက်ကုန်များ၊ သတ္တုတွင်းထွက်ကုန်များနှင့် အခြားထွက်ကုန်များအတွက် EAEU အဖွဲ့ဝင်နိုင်ငံများနှင့် GCC အဖွဲ့ဝင်နိုင်ငံများ၏ ဈေးကွက်များသို့ တင်ပို့နိုင်သည့် အလားအလာ များစွာရှိမည်ဖြစ်ပါသည်။ အလားတူပင် အဆိုပါအဖွဲ့ဝင် နိုင်ငံများ၏ စက်မှုထုတ်ကုန်များ၊ ဓာတ်မြေဩဇာ၊ ရေနံထွက်ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာများကို မြန်မာနိုင်ငံသို့ တင်သွင်း နိုင်မည်ဖြစ်ပါသည်။

GCC နိုင်ငံများသည် စွမ်းအင်အဓိက ထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ LNG ဓာတ်ငွေ့နှင့် အခြေခံ အဆောက်အအုံများ၊ ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ထုတ်ကုန်များကို GCC ဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ခြင်း၊ မြန်မာနိုင်ငံမှ အလုပ်သမားများ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းစသည့်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပါသည်။

EAEU၊ GCC နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ညှိနှိုင်းမှုများနှင့် ပူးပေါင်းမှုများကို ဆောင်ရွက်သွားနိုင်မည်ဆိုပါက စက်မှု၊ စိုက်ပျိုးရေးနှင့် စွမ်းအင်အကူအညီများ ရရှိနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေး ထွက်ကုန်များ၊ စက်မှု ထုတ်ကုန်များ ဈေးကွက် ဝင်ရောက်မှုအတွက် အခွင့်အလမ်းများကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ EAEU၊ GCC နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် သံတမန် ဆက်ဆံရေး၊ စီးပွားရေးသဘောတူညီချက်များ တိုးမြှင့်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာစေမည် ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့ စီးပွားရေး

ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာ လမ်းကြောင်း ပွင့်လန်းလာပြီး မြန်မာနိုင်ငံ၏ စီးပွားရေးအဆင့် တိုးတက်မှု အမြန်ဆုံး ရရှိနိုင်ခြင်း၊ စွမ်းအင် အရင်းအမြစ်များကို ခိုင်မာစေရန် ဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေး ထွက်ကုန်များကို ဈေးကွက်အသစ် များသို့ တိုးချဲ့တင်ပို့နိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်း၊ နိုင်ငံတကာအဆင့်တွင် ယုံကြည်စိတ်ချရသော ရင်းနှီးမြှုပ်နှံမှု Destinations တစ်ခုအဖြစ် တည်ဆောက်နိုင်ခြင်း၊ နိုင်ငံရေးထောက်ခံချက်ရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒအရ အာဆီယံအတွင်းသာမက အရှေ့ဥရောပနှင့် အရှေ့အလယ်ပိုင်း ဒေသများဆီသို့ ရင်းနှီးမြှုပ်နှံမှုညှိနှိုင်းမှုအသစ်များ လုပ်ဆောင်သည့်အခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာ ယုံကြည်စိတ်ချမှု၊ နည်းပညာတိုးတက်မှု၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များ ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ထို့ကဲ့သို့ ရင်းနှီးမြှုပ်နှံမှုညှိနှိုင်းမှု အသစ်များသည် မြန်မာ့စီးပွားရေးလိုင်းတစ်ခုအဖြစ် နိုင်ငံတကာ အဆင့်သို့ တက်လှမ်းနိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

**ရည်ညွှန်းကိုးကားချက်များ**


DICA (https://www.dica.gov.mm/foreign-investment -by-country/)

UNCTAD Investment Policy Hub – Bilateral Investment Treaties (https://investmentpolicy. unctad.org/ international-investment-agreements)

Eurasian Economic Union (EAEU) (http://www.eaeunion.org/)

Gulf Cooperation Council (GCC) (https://www.gcc-sg.org/ar/Pages/default.aspx)



Sakura ✿

ခိုင်သန္တာဝင်း

ဒုတိယညွှန်ကြားရေးမှူး

မူဝါဒနှင့်ဥပဒေဌာနခွဲ

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန


## သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

### သံတမန်ရေးရာ

သံတမန်ရေးရာဆိုသည်မှာ Merriam-Webster Dictionary တွင် နိုင်ငံများအကြား ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ခြင်း၏ အနုပညာနှင့် လက်တွေ့လုပ်ဆောင်မှုဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့အပြင် Britannica Encyclopedia ၏ ဖော်ပြချက်အရ စစ်ပွဲ သို့မဟုတ် အကြမ်းဖက်မှုများကို အသုံးပြုခြင်းမရှိဘဲ အခြားနည်းလမ်းများကို အသုံးပြု၍ ပြည်ပနိုင်ငံများ၏ အစိုးရများနှင့် ပြည်သူများ၏ ဆုံးဖြတ်ချက်များနှင့် အပြုအမူများကို ထိန်းချုပ်ရန် ကြိုးပမ်းသည့် စနစ်တကျ နည်းလမ်းဖြစ်ကြောင်းနှင့် Cambridge Dictionary တွင် နိုင်ငံများအကြား ဆက်ဆံရေးများကို စီမံခန့်ခွဲခြင်းဟု ဖော်ပြထားပါသည်။

### သံတမန်ဆက်ဆံရေး

အထက်ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်များအရ သံတမန်ဆက်ဆံရေးအား အနက်ဖွင့်ဆိုရာတွင် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် အစိုးရတစ်ရပ်သည် မိမိနိုင်ငံ အကျိုးစီးပွားကို အခြေပြု၍ အခြားနိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများကြား ငြိမ်းချမ်းသော စေ့စပ်ညှိနှိုင်းမှုများမှတစ်ဆင့် ဆက်ဆံရေး တိုးပွားမြင့်တင်အောင် ပြုလုပ်သည့် အနုပညာတစ်ရပ် ဖြစ်သည်ဟု ဖွင့်ဆိုနိုင်ပါသည်။




### သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

သံတမန်ဆက်ဆံရေးသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

နိုင်ငံခြားရေးမူဝါဒများသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော အမျိုးသား အကျိုးစီးပွားများကို မြှင့်တင်ပေးနိုင်ပါသည်။ ထို့အပြင် စီးပွားရေး လုပ်ငန်းများအတွက် တည်ငြိမ်၍ ချိတ်ဆက်မှု ကောင်းသော စီးပွားရေးဝန်းကျင်ကိုလည်း ဖန်တီးပေးနိုင်ပါသည်။ ခိုင်မာသော သံတမန်ဆက်ဆံရေးသည် ယုံကြည်မှုကို မြှင့်တင်ပေးပြီး စီးပွားရေးသဘောတူညီချက်များ၊ စားသုံးသူ အကျိုးစီးပွား တိုးမြှင့်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲ နိုင်စေရန် ထောက်ပံ့ပေးပါသည်။ ဆန့်ကျင်ဘက်အား ဖြင့်ဆက်ဆံရေး အားနည်းခြင်း သို့မဟုတ် တင်းမာခြင်းသည် မရေရာမှုများတိုးပွားစေခြင်း၊ ပူးပေါင်းဆောင်ရွက်မှု လျော့ကျလာခြင်း၊ စီးပွားရေးလုပ်ငန်းများကို အဟန့်အတား ဖြစ်စေခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်။



### သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးအကျိုးစီးပွားများ၏ ဆက်စပ်မှု

**အပြန်အလှန်အကျိုးရှိမှု။** သံတမန် ဆက်ဆံရေးသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ဆက်ဆံမှုများကိုမြှင့်တင်ရန်အတွက် စီးပွားရေးမူဝါဒများနှင့် သံတမန်ရေးရာ ကြိုးပမ်းမှုများဖြင့် အပြန်အလှန် အကျိုးရှိစေမည့် စီးပွားရေးမဟာမိတ်များ မြှင့်တင်ရန် ရည်ရွယ်ပါသည်။

**ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခြင်း။** ငွေကြေးအကြပ်အတည်း သို့မဟုတ် ရာသီဥတုပြောင်းလဲမှုကဲ့သို့သော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတည်ငြိမ်မှုကို ထိခိုက်စေသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများကို ပူးပေါင်းဆောင်ရွက်ရန်အတွက် သံတမန်ရေးရာ ကြိုးပမ်းမှုများသည် မရှိမဖြစ်လိုအပ်ပါသည်။

**ဩဇာသက်ရောက်မှုနှင့်တည်ငြိမ်မှု။** သံတမန် ဆက်ဆံရေးသည် စီးပွားရေးမူဝါဒများအပေါ် ဩဇာသက်ရောက်မှုရှိပြီး အိမ်ရှင်အစိုးရများအား တိုးတက်မှုမြှင့်တင်သည့် လုပ်ဆောင်ချက်များကို လက်ခံကျင့်သုံးရန်နှင့် စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့များ ဖွဲ့စည်းရန် ကူညီပေးပါသည်။

### သံတမန်ဆက်ဆံရေး၏ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးခြင်း

**ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု။** သံတမန်ဆက်ဆံရေးသည် နှစ်နိုင်ငံနှင့် ဘက်ပေါင်းစုံကုန်သွယ်ရေး သဘောတူညီချက်များအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော တည်ငြိမ်သည့် မူဘောင်ကို ဖန်တီးပေးပြီး ပထဝီနိုင်ငံရေးနှင့် ပတ်သက်သည့် စီးပွားရေး မိတ်ဖက်ဆက်ဆံရေး တိုးတက်မှုကို အားပေးပါသည်။

**ပဋိပက္ခဖြေရှင်းရေး။** သံတမန် လမ်းကြောင်းသည် နိုင်ငံအချင်းချင်းကြား တင်းမာမှုများကို လျော့ကျစေရန်အတွက် အထောက်အကူပြု ကိရိယာအဖြစ် အသုံးပြုနိုင်ပါသည်။

**ဆက်သွယ်ရေးမြှင့်တင်ပေးခြင်း။** ခိုင်မာသော သံတမန်ဆက်ဆံရေးသည် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးနှင့် ပို့ကုန်ဈေးကွက် မြှင့်တင်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများကို တိုးတက်စေသောကြောင့် နိုင်ငံများအကြား ကုန်သွယ်မှုစီးဆင်းမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုက်ရိုက်မြှင့်တင်နိုင်ပါသည်။

**စီးပွားရေး ပိတ်ဆို့အရေးယူမှုနှင့် အကူအညီပေးမှု။** နိုင်ငံများအနေဖြင့် ၎င်းတို့၏ နိုင်ငံခြားရေး မူဝါဒရည်မှန်းချက်များ အောင်မြင်ရန်အတွက် ပြည်ပနိုင်ငံများကို အကူအညီပေးခြင်း သို့မဟုတ် စီးပွားရေး ပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်းကဲ့သို့သော စီးပွားရေး အရင်းအမြစ်များကို သံတမန်ရေးရာ ကိရိယာအဖြစ် အသုံးပြုလေ့ရှိပါသည်။

### သံတမန် ဆက်ဆံရေး၏ စီးပွားရေးတွင်သက်ရောက်မှု

**အပြုသဘောဆောင်သောသက်ရောက်မှု။** ကောင်းမွန်သော သံတမန်ဆက်ဆံရေးသည် ယုံကြည်မှုကို တည်ဆောက်ပေးပြီး ခန့်မှန်းနိုင်သော စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီး ပေးပါသည်။ ထို့အပြင် ကုန်သွယ်မှု တိုးမြှင့်ခြင်းဖြင့် စားသုံးသူ အကျိုးစီးပွား တိုးတက်မှုကဲ့သို့သော သိသာထင်ရှားသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

**အနုတ်လက္ခဏာဆောင်သောသက်ရောက်မှု။** နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့တွင် ဝင်ရောက်

စွက်ဖက်မှုသည် အိမ်ရှင်နိုင်ငံ၏ ပဋိပက္ခကို ကြီးထွားစေပြီး ကမ္ဘာလုံးဆိုင်ရာ မငြိမ်မသက်မှုများအထိ ဖြစ်ပေါ်စေနိုင်ပါသည်။

အနှစ်ချုပ်အားဖြင့် ခိုင်မာသော သံတမန်ဆက်ဆံရေးသည် ဖွံ့ဖြိုးတိုးတက်သော စီးပွားရေး အပြန်အလှန်ဆက်သွယ်မှုများအတွက် အခြေခံအုတ်မြစ်ကို ပေးစွမ်းပြီး စီးပွားရေးနှင့် ကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းတွင် နိုင်ငံတစ်နိုင်ငံ၏ သာယာဝပြောမှုနှင့် တည်ငြိမ်မှုကို မြှင့်တင်ရန် ပံ့ပိုးပေးပါသည်။

Source:

https://www.google.com/search?q=Diplomatic+and+economic&rlz=1C1GCEU_enMM1126MM1127&oq=Diplomatic+and+economic&gs_lcrp=EgZjaHJvbWUyBggAEEUYOTIICAEQABgWGB4yCAgCEAAYFhgeMggIAxAAGBYYHjIICAQQABgWGB4yCAgFEAAYFhgeMggIBhAAGBYYHjIICAcQABgWGB4yCAgIEAAYFhgeMggICRAAGBYYHtIBCTEyMTU4ajBqN6gCALACAA&sourceid=chrome&ie=UTF-8

https://www.moi.gov.mm/article/44834

ဇင်မာမြင့်

ဒုတိယညွှန်ကြားရေးမှူး

**သမ္မတထရမ့်၏ အခွန်နှုန်းထားသတ်မှတ်ခြင်းက အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးများ တရုတ်နိုင်ငံဘက်သို့ ပိုမိုတိမ်းညွတ်စေသည့် အလားအလာများ ဖြစ်ပေါ်လာစေ**

ဒေါ်နယ်ထရမ့်က အမေရိကန်သမ္မတအဖြစ် စတင်တာဝန်ယူပြီးနောက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက် မတိုင်မီအထိ အရှေ့တောင်အာရှ နိုင်ငံများအနေဖြင့် အပြန်အလှန်အခွန် စည်းကြပ်ခြင်းဆိုင်ရာ ကြေညာချက်အပေါ် များစွာမျှော်လင့်ခဲ့ကြပါသည်။ ISEAS – Yusof Ishak Institute က ထုတ်ပြန်သော စစ်တမ်းအရ ထရမ့်၏ အခွန်ဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်သည့် **“Liberation Day”** မတိုင်မီ ဒေသတွင်းနိုင်ငံများသည် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို တရုတ်နှင့် ပူးပေါင်းဆောင်ရွက်မှုများထက် ပို၍ဆောင်ရွက်ခဲ့ကြသည့်အတွက် ထရမ့်၏ ဆုံးဖြတ်ချက်များအပေါ် ပိုမိုခိုင်မာစွာ ယုံကြည်ခဲ့ကြသည့် သဘောဖြစ်ပါသည်။

ထရမ့်၏ အခွန်နှုန်းထား သတ်မှတ်ခြင်းဆိုင်ရာ ကြေညာချက်က ဒေသတွင်းနိုင်ငံများ၏ အဆိုပါယုံကြည်ချက်ကို ထိခိုက်စေခဲ့ပါသည်။ ဒေသတွင်း ကုန်ထုတ်လုပ်မှု ကွင်းဆက်အတွင်းပါဝင်လျက် ထုတ်ကုန်များ တင်ပို့ရောင်းချခြင်းဖြင့်သာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်နေရသော နိုင်ငံများအနေဖြင့် အမေရိကန်နိုင်ငံ ဈေးကွက်သို့ တင်ပို့ရောင်းချရေးက ကြီးမားသော အခက်အခဲတစ်ခုဖြစ်လာခဲ့ပါသည်။ ထို့အတွက် ဗီယက်နမ် နိုင်ငံက ဦးဆောင်၍ အရှေ့တောင်အာရှနိုင်ငံများနှင့် အမေရိကန် နိုင်ငံတို့အကြား ပိုမိုကောင်းမွန်သော သဘောတူညီချက်များ ရရှိရေး ညှိနှိုင်းဆွေးနွေးခြင်းကို စတင်ခဲ့ပါသည်။ ကနဦးအနေဖြင့် ဗီယက်နမ်ဘက်မှ အမေရိကန်နိုင်ငံ၏ လေယာဉ်နှင့် သဘာဝဓာတ်ငွေ့များ ဝယ်ယူရန် စတင်ကမ်းလှမ်းခဲ့ပြီး ထရမ့်၏ မိသားစုက ဝယ်ယူလိုသည့် ဂေါက်ကွင်းနှင့်ဆက်စပ်သည့်ကိစ္စရပ်များအပေါ် အလျင်အမြန်ဆောင်ရွက်နိုင်ရေး ခွင့်ပြုခဲ့ပါသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားပြီး ကာလနောက်ပိုင်း ကဏ္ဍပေါင်းစုံ၌ ထုတ်လုပ်မှု ကွင်းဆက်တိုးချဲ့ ဆောင်ရွက်နိုင်ခြင်း၏ အကျိုးကျေးဇူးကို ရရှိခံစားခဲ့ရသော ဗီယက်နမ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့အတွက် အမေရိကန် ဈေးကွက်သို့ ချဲ့ထွင်၍ ရောင်းဝယ်ဖောက်ကားနိုင်ခြင်းသည် အထူးအခွင့်အရေးကဲ့သို့ ဖြစ်ပါသည်။ ထိုသို့သော ကမ္ဘာ့စီးပွားရေး အလားအလာကို လေ့လာကြည့်မည်ဆိုပါက ကဏ္ဍပေါင်းစုံအတွက် ထုတ်လုပ်မှုဆိုင်ရာ ပုံစံအသစ်များကို ဖြစ်ပေါ်လာစေနိုင်ပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည်လည်း အရှေ့တောင်အာရှဒေသသို့ ဦးတည်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် တရုတ်နိုင်ငံတွင် ဈေးကွက်ရရှိနိုင်ခြင်းနှင့် နှိုင်းယှဉ်ပါက အဆိုပါရင်းနှီးမြှုပ်နှံမှုများအနေဖြင့် အမေရိကန်ဈေးကွက်သို့ ဝင်ရောက်ရာတွင်လည်း အတားအဆီးမရှိ ဆောင်ရွက်နိုင်မှသာလျှင်

ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြင့်လာနိုင်သည်ကို အကြောင်းရင်းတစ်ချက်အနေဖြင့် ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

ဝါရှင်တန်မှ ထုတ်ပြန်ကြေညာလိုက်သည့် ခန့်မှန်းရခက်သော အခွန်ကောက်ယူမှု ဆိုင်ရာ ကြော်ငြာချက်သည် ငွေကြေးဈေးကွက် မတည်ငြိမ်မှုကို ဖြစ်ပေါ်စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို နှောင့်နှေးကြန့်ကြာစေခြင်းအပါအဝင် စီးပွားရေးကျဆင်းမှုများကို ဖန်တီးပေးလျက်ရှိပါသည်။ အမေရိကန်နှင့် နှစ်နိုင်ငံသဘောတူညီချက်များ၊ အချို့သော နိုင်ငံများအတွက် အခွန်ဆိုင်ရာ သီးခြားသဘောတူညီချက်များ ရှိနေသည့်တိုင်အောင် ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်အပေါ်တွင် အကျိုးသက်ရောက်မှု နည်းပါးလျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံနှင့် သဘောတူညီချက်ကို ကြည့်မည်ဆိုပါက အခွန်ဆိုင်ရာ ကိစ္စရပ်များ အပါအဝင် အခြားသော အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရခြင်းသည် ထရမ့်၏ အပြောင်းအလဲမြန်ဆန်သော စီမံခန့်ခွဲမှုကြောင့် ကြီးမားသော သက်ရောက်မှုများဟု ဆိုရမည် ဖြစ်ပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအပေါ်တွင်လည်း သက်ရောက်မှု ရှိမည်ဆိုသည့်အချက်မှာ ငြင်းဆိုဖွယ်ရာ မရှိသည့် အနေအထား ဖြစ်ပါသည်။

ဒေသတွင်းအခြေအနေများတွင် ထရမ့်၏ စီမံခန့်ခွဲမှုနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတို့သည် အဓိကကျသော ကိစ္စရပ်များဖြစ်သည်နှင့်အညီ လက်ရှိအာဆီယံ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် မလေးရှားဝန်ကြီးချုပ် အမ်ဝါအင်ဗရာဟင်က ယင်းအခြေအနေများအပေါ် ဒေသတွင်းနိုင်ငံများ တစ်စုတစ်စည်းတည်း ပူးပေါင်းတုံ့ပြန်နိုင်မည့် အစီအမံများကို ရှာဖွေခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ၏ တိကျခိုင်မာသော စံချိန်စံနှုန်းများကို အခြေပြု၍ ပြန်လည်ချေပသည့် နည်းလမ်းကို အသုံးမပြုဘဲ အာဆီယံဒေသတွင်း ပိုမိုနက်ရှိုင်းသည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို ဖိတ်ခေါ်သည့် ကြေညာချက်တစ်ရပ်ကို အာဆီယံခေါင်းဆောင်များက ထုတ်ပြန်ခဲ့ကြပါသည်။

ဝန်ကြီးချုပ် အမ်ဝါအင်ဗရာဟင်က အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး တစ်ရပ်ကျင်းပပြုလုပ်ရန် ကမ်းလှမ်းခဲ့သော်လည်း ထရမ့်အနေဖြင့် နှစ်နိုင်ငံအခွန်နှုန်းနှင့် ကုန်သွယ်ရေး သဘောတူညီချက်များကို ကျော်လွန်လက်ခံခြင်းမပြုဘဲ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ပါသည်။ ပူးပေါင်းရွက်ခြင်းသည် ညှိနှိုင်းရခက်ခဲသည့် လုပ်ငန်းစဉ်ဖြစ်သည့် အားလျော်စွာ ဝန်ကြီးချုပ် အမ်ဝါအင်ဗရာဟင်သည်လည်း အောက်တိုဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီး အစည်းအဝေးကာလအတွင်း ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ဖြစ်ပွားနေသည့် နယ်စပ်ဧရိယာအတွင်း ပဋိပက္ခဖြစ်ပွားနေမှုကို ဖျန်ဖြေရန် လာရောက်မည့် ထရမ့်နှင့်တွေ့ဆုံနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည့် အလားအလာရှိပါသည်။ အမေရိကန်၏ အခွန်ကောက်ခံမှုမြင့်မားခြင်း၏ သက်ရောက်မှုကို တုံ့ပြန်ရန် အရှေ့တောင်အာရှနိုင်ငံများသည် ကုန်သွယ်မှုနည်းလမ်းအမျိုးမျိုးကို စီမံဆောင်ရွက်လျက်ရှိပါသည်။ ထရမ့်၏ စီမံခန့်ခွဲမှုစနစ်သည် မမျှော်မှန်းခဲ့သော အပြောင်းအလဲများစွာကို ဖြစ်ပေါ်စေခဲ့ပြီး နှစ်ရှည်လများ ကျင့်သုံးနေသော ကုန်သွယ်ရေးနည်းလမ်းများကို ပြန်လည်သုံးသပ်သင့်ကြောင်း သတိပြုစေခဲ့သည်ဟု မလေးရှားနိုင်ငံ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီး Liew Chin-Tong က ပြောကြားခဲ့ပါသည်။ ယင်းအချက်ကြောင့် အာဆီယံ၊ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် တရုတ်နိုင်ငံတို့ပါဝင်သည့် အထူးထိပ်သီးအစည်းအဝေးတစ်ရပ်လည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုသို့ဆိုလျှင် အမေရိကန်နှင့် ဆက်ဆံဆောင်ရွက်ခြင်းကို လျှော့ချပါက အရှေ့တောင်အာရှဒေသတွင်း မည်ကဲ့သို့ သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဆိုသည့်အချက်ကို သုံးသပ်ရမည်ဖြစ်ပါသည်။ စစ်အေးကာလအလွန် ပထဝီနိုင်ငံရေးကို အဓိကအားဖြင့် အချက်သုံးချက်ဖြင့် လေ့လာဆန်းစစ်နိုင်ပါသည်။ ယင်းတို့မှာ (က) ၁၉၉၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အာရှဒေသ ငွေကြေးအကြပ်အတည်းနှင့် တရုတ်နိုင်ငံ၏ အထောက်အပံ့ ပေးခဲ့မှု၊ (ခ) ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ငွေကြေး အကြပ်အတည်းနှင့် အမေရိကန်ကျဆင်းလာမှုအပေါ် တရုတ်နိုင်ငံ၏ ကမ္ဘာ့စီးပွားရေး အခင်းအကျင်း နေရာယူလာသည့် အခြေအနေ၊ (ဂ) ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလနှင့် တရုတ်နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ အထောက် အပံ့ပေးခြင်းကို အလျင်အမြန် ဆောင်ရွက်ပေးနိုင်မှု စသည်တို့

ဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်များကို လေ့လာကြည့်ပါက အမေရိကန်နှင့် ဆက်ဆံရေးသည် အနိမ့်အမြင့် အတက်အကျ များစွာရှိသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ယင်းဖြစ်စဉ်များက ဒေသတွင်းနိုင်ငံများသည် တရုတ်နိုင်ငံအပေါ် ကာလရှည်ကြာ မှီခိုရသည့် အနေအထားကို ထင်ဟတ်စေလျက် ရှိပါသည်။

ထရမ့်၏အခွန်နှုန်းထားသတ်မှတ်ခြင်းက အမေရိကန်နှင့် အရှေ့တောင်အာရှ ဒေသအကြား ချိတ်ဆက်ဆောင်ရွက်မှုများကို လျော့နည်းလာစေပါသည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ၎င်း၏ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တရုတ်နိုင်ငံသည် အာရှဒေသ၏ ကုန်သွယ်ရေးတွင် ခံတပ်သဖွယ် ရပ်တည်လျက်ရှိနေကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်၏ မတည်ငြိမ်သော၊ ခန့်မှန်းရခက်သော ကုန်သွယ်ရေးမူဝါဒသည် တရုတ်နိုင်ငံအတွက် အကျိုးအမြတ်များ ဖြစ်ပေါ်စေခဲ့ပါသည်။ သို့သော်လည်း စီးပွားရေး အလှည့်အပြောင်းများကြောင့် ရရှိသော အခွင့်အရေး ရပိုင်ခွင့်များ လျော့နည်းခဲ့ပါသည်။ အမေရိကန် ဈေးကွက်သို့တင်ပို့သည့် ပို့ကုန်များနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသည် မူလရည်မှန်းထားသော ပို့ကုန်များအတွက် လိုအပ်သည့် ဈေးကွက်တန်ဖိုးကို မဖြည့်ဆည်းနိုင်သည်ကို တွေ့ရှိရပါသည်။ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများသည် ကုန်သွယ်ရေးမိတ်ဖက်များဖြစ်သည့်အတွက် ဒေသတွင်းဈေးကွက်လိုအပ်ချက်ကို တစ်သတ်မတ်တည်း ဖြစ်ပေါ်စေလျက် တရုတ်နိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းများဖြင့် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းလုံစေလျက်ရှိပါသည်။

သို့သော်လည်း တရုတ်နိုင်ငံမှ လုပ်ငန်းများသည် အမေရိကန်နိုင်ငံသို့ သွယ်ဝိုက်သော နည်းလမ်းဖြင့် ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး၊ အထူးသဖြင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော ကုန်သွယ်မှုဈေးကွက်ဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့နိုင်ရေးတို့အတွက် နည်းလမ်းများ၊ အစီအမံများ ရှာဖွေလျက်ရှိပါသည်။ တင်ပို့သည့် ကုန်ပစ္စည်းအများစုသည် အရှေ့တောင်အာရှနိုင်ငံများ၏ ပို့ကုန်လုပ်ငန်းများအတွက် အရေးကြီးသော ကုန်စည်များဖြစ်ပြီး အမေရိကန်နှင့် အခြားသောကမ္ဘာ့နေရာအနှံ့သို့ တင်ပို့မည့် လုပ်ငန်းများအတွက် ရည်ရွယ်ပါသည်။ တစ်ဖက်တွင်လည်း တရုတ်နိုင်ငံက ကုန်ချောတင်ပို့မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

အရှေ့တောင်အာရှ နိုင်ငံများသည် တရုတ်နိုင်ငံနှင့် နှစ်ဖက်ကုန်သွယ်ရေး ထိခိုက်စေမည့် အစီအမံများ ချမှတ်ခြင်းကို ရှောင်ရှားလေ့ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့သည့် လုပ်ငန်းများအပေါ် အားပေးဆောင်ရွက် ပေးခြင်းကိုသာ အလေးထားလေ့ရှိပါသည်။ စီးပွားရေး အကြပ်အတည်းကာလအတွင်း တရုတ်နိုင်ငံမှလုပ်ငန်းများက ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ယှဉ်ပြိုင်မှုများ တိုးမြင့်လာခြင်းသည် တရုတ်နိုင်ငံ၏ ဒေသတွင်း နိုင်ငံရေးအရ အသာစီးရမှုကိုပါ အလေးသာစေလျက်ရှိပါသည်။

တရုတ်နိုင်ငံက အရှေ့တောင်အာရှဒေသတွင် ခိုင်မာစွာ ရပ်တည်ထားနိုင်ချိန်တွင် အမေရိကန်အနေဖြင့် သမ္မတထရမ့်၏ ကြိုတင်မခန့်မှန်းနိုင်သော အစီအစဉ်မကျသည့် အစီအမံများ မေးမိန့်ပျောက်ကွယ်စေပြီး ကာလရှည်ကြာ စီးပွားရေးမိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်နေကြောင်း ဖော်ပြသည့် ဆောင်ရွက်ချက်များကို ဦးစားပေးအကောင် အထည်ဖော်လျက် ရှိပါသည်။

ထရမ့်၏ အခွန်နှုန်းထားများ သတ်မှတ်ခြင်းသည် ဒေသတွင်းနိုင်ငံများ၏ တရုတ်နိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေး ချိန်ညှိဆောင်ရွက်နေသည့် အခြေအနေကို ပိုမိုခိုင်မာအားကောင်းလာစေသည့် တွန်းအားတစ်ခု ဖြစ်လာပါသည်။ ယင်းအခြေအနေကို မည်မျှ ထိန်းသိမ်းနိုင်မည်ဆိုသည့်အချက်မှာ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှဒေသအကြား အခွန်ကောက်ခံ နှုန်းသတ်မှတ်ခြင်းကို မည်ကဲ့သို့ ကိုင်တွယ် ဆောင်ရွက်နိုင်မည်ဆိုသည့် အချက်အပေါ်တွင် မူတည်လျက်ရှိပါသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ၂၀၁၈ ခုနှစ်အတွင်း အခွန်ကောက်ခံသည့် နှုန်းထားများ ပြောင်းလဲသတ်မှတ်ခြင်းမှစတင်၍ အမေရိကန် ကုမ္ပဏီများ၏ ကုန်ထုတ်လုပ်မှုများသည် အာဆီယံနိုင်ငံများ၊ အထူးသဖြင့် ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံများဆီ ဦးတည်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် အခြားသော အာဆီယံနိုင်ငံများထံသို့လည်း ယင်းကဲ့သို့ အလားအလာများ

ထပ်မံဖြစ်ပေါ်လာစေနိုင်ပါသည်။ အာဆီယံ အနေဖြင့် တရုတ်နိုင်ငံနှင့် အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသာမက နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်သည့် အကျိုးကျေးဇူးများကို ရရှိလာနိုင်သည် ကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့် ကဏ္ဍပေါင်းစုံတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည့် အားလျော်စွာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြင့်လာစေရေး နည်းလမ်းများကို ချဲ့ထွင်စဉ်းစား၍ အစီအမံများ ချမှတ်ဆောင်ရွက်သင့်ပါသည်။ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို လေ့လာမည်ဆိုပါက နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကာလအလွန်တွင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုသာ ပိုမိုအလေးထားလာပြီး ခံနိုင်ရည်ရှိသော၊ စဉ်ဆက်မပြတ်သော စီးပွားရေးကို ဦးတည်ဆောင်ရွက်နေသည့်အတွက် ကမ္ဘာ့လက်ရှိအခြေအနေများ (Global Trend) ကို မိမိတို့နိုင်ငံ၏ ပြည်တွင်း မူဝါဒများတွင် လိုက်လျောညီထွေရှိစွာ ထည့်သွင်း အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ခိုင်မာအားကောင်းသောလူမှုစီးပွားဝန်းကျင်တစ်ရပ်ကို ထူထောင်နိုင်မည်ပင် ဖြစ်ပါသည်။

Source : https://eastasiaforum.org/2025/09/23/trump-tariffs-tilt-southeast-asia-towards-china/

ဒေါ်ဒေသေနွံ့
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့် ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် အကြပ်အတည်းများ

၂၀၁၁ ခုနှစ်မတိုင်မီကာလများတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သော်လည်း ပွင့်လင်းမြင်သာသည့် ဥပဒေမူဘောင်မရှိခြင်းနှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို တိုင်းပြည်အတွင်း ဖိတ်ခေါ်ရာတွင် နယ်ပယ်တချို့ကိုသာ အကန့်အသတ်ဖြင့် ဦးစားပေးခဲ့သဖြင့် စီးပွားရေးကဏ္ဍ ပေါင်းစုံတွင် ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာခြင်းမရှိဘဲ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများတွင်သာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု များလုပ်ကိုင်နေသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကြောင့် ဒီမိုကရေစီ အစိုးရအသွင်ကူးပြောင်းခဲ့ပြီး သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်သော အစိုးရမှ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ခဲ့သည်အတွက်ကြောင့် ၂၀၁၂ခုနှစ် လောက်မှစတင်၍ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ တိုင်းပြည်အတွင်းသို့ တစ်စစ ဝင်ရောက်လာခဲ့ပါသည်။ ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင် ရွက်နိုင်ခဲ့ခြင်း မရှိပါက နိုင်ငံခြားဘဏ်များနှင့် အာမခံ ကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည်မဟုတ်ဘဲ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည်လဲ မတည်ငွေများလွှဲပြောင်းရာတွင် အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။

၂၀၁၆ ခုနှစ်လောက်မှ စတင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွင်း တဖြည်းဖြည်း လျော့ကျလာခဲ့ပြီး၊ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခြုံငုံသုံးသပ်ကြည့်ပါက ၂၀၁၆ ခုနှစ်တွင် ၁.၇ ထရီလီယံ၊ ၂၀၁၇ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းကျဆင်းပြီး ၁.၅ ထရီလီယံ၊ ၂၀၁၈ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်း ၁.၃ ထရီလီယံ စသဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ ကျဆင်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲပြီးကာလများတွင် အစိုးရအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများ၏ ထုံးစံအတိုင်း ရွေးကောက်ပွဲ ရလဒ်မှဖြစ်ပေါ်လာမည့် အစိုးရအသစ်၏ မူဝါဒများကို လေ့လာစောင့်ကြည့်ခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ်တွင် တိုင်းပြည်၏ အနေအထားကို စောင့်ကြည့်ခဲ့ကြသဖြင့် Muti-national ကုမ္ပဏီကြီးများ ဝင်ရောက်လာခြင်းမရှိဘဲ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ သာဝင်ရောက်လာခဲ့ကြပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အစိုးရအသစ် အနေဖြင့် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံ

မှုများ ခွင့်ပြုပေးနိုင်ခြင်းမရှိခဲ့ပါ။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများမှရရှိသည့် ဝင်ငွေသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နှစ်စဉ် သန်းပေါင်းထောင်ချီ ဝင်လေ့ရှိသဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရင်းနှီးမြှုပ်နှံမှု ပဏာမ ကျဆင်းရခြင်း အကြောင်းအရင်း တစ်ချက်ဖြစ်ပေသည်။ ဆက်လက်၍ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ကိစ္စရပ်များကြောင့် Muti-national ကုမ္ပဏီကြီးများသည် မြန်မာပြည်တွင် လာရောက် ရင်းနှီးမြှုပ်နှံရန်အတွက် အထူးစဉ်းစားစရာ အကြောင်းအရင်း တစ်ရပ်အဖြစ် ပါဝင်လာခဲ့ပေသည်။ Muti-national ကုမ္ပဏီကြီးများသည် ကမ္ဘာ့ဒေသအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နေသည့် ကုမ္ပဏီများဖြစ်ရာ reputational risk ကို အလေးထား ထည့်သွင်းစဉ်းခဲ့ကြပြီး၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေခြင်းသည် ကုမ္ပဏီ၏ ပုံရိပ်နှင့် အကျိုးစီးပွားကို ထိခိုက်မည့်ဟု ယူဆခဲ့၍ စိုးရိမ်မှု များရှိလာခဲ့ကြသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းခဲ့ရပါသည်။

၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ဝင်ရောက်၍ recover ပြန်လည်ရရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု ၅.၈ ဘီလီယံ အထိရရှိခဲ့ပါသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်အနေဖြင့် စိစစ်ဆောင်ရွက်ရန် Project ကြီးများရရှိခဲ့ပြီး၊ ထို Project များသည် လျှပ်စစ်ဓါတ်အားပေးကဏ္ဍ၊ စက်မှုဇုံ တည်ထောင်မည့်ကဏ္ဍနှင့် သတ္တုတူးဖော်ရေး ကဏ္ဍများတွင် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်ကုန်ဆုံးပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံ အနေဖြင့် ရွေးကောက်ပွဲရလဒ်များကြောင့် နိုင်ငံရေး အပြောင်းအလဲအများ ဖြစ်ပေါ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်မှ အာဏာထိန်းသိမ်းခဲ့သည်။ နိုင်ငံတကာမှ ပိတ်ဆို့အရေးယူမှုများနှင့် ပြည်တွင်းမငြိမ်သက်မှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန် အခက်အခဲများ ထပ်မံတွေ့ကြုံခဲ့ရပါသည်။

ယခင်တပ်မတော်အစိုးရ တာဝန်ယူစဉ်ကာလ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို နောက်ကြောင်း ပြန်သုံးသပ်မည်ဆိုပါက ၂၀၀၃ ခုနှစ်အတွင်း US နဲ့ EU တို့မှ sanction ပြု လုပ်ခဲ့ရာ မြန်မာနိုင်ငံတွင်အထည်ချုပ်စက်ရုံ ၃၀၀ ကျော်ရှိရာမှ ၁၀၀ ကျော်အထိ ကျဆင်းခဲ့ ပြီး၊ စက်ရုံ ၂၀၀ ကျော်ပိတ်သိမ်းခဲ့ပါသည်။ စက်ရုံများပိတ်သိမ်းခဲ့ရမှုကြောင့် လုပ်သားအင်အား သိန်းဂဏန်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး၊ အာဆီယံဒေသတွင်း နိုင်ငံများသို့ ပြောင်းရွှေ့၍ အလုပ်လုပ်ကိုင်ခဲ့ကြရပါသည်။ ထို့အပြင် ရေလုပ်ငန်းများတွင်လည်း ပြည်တွင်းတွင် ပို့ကုန် အခွန် ၁၀ ရာခိုင်နှုန်းကောက်ခံပြီး EU တွင်လည်း ၁၃ ရာခိုင်နှုန်း ပေးဆောင်ရသဖြင့် စုစုပေါင်း ၂၃ ရာခိုင်နှုန်းအထိ ပေးဆောင်ခဲ့ ရပါသည်။ ထိုအချိန်၌ ဘင်္ဂလားဒေ့ရှ်တွင် EU GSP ရရှိခဲ့သဖြင့် မြန်မာပြည်မှ ရေထွက်ပစ္စည်းများအား ဈေးကွက်ပိုမိုကောင်းမွန်သော ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရောင်းချခဲ့ရပါသည်။

၂၀၁၃ ခုနှစ်၊ ဇွန်လတွင် Europen Union (EU) အနေဖြင့် မြန်မာနိုင်ငံအား Generalised Scheme of Preferences (GSP) အားခွင့်ပြုပေးခဲ့ပါသည်။ GSP ဆိုသည်မှာ EU အနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံများကို ပေးလေ့ရှိသည့် အခွင့်အရေးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံကို GSP Level အမြင့်ဆုံးကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။ အချို့သော စီးပွားရေးလုပ်ငန်းရှင်များမှ GSP ကို EBA ဟု ခေါ်ဆိုကြပြန်သည်။ EAB ဆိုသည်မှာ Everything But Arms စစ်ဘက်သုံး လက်နက်ပစ္စည်းများမှအပ ကျန်ထုတ်ကုန်များကို EU ဈေးကွက်သို့ တင်ပို့ရောင်းချရန် ခွင့်ပြုထားခြင်းဖြစ်ပါသည်။ GSP ခွင့်ပြုပေးခြင်းသည် မြန်မာနိုင်ငံမှ တင်ပို့လိုက်သောပစ္စည်းများသည် အကောက်အခွန် ကင်းလွတ် ခွင့်ရရှိခြင်းနှင့် Quota – free များရရှိခဲ့ပါသည်။ Quota – free ဆိုသည်မှာ အချို့သော ဥရောပနိုင်ငံများသည် နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်များကို အရေအတွက်ကန့်သတ်ထားခြင်းမှ ကင်းလွတ်ခွင့် (ဥပမာအားဖြင့် CMP လုပ်ငန်းတစ်ခုမှ တင်ပို့ရမည့် အထည်အရေအတွက်အား တစ်သိန်း၊ နှစ်သိန်း စသည်ဖြင့်ကန့်သတ် ထားခြင်းကို ဆိုလိုသည်) ၊ အဆိုပါ ကင်းလွတ်ခွင့်များရရှိခြင်း ဖြစ်ပါသည်။ ထို့အပြင် office of the United States Trade Representative website ၏ ဖော်ပြချက်အရ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ရုပ်သိမ်းပြီး ကုန်သွယ်ရေးဆိုင်ရာ အထူးခံစားခွင့် US GSP အားပြန်လည် ခွင့်ပြုပေးခဲ့ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ ရရှိလာသော အလုပ်အကိုင်အခွင့်အလမ်းများသည် တိုင်းပြည်အတွက် လူနေမှုအဆင့်အတန်းကို မြှင့်တင်ရာတွင်အဓိကတစ်ထောင့်တစ်နေရာမှ ပါဝင်နေပါသည်။ ယခုနောက်ပိုင်းတွင် နိုင်ငံတော်အစိုးရမူဝါဒအနေဖြင့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းများ ခွင့်ပြုပေးရာတွင် Labor-intensive ကဲ့သို့ လုပ်သားအင်အား အများအပြား အသုံးပြုရသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအလေးပေးလာခဲ့ပါသည်။ လုပ်သားအင်အားသုံး လုပ်ငန်းကြီးများဝင်ရောက်လာစေရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ ပြန်လည်ပြင်ဆင်ရာတွင် ခံစားခွင့်၊ သက်သာခွင့်နှင့် အကောက်အခွန် ကင်းလွတ်ခွင့်ကို လုပ်ငန်းတိုင်းတွင် ခွင့်ပြုပေးခြင်းမရှိဘဲ Promote Sector ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သည့်လုပ်ငန်းများ (ဥပမာအားဖြင့် အထည်ချုပ်လုပ်ငန်းများ၊ အီလက်ထရောနစ်ပစ္စည်းတပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်းများ၊ တန်ဖိုးမြှင့်ဖိနပ်များ ထုတ်လုပ်သည့် လုပ်ငန်း များစသဖြင့်) ကိုသာဦးစားပေးခွင့်ပြုပေးလျှက်ရှိပါသည်။

အာဆီယံဒေသအတွင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နိုင်ရန် အားသာချက် အနေဖြင့် လုပ်အားခနှုန်းထား သက်သာခြင်းပင်ဖြစ်ပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံတစ်နိုင်ငံတွင် စတင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်အခါ Efficiency ဆိုသည့် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာများကို အဓိက လေ့လာအားထားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်လုပ်သားအင်အား အလုံးအရင်းအသုံးပြုရသောလုပ်ငန်းများအနေဖြင့် လုပ်အားခနှုန်းထား သက်သာသော မြန်မာနိုင်ငံတွင်လာရောက် ရင်းနှီးမြှုပ်နှံရန် ရွေးချယ်လေ့ရှိကြောင်းတွေ့ရပေသည်။ ထုတ်လုပ်တဲ့ပစ္စည်း အရည်အသွေး တူညီသောပစ္စည်းများနှင့် ဈေးကွက် ယှဉ်ပြိုင်ရာတွင် လုပ်အားခ နှုန်းထားသက်သာစွာဖြင့် ထုတ်လုပ်ထားခြင်းသည် ဈေးနှုန်းသတ်မှတ်ရာတွင် ယှဉ်ပြိုင်မှုအား ကောင်းစေပါသည်။

လုပ်သားဆိုင်ရာ စိန်ခေါ်မှုအနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များထံတွင် လုပ်ကိုင်နေသောလုပ်သားများနှင့် နိုင်ငံခြားလုပ်ငန်းရှင်ထံတွင် လုပ်ကိုင်နေသော လုပ်သားများ၏ လုပ်အားခကွာခြားချက်သည် အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ထို့ပြင်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတူချင်းတွင် လုပ်ကိုင်နေသော လုပ်သားများ အနေဖြင့်လည်း လုပ်အားခနှုန်းထား ယှဉ်ပြိုင်မှုများ ရှိလာနိုင်ပါသည်။ လုပ်အားခ နှုန်းထားများတိုးမြှင့် တောင်းခံရာတွင် အလုပ်ရှင်နှင့် အလုပ်သမားများကြား ပဋိပက္ခများ ဖြစ်ပွားလာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ကိုင်ရခက်ခဲခြင်းသည် တိုင်းပြည်၏ နာမည်ဂုဏ်သတင်းအားထိခိုက်နိုင်သဖြင့် အစိုးရအနေဖြင့် အထူးသတိထားရမည်ကိစ္စရပ်ပင်ဖြစ်သည်။

အခွန်ကင်းလွတ်ခွင့်နှင့် ပတ်သက်၍ နိုင်ငံခြား ကုမ္ပဏီများအနေဖြင့် နိုင်ငံတစ်နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် အထူးစိတ်ဝင်စားမှုရှိသောကြောင့် ထည့်သွင်းဖော်ပြရခြင်းဖြစ်ပါသည်။ အခွန်ကင်းလွတ်ခွင့် ဆိုသည်မှာ မိခင်နိုင်ငံအနေဖြင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မက်လုံးပေး ဆွဲဆောင်ခြင်းဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ရပ်လုံးတွင် အခွန်ကင်းလွတ်ခွင့် ၃ နှစ်ခွင့်ပြုပေးခဲ့သည်။ အစိုးရအသွင် ကူးပြောင်းသည့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြန်လည်ပြင်ဆင် သုံးသပ်ရာတွင် အာဆီယံဒေသတွင်း အချို့သောနိုင်ငံများအနေဖြင့် အခွန်ကင်းလွတ်ခွင့် ၁၀ နှစ်အထိခွင့်ပြုပေးထားကြောင်းတွေ့ရှိရသဖြင့် အခွန်ကင်းလွတ်ခွင့်ကို ၅ နှစ်အထိ တိုးမြှင့်ဆွဲဆောင်သွားရန် သုံးသပ် ခွင့်ပြုခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် သာတူညီမျှမှု ရရှိစေရန်အတွက် အခွန်ကင်းလွတ်ခွင့်ကို ၅ နှစ်အထိ တိုးမြှင့် သတ်မှတ်ရန် လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် OECD ပူးပေါင်းဆွေးနွေးမှုတွင် ဥပဒေ ၂ ခုရှိနေခြင်းသည် လုပ်ထုံး လုပ်နည်းများအတွက် အခက်အခဲရှိနိုင်သဖြင့် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားသားရင်းနှီမြှုပ်နှံမှု ဥပဒေတို့အားပေါင်းစည်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေဟုပြန်လည် ပြင်ဆင်ခဲ့ပါသည်။ ကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် စပ်လျဉ်း၍ ဥပဒေအသစ်တွင် ဖွံ့ဖြိုးမှုနည်းပါးသောဒေသများကို ၇ နှစ်၊ ဖွံ့ဖြိုးမှုအသင့် အတင့်ရှိသော ဒေသများအား ၅ နှစ်နှင့် ဖွံ့ဖြိုးမှုရှိသော ဒေသများအား ၃ နှစ်ဟူ၍ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်များ ခွင့်ပြုခဲ့ပါသည်။

MIC အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို Law အရ ခွင့်ပြုပေးလိုက်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကဲ့သို့ နိုင်ငံသားနှင့် နိုင်ငံတော်ကြားတွင် သဘောတူညီမှု တစ်ခုရယူ လိုက်ခြင်းဖြစ်ပါသည်။ MIC ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအနေဖြင့် ဥပဒေအပြင် မိမိလုပ်ငန်းနှင့်သက်ဆိုင်သည့် သီးခြားလိုင်စင်ရယူထားသော သက်ဆိုင်ရာဝန်ကြီး ဌာနများ၏ ဥပဒေများကို လေးစားလိုက်နာရန် လိုအပ်မည်ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် MIC မှ ချမှတ်သော အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုမိန့်ပါ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရန် အထူးလိုအပ်မည်ဖြစ်ပါသည်။ MIC အနေဖြင့်လည်း ခွင့်ပြုပြီးလုပ်ငန်းများကို ခွင့်ပြုမိန့်ပါ သဘောတူညီချက်များ လိုက်နာမှု ရှိ/ မရှိအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းထိန်းကျောင်း တည့်မတ်ကြီးကြပ်ခြင်းများ မှန်မှန်ကန်ကန် ဆောင်ရွက်မည်ဆိုပါက တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်မည် ဖြစ်ပေသည်။

**မင်းခိုင်မြဲ (ရာမညမြေ)**
**စည်သူစိုးမြင့်**
**လက်ထောက်ညွှန်ကြားရေးမှူး**

## ရင်းနှီးတိုးပွား ပြည်ထွန်းကား

နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးအတွက် အင်္ဂါရပ် ၄ ရပ်နှင့် ညီညွတ်ရန်လိုအပ်သည်။ ထိုမှသာ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီး အဆိုပါနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူများအတွက် နိုင်ငံသား အခွင့်အရေးများကိုရရှိနိုင်မည်ဖြစ်သည်။ အလားတူ နိုင်ငံတစ်ခုတည်ဆောက်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ တိုးတက်ရေးကို မရှိမဖြစ် ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်သည်။ ထို့ကြောင့် အုပ်ချုပ်သူအစိုးရများအနေဖြင့် မိမိတို့နိုင်ငံတိုးတက်ရေးအတွက် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်၍ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံတို့သည် ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ မတူညီကြသဖြင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း မတူကွဲပြားမှုများရှိကြသည်။ သို့သော်လည်း အန္တိမရည်မှန်းချက်ဖြစ်သည့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြခြင်းမှာ အတူတူပင်ဖြစ်ကြသည်။ အုပ်ချုပ်သူအစိုးရတို့သည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေရှိပြီး ပြည်သူများလိုက်နာနိုင်သော မူများကို အခြေခံလျက် နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေး ဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာ ဦးတည်ချက်များကို ကဏ္ဍအလိုက် ရည်ရွယ်ချက်များ ချမှတ်ရေးဆွဲအကောင်အထည်ဖော်ကြသည်။

အဆိုပါ ကဏ္ဍ ၃ ခုသည် တစ်ခုနှင့် တစ်ခုချိတ်ဆက်လျက်ရှိသည်။ နိုင်ငံတည်ငြိမ် အေးချမ်းမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။ နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်ခိုင်မာမှသာ ပြည်သူတို့၏ လူနေမှုဘဝလုံခြုံနိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်သော မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြည့်စုံဖွံ့ဖြိုး တိုးတက်သော နိုင်ငံအဖြစ်ရပ်တည်နိုင်ရေးအတွက် အုပ်ချုပ်သူအစိုးရက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် ဦးတည်ချက်များ အသီးသီးချမှတ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သောမင်းအစိုးရတို့သည် ခေတ်နှင့်လျော်ညီသောဖွဲ့စည်းပုံ အခြေခံ ဥပဒေများကိုရေးဆွဲ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး လုပ်ငန်းစဉ်များ ဆောင် ရွက်ခဲ့ကြသည့် သာဓကများ အထင်အရှား တည်ရှိနေလျက်ရှိသည်။

နိုင်ငံတော်အုပ်ချုပ်မှု ယန္တရား လည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အားမှာ အစိုးရအဖွဲ့အစည်း ဖြစ်သည်။ အုပ်ချုပ်သူ အစိုးရက မူဝါဒများချမှတ်၍ အစိုးရအဖွဲ့က အဆိုပါ မူဝါဒများကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ကြရခြင်းဖြစ်သည်။ အစိုးရအဖွဲ့ကို နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်သည်။ အစိုးရအဖွဲ့သည် နိုင်ငံတော်၏ အခြေခံအုတ် မြစ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူသည့် အစိုးရအဆက်ဆက်တွင် အစိုးရအဖွဲ့ဝင်ဖြစ်သော ဝန်ကြီးဌာနများကို ခေတ်စနစ်နှင့် လျော်ညီအောင်ပြင်ဆင် ဖွဲ့စည်းခြင်းများ ပြုလုပ်ကြသည်။ အဆိုပါ အစိုးရအဖွဲ့များတွင် တစ်ခုအပါအဝင်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (Ministry of Investment and

Foreign Economic Relations- MIFER) ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၈) ဖြင့်ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ယခုနှစ်တွင် သက္ကလပ်ရတု တိုင်ခဲ့ပြီဖြစ်သည်။ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း ကောင်းတူဆိုးဖက် ထီးတစ်ချောင်းအောက်တွင် အတူလက်တွဲရင်ဆိုင်ခဲ့ကြသည်မှာ ၇ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ အချို့လုပ်ဖော်ကိုင်ဖက် များသည် အကြောင်းအမျိုးမျိုးဖြင့် ဤဝန်ကြီးဌာနမှ ထွက်ခွာသွားကြသည်များလည်းရှိကြသည်။ သို့သော် သွေးသစ်လောင်း မျိုးဆက်သစ်များလည်း တဖွဲဖွဲဝင်ရောက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနဆိုသည့် နာမည်မှာ ရှည်လွန်းလှသဖြင့် အများစုက ရင်းနှီး / စီးပွား ဟုအတိုကောက်ခေါ်ကြသည်။ ဌာန၏ နာမည်မှာ ရှည်သော်လည်း ဦးစီးဌာန ၂ ခုဖြင့်သာ လည်ပတ်ဆောင်ရွက်နေသဖြင့် နည်းနည်းနှင့် ကျဲကျဲဝိုင်း ရသော ဌာနဆိုလည်းမမှားပေ။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ တောင်ပံနှစ်ခုမှာ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန (FERD) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) တို့ဖြစ်ကြသည်။ ထိုတောင်ပံနှစ်ခု၏ ရိုက်ခတ်မှုသည် မြန်မာနိုင်ငံတွင်သာမက အာဆီယံနိုင်ငံများ အပါအဝင် အနောက်နိုင်ငံများအထိ သက်ရောက်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံစုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ နိုင်ငံခြားပညာသင်အတွက် ပူးပေါင်း ဆောင်ရွက်မှုများကို ဘယ်တောင်ပံဖြစ်သော နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ပြင် ဘယ်လာရုစ် သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် ဟန်ရေးတပြင်ပြင် ဖြစ်နေပြန်သည်။ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီတွင် ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်ခြင်းမှာလည်း ဘယ်တောင်ပံ၏ အံ့မခန်း ရိုက်ခတ်မှုဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့် စာလွှာ Joint Memorandum of Intent (MoI) တွင် နိုင်ငံကိုယ်စားပြု မြန်မာနိုင်ငံက လက်မှတ်တိုရေးထိုးနိုင်ခဲ့ခြင်းသည် ဘယ်တောင်ပံ၏ အောင်မြင်မှုမှတ်တိုင် အဖြစ် သမိုင်းတွင် ကျန်ရစ်နေမည် ဖြစ်သည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရေး၊ တည်ရှိဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေး လုပ်ငန်းစဉ်များကို ညာတောင်ပံဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

ခေတ်အဆက်ဆက် မိမိတို့၏ အိမ်နီးချင်း နိုင်ငံများနှင့် အာရှနိုင်ငံများကသာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြသော်လည်း ယနေ့ခေတ်တွင် မြန်မာနိုင်ငံနှင့် အလှမ်းဝေးကွာသော ရုရှား၊ ကိုရီးယား၊ ဂျပန်၊ ဂျာမဏီနိုင်ငံများကပါ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်အားထက်သန် လာကြသည်။ ညာတောင်ပံ၏ ရိုက်ခတ်သံက ဆွဲဆောင်မှု ပြင်းထန်နေခြင်း ဖော်ပြနေခြင်းဖြစ်သည်။ ထို့ကြောင့် တောင်ပံနှစ်ခုသည် ဟန်ချက်ညီညီ အချိုးကျကျစည်းဝါးညီစွာ ပျံသန်းလျက်ရှိသည်။

တောင်ပံနှစ်ခု၏ တက်ညီလက်ညီ ပျံသန်းမှုကို အခြေခံထားသော အင်ဂျင်စက်သည် MIFER ဖြစ်သည်။ MIFER ၏ ဆောင်ပုဒ်မှာ **“A trusted partner of the business and development community”** ဆိုသည့်အတိုင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၏ ယုံကြည်အားကိုးရသော အဖွဲ့အစည်းအဖြစ် မြန်မာနိုင်ငံတွင် ရပ်တည်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများတွင် MIFER ၏ သဘောထားမှတ်ချက်သည် အရေးကြီးသဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတိုးတက်ရေးတွင် ကျောထောက်နောက်ခံ အဖြစ် MIFER က ပံ့ပိုးပေးနေခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လာခြင်းနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်များ မြှင့်တက်လာခြင်း၏ အကျိုးဆက်မှာ မြန်မာနိုင်ငံတွင် တိကျသော ဖွဲ့စည်းပုံအခြေခံဥပဒေ ၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေသော စီးပွားရေး မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သော အခွင့်အလမ်း

များ တည်ရှိနေခြင်းဖြစ်သည်။ ပြည်တွင်း/ ပြည်ပ စီးပွားရေး လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံ နိုင်ရေးနှင့်စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံ ကိုယ်စား တံတားသဖွယ် ဆောင်ရွက်ပေးနေသူမှာ ရင်းနှီး/ စီးပွား ဝန်ကြီးဌာနပင်ဖြစ်သည်။ ထို့ကြောင့် ရင်းနှီး/ စီးပွားဝန်ကြီးဌာနသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံမှု နည်းပါးသော်လည်း အစိုးရအချင်းချင်း ချိတ်ဆက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆို သော် ရင်းနှီး/စီးပွား ဝန်ကြီးဌာန၏ အောင်မြင်မှုသည် တိုင်းပြည်၏ စီးပွားရေးကဏ္ဍ တိုးတက်မှုများ ဖြစ်သည် ဆိုလည်းမမှားပေ။ ထိုကဲ့သို့ ဟန်ချက်ညီညီ ပျံသန်းနေသော တောင်ပံနှစ်ခု၏ အကျိုးဆက်သည် ကဏ္ဍအသီးသီးနှင့် နယ်ပယ်စုံတို့တွင် အောင်မြင်မှု အသီးအပွင့်များ ဝေဆာ နေပြီး မြန်မာကို ကမ္ဘာက ပိုမိုသိရှိလာစေမည်မှာ မလွဲ ကေန်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ စီးပွားတိုးတက်ရေး ၏ မောင်းနှင်အားဖြစ်သော ရင်းနှီး/ စီးပွားဝန်ကြီးဌာန အဖြစ် ရပ်တည်လာခဲ့သည့် သက္ကလပ်ရတုမှသည် စိန်ရတု တိုင်အောင် ရေရှည်တည်တံ့ ခိုင်မြဲပါစေကြောင်းနှင့် တိုင်းပြည် အကျိုးများကို ဆထက်ထမ်းပိုး သယ်ပိုး ဆောင်ကျဉ်းနိုင်ပါစေလို့ ဆန္ဒပြုပါသည်။

## အပြာရောင်စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ရေ့အနာဂတ်အလားအလာ

### အပြာရောင်စီးပွားရေးအဓိပ္ပာယ်ဖွင့်ဆိုချက်

ကမ္ဘာ့ဘဏ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အပြာရောင် စီးပွားရေးဆိုသည်မှာ ကမ္ဘာပေါ်ရှိ သဘာဝသယံဇာတ အရင်းအမြစ်များကို ထိခိုက်မှုမရှိစေပဲ ပင်လယ်သမုဒ္ဒရာ ထဲရှိ သဘာဝ အရင်းအမြစ်များကို ရေရှည်တည်တံ့စေရန် အကျိုးရှိစွာ အသုံးချ၍ လူနေမှုအဆင့်အတန်းမြင့်မား စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ရရှိစေကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်သော စီးပွားရေး ရပ်ဝန်းတစ်ခု ဖန်တီးဖော်ဆောင်နိုင်စေရန် ရည်ရွယ်သည့် စီးပွားရေးပင် ဖြစ်ပါသည်။

ဥရောပသမဂ္ဂ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အပြာရောင် စီးပွားရေးဆိုသည်မှာ ပင်လယ်၊ သမုဒ္ဒရာနှင့် ကမ်းရိုးတန်း ဒေသများနှင့် ဆက်နွယ်မှုရှိသော စီးပွားရေးလုပ်ငန်းများ အားလုံးအကျုံးဝင်ပြီး တည်ဆောက်ပြီးစီးခဲ့သော လုပ်ငန်း များနှင့် ဆက်လက်ဆောင်ရွက်နေဆဲ ကဏ္ဍများကို ချိတ်ဆက်ထားသည့် နယ်ပယ်တစ်ခုလုံးကို ခြုံငုံသည့် စီးပွားရေးပင် ဖြစ်သည်။

ဓနသဟာယနိုင်ငံများအဖွဲ့ကမူ အပြာရောင် စီးပွားရေး သည် ကျွန်ုပ်တို့၏ သမုဒ္ဒရာ (သို့မဟုတ်) အပြာရောင် အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ ထိန်းကျောင်းမှုကို အားပေးသည့် ပေါ်ထွက်လာသော အယူအဆတစ်ခုဟု သတ်မှတ်ထားသည်။

### မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှတွင် တည်ရှိပြီး မြောက်ဘက်တွင် တရုတ်ပြည်သူ့ နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော တိဗက်ဒေသ၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ နှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလား ပင်လယ်အော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ ကမ်းရိုးတန်း ဒေသသည် မြန်မာနိုင်ငံ၏ အောက်ပိုင်းဒေသဖြစ်ပြီး ကုန်းတွင်းပိုင်း ဒေသသည် မြန်မာနိုင်ငံ အထက်ပိုင်းဒေသဖြစ်သည်။ စုစု ပေါင်းဧရိယာ အကျယ်အဝန်းမှာ ၆၇၆,၅၇၈ စတုရန်း ကီလိုမီတာ (၂၆၁,၂၂၈ စတုရန်းမိုင်) ဖြစ်သည်။

မြင်းခွာပုံသဏ္ဍာန် တောင်တန်းများနှင့် ဧရာဝတီ မြစ်ဝှမ်းတို့သည် မြန်မာနိုင်ငံ၏ ထင်ရှားသော မြေမျက်နှာ သွင်ပြင်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက် အစပ်ရှိ တောင်တန်းများအနက် ခါကာဘိုရာဇီ တောင်ထိပ် သည် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ပြီး ၅၈၈၁ မီတာ (၁၉၂၉၆ပေ) ရှိပါသည်။ တောင်တန်းအများစု မှာ မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပါသည်။ ရခိုင်ရိုးမ တောင်တန်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားတွင် တံတိုင်းသဖွယ်ဖြစ်ပေါ်နေပြီး တောင်ထိပ်များမှာ အမြင့် ၂၇၄၀ မီတာ(၉၀၀၀ခန့်) ကျော်မြင့်ပါသည်။

အတွင်းပိုင်းသို့ ကျဉ်းမြောင်း ရှည်လျားသွားပြီး အလယ်ပိုင်းချိုင့်ဝှမ်းဒေသသည် ဧရာဝတီ စစ်တောင်း မြစ်ဝှမ်းတစ်လျှောက် ၃၂၀ ကီလိုမီတာခန့်(မိုင် ၂၀၀ ခန့်)

ကျယ်ဝန်းသည်။ နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါပြီး မြေသြဇာ အလွန်ကောင်းသော မြစ်ဝှမ်းလွင်ပြင်သည် ၄၆,၆၂၀ စတုရန်းကီလိုမီတာ (၁၈,၀၀၀စတုရန်းမိုင်) ကျယ်ဝန်းသည်။ မြန်မာနိုင်ငံ၏ အနောက်မြောက် ဘက်ရှိ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီ ကမ်းရိုးတန်းများသည် တောင်ထူထပ်ပြီး ကျွန်းများနှင့် ကာရံထားသည်။ မြန်မာ နိုင်ငံတွင် ကောင်းမွန်သော သဘာဝဆိပ်ကမ်းများလည်း ရှိပါသည်။

## အပြာရောင်စီးပွားရေးအတွက် အရေးပါသော မြန်မာနိုင်ငံရှိ သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်းရေပြင်တည်ရှိမှု မျှတသော နိုင်ငံဖြစ်သည်။ ကုန်းမြေအားဖြင့် တစ်ဆက်တည်း တည်ရှိသော နိုင်ငံများထဲတွင် တည်ရှိသော နိုင်ငံများထဲတွင် အကြီးဆုံး နိုင်ငံဖြစ်သည်။ ကုန်းမြေအားဖြင့်သာမက ပင်လယ် ကမ်းရိုးတန်းပိုင်ဆိုင်မှု ကြီးမားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း အရှည်မှာ ၁၉၃၀ ကီလိုမီတာ (၁၁၉၇ မိုင်) ပိုင်ဆိုင်ထားသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ချမ်းသာကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ကချင်ပြည်နယ်တွင် ကျောက်စိမ်း၊ မိုးကုတ်တွင် ပတ္တမြား၊ တောင်ပေါ်မြေပြန့်ဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် သစ်တောသယံဇာတ အများအပြားထွက်ရှိသည်။ ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ပေါကြွယ်ဝသည်။ ယနေ့ ကမ္ဘာ့နိုင်ငံ အများအပြားကြားတွင် ရေပန်းအစားဆုံး ဖြစ်သော နျူကလီးယားကုန်ကြမ်းဖြစ်သည့် ယူရေနီယံ ဓာတ်သတ္တု၊ စက်မှု၏ အဓိကဓာတ်ကောင်ဖြစ်သော သံ၊ သတ္တု၊ ကြေးနီ စသည့် ဓာတ်သတ္တုများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ပြင်မက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အကြီးမားဆုံးရေနံသိုက်ကို ပိုင်ဆိုင်ထားပြီး ကမ္ဘာ့သဘာဝဓာတ်ငွေ့ သိုက်ပိုင်ဆိုင်မှုတွင် အဆင့် ၁၀ ရရှိထားသည့်နိုင်ငံ ဖြစ်သည်။ တရားဝင်ခန့်မှန်းချက်များအရ မြန်မာတွင်းရေနံသိုက် စည်ပေါင်း ၃.၂ ဘီလီလျံ ဓာတ်ငွေ့သိုက်ကုဗမီတာပေါင်း ၂.၅၄ ထရီလျံနှင့် စမ်းသပ်တွေ့ရှိထားပြီးသော ဓာတ်ငွေ့သိုက် ကုဗမီတာပေါင်း ဝ.၅၁ ထရီလျံ ရှိပါသည်။

မြန်မာနိုင်ငံ၏ ပင်လယ် ဆိပ်ကမ်းများဖြစ်သော ထားဝယ်ဆိပ်ကမ်း၊ ကော့သောင်း ဆိပ်ကမ်း၊ ကျောက်ဖြူ ဆိပ်ကမ်း၊ မော်လမြိုင်ဆိပ်ကမ်း၊ မြိတ်ဆိပ်ကမ်း၊ ပုသိမ် ဆိပ်ကမ်း၊ စစ်တွေဆိပ်ကမ်းနှင့် ရန်ကုန်ဆိပ်ကမ်းများ သည် နိုင်ငံ၏ ကုန်သွယ်ရေးနှင့် ပို့ကုန်များအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဓိကအချက်အချာပင် ဖြစ်သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ရေနက် ဆိပ်ကမ်းသည် နိုင်ငံခြားနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများဖြစ်သည်။ ကျောက်ဖြူအထူး စီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် သီလဝါအထူး စီးပွားရေးဇုန်များသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် အခြားနိုင်ငံများ၏ စိတ်ဝင်စားမှုကို ရယူထားနိုင်သော အထူး စီးပွားရေးဇုန်များ ဖြစ်ပါသည်။

အပြာရောင်စီးပွားရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ အဓိကအားသာချက်မှာ ပင်လယ်ရေ ထွက်ကုန်ကြမ်းအရင်းအမြစ်များကို ရရှိပိုင်ဆိုင်ထားခြင်း၊ ရေကြောင်းကုန်သွယ်မှုဖြင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ ကမ်းရိုးတန်းအခြေပြု အပန်းဖြေလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်နိုင်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်ဝင်ငွေပိုမိုရရှိစေရန် ဖန်တီးနိုင်ခြင်း၊ မြန်မာ့ပင်လယ်ပြင်သည် ထိုင်းပင်လယ်ကွေ့ထက် နေရောင်ခြည် ပိုမိုရရှိသောကြောင့် ရေနေသတ္တဝါများ ပိုမိုပေါက်ဖွားနိုင်ခြင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ပေါကြွယ်ဝသည့် သဘာဝအနေအထားကို ပိုင်ဆိုင်ထားခြင်း စသည့်အပြာရောင် စီးပွားရေးအခြေပြု အရင်းအမြစ်များကို ပိုင်ဆိုင်ထားခြင်းပင် ဖြစ်သည်။

ကမ်းရိုးတန်းအခြေပြု အပြာရောင် စီးပွားရေး အနေဖြင့် မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်း (Fisheries Resources) များဖြစ်သော ငါး (ငါးသလောက်(Hilsa)၊ ဇလားပီးရား (Tilapia)၊ ငါးမြစ်ချင်း( Rohu) ပုစွန်၊ ခရုနှင့် အခြားရေထွက်ကုန်များတင်ပို့နိုင်ခြင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ဆိပ်ကမ်းသယံဇာတများရှိခြင်း၊ ပင်လယ်အောက်သဘာဝဓာတ်ငွေ့(Natural Gas)၊ ရေနံ (Offshore Oil/Onshore Oil)၊ သဘာဝဘေးအန္တရာယ်ကို

ကာကွယ်တားဆီးပေးနိုင်သော ဒီရေတော (Mangrove Forests) များရှိခြင်း၊ ကျွန်းအရေအတွက် ပေါများသည့်အတွက် ခရီးသွားလုပ်ငန်းများကို ပိုမိုကျယ်ပြန့်လာ နိုင်စေရန် ချဲ့ထွင်နိုင်သည့် အလားအလာတွင်ရှိခြင်း စသည်တို့သည် မြန်မာနိုင်ငံအတွက် နိုင်ငံတကာ၏ စံဖြစ်သော အပြာရောင်စီးပွားရေးကို မဏ္ဍိုင်ပြုကာ ဆောင်ရွက်နိုင်မည့် အရင်းအမြစ်များပင် ဖြစ်သည်။

**အပြာရောင်စီးပွားရေးပိုမိုတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖိတ်ခေါ်ခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေး တိုးတက်မှုကို အရှိန်မြှင့်တင်နိုင်ရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများကို အကျိုးရှိရှိ ဖော်ထုတ်အသုံးချနိုင်စေရန်အတွက် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များ အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာ့ရေပြင်အနည်းငယ်ကိုသာ ငါးဖမ်းလုပ်ငန်းအတွက် အကျိုးရှိရှိ သုံးစွဲလျက်ရှိပြီး ငါးနှင့်ရေထွက်လုပ်ငန်းအတွက် ရေချိုငါးကန် ဟက်တာပေါင်း (၅၀,၀၀၀) ဖြင့် လုပ်ကိုင်ဆောင်ရွက် လျက်ရှိပါသည်။ ထို့ကြောင့် ကမ်းနီး၊ ကမ်းဝေး ရေထွက်နှင့် သားငါးမွေးမြူ ထုတ်လုပ်ခြင်းကဏ္ဍ (ဥပမာ- ရေချိုငါးမွေးမြူ ရေး၊ မြစ်ချောင်းစနစ်၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ) တွင် အလားအလာများစွာ ရှိနေပါသည်။ ငါးနှင့် ရေချို၊ ရေငန်၊ ပုဇွန်သားဖောက် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ၊ ငါးနှင့်ပင်လယ်ရေထွက် ပစ္စည်းထုတ်လုပ်ခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ အစားအစာ ထုတ်လုပ်ခြင်း၊ အအေးခန်း၊ စည်သွတ်ခြင်းနှင့် ထုတ်ပိုးခြင်းလုပ်ငန်းများ၊ ငါးလုပ်ငန်းအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ ပညာရေးနှင့် သုတေသန သင်တန်းကျောင်းများ ထူထောင်ခြင်း လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပါသည်။

အပြာရောင် စီးပွားရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်သော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍတွင် အလားအလာ မြင့်မားသည့် ရင်းနှီးမြှုပ်နှံမှု တည်နေရာအသစ်များကို လေ့လာဖော်ထုတ်ခြင်းအပြင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး (ခြေလျင်တောင်တက် ခရီးသွား လုပ်ငန်းများကဲ့သို့ ဆောင်ရွက်မှုများနှင့် ဆက်စပ်သည့် ရေရှည်တည်တံ့သည့် ဟိုတယ်နှင့် တည်းခိုခန်းများ)၊ ယဉ်ကျေးမှုနှင့် အမျိုးဘာသာ အခြေခံသည့် ခရီးသွားလုပ်ငန်းများ (ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းများ ဖွံ့ဖြိုးရေး)၊ ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဆောင်ရွက် နိုင်ခြင်းသည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကောင်းမွန်သော အခြေအနေများဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အတွက် သဘာဝ သယံဇာတများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ပါသည်။ လက်ရှိတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ကုန်းတွင်းလုပ်ကွက်များနှင့် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူရန် ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးပါက ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ထပ်မံဝင်ရောက်လာနိုင်သည့် အခြေအနေ ရှိပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊တူးဖော်၊ ထုတ်လုပ်ခြင်း (upstream) လုပ်ငန်း များအတွက် လုပ်ကွက်တင်ဒါ အောင်မြင်ပြီးပါက လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် (Production Sharing Contract-PSC) စာချုပ်ချုပ်ဆိုမှု ပြုလုပ်ခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းများအတွက် ကမ်းလွန်နှင့် ကုန်းတွင်းဒေသများတွင် ရေနံတူးဖော်ခြင်း၊ ရေနံချက် စက်ရုံတည်ဆောက်၍ ရေနံစိမ်းမှ ဓာတ်ဆီ၊ ဒီဇယ်ဆီ ထုတ်လုပ် ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ရေနံထွက်ပစ္စည်းများကို အခြေခံသော ဝန်ဆောင်မှု လုပ်ငန်းများ (downstream) လုပ်ငန်းများ (ဥပမာ- LPG တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်၍ ဓာတ်ဆီ၊ ဒီဇယ်ဆီ ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊

လေယာဉ်ဆီ ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း) စသည်တို့ ဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံတွင်းများတွင် ကမ်းလွန် ထောက်ပံ့ရေး အခြေစိုက်စခန်းများ တည်ဆောက်ပြီး လိုအပ်သော ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းတို့သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့် အလမ်းများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှု သူများအတွက် လွယ်ကူလျှင်မြန်ပြီး ယုံကြည်စိတ်ချရ သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းကို ဖော်ဆောင် ပေးလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသည် ရင်းနှီးမြှုပ်နှံမှု တင်ပြ လျှောက်ထားလွှာများအတွက် လုပ်ငန်းစဉ်များ ပိုမို ရှင်းလင်းလွယ်ကူစေပြီး စီးပွားရေးလုပ်ငန်းများအား အခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်မက်လုံးများ၊ အာမခံချက်များ၊ အခွင့်အရေးနှင့် အကာအကွယ်များ ပေးထားပါသည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့် ကဏ္ဍများထဲ တွင် အပြာရောင်စီးပွားရေး ဇဟိုပြုလုပ်ငန်းများဖြစ်သော ငါးနှင့် အခြားရေထွက်ကုန်ပစ္စည်းများ မွေးမြူထုတ်လုပ် ခြင်း လုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများ၊ ပင်လယ်ဆိပ်ကမ်း၊ မြစ်တွင်းဆိပ်ကမ်းနှင့် ကုန်းတွင်း ဆိပ်ကမ်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများ ပါဝင်သည့်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုး အမြတ်များစွာ ဖန်တီးပေးနိုင်သည့် အခွင့်အလမ်းများပင် ဖြစ်ပါသည်။

## နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေမှု

မြန်မာနိုင်ငံသည် ASEAN အဖွဲ့ဝင်နိုင်ငံ ဖြစ်သော ကြောင့် ASEAN Blue Economy Framework အောက် တွင် ပူးပေါင်းဆောင်ရွက်နေသည်။ Framework ၏ ရည်ရွယ်ချက်မှာ –

- ပင်လယ်ပတ်ဝန်းကျင်ထိန်းသိမ်းမှု
- ဆောင်ရွက်သည့်လုပ်ငန်းများ၏ တာဝန်ယူမှုရှိစေမှုနှင့်
- ရေရှည်တည်တံ့သောစီးပွားရေးဖွံ့ဖြိုးမှု (sustainable growth) ရရှိစေရန် ဖြစ်သည်။

ထို့အပြင် မြန်မာသည် ဒေသတွင်းပင်လယ်အခြေခံ သဘာဝဂေဟစနစ်များ ထိန်းသိမ်းရေးအတွက် ASEAN Working Group on Coastal and Marine Environment (AWGCME) အဖွဲ့တွင် တက်ကြွစွာ ပါဝင်သည်။ အဆိုပါ အဖွဲ့၏ အဓိကတာဝန်မှာ Marine debris management, Coral reef protection, Mangrove conservation စသည်တို့ ပါဝင်သည်။ ပညာရေးနှင့် နည်းပညာ ဖလှယ်မှုအနေဖြင့် မြန်မာ့သင်္ဘောတက္ကသိုလ် (Myanmar Maritime University) နှင့် ASEAN အဖွဲ့ဝင်နိုင်ငံများရှိ ပင်လယ်နက် သိပ္ပံသက်တမ်းကြာ သင်တန်းကျောင်းများ အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိသည်။ ASEAN-MARTEC, SEAFDEC စသည့် ဒေသအတွင်း သိပ္ပံ သုတေသနအဖွဲ့များနှင့် ပူးပေါင်းပြီး ဓာတုပစ္စည်းသုံးငါးဖမ်း၊ ပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ASEAN Blue Economy တွင် မြန်မာနိုင်ငံ၏ အဓိက အခန်းကဏ္ဍများမှာ ပင်လယ်ပြင် ထိခိုက်ပျက်စီးခြင်း မရှိ စေရေး ထိန်းသိမ်းကာကွယ်ခြင်း (Marine Conservation) ၊ ပင်လယ် ရေကြောင်းသွားလာရေးနှင့်သင်္ဘော ဆိပ်ကမ်း များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး (Shipping and Port Development) ၊ ငါးမွေးမြူရေး သိပ္ပံဖွံ့ဖြိုးတိုးတက်မှု (Fisheries Development) ၊ ASEAN Regional Plan of Action on IUU Fishing ၏ မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ တွင် ချမှတ်ထားသော ဥပဒေများကို ညှိနှိုင်းပြဋ္ဌာန်းရေးတို့ ပင် ဖြစ်ပါသည်။

## Greater Mekong Subregion (GMS) နှင့် ပူးပေါင်း ဆောင်ရွက်နေမှု

မြန်မာနိုင်ငံနှင့် GMS (Greater Mekong Subregion) အဖွဲ့ပူးပေါင်းကာ အပြာရောင် စီးပွားရေးရပ်ဝန်းကို ပိုမို ဖွံ့ဖြိုး တိုးတက်စေရန်အတွက် စနစ်ကျသော မူဝါဒများနှင့် Framework များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ GMS Core Environment Program (CEP)မှတစ်ဆင့် ပင်လယ်နယ်မြေ ထိန်းသိမ်း ရေးစီမံကိန်းများ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါ သည်။ ထို့အပြင် Mekong River Ecosystem Protection, IUU Fishing တားဆီးရေး, Marine Biodiversity Conservation စီမံကိန်းများတွင် ပါဝင်ကာ အပြာရောင် စီးပွားရေး ကို နိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ထောက်တိုင်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## United Nations (ကမ္ဘာ့ကုလသမဂ္ဂ)မှ ချမှတ်ထားသော မူဘောင်နှင့်အညီဆောင်ရွက်နေမှု

မြန်မာနိုင်ငံသည် ငါးဖမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စွမ်းအင်များအပါအဝင် ၎င်း၏ ရေကြောင်းနှင့် ကမ်းရိုးတန်း အရင်းအမြစ်များကို အသုံးချနိုင်ရန် SDGs (Sustainable Development Goals) မှ လမ်းညွှန်ထားသည့် ရေရှည်စီမံကိန်းကို ရေးဆွဲလျက် ဆောင်ရွက်လျက်ရှိသည်။

သမုဒ္ဒရာများ၊ ပင်လယ်များနှင့် အဏ္ဏဝါအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုခြင်းအပေါ် အလေးပေးသော အဏ္ဏဝါဂေဟစနစ်များကို စီမံခန့်ခွဲကာကွယ်ရန်နှင့် သမုဒ္ဒရာအတွင်း အက်ဆစ်ဖြစ်စေခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်၍ ချမှတ်ထားသည့် SDG -14 ကို အလေးထား၍ ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၇၂ ခုနှစ် စတော့ဟုမ်း ကြေညာစာတမ်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၁၉၉၂ ရီယိုကြေညာစာတမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်-၂၁၊ ၁၉၉၂ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ ကုလသမဂ္ဂမူဘောင်သဘောတူညီချက်အမှတ် ၁၅ နှင့် ပဲရစ်သဘောတူညီချက်များကဲ့သို့သော နိုင်ငံတကာသဘောတူညီချက်များကို ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

2015 Paris Agreement ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုရရှိရန်အတွက် မြန်မာနိုင်ငံသည် Nationally Determinated Contributions (NDCs) တွင် ကဏ္ဍအလိုက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် နေ စွမ်းအင်၊ လေ၊ လေနှင့် ရေအားလျှပ်စစ်တို့မှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသည်။

## အနာဂတ်မျှော်မှန်းချက်

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်မှန်းထားသောကြောင့် မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ချမှတ်ခဲ့သော အာဆီယံအပြာရောင်စီးပွားရေးမူဘောင်နှင့်အညီ ဒေသတွင်း ချိတ်ဆက်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် ကျောက်ဖြူရေနက် ဆိပ်ကမ်း ကဲ့သို့သော အခြေခံအဆောက်အဦ စီမံကိန်းများကို မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဆိပ်ကမ်းတွင် ကာဗွန်ရှင်းထုတ်ခြင်း၊ အဏ္ဏဝါ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် စွမ်းရည် မြှင့်တင်ခြင်းဆိုင်ရာ ဒေသတွင်းမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ အပြာရောင်စီးပွားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိပါသည်။

အခြေခံ အဆောက်အအုံနှင့် ကာဗွန်ထုတ်လွှတ်မှု၊ သန့်ရှင်းသော စွမ်းအင်အစပျိုးမှု၊ စည်းမျဉ်းစည်းကမ်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်မှုတို့တွင် ပိုမိုလေးနက်သော ပူးပေါင်းဆောင် ရွက်မှုများအပြင် စမတ်ဆိပ်ကမ်းနှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် သင်္ဘောတည်ဆောက်ရေး ကဏ္ဍများတွင် တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများနှင့် နည်းပညာ အကူအညီများ ရယူဆောင်ရွက်လျက်ရှိသည်။ ယင်းနောက် သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲ၌ သိပ္ပံသုတေသနနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို Fourth Institute of Oceanography, MNR နှင့် မြန်မာနိုင်ငံ မြိတ်တက္ကသိုလ်တို့အကြား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ်းရိုးတန်းဒေသများနှင့် ကျယ်ပြောလှသော ရေပြင်များကဲ့သို့သော သဘာဝပတ်ဝန်းကျင်အရင်းအမြစ်ကောင်းများ ရရှိနိုင်သောကြောင့် အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ်းရိုးတန်းအခြေခံ သဘာဝအရင်းအမြစ်များကို ရေရှည်အသုံးချနိုင်ရေးအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အဓိက အခွင့်အရေးတစ်ရပ်အဖြစ် ပံ့ပိုးပေးနိုင်ပါသည်။ မြန်မာနိုင်ငံသည် ပင်လယ်သမုဒ္ဒရာ သယံဇာတ အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီဖြစ်သော်လည်း သိပ္ပံနှင့်နည်းပညာပိုင်းတွင် အားနည်းမှုများရှိနေသေးသည့်အတွက် အခြားဖွံ့ဖြိုးပြီးနိုင်ငံများ (သို့မဟုတ်) ဖွံ့ဖြိုးဆဲနိုင်ငံများမှ အဆင့်မြင့် နည်းပညာများနှင့် ပေါင်းစပ်နိုင်ပါက စီးပွားရေးလည်ပတ်မှု ယန္တရားကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်သယံဇာတများ ထုတ်ယူသုံးစွဲမှု အလွန်အကျွံ မဖြစ်စေရန် ထိရောက်၍ ကျစ်လျစ်မှုရှိသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်အကောင်အထည်ဖော်

ဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။ နိုင်ငံ၏ ရတနာ ထွက် ရှိရာဟု တင်စားခေါ်ဝေါ်နိုင်သည့် ကမ်းရိုးတန်း ဒေသများကို ထိရောက်စွာ အသုံးချနိုင်လျှင် ပြည်သူလူထု ၏ လူမှုစီးပွားတိုးတက်လာစေရုံသာမက မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ကမ္ဘာ့ပထဝီနိုင်ငံရေး အနေ အထားတွင်လည်း လွှမ်းမိုးမှု အားကောင်းလာနိုင်သည့် အလားအလာ တစ်ရပ်ပင် ဖြစ်ပါကြောင်း လေ့လာတွေ့ရှိ ရပါသည်။

Source: https://www.eria.org/uploads/Blue-Economy-in-Myanmar.pdf
https://commons.wikimedia.org/wiki/Category:Islands_of_Myanmar
https://www.moi.gov.mm/moi:eng/news/14681
https://www.mofa.gov.mm/en/u-aung-kyaw-tun-deputy-minister-of-transport-and-communications-of-myanmar-and-consul-general-of-myanmar-attend-china-asean-countries-forum-on-blue-economy-cooperation-and-development-cafbe-9-9-20/
https://www.dica.gov.mm/investment-opportunities/
https://data.opendevelopmentmekong.net/my/dataset/mylaff- 4338-1
https://www.slideshare.net/slideshow/strategic-important-of-myanmar-burmese/72169066

ဒေါ်သီရိမာလာသွင်
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၁)

## FDI တိုးတက်စေရေး စက်မှုကဏ္ဍမြှင့်တင်ပေး

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အရှိန်နှုန်းမြင့် တက်လာရန် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု (FDI) ဝင်ရောက်လာရန် အဓိကလိုအပ်ပါသည်။ အဘယ်ကြောင့် ဆိုသော် FDI မှ တစ်ဆင့် နိုင်ငံခြားငွေကြေး စီးဆင်းမှုနှင့် အတူ နည်းပညာ၊ စီမံခန့်ခွဲမှု အတွေ့အကြုံများကို တိုက်ရိုက် ရယူနိုင်ပြီး ဒေသတွင်းစီးပွားရေးအဆင့်မြှင့်တင် ရေးအတွက် ကောင်းစွာအသုံးချနိုင်သည့် အခွင့်အရေးများ ပင် ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ် ကာလအလွန်တွင် အစိုးရအဆင့် စီးပွားရေး ပြန်လည် ထူထောင်နေသည့် အချိန်ဖြစ်သည့်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ ဆွဲဆောင်နိုင်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုအား အရှိန်အဟုန်ဖြင့် မောင်းနှင်နိုင် မည်ဖြစ်သည်။ ယခင်အခါက စိုက်ပျိုးရေးကဏ္ဍကို အဓိက ထားခဲ့သော်လည်း ပြောင်းလဲတိုးတက်လာသည့် ယနေ့ ခေတ်တွင် စက်မှုလုပ်ငန်းများကို နိုင်ငံတကာက အဆင့်မြှင့် ထားပြီးဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး အတွက် စက်မှုလုပ်ငန်းများကို ပိုမိုထောက်ပံ့ရန်လိုအပ်ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအပြင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများလည်း အထူးလိုအပ်လျက်ရှိပါသည်။ စက်မှုလုပ်ငန်းများ မြှင့်တင်ရာတွင်လိုအပ်နေသည့် အခက် အခဲများအတွက် FDI သည် ငွေကြေးအထောက်အပံ့အပြင် နည်းပညာ လွှဲပြောင်းပေးနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ သာဓက ဆိုရသော် ယခုအခါတွင် မြန်မာ့စက်မှုကဏ္ဍအတွက် CMP လုပ်ငန်းများ၊ EV (SKD) မော်တော်ယာဉ် လုပ်ငန်းများကို ဦးစားပေးထောက်ပံ့ရန် လိုအပ်လာပြီဖြစ်သည်။ အဆိုပါ လုပ်ငန်းများမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ထိရောက်စွာ ခေါ်ယူနိုင်လျှင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်း အသစ်များ ဖော်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာ့စက်မှုကဏ္ဍကိုလေ့လာကြည့်လျှင် အပြည်ပြည် ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် ငွေကြေးထက်ပိုပြီး အလုပ် အကိုင်ဖန်တီးနိုင်မှုနှင့် နည်းပညာလှို့ဆော်မှုတို့ကို အဓိက ထားသည်ကို တွေ့မြင်ရပါသည်။ FDI များအနက် CMP လုပ်ငန်းသည် အများဆုံးဝင်ရောက်မှုရှိသည့် စက်မှုလုပ်ငန်း တစ်ခု တွေ့မြင်နိုင်ပါသည်။ အထည်ချုပ် လုပ်ငန်းများမှ တိုင်းပြည်၏ အခြေခံလုပ်သားများအတွက် လုပ်ခ လစာနှင့် လုပ်ငန်းကျွမ်းကျင်မှုများကို ထောက်ပံ့ပေးနိုင် လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ချက်ချင်းအကျိုး အမြတ်ပြန်လည်ရရှိစေသည့် အကျိုးကျေးဇူးများ ရှိနေပါ သည်။ သို့သော် CMP လုပ်ငန်းများသည် တန်ဖိုးမြင့်

စက်မှုတစ်ခု မဟုတ်သည့်အတွက် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှု အရင်းအမြစ်ကို ဖော်ဆောင်ပေးနိုင်ခြင်းတွင် အားနည်းလျက်ရှိပါသည်။ ထို့ကြောင့် CMP ကို အခြေခံပြီး နည်းပညာတိုးတက်စေနိုင်သည့် လုပ်ငန်းသစ်များဆီသို့ ဦးတည်ရန် လိုအပ်နေပြီဖြစ်ပါသည်။ အခြား ဖွံ့ဖြိုးတိုးတက်လာသည့် ကဏ္ဍတစ်ခုကို ဖော်ပြရလျှင် EV (SKD) စက်မှုလုပ်ငန်းဖြစ်ပါသည်။ မော်တော်ယာဉ် အစိတ်အပိုင်းများကို ပြည်ပမှ တင်သွင်းပြီး ပြန်လည်တပ်ဆင်သော စနစ်ဖြင့်စတင် ထားသော်လည်း နောက်အနာဂတ်တွင် EV မော်တော်ယာဉ်များက ဈေးကွက်ကို အဓိကဝင်ရောက်နေရာယူနိုင်မည်ဟု ခန့်မှန်းနိုင်ပါသည်။ EV (SKD) ထုတ်လုပ်မှုကို ဦးစားပေးခြင်းဖြင့် မြန်မာနိုင်ငံသည် နည်းပညာသစ်များ စွမ်းဆောင်နိုင်သည့် နိုင်ငံတစ်ခုအဖြစ် တိုးတက်လာနိုင်သည်သာမက သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုကို ထိန်းသိမ်းနိုင်သည့် စက်မှုလုပ်ငန်းတစ်ခု တိုးတက်လာမည်ဖြစ်ပေသည်။ အဆိုပါလုပ်ငန်းများ ပိုမိုတိုးတက်စေရန် လျှပ်စစ်ဓာတ်အား လုံလောက်စေခြင်း၊ လမ်းပန်း ဆက်သွယ်ရေးလွယ်ကူချောမွေ့စေခြင်း စသည်တို့အပေါ် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကြောင့်ကြမှုများလည်း ရှိနေပါသည်။ အဆိုပါအခက်အခဲများအတွက် တိကျမှန်ကန်သော မူဝါဒအထောက်အပံ့များ ပိုမိုအားကောင်းလာပါက ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းစီးဆင်းမှု ပိုမိုမြန်ဆန်လာနိုင်ပါသည်။ စက်မှုဇုန်များ အနေဖြင့် နေရာအကျယ်အဝန်းလုံလောက်သော်လည်း စွမ်းအင်ဖြည့်ဆည်းမှုလုံလောက်နိုင်စွမ်း နည်းပါးပါက အချို့သော ရင်းနှီးမြှုပ်နှံသူများ လာရောက်ရန်ခက်ခဲသည့် အခြေအနေအဖြစ် ရှိနေနိုင်ပါသည်။ လက်ရှိတွင် CMP လုပ်ငန်းများ၏ အားသာချက်ကိုအခြေခံပြီး EV (SKD) ကဏ္ဍပိုမိုမြှင့်တင်နိုင်ပါက မြန်မာ့စက်မှုကဏ္ဍအတွင်း FDI သည် တိုးတက်ရန် အခွင့်အလမ်းများနှင့်အတူ စီးဆင်းလာနိုင်ကြောင်း ခန့်မှန်းမိပါသည်။

သို့သော် မည်သို့သော FDI များကို ပို၍ ဖိတ်ခေါ်သင့်ပြီး မည်သို့သော FDI များကိုမူ ဖိတ်ခေါ်ရန် မသင့်ဟူသည်မှာ သေချာစွာ စဉ်းစားလုပ်ဆောင်ရန်လည်း လိုအပ်ပြန်သည်။ စီးပွားရေးပညာရှင်တစ်ဦး ဖြစ်သူ ဒေါက်တာအောင်ကိုကိုက FDI ဆိုရုံဖြင့် အရေးပါသည်ဟု လေ့နံ့ဓားထစ်ပြော၍ မရကြောင်း ပြောကြားသည်။ နည်းပညာများ လွှဲပြောင်းပေးနိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ပြည်တွင်း လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးမည့် FDI များ၊ ပြည်တွင်းလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် FDI များနှင့် ထိုသို့ ပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာ့ Global Supply Chain ထဲသို့ ဝင်ရောက်သွားမည့် FDI များဖြစ်ရန် အရေးကြီးလှပေသည်။ မည်သို့ပင်ဆိုစေကာမူ မိမိနိုင်ငံကို အကျိုးရှိစေမည့် FDI များ ဝင်ရောက်လာရန်အတွက် နိုင်ငံအတွင်း အခြေခံကောင်းများ တည်ဆောက်ထားရန် လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် FDI အတွက် အဓိက အခွင့်အလမ်းများအဖြစ် စက်မှုကဏ္ဍပိုမိုတိုးတက်ရန် ဦးတည် သကဲ့သို့ပင် အာဆီယံနိုင်ငံများတွင်လည်း FDI ရရှိရေးအတွက် စက်မှုကဏ္ဍ မောင်းနှင်အား အရှိန်အဟုန် ဖြင့်ရွေ့လျားလျက်ရှိနေပါသည်။ ဥပမာအားဖြင့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် FDI ရင်းနှီးမြှုပ်နှံမှုများကို အချိန်တိုအတွင်း အောင်မြင်စွာ ပံ့ပိုးနိုင်ခဲ့ကြပြီး အခြားအာဆီယံနိုင်ငံများနှင့် ယှဉ်၍ စက်မှုကဏ္ဍကို အလေးပေးဖော်ဆောင်နေကြောင်း တွေ့ရှိနိုင်ပါသည်။ ဗီယက်နမ်နိုင်ငံသည် CMP လုပ်ငန်းများကို အသုံးပြု၍ အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ခဲ့သည်။ EV ထုတ်လုပ်မှုတွင် နည်းပညာ အပြင် စက်မှုလုပ်ငန်းများသို့ ရင်းနှီးမြှုပ်နှံသူများအား တိကျမှန်ကန်သော နည်းပညာပံ့ပိုးမှု ပေးနိုင်ခြင်း၊ လုံလောက်သော Infrastructure များ တည်ဆောက်မှုကို အရှိန်အဟုန်ပြင်းစွာ ဆောင်ရွက်ပေးနိုင်ခြင်းများအား လေ့လာအတုယူဖွယ်ပင်ဖြစ်သည်။ ထိုင်းနိုင်ငံသည်လည်း EV (SKD) စက်မှုလုပ်ငန်းများအတွက် မှတ်တမ်းတင် အောင်မြင်မှုများရှိပြီး စွမ်းအင်၊ လုပ်ငန်းတိုးတက်မှုနှင့် နည်းပညာပြောင်းလဲမှုများနှင့်တကွ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများကို ထောက်ပံ့ပေးမှုများ ရှိပါသည်။ မြန်မာနိုင်ငံ အနေဖြင့် အိမ်နီးချင်းအာဆီယံနိုင်ငံများ၏ လျှောက်လှမ်းနေမှုများကို လေ့လာသုံးသပ်ကာ စက်မှုကဏ္ဍမှသည် FDI အခွင့်အလမ်းများ ပိုမိုရိုင်မာစေရန် အဆင့်မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါသည်။

အမျိုးသားလုံခြုံရေးနှင့် လုံခြုံရေးကောင်စီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ အနက်တွင် စက်မှုဖွံ့ဖြိုးရေးကို ဦးစားပေးမြှင့်တင်လျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာများ၊ Infrastructure များကို ခွင့်ပြုပေးခြင်း အစီအစဉ်

များဖြင့် စက်မှုလုပ်ငန်းစတင်ရန် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိပါသည်။ စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း၊ အခွန်ကင်းလွတ် သက်သာခွင့်များ စိစစ်၍ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များချမှတ်ပေးခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန မှ ရင်းနှီးမြှုပ်နှံသူများအား ကူညီဆောင်ရွက်ပေးခြင်းဖြင့် FDI စီးဆင်းရေးကို ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံသူများကို ပိုမိုစိတ်ချစေရန် မှတ်ပုံတင် စနစ်များနှင့် ကုမ္ပဏီဖွဲ့စည်းမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အချိန်မီဆောင်ရွက်နိုင်ရေး အလေးထား ဆောင်ရွက်ခြင်းများအပြင် နိုင်ငံတကာလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ပြပွဲများကျင်းပခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဖော်ဆောင်ခြင်းကို DICA နှင့် MIC မှ တွဲလက်ညီညီ ဆောင်ရွက်လျက်ရှိသည်။ International Growth Centre (IGC) ၏ ဖော်ပြချက်အရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် စက်မှုကဏ္ဍတွင် အလုပ်အကိုင်ဖန်တီးမှု၊ နည်းပညာနှင့် စွမ်းရည်မြှင့်တင်ရေးများကို ထောက်ပံ့ပေးခြင်းဖြစ်ပြီး မူဝါဒအရ စက်မှုဇုန်များတွင် အဓိက တည်ဆောက်ပေးသည့် အခြေခံ ဝန်ဆောင်မှုများတွင် လျှပ်စစ်၊ ရေသန့်နှင့် သယ်ယူပို့ဆောင်ရေး စနစ်များကို အမြန်တိုးမြှင့်ရန် ဦးစားပေး ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ စက်မှုကဏ္ဍမှ ပြည်တွင်းထုတ်လုပ်မှုနှင့် နိုင်ငံတွင်း ထုတ်ကုန်များ၏ တန်ဖိုးတိုးမြှင့်ရေးဦးစားပေး ဆောင်ရွက်စေခြင်းဖြင့် ထုတ်ကုန် တင်ပို့နိုင်မှုပမာဏ၊ အရည်အသွေးတိုးမြှင့်စေပြီး နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်ထိ ရည်ရွယ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်မည့် တစ်စိတ်တစ်ပိုင်းအရေး ပါမှုပင်ဖြစ်သည်။ အထူးအားဖြင့် CMP စက်ရုံများတွင် တရုတ်၊ စင်္ကာပူ၊ ထိုင်း စသည့် နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံး ရှိသည့် စက်မှု လုပ်ငန်းအဖြစ် ရပ်တည်လျက်ရှိနေပါသည်။ EV (SKD) လုပ်ငန်းများတွင်လည်း ဒေသတွင်း ထုတ်လုပ်ရေးကို တိုးမြှင့်စေပြီး အလုပ်အကိုင် အခွင့်အလမ်းနှင့် နည်းပညာစီးဆင်းစေမှုရရှိစေသည့်အတွက် အစိုးရမှ သတ်မှတ်ထားသော အခွန်နှုန်းများလျှော့ချရန် အမိန့်ထုတ်ပြန်ထားရုံသာမက အဆိုပါ အခွန်ပမာဏများကို ပြင်ဆင်လျက်ရှိပါသည်။ EV ထုတ်လုပ်မှုသည် မြန်မာနိုင်ငံတွင် အထူးအလေးပေး ဆောင်ရွက်နေသော စက်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းတစ်ရပ်ဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။ကုန်ကြမ်းပစ္စည်းအစိတ်အပိုင်းများ တင်သွင်းမှုနှင့် ပြန်လည်ဖြန့်ချိရေး လမ်းကြောင်းများအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနမှလည်း ၂၀၂၅ခုနှစ်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅) ဖြင့် ပြည်ပမှ လျှပ်စစ်သုံး ယာဉ်များတင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများကို မေလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ သက်သာခွင့်များနှင့်အတူ ဦးစားပေးလုပ်ဆောင်ချက်များဖြင့် EV ထုတ်လုပ်မှုလုပ်ငန်းမှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်ဝင်စားမှုရရှိကာ FDI ရောက်ရှိစေနိုင်ပါသည်။

သို့ဖြစ်ရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ စီးပွားရေးဆောင်ပုဒ် ပထမအချက် ဖြစ်သည့် **“နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသော အချက်ကို အကောင်အထည် ဖော်ဆောင်ရာတွင် စက်မှုကဏ္ဍမြှင့်တင်မှုသာ ကုန်ထုတ်စွမ်းအားမြင့်မား မည်ဖြစ်ပေသည်။ စက်မှု ကဏ္ဍမြှင့်တင်ခြင်းဖြင့် FDI စီးဆင်းမှုလဲ ပိုမိုအားကောင်းလာစေသည့်အပြင် အနာဂတ်စီးပွားရေး လမ်းကြောင်းသည် နည်းပညာနှင့် အရည်အသွေးပြည့်ဝစွာ တိုးတက်လာနိုင်ဖွယ်အတိဖြစ်ပေသည်။ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရရှိပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ချက်များ ပိုမိုဖော်ဆောင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်သည့် မူဝါဒများနှင့်အတူ အိမ်နီးချင်းနိုင်ငံများ၏ FDI ဖော်ဆောင်မှုများကို လေ့လာကာ ကုန်သွယ်ရေး နည်းဗျူဟာများကို ဦးစားပေးမြှင့်တင်နိုင်ရန်လဲ လိုအပ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် Labour Intensive Country ဖြစ်သည့်အတွက် ဒေသတွင်းလုပ်သားအင်အားကို အခြေပြု၍ ပြည်ပနိုင်ငံများမှ နိုင်ငံခြားဝင်ငွေနှင့် နည်းညာစီးဆင်းမှုရရှိစေနိုင်ပါသည်။ ထိုမှတစ်ဆင့် အားကောင်းသည့် စက်မှုကဏ္ဍမှသည် FDI စီးဆင်းခြင်းနှင့်အတူ နိုင်ငံ့ GDP တိုးမြှင့်လာနိုင်မည် ဖြစ်ကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။

ဒေါ်သက်ထားနိုင်
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၂)

## ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး DICA ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများ မြှင့်တင်ပေး

### နိဒါန်း

ဒီဂျစ်တယ် ဝန်ဆောင်မှုဆိုသည်မှာ အများပြည်သူ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရ အဖွဲ့အစည်းများအကြား လိုအပ်သည့်ဝန်ဆောင်မှုများကို နည်းပညာ အခြေခံစနစ်များမှ တစ်ဆင့် အွန်လိုင်းပေါ်တွင် တိုက်ရိုက်ရရှိနိုင်စေသော ဝန်ဆောင်မှုများကို ဆိုလိုသည်။ ဒီဂျစ်တယ်ဝန်ဆောင်မှုများ၏ အဓိကအားသာချက်မှာ အများပြည်သူ၏ လိုအပ်ချက်များကို အလျင်အမြန်ဖြည့်ဆည်းပေးနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံအဆင့်အတန်း တိုးတက်မှုများတွင် တိုက်ရိုက်ပါဝင်နိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဒီဂျစ်တယ် ဝန်ဆောင်မှုများကို နယ်ပယ်များစွာတွင် အသုံးချလာနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ အစိုးရအနေဖြင့် အွန်လိုင်း အခြေပြု အစိုးရ ဝန်ဆောင်မှုများ (e-Government)ကို စတင်ဆောင်ရွက်ထားပြီး အွန်လိုင်းအခွန်ပေးသွင်းမှု စနစ်များ၊ E-visa၊ အွန်လိုင်း ID စနစ်၊ Passport လျှောက်ထားမှု၊ အစိုးရ e-portal များ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အွန်လိုင်းစနစ်များ စသည့် နယ်ပယ်များတွင် အသုံးပြုလျက်ရှိပါသည်။ ငွေကြေးဈေးကွက်အတွင်းတွင်လည်း KBZ Pay၊ CB Pay၊ Wave Money ကဲ့သို့သော Mobile banking များကို အသုံးပြုနိုင်သောကြောင့် မြို့ပြတွင်သာမက ကျေးလက်ဒေသများတွင်လည်း ဘဏ်ငွေကြေးသုံးစွဲမှုကို လွယ်ကူစွာဆောင်ရွက်လာနိုင်ပါသည်။ COVID-19 ကာလအတွင်းတွင်လည်း ပညာရေးနယ်ပယ်၌ အွန်လိုင်းသင်တန်းများ၊ ကျန်းမာရေးနယ်ပယ်၌ အွန်လိုင်းဆရာဝန်တွေ့ဆုံမှု (Telemedicine) များကို တွင်ကျယ်စွာ အသုံးချနိုင်ခဲ့ပါသည်။

### မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုနောက်ခံ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုများကို ခေတ်မီဒီဂျစ်တယ် စနစ်များသို့ အမြန်ဆုံးအသွင်ကူးပြောင်းရန် ဆောင်ရွက်လျက်ရှိပါသည်။ ယခင်က ရက်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို Myanmar Companies Online (MyCO) အွန်လိုင်းကုမ္ပဏီမှတ်ပုံတင်မှုစနစ်မှတစ်ဆင့် အချိန်တိုအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းသည် DICA ၏ အောင်မြင်မှု တစ်ရပ်ပင်ဖြစ်ပါသည်။ MIC ခွင့်ပြုချက်ရ ကုမ္ပဏီများအတွက် နိုင်ငံခြားသားနေထိုင်ခွင့်၊ ပြည်ပြန်ဝင်ခွင့်ဗီဇာနှင့် အလုပ်သမား မှတ်ပုံတင်ကတ်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များ၏ အွန်လိုင်းဗီဇာလျှောက်ထားရေးစနစ် (MIC Permitted Companies Online Visa Application System - MOVAS)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုလမ်းညွှန်ခြင်းစနစ် (Myanmar Investment Directory)၊ ရန်ကုန် ရင်းနှီးမြှုပ်နှံမှု ပထဝီတည်နေရာ သတင်းအချက်အလက် စနစ် (Yangon Investment Geolocation Information System-YIGIS)နှင့် ရင်းနှီးမြှုပ်နှံမှုစောင့်ကြည့်ရေးစနစ် (Investment Monitoring System -IMS) အပါအဝင် ခေတ်မီသော ဒီဂျစ်တယ် ကိရိယာများစွာကို အောင်မြင်စွာ မိတ်ဆက်နေပြီဖြစ်ပါသည် (DICA, 2018)။ ထို့ပြင် DICA ဝက်ဘ်ဆိုက်သည် ရင်းနှီးမြှုပ်နှံသူများအတွက် အခမဲ့ ဖတ်ရှုနိုင်သောဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဖောင်ပုံစံများကို နေရာတစ်ခုတည်းမှ ရယူနိုင်သည့် နေရာဖြစ်ပါသည်။

သို့သော်လည်း အဆိုပါ စနစ်များသည် ဒေတာချိတ်ဆက်မှု အားနည်းနေသေးသည့်အပြင် လက်ရှိလုပ်ငန်းစဉ်များတွင်လည်း အွန်လိုင်း တင်သွင်းခြင်းနှင့် ရုံးတွင်းတစ်ဆင့်ခံ လက်ခံခြင်း နှစ်မျိုးလုံးရှိနေသော်လည်း စနစ်တစ်ခုတည်းအဖြစ် မပေါင်းစည်းနိုင်သေးသည့် အတွက် လုပ်ငန်းစဉ်များတွင် အားနည်းနေပါသေးသည်။ ငွေသွင်းချေရာတွင်လည်း ခေတ်မီသော အွန်လိုင်း ငွေချေစနစ် (e-Payment Integration)၏ ကန့်သတ်ချက်များရှိနေသေးပြီး ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သော အချက်အလက်အားလုံးကို တစ်နေရာတည်းတွင် လွယ်ကူစွာရှာဖွေနိုင်မှု အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် လက်ရှိ ဒီဂျစ်တယ်အခြေပြုစနစ်များသည် ရင်းနှီးမြှုပ်နှံသူအတွက် စဉ်ဆက်မပြတ်ချောမွေ့သော အတွေ့အကြုံကို ဖန်တီးပေးနိုင်ရန် လိုအပ်သေးကြောင်း ကောက်ချက်ချနိုင်ပါသည်။

### နိုင်ငံတကာမှ အောင်မြင်သော အစိုးရ၏ ဒီဂျစ်တယ် ဝန်ဆောင်မှုစနစ်များ

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် ဒီဂျစ်တယ် ဝန်ဆောင်မှုများသည် ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးစနစ်၏ အခြေခံအုတ်မြစ်ဖြစ်လာပြီး ပွင့်လင်းမြင်သာမှု၊ အချိန်နှင့် ငွေကြေးစရိတ်ချွေတာမှုနှင့် စီမံခန့်ခွဲမှု အဆင်ပြေချောမွေ့မှု တို့ကို ဆောင်ကျဉ်းပေးပါသည်။ နိုင်ငံတကာအဖွဲ့အစည်း ဖြစ်သည့် Shanghai Cooperation Organization (SCO) အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှု များကို ဒီဂျစ်တယ်နည်းပညာဖြင့် အရှိန်အဟုန်မြှင့်တင် လျက်ရှိပါသည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံသည် ၎င်း၏ Digital Government Framework ကို Big Data၊ AI နှင့် Cloud နည်းပညာများဖြင့် အကောင်အထည်ဖော်ကာ အုပ်ချုပ်မှုကို ခေတ်မီအောင်ပြုလုပ်ပြီး ပြည်သူ့ဝန်ဆောင် မှုများ မြှင့်တင်လျက်ရှိပါသည်။ နိုင်ငံတော်အဆင့် ဒေတာ စနစ်အသစ် (National Integrated Government Big Data System)သည် ဗဟိုချုပ်ကိုင်မှုရှိသော ပလက်ဖောင်း များမှတစ်ဆင့် အစိုးရ ဒေတာများကို စုဆောင်းခြင်း၊ ပေါင်းစည်းခြင်းနှင့် မျှဝေခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ဤစနစ်များအား အမျိုးသားဒေတာ စီမံခန့်ခွဲမှုအဖွဲ့ (National Data Administration - NDA) မှ ကြီးကြပ် ကွပ်ကဲပြီး ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ အိန္ဒိယနိုင်ငံသည် “Make in India” မဟာဗျူဟာ အဖြစ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုချက်များကို အွန်လိုင်းတိုက်ရိုက် လျှောက်ထားနိုင်သော National Single Window System ကို အောင်မြင်စွာ အသုံးပြုနေပြီဖြစ်ပါသည်။ ရုရှားနိုင်ငံ တွင်လည်း“Gosuslugi” ဟုခေါ်သော ပြည်သူ့ဝန်ဆောင်မှု ဒီဂျစ်တယ်ပလက်ဖောင်းသည် နိုင်ငံသားများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ဝန်ဆောင်မှုပေါင်းစုံကို တစ်နေရာ တည်းမှ ရယူ ခွင့်ပြုထားပါသည်။ အဆိုပါ နိုင်ငံများ၏ အောင်မြင်သော အကောင်အထည်ဖော်မှုများသည် ဒီဂျစ် တယ်စနစ်များ၏ စွမ်းဆောင်ရည်နှင့် ဆွဲဆောင်မှုရှိသော စီးပွားရေးပတ်ဝန်းကျင် တစ်ခု ဖန်တီးရာတွင် အရေးပါပုံကို မီးမောင်းထိုးပြနေပါသည်။

### ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန် ဒီဂျစ်တယ် ဝန်ဆောင်မှု မြှင့်တင်ခြင်း

ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန် အောက်ပါတို့ကို အဆင့်ဆင့် ဆောင်ရွက်နိုင်ပါသည်-

| အဆင့် | ဖော်ပြချက် | ရည်ရွယ်ချက် |
|---|---|---|
| အဆင့် (၁) | ချက်ချင်း အကောင်အထည်ဖော်နိုင်သော ခြေလှမ်းများ (Short -Term Initiatives)<br>(က)လမ်းညွှန်စာတမ်းများ ထုတ်ဝေခြင်း (Publication of Guidelines)<br>(ခ) ဆက်သွယ်ရေး ချန်နယ်များ ထူထောင်ခြင်း (Communication Channels) | SCO ရင်းနှီးမြှုပ်နှံသူများ၏ အခြေခံ အခက်အခဲဖြစ်သော ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် ရယူနိုင်မှု ကို တိုက်ရိုက် ဖြေရှင်းရန်။ |
| အဆင့် (၂) | စနစ်တကျ ပေါင်းစည်းမှု (Medium-Term Integration)<br>(က) တစ်ပြေးညီ ရင်းနှီးမြှုပ်နှံမှု ဒီဂျစ်တယ်မုခ်ဝ (Unified Investment Digital Gateway)<br>(ခ) ဒီဂျစ်တယ် ငွေကြေးစနစ် ပေါင်းစည်းခြင်း (Integrated Digital Payment Ecosystem) | လက်ရှိ တစ်သီးတခြားရှိနေသော ဒီဂျစ်တယ်စနစ် များ (MyCo,MOVAS, YIGIS, IMS) ကို ချိတ်ဆက်ကာ ရင်းနှီးမြှုပ်နှံသူ အတွက် ချောမွေ့ သောအတွေ့ အကြုံကို ဖန်တီးရန်။ |

| | | |
|---|---|---|
| အဆင့် (၃) | ရေရှည်တည်တံ့ ခိုင်မြဲသော မဟာဗျူဟာ (Long-Term Strategic Foundations) (က) ဌာနများအကြား ဒေတာ ချိတ်ဆက်မှု API များတည်ဆောက်ခြင်း (Building Inter-Agency Data Connectivity APIs) (ခ) ဒီဂျစ်တယ် အထောက်အထား စိစစ်ခြင်းစနစ် (Digital Identity Verification) | မြန်မာ နိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှု ဝန်ဆောင်မှု ကို နိုင်ငံ တကာ စံချိန် စံညွှန်း များနှင့် အညီ အဆင့် မြင့် တင်ရန်။ |

## အဆင့် (၁) ချက်ချင်းအကောင်အထည်ဖော်နိုင်သော ခြေလှမ်းများ (Short-Term Initiatives)

**လမ်းညွှန်စာတမ်းများ ထုတ်ဝေခြင်း (Publication of Guidelines):** DICA ၏ ဝက်ဘ်ဆိုက်တွင် စီးပွားရေးကဏ္ဍအသီးသီးအတွက် အခမဲ့ဒီဂျစ်တယ်လမ်းညွှန် စာတမ်း (Sector-Specific Digital Guides) များကို ထုတ်ပြန်ပေးသင့်ပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးမွေးမြူရေး၊ မြေအသုံးချမှု၊ ရရှိနိုင်သော မြေနေရာများ၊ ဆက်သွယ်ရေးနှင့် အခြား ဝန်ဆောင်မှုများအတွက် လိုင်စင်နှင့် ခွင့်ပြုချက်ရယူရန် လိုအပ်ချက်များ စသည်တို့ ဖြစ်ပါသည်။

**ဆက်သွယ်ရေးချန်နယ်များ ထူထောင်ခြင်း (Communication Channels):** ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများပြားသော တရုတ်နိုင်ငံ၏ အဓိကလူမှုကွန်ရက်နှင့် စီးပွားရေးဆက်သွယ်ရေးပလက်ဖောင်းဖြစ်သော WeChat ပေါ်တွင် DICA ၏ Official Account တစ်ခု စတင်ခြင်းကို ဆောင်ရွက်သင့်ပြီး ဤချန်နယ်မှတစ်ဆင့် စီးပွားရေးကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ မူဝါဒ အပြောင်းအလဲများနှင့် လုပ်ငန်းစဉ်များကို တိုက်ရိုက်မျှဝေနိုင်ပါသည်။

## အဆင့် (၂) စနစ်တကျ ပေါင်းစည်းမှု (Medium-Term Integration)

**တစ်ပြေးညီ ရင်းနှီးမြှုပ်နှံမှု ဒီဂျစ်တယ် မုခ်ဝ (Unified Investment Digital Gateway):** ဤပလက်ဖောင်းအတွင်း **"Sector-Specific Application Modules"** များ ထည့်သွင်းသင့်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေး ရင်းနှီးမြှုပ်နှံသူများအတွက် မြေဆီလွှာအချက်အလက်၊ ရာသီဥတု၊ ဈေးကွက်ဝင်ရောက်မှု လမ်းကြောင်းများကို ချိတ်ဆက်ပေးသော Module၊ သတ္တုတွင်း ရင်းနှီး မြှုပ်နှံသူများအတွက် ပထဝီဝင်အချက်အလက်(Geological Data Portal)သို့ ချိတ်ဆက်ခွင့် ပေးသော Module၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် အခြားဝန်ဆောင်မှုများအတွက် အခြေခံအဆောက်အအုံ (Infrastructure) ဆိုင်ရာ အချက်အလက်များ (လမ်း၊ မီးရထား၊ ဓာတ်အားလိုင်း)ကို ကြည့်ရှုနိုင်သော Module၊ ဆက်သွယ်ရေးကဏ္ဍအတွက် ဆက်သွယ်ရေးလိုင်စင်နှင့် သတင်းအချက်အလက် နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးအချက်အလက်များကို လေ့လာနိုင်သော Module တို့ဖြစ်ပါသည်။

**ဒီဂျစ်တယ်ငွေကြေးစနစ် ပေါင်းစည်းခြင်း (Integrated Digital Payment Ecosystem):** ဤပလက်ဖောင်းအတွင်း၌ ယုံကြည်စိတ်ချရသည့် e-Payment Gateway တစ်ခုအား ထည့်သွင်းအကောင်အထည်ဖော်သင့်ပါသည်။

**အဆင့် (၃) ရေရှည်တည်တံ့ခိုင်မြဲသော မဟာဗျူဟာ (Long-Term Strategic Foundations) ဌာနများအကြား ဒေတာချိတ်ဆက်မှု API များတည်ဆောက်ခြင်း (Building Inter-Agency Data Connectivity APIs):** DICA Database ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအပြင် အခြားသော ဆက်စပ်ဝန်ကြီးဌာနများနှင့် Application Programming Interface (API) များမှတစ်ဆင့် ချိတ်ဆက်သင့်ပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ရင်းနှီးမြှုပ်နှံမှုအတွက် မြေယာစီမံခန့်ခွဲမှုစနစ်နှင့် ချိတ်ဆက်ခြင်း၊ သတ္တုတွင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရင်းနှီးမြှုပ်နှံမှုအတွက် သယံဇာတလိုင်စင် စီမံခန့်ခွဲမှုစနစ်နှင့် ချိတ်ဆက်ခြင်း၊ ထုတ်လုပ်မှုရင်းနှီးမြှုပ်နှံမှုအတွက် အခွန်၊ အကောက်ခွန် နှင့် သက်ဆိုင်ရာ Industrial Estate များ၏ စီမံခန့်ခွဲမှု စနစ်များနှင့် ချိတ်ဆက်ခြင်းတို့ ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် လျှောက်ထားလွှာထပ်ဆင့် တင်ပြရမှု

လိုအပ်ချက်များကို အလိုအလျောက်နှင့် အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

**ဒီဂျစ်တယ် အထောက်အထားစိစစ်ခြင်းစနစ် (Digital Identity Verification):** ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအတွက် Digital ID စနစ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ စိစစ်ခြင်းနှင့် ကဏ္ဍဆိုင်ရာ လိုင်စင်ခွင့်ပြုချက် လုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ကြုံတွေ့နိုင်သောအခက်အခဲများ

သို့ရာတွင် ဒီဂျစ်တယ်ဝန်ဆောင်မှုမြှင့်တင်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ အောက်ပါ စိန်ခေါ်မှုများကို ကြုံတွေ့ရနိုင်ပါသည်-

**ဒီဂျစ်တယ်ကွာဟချက်(The Digital Divide):** မြန်မာနိုင်ငံတွင် ဒီဂျစ်တယ်ကွာဟချက်သည် အခြေခံအဆောက်အအုံ အားနည်းချက်၊ ဝန်ဆောင်မှုဈေးနှုန်း မြင့်မားခြင်းနှင့် ဒီဂျစ်တယ်နည်းပညာ အသုံးပြုနိုင်မှု စွမ်းရည် နိမ့်ကျခြင်းတို့ကြောင့်ဖြစ်ပြီး အဆိုပါ အချက်သည် ဒီဂျစ်တယ်ဝန်ဆောင်မှုများပြန့်နှံ့ရေးအတွက် အဟန့်အတား ဖြစ်သည်။

**ဌာနဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း (Inter-Agency Silos):** ဝန်ကြီးဌာနအလိုက် သီးခြားစီ တည်ဆောက်ထားသော ဒေတာစနစ်များသည် ဗဟိုချုပ်ကိုင်မှု မရှိဘဲ ကွဲပြားနေသော Database များနှင့် လုပ်ငန်းစဉ်များကို ဖြစ်ပေါ်စေပြီး ဌာနတွင်း ချိတ်ဆက်မှုကို ဟန့်တား လျက်ရှိပါသည်။ ဤပြဿနာကို ဖြေရှင်းရန် အဆင့်မြင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဥပဒေဘောင် တစ်ခုအား ချမှတ်ဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။

**လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်ကာကွယ်မှုဆိုင်ရာ စိုးရိမ်မှုများ (Security and Data Privacy Concerns):** ဒီဂျစ်တယ်စနစ်များ ပိုမိုပေါင်းစပ်လာသည်နှင့်အမျှ ဆိုက်ဘာခြိမ်းခြောက်မှုများ ပိုမို မြင့်တက်လာနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများ၏ လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်နိုင်ရန်အတွက် ခိုင်မာသော ဆိုက်ဘာလုံခြုံရေး ယန္တရားများနှင့်အတူ ခေတ်မီပြီး ထိရောက်သော ကိုယ်ရေးကိုယ်တာ အချက်အလက်ကာကွယ်မှုဥပဒေတစ်ရပ် ချမှတ်ပြဋ္ဌာန်းရန် လိုအပ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများ (Financial Constraints):**Data Centers, Cloud Services, Secure Networks ကဲ့သို့သော အဆင့်မြင့်ဒီဂျစ်တယ် အခြေခံအဆောက်အအုံများတည်ဆောက်ရန်နှင့်ထိန်းသိမ်းရန်အတွက် ငွေကြေးအရင်းအနှီး များစွာလိုအပ်ပါသည်။ အဆိုပါ လိုအပ်ချက်အား ဖြည့်တင်းနိုင်ရန် အစိုးရမှ ဘတ်ဂျက် ရန်ပုံငွေ သတ်မှတ်ချထားခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဘဏ္ဍာရေးအကူအညီများ ရယူခြင်းဖြစ်ပါသည်။

**စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများ (Managerial and Bureaucratic Hurdles):** ဒီဂျစ်တယ်အသွင် ကူးပြောင်းရေးတွင် ဌာနများ၏ ထိရောက်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုလိုအပ်ပြီး ရှိရင်းစွဲစနစ်ဟောင်းပုံစံရှိသောစီမံခန့်ခွဲမှုနှင့် ဗျူရိုကရေစီဆိုင်ရာ ယဉ်ကျေးမှု များကို လည်းပြောင်းလဲရန် လိုအပ်သည်။

## အကြံပြုချက်များနှင့် နိဂုံး

လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံသည် ဒီဂျစ်တယ်ကွာဟချက်၊ ဌာနဆိုင်ရာ စနစ်များ မညီညွတ်မှု၊ ဆိုက်ဘာလုံခြုံရေး စိုးရိမ်မှုများနှင့် ဘဏ္ဍာရေးအခက်အခဲများကဲ့သို့ သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ ဒစ်ဂျစ်တယ် ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းရာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု မော်ဒယ်များ အားကောင်းစေရန် လိုအပ်သည်။ ဒေသဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများနှင့် PPP စာချုပ်များ ချုပ်ဆိုကာ ယင်းဇရိယာများတွင် စွမ်းဆောင်ရည်မြင့် ဖိုက်ဘာကွန်ရက်များ တည်ဆောက်ပြီး ဝန်ဆောင်မှုဈေးနှုန်းများကို ထိန်းညှိပေးခြင်းဖြစ်သည်။

ဌာနဆိုင်ရာချိတ်ဆက်မှု အားနည်းခြင်းကို ဖြေရှင်းရန် ဒီဂျစ်တယ်အသွင် ကူးပြောင်းရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည်။ အဖွဲ့၏ အဓိကတာဝန်မှာ ဒီဂျစ်တယ် လုပ်ငန်းစဉ်များကို ညှိနှိုင်းမောင်းနှင်ရန်၊ ဒေတာမျှဝေမှုဆိုင်ရာ မူဝါဒချမှတ်ရန်နှင့် ဌာနတွင်း အတားအဆီးများကို ဖြေရှင်းပေးရန်ဖြစ်သည်။

ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး ရန်ပုံငွေ (Digital Transformation Fund) ထူထောင်ခြင်းကို အကောင်အထည်ဖော်နိုင်သည်။ ရန်ပုံငွေ၏ ငွေကြေးစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာ ပြုလုပ်ပြီး ဦးစားပေး လုပ်ငန်းစဉ်များအတွက်

ရန်ပုံငွေခွဲဝေခြင်းကို လုပ်ငန်းအမှတ်စဉ်နှင့် အညီအခြေခံသင့်သည်။

လုံခြုံရေးဆိုင်ရာအတွက် DICA သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဒေတာအား ကာကွယ်ရန် စီးပွားရေး လုပ်ငန်းကြီးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာ ဆိုင်ရာအကူအညီဖြင့် ဆိုက်ဘာလုံခြုံရေး စင်တာတစ်ခုစတင်တည်ဆောက်သင့်သည်။ ဤစင်တာ၏ လုပ်ဆောင်ချက်များတွင် DICA ၏ ဒီဂျစ်တယ်စနစ်များကို ၂၄ နာရီ စောင့်ကြည့်ခြင်း (Real-time Monitoring)၊ ခြိမ်းခြောက်မှုများကို ချက်ချင်းတုံ့ပြန် နှိမ်နင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်း စသည့်တာဝန်များ ပါဝင်သင့်ပါသည်။

အချုပ်အားဖြင့် ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးသည် မြန်မာနိုင်ငံအတွက် နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ခြင်း သက်သက်မဟုတ်ဘဲ စီးပွားရေးဆိုင်ရာ ဗျူဟာတစ်ရပ်ပင် ဖြစ်သည်။ DICA သည် ဤပြောင်းလဲမှု၏ ဗဟိုချက်မတွင်ရှိနေပြီး ၎င်း၏လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှုကို သွားရောက်စေမည့် လမ်းကြောင်းကိုအဆုံးအဖြတ်ပေးနိုင်သည်။ အဆိုပါ အကြံပြုချက်များကို စနစ်တကျ အကောင်အထည်ဖော်ခြင်းဖြင့် DICA သည် ခေတ်မီသော၊ ထိရောက်သော၊ ရင်းနှီးမြှုပ်နှံသူမှ စိတ်ချရသော ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ကူးပြောင်းနိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံကို SCO ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်း၏ စီးပွားရေးစကြံတွင် ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာစေရန် စွမ်းဆောင်ပေးလိမ့်မည် ဖြစ်ပါသည်။

ကိုးကားချက်


၁။ lexander Kryazhev. (2025). *Gateway to Russia*. From www.gw2ru.com: https://www.gw2ru.com/plan-your-trip/235609-gosuslugi-registration-foreigners

၂။ Department for Promotion of Industry and, I. (2022). *National Single Window System*. From www.nsws.gov.in: https://www.nsws.gov.in

၃။ Xinhua. (2023). *XINHUA*. From english.news.cn: https://english.news.cn/20231026/20e5fa678d9c421eab294d8ad2aeddd7/c.html



ယုမိုဦး

ဦးစီးအရာရှိ


## စိန်ခေါ်မှုများအကြားက ရင်းနှီးမြှုပ်နှံမှုအလားအလာ

**နိဒါန်း**

ကမ္ဘာ့စီးပွားရေးသည် ရှုပ်ထွေးသော အခြေအနေများ၊ မသေချာမှုများနှင့် ရင်ဆိုင်နေရချိန်တွင် မြန်မာ့စီးပွားရေးသည်လည်း ပြုပြင်ပြောင်းလဲမှုများနှင့် စိန်ခေါ်မှုများကြားမှ ရပ်တည်နေသည်။ သို့သော် မြန်မာ့စီးပွားရေး၏ မူလအလားအလာများနှင့် အားသာချက်များကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံ သူများအတွက် ဆွဲဆောင်မှုရှိသောအခွင့်အလမ်းများပေါ်ထွက်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် တွန်းအားပေးမှုများသည် မြန်မာနိုင်ငံကို ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ဦးတည်စေနိုင်ကြောင်း တွေ့ရှိရသည်။ သို့သော်လည်း စီးပွားရေး ခိုင်မာမှုအတွက် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံများ၊ ပေါ်ကြွယ်ဝသည့် သဘာဝသယံ ဇာတအရင်းအမြစ်များနှင့် ခွန်အားပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များက မြန်မာနိုင်ငံ၏ အနာဂတ် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ဆက်လက်ကောင်းမွန်နေစေသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏ ထုတ်ပြန်ချက် စာရင်းများအရ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် စင်ကာပူ၊ တရုတ်၊ ထိုင်းနိုင်ငံတို့သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် ထိပ်တန်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နေသည်။ ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိသည့် အဓိက ကဏ္ဍများကို ကြည့်မည်ဆိုပါက စီးပွားရေး ကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ

နှင့် စက်မှုကဏ္ဍတို့ဖြစ်သည်။

အဆိုပါ ကဏ္ဍများသည် နိုင်ငံ၏ လျှပ်စစ်မီး လိုအပ်ချက်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို မြှင့်တင်ပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှုသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ပထမ လေးလပတ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပမာဏသည် အမေရိကန်ဒေါ်လာ ၁၁၈ သန်းကျော် ရရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ၏ မြန်မာ့စီးပွားရေးအပေါ် စိတ်ဝင်စားမှုနှင့် ယုံကြည်မှုများကမည်မျှပင် စိန်ခေါ်မှုများရှိနေစေကာမူ ရင်းနှီးမြှုပ်နှံသူများရဲ့ ယုံကြည်မှုများက ဆက်လက်တည်ရှိကြောင်း ပြသနေသည်။

ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု (Myanmar Economic Monitor) အစီရင်ခံစာများအရလည်း မြန်မာ့စီးပွားရေးသည် ခိုင်မာသော စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍတို့အပေါ် အခြေခံ၍ ရပ်တည်နေကြောင်း ဖော်ပြထားသည်။ ပြည်တွင်းစားသုံးမှုနှင့် စီးပွားရေး လှုပ်ရှားမှုများသည် အားကောင်းနေဆဲဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းများ ဆက်လက်ရှိနေသည်။

### မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပံ့ပိုးမှုများ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) နှင့် DICA တို့သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်လွယ်ကူစေရန်အတွက် One Stop Service (OSS) အပါအဝင် လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် ရိုးရှင်းအောင် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာလေ့လာသုံးသပ်မှုများကလည်း မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေမူဘောင်များသည် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း ဖော်ပြသည်။ ၎င်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် ယုံကြည် စိတ်ချရမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုရရှိစေရန် ရည်ရွယ်သော နိုင်ငံတော်၏ ကြိုးပမ်းအားထုတ်မှု များကို ပုံဖော်ပြသနေသည်။

### ရင်ဆိုင်နေရသော စိန်ခေါ်မှုများ

ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေးတွင် မြန်မာနိုင်ငံအနေဖြင့် ကြီးမားသည့် စိန်ခေါ်မှုအချို့ကို ရင်ဆိုင်နေရသည်။ ပထမအချက်အနေဖြင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်စိတ်ချမှု ကျဆင်းနေပြီး၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၏ ခိုင်မာမှုအပေါ် မရေရာမှုများ ဖြစ်ပေါ်စေသည်။

နောက်ထပ်အဓိကစိန်ခေါ်မှုများမှာ အခြေခံအဆောက်အအုံ (Infrastructure) မပြည့်စုံခြင်းနှင့် ဘဏ္ဍာရေးစနစ် အားနည်းခြင်းတို့ဖြစ်သည်။ ကောင်းမွန်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး လုံလောက်မှုနှင့် ခေတ်မီသည့် ဘဏ္ဍာရေးဝန်ဆောင်မှုများ မရှိခြင်းက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုကို အဟန့်အတားဖြစ်စေသည်။

### ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာရှိသော အဓိကကဏ္ဍများ

ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် စီးပွားရေးအခက်အခဲများကို ကျော်လွှားပြီး တောက်ပသော အနာဂတ်ကို ပုံဖော်နိုင်မည့် အောက်ပါကဏ္ဍများကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍ (Manufacturing Sector): မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှုနှင့် အထည်ချုပ်လုပ်ငန်းများအတွက် အထူးသင့်လျော်သော နေရာဖြစ်သည်။ **"Made in Myanmar"** လှုပ်ရှားမှု (Campaign)သည် ပြည်တွင်းထုတ်ကုန်များကို တွန်းအားပေးရုံသာမက နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအတွက် ပြည်တွင်း ဈေးကွက်နှင့် ဒေသတွင်း ဈေးကွက်များကို ပိုမိုဝင်ရောက်နိုင်စေရန် အခွင့်အလမ်းဖန်တီးပေးသည်။ အခြေခံ အဆောက်အအုံများနှင့် လူသားအရင်းအမြစ်များ တိုးတက်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်ငန်းများအတွက် ကုန်ကျစရိတ် သက်သာခြင်းနှင့် ထုတ်လုပ်မှု စွမ်းအားမြင့်မားခြင်းကဲ့သို့သော အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး အခြေခံလုပ်ငန်းများ (Agriculture & Agro-based Industries): မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးသည် စီးပွားရေး၏ အဓိက ကျောရိုးဖြစ်ပြီး စားသောက် ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းများတွင် ကြီးမားသော အလားအလာရှိသည်။ ခေတ်မီစိုက်ပျိုးနည်းပညာများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသော အကျိုးအမြတ်ကို ပေးနိုင်မည်ဖြစ်သည်။

ဒီဂျစ်တယ်စီးပွားရေးနှင့် နည်းပညာ ဝန်ဆောင်မှုများ

(Digital Economy & Tech Services): မြန်မာနိုင်ငံ၏ လူဦးရေ အများစုမှာ လူငယ်များဖြစ်ပြီး စမတ်ဖုန်း အသုံးပြုမှုနှင့် အင်တာနက် ဖြန့်ကျက်မှုသည် လျင်မြန်စွာ တိုးတက်လျက်ရှိသည်။ ထို့ကြောင့် E-commerce နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများသည် ကြီးမား သော ဈေးကွက်အလားအလာကို ပိုင်ဆိုင်ထားပါသည်။

### အနာဂတ် အခွင့်အလမ်းများ

လက်ရှိ အခက်အခဲများ ရှိနေသော်လည်း မြန်မာ နိုင်ငံသည် ရေရှည်အတွက် ဒေသတွင်းပူးပေါင်း ဆောင ရွက်မှုများကလည်း အခွင့်အလမ်းကောင်းများ ပိုင်ဆိုင် ထားဆဲဖြစ်သည်။ အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Community) နှင့် တရုတ်နိုင်ငံ၏ ရပ်ဝန်းနဲ့ ပိုးလမ်းမစီမံကိန်း (BRI) ကဲ့သို့ ဒေသတွင်း စီးပွားရေး ချိတ်ဆက်မှုများအပြင်၊ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organisation - SCO) နှင့် ထိတွေ့ဆက်ဆံမှု တိုးမြှင့်ခြင်းသည် အဓိက အခွင့်အလမ်းသစ်တစ်ခု ဖြစ်လာနိုင်သည်။

SCO ၏ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ရုရှား၊ အိန္ဒိယ တို့အပါအဝင် နိုင်ငံပေါင်းစုံ၏ ကြီးမားသည့် ဈေးကွက်များသို့ ဝင်ရောက်နိုင်ခြင်း၊ ပို့ဆောင်ဆက်သွယ် ရေးနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက် နိုင်ခြင်း၊ ဒေသတွင်း လုံခြုံရေးတည်ငြိမ်မှုကတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို တည်ဆောက်နိုင် ခြင်းစသည့် အလားအလာကောင်းများ ပေါ်ပေါက်လာ နိုင်ပါသည်။

**နိဂုံးချုပ်**

နိုင်ငံရေးနှင့် စီးပွားရေးစိန်ခေါ်မှုများသည် ကမ္ဘာ တစ်ဝန်းလုံးတွင် ရင်းနှီးမြှုပ်နှံသူများကို အဟန့်အတား ဖြစ်စေသော်လည်း မြန်မာနိုင်ငံ၏ ပြန်လည်တည် ဆောက်မှုနှင့် တည်ငြိမ်လာမှုသည် ရေရှည်ရင်းနှီးမြှုပ်နှံမှု အတွက် ခိုင်မာသော အခွင့်အလမ်းများကို ဖန်တီး နေပါသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးမူဝါဒများ၊ တိုးတက်လာသည့် ကုန်ထုတ်လုပ်မှု နှင့် ကြီးမားသော ပြည်တွင်းဈေးကွက်သည် ရင်းနှီးမြှုပ်နှံ သူများအတွက် အကျိုးအမြတ်ရှိသော အနာဂတ်ကို ပံ့ပိုး ပေးနိုင်သည့်အပြင် ဒေသတွင်း ပူးပေါင်းဆောင်ရွက် မှုများကလည်း အခွင့်အလမ်းအသစ်များ ဖြစ်ပေါ်လာနိုင် မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။


Source: 1) https://www.dica.gov.mm

2) https://www.tilleke.com/insights lexology-panoramic-foreign-investment-review-myanmar/19/

3) https://www.worldbank.org/en/topic/digitaldevelopment/brie/myanmar-digital-development-overview

4) https://asean.org/our- communities/asean-economic-community/

5) https://www.yidaiyilu.gov.cn/

6) https://eng.sectsco.org



ဒေါ်ရင်ရင်မာ

ဦးစီးအရာရှိ

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန


## နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှု မောင်းနှင်ခြင်း – ဗီယက်နမ်၏ သိပ္ပံ၊ နည်းပညာနှင့် ဒီဂျစ်တယ် အပြောင်းအလဲအတွက် PPP ဖွဲ့စည်းပုံ

ဗီယက်နမ်အစိုးရသည် သိပ္ပံ၊ နည်းပညာနှင့် ဒီဂျစ် တယ် အသွင်ကူးပြောင်းရေးတို့အတွက် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်အဖွဲ့အစည်းများ၏ ဥပဒေမူဘောင်ကို ပြဋ္ဌာန်း သည့် အမိန့်အမှတ် ၁၈၀/ ၂၀၂၅/ND-CP ("အမိန့် ၁၈၀") ကို ထုတ်ပြန်ခဲ့သည်။ ဤစည်းမျဉ်းသည် သုတေသန၊ တီထွင် ဆန်းသစ်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုကိုဆွဲ ဆောင်ရန် ရည်ရွယ်သည်။

အမိန့် ၁၈၀ သည် အထူးစမ်းသပ်မှု မဟာဗျူဟာ များနှင့် မူဝါဒများကို စတင်ထူထောင်သည့် ညွှန်ကြားချက် အမှတ် 193/2025/QH15 ကို အကောင်အထည်ဖော်ရန် လမ်းညွှန်ချက်များ ပံ့ပိုးပေးထားသည်။ ၎င်းအမိန့်တွင်

ပုဂ္ဂလိကကဏ္ဍ အရင်းအနှီးများကို သိပ္ပံ၊ နည်းပညာ၊ အင်နီဖေးရှင်း၊ ဒီဂျစ်တယ်ပြောင်းလဲမှု ကဏ္ဍများတွင် သုံးစွဲနိုင်ရန် ရည်ရွယ်ထားပြီး အချိုးကျ ဖြန့်ဝေမှုနှင့် ဒေတာအသုံးပြုခွင့်အပေါ် တိကျသည့် ညွှန်ကြားချက်များထားရှိသည်။

ဤအမိန့်သည် ဗဟိုနှင့် ဒေသအဆင့် အစိုးရအဖွဲ့အစည်းများ၊ အများပြည်သူ ဝန်ဆောင်မှု အဖွဲ့အစည်းများ၊ ထို့ပြင် ဒေသခံနှင့် နိုင်ငံပေါင်းစုံ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံပညာဆိုင်ရာ သုတေသန၊ နည်းပညာဖွံ့ဖြိုး တိုးတက်မှု၊ တီထွင်ဆန်းသစ်မှုနှင့် ဒီဂျစ်တယ်ပြောင်းလဲမှု အစဉ်အလာများအတွက် သက်ဆိုင်သည်။

**အဓိက အချက်များ**

### အမိန့် ၁၈၀ ၏ အကျိုးသက်ရောက်မှုနှင့် ပစ်မှတ်နယ်ပယ်များ

**အကျိုးသက်ရောက်မှုရှိသည့်ရက်စွဲ** - အမိန့် ၁၈၀သည် ၂၀၂၅ခုနှစ် ဇူလိုင်လ ၁ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်မည်ဖြစ်ပြီး အချို့ပြဋ္ဌာန်းချက်များကို ၂၀၂၅ခုနှစ် အောက်တိုဘာလ ၁ရက်နေ့တွင် အကျိုးသက်ရောက်စေမည်။

**အကျုံးဝင်သည့်နယ်ပယ်များ -**

✦ **အဆင့်မြင့်နှင့် မဟာဗျူဟာမြောက် နည်းပညာများ** - အဆင့်မြင့်နည်းပညာ၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဥပဒေများအောက်တွင် သတ်မှတ်ထားသည့် အတိုင်းဖြစ်သည်။ ယင်းတွင် အဆိုပါ နည်းပညာများ၏ သုတေသန၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှုတို့ကို အထောက်အကူပြုသည့် အခြေခံအဆောက် အအုံများ ပါဝင်သည်။

✦ **ဒီဂျစ်တယ် အခြေခံအဆောက်အအုံ** - သက်ဆိုင်ရာ ကာလအလိုက် ဝန်ကြီးချုပ်၏ အမျိုးသားဒီဂျစ်တယ် အခြေခံ အဆောက်အအုံ မဟာဗျူဟာများနှင့် အညီ ဒီဂျစ်တယ်စီးပွားရေး၊ ဒီဂျစ်တယ် လူ့အဖွဲ့အစည်းနှင့် ဒီဂျစ်တယ်အစိုးရတို့ကို ပံ့ပိုးရန် အခြေခံအဆောက်အအုံ စနစ်များကို ဖော်ဆောင်ခြင်းဖြစ်သည်။

✦ **ပူးပေါင်းအသုံးပြုသည့် ဒီဂျစ်တယ်ပလပ်ဖောင်းများ** - သိပ္ပံ၊ နည်းပညာနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ အစပျိုးမှုများကို အရှိန်မြှင့်ရန် အထူးယန္တရားများကို စမ်းသပ်သည့် ဆုံးဖြတ်ချက်အမှတ် ၁၉၃/၂၀၂၅/QH15 ၏ ပုဒ်မ ၁၀ အရ ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်။

✦ **ဒီဂျစ်တယ် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပေးခြင်း** - အွန်လိုင်းပညာရေး ပလပ်ဖောင်းများ၊ ဒီဂျစ်တယ် အဆင့်မြင့်ပညာရေး မော်ဒယ်များနှင့် ဒီဂျစ်တယ် စာတတ်မြောက်မှုကို တိုးတက်စေမည့် အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

✦ အဖွဲ့အစည်း၏ ဒီဂျစ်တယ် အသုံးပြုမှုကို မြှင့်တင်ရန် အွန်လိုင်းပညာရေး ပလက်ဖောင်းများ၊ ဒီဂျစ်တယ် အဆင့်မြင့်ပညာရေးပုံစံများနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ မဟာဗျူဟာမြောက် နည်းပညာများကို အထူးပြုသည့် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် လေ့ကျင့်ရေးစင်တာများ (အမျိုးသားအဆင့် သုတေသနနှင့် ဖွံ့ဖြိုးရေး (R&D) အဖွဲ့အစည်းများအပါအဝင်)ကို တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် တိုးချဲ့ခြင်းတွင် ရင်းနှီးမြှုပ်နှံခြင်း။ ပညာရေးအဖွဲ့အစည်းများ၊ သုတေသနစင်တာများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားသက်ဆိုင်သူများအကြား ပြည်တွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒီဂျစ်တယ် လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ရေး အစီအစဉ်များကို ဖော်ဆောင်ခြင်းနှင့် တိုးချဲ့ခြင်း။

✦ **အခြားနည်းပညာနှင့် သက်ဆိုင်သော လုပ်ရှားမှုများ** - သိပ္ပံသုတေသန၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ တီထွင်ဆန်းသစ်မှုနှင့် ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး တို့တွင် အမျိုးသားပန်းတိုင်များနှင့် ကိုက်ညီသော နည်းပညာများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် စီမံကိန်းများ။

### PPP စီမံကိန်းများအတွက် အစိုးရ ပံ့ပိုးမှုများ

**အခွန်လျှော့ပေါ့ပေးမှုများ** - စီးပွားရေးလုပ်ငန်းများသည် ကော်ပိုရိတ် ဝင်ငွေခွန် တွက်ချက်ရာတွင် သုတေသနနှင့် ဖွံ့ဖြိုးရေး (R&D) အသုံးစရိတ်များ၏ ရာခိုင်နှုန်း ၂၀၀ အထိ ချမှတ်ထားသည်။

**မြေယာနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးခံစားခွင့်များ** - မြေအသုံးပြုခနှင့် အငှားချထားခြင်းအတွက် ပေးဆောင်ရသည့် ငွေကြေးများကို ကင်းလွတ်ခွင့်နှင့် လျှော့ချပေးမှုများ အပြင်မြေယာဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ဆက်စပ်

ဥပဒေများအောက်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထောက်အပံ့များပါဝင်ပါသည်။

**သုတေသနရလဒ်များပိုင်ဆိုင်ခွင့်** - သိပ္ပံသုတေသန၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အင်နိုဗေးရှင်းရလဒ်များကို ဥပဒေအရ အသိအမှတ်ပြုပေးခြင်း ဖြစ်ပါသည်။

**အစိုးရ၏ မူဝါဒဆိုင်ရာ ပံ့ပိုးမှုများ** - အစိုးရ-ပုဂ္ဂလိက မိတ်ဖက်အဖွဲ့အစည်း (PPP) အရအရင်းအနှီးထည့်ဝင်မှု- အစိုးရသည် စီမံကိန်းစုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၇၀ ရာခိုင်နှုန်း အထိ ထည့်ဝင်နိုင်သည်။

**စွန့်စားမှု အန္တရာယ်ကို ခွဲဝေခံစားခြင်း** - လုပ်ငန်းစတင်ပြီး ပထမ ၃ နှစ်အတွင်း အမှန်တကယ်ရရှိသည့် ဝင်ငွေသည် ခန့်မှန်းခြေ ဝင်ငွေအောက် ကျဆင်းပါက အစိုးရသည် ဝင်ငွေလိုအပ်ချက်ကို ၁၀၀ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးသည်။

### ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် အကျိုးအမြတ်ခွဲဝေခြင်း

✦ **သုတေသနပစ္စည်းများ၏ ပိုင်ဆိုင်မှုနှင့် အသုံးပြုမှု** - ပိုင်ဆိုင်မှုအခွင့်အရေးများကို စီမံကိန်းစာချုပ်များအရ သတ်မှတ်သည်။

✦ **အချက်အလက် ပိုင်ဆိုင်မှုနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်** -

- o **အစိုးရပိုင် အချက်အလက်များ** - အစိုးရအဖွဲ့အစည်းများမှ တိုက်ရိုက် ဖန်တီးထားသော မူရင်းအချက်အလက်များသည် အစိုးရပိုင်ဖြစ်သည်။
- o **အချက်အလက်များ ရှာဖွေခြင်း** - အချက်အလက် ရှာဖွေခြင်းမှ ရရှိသော အချက်အလက်များသည် စာချုပ်ပါသဘောတူညီမှု များအပေါ် မူတည်သည်။

**အကျိုးအမြတ်ခွဲဝေမှု** - အခွန်ဆောင်ပြီးနောက် အကျိုးအမြတ်များကို ပူးပေါင်းပါဝင်သူများအကြား စာချုပ်သဘောတူညီချက်အရ မျှမျှတတနှင့် ပွင့်လင်းမြင်သာစွာ ခွဲဝေသည်။


Source: 1) https://www.vietnam-briefing.com news/vietnams-ppp-framework-for- science-tech-digital-transfor mation.html/
2) https://vietnamnews.vn/economy/1720737/new-ppp-framework-offers-strong-incentives-for-science-technology-and-innovation-projects.html

ဒေါ်ရင်ရင်မာ
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## စွန့်ဦးတီထွင်လုပ်ငန်းများ အထောက်အပံ့ဖြစ်ခြင်း စီးပွားရေးဝန်းကျင်

### စွန့်ဦးတီထွင်သူများ ဆိုသည်မှာ

ရှေးဦးစွာ စွန့်ဦးတီထွင်သူများဆိုသည်မှာ စီးပွားရေးလုပ်ငန်းသစ်တစ်ခုကို စွန့်စား၍ စတင်သူ၊ မရေရာမသေချာမှုများကြားထဲမှ အမြတ်အစွန်းရရန်ဖို့ ရည်ရွယ်၍ လုပ်ငန်းအသစ် တစ်ခုကို စတင်သူ၊ အခွင့်အလမ်းများကို ဖော်ထုတ်ပြီး တိုးတက်မှုများ ရရှိအောင် စွမ်းဆောင်နိုင်သူ၊ လိုအပ်သည့် အရင်းအမြစ်များကိုလည်း စီမံခန့်ခွဲနိုင်ကာ လုပ်ငန်းသစ်တစ်ခုကို စတင်နိုင်သူများ ဖြစ်ကြပါသည်။ စွန့်ဦးတီထွင်သူများကို ကြီးမားပြီး အလွန်အန္တရာယ်များသည့် စွန့်စားသူများဟု တင်စားခေါ်ဝေါ်ကြသော်လည်း လက်တွေ့တွင် စွန့်ဦးတီထွင်သူများသည် ဈေးကွက်အကြောင်း သိနားလည်မှု၊ ရရှိနိုင်သည့် အရင်းအမြစ်များ၊ အောင်မြင်နိုင်မည့် အခွင့်အလမ်းများ အပေါ် အခြေခံပြီး risk ကို သေချာတွက်ချက်ကာ အစီအမံများ ရေးဆွဲပြီး ဆောင်ရွက်တတ်သူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုသော် စွန့်ဦးတီထွင် သူများသည် စွန့်စားမှုရယူသူ (risk taker) များ မဟုတ်ဘဲ စွန့်စားမှုကို



အောင်နိုင်သူ (risk eliminator) များဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် စွန့်ဦးတီထွင်သူများသည် ယုံကြည်ချက်မြင့်မားသူ အကောင်းမြင်စိတ် မြင့်မားသူများလည်းဖြစ်ကြပါသည်။ စိန်ခေါ်မှုများကို နှစ်သက်ပြီး အမြဲတက်ကြွရှင်သန်းသူများ ဖြစ်ကြကာ အနာဂတ်ကို အာရုံစိုက်ပြီး အခွင့်အလမ်းအသစ်များကို အမြဲရှာဖွေနေကြပါသည်။ လူအများမှ ပြဿနာဖြစ်နိုင်သည်ဟု မြင်နေသည့်ကိစ္စများတွင် စွန့်ဦးတီထွင်သူများအနေဖြင့် အခွင့်အလမ်းအဖြစ်မြင်တတ်ကြသူများလည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စွန့်ဦးတီထွင်သူများသည် အလုပ်ကြိုးစားသူ၊ အပြောင်းအလဲများအကြား လိုက်လျောညီထွေနေထိုင်တတ်သူ၊ မဆုတ်မနစ် ကြိုးစားတတ်သူများလည်း ဖြစ်ကြပါသည်။

**GEM 2024/2025 Global Report: Entrepreneurship Reality Check အစီရင်ခံစာမှ တင်ပြချက်များ**

တစ်ဖက်တွင်လည်း ၂၀၂၄-၂၀၂၅ ခုနှစ်တွင်ထွက်ရှိလာသော Entrepreneurship Reality Check အစီရင်ခံစာတွင် ကမ္ဘာတစ်ဝှမ်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြားတွင် လုပ်ငန်းလုပ်ကိုင်ရာတွင် ကျရှုံးမှုအားကြောက်ရွံ့မှုတိုးလာနေခြင်းကို မီးမောင်းထိုးပြထားပါသည်။ ဖြေဆိုသူ လူများစွာသည် စီးပွားရေးအခွင့်အလမ်းကောင်းများကို အသိအမှတ်ပြုဆဲဖြစ်သော်လည်း ၎င်းတို့ကို လုပ်ဆောင်ရန် တွန့်ဆုတ်နေကြသူများ ပိုမိုများပြားလာခဲ့ပါသည်။ ထို့ကြောင့် အစီရင်ခံစာ အနေဖြင့်လုပ်ငန်းများကိုလုပ်ဆောင်ရာတွင် အန္တရာယ်များကို လျော့ပါးသက်သာစေရန်နှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များကို အားပေးကူညီရန် ဘဏ္ဍာရေးအကူအညီ၊ လေ့ကျင့်ရေးနှင့် လမ်းညွှန်မှု ကဲ့သို့အစရှိသော ခိုင်မာသောပံ့ပိုးမှုစနစ်များ လိုအပ်ကြောင်းကို အလေးပေး ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ညဏ်ရည်တုနည်းပညာ၏ လုပ်ငန်းတီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုများအကြောင်း ပညာပေးမှုများလည်း လိုအပ်ကြောင်း ဆွေးနွေးထားပါသည်။

**မြန်မာ့စီးပွားရေးဝန်းကျင်နှင့် စွန့်ဦးတီထွင်သူများ**

မြန်မာနိုင်ငံတွင် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (Myanmar Young Entrepreneurs Association – MYEA) သည် အသင်းမဖြစ်ပေါ်မီ ကုန်သည်စက်မှုအသင်းချုပ်တွင် (Myanmar Young Entrepreneurs Group – MYEG) အဖြစ် ၂၀၀၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအဆင့် အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ MYEA အသင်းသည် အာဆီယံဒေသအတွင်းရှိ ASEAN Young Entrepreneurs Association, ASEAN Young Entrepreneurs Council တို့တွင်လည်း အဖွဲ့ဝင်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းတွင် ဒေသဆိုင်ရာအသင်း ၅ ခုတို့ဖြင့် ချိတ်ဆက်ဖွဲ့စည်း ထားရှိပါသည်။ ထို့အပြင် MYEA အနေဖြင့် နည်းပညာနှင့် ညွှန်ကြားမှုအကူအညီများပေးခြင်း၊ စီးပွားရေးဆိုင်ရာပြပွဲများ၊ ပွဲတော်များနှင့် Networking Event များကို ကျင်းပပေးခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ပေါင်းသင်းပေးခြင်းတို့ကို လက်တွေ့ဆောင်ရွက်လာကြပါသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း
Myanmar Young Entrepreneurs Association

သို့သော် မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်လုပ်ငန်းများ တိုးတက်အောင်မြင်ရန် လိုအပ်သည့် အခြေခံ အထောက်အပံ့များ မပြည့်စုံသေးသည့်အတွက် အခက်အခဲများစွာ ရှိနေဆဲဖြစ်ပါသည်။ ထိုအခက်အခဲများထဲတွင် အဓိကအနေဖြင့် စီးပွားရေးလုပ်ငန်းအသစ်များ စတင်ရာတွင် လိုအပ်သည့် ဘဏ္ဍာရေးအရင်းအမြစ်များ ရယူရန် အခက်အခဲများရှိနေပြီး ဘဏ်လုပ်ငန်းစနစ်များ၏ အကန့်အသတ်များ၊ အာမခံပစ္စည်း လိုအပ်ချက်များကြောင့် စွန့်ဦးတီထွင်သူများအနေဖြင့် အရင်းအနှီးရယူရန် အခက်အခဲများကို မကြာခဏကြုံတွေ့ကြရပါသည်။ထို့အပြင် နည်းပညာပိုင်းဆိုင်ရာ လေ့ကျင့်ရေး အခွင့်အလမ်းများ နည်းပါးခြင်းကြောင့်နိုင်ငံတကာ စီးပွားရေးဈေးကွက်များနှင့် ကိုက်ညီမှု

ရှိသည့် နည်းပညာအသုံးချနိုင်စွမ်းကို ရရှိရန်ခက်ခဲနေပြီး၊ ထိုသို့ နည်းပညာပိုင်း နောက်ကျခြင်းသည် တီထွင်ဆန်းသစ်မှု အလားအလာများကို ကန့်သတ်ထား စေပါသည်။

**စွန့်ဦးတီထွင်လုပ်ငန်းများ အထောက်အပံ့ဖြစ်ခြင်း စီးပွားရေးဝန်းကျင်ဖြစ်ပေါ်လာစေရေး လုပ်ဆောင်နိုင်မှုများ**

ထိုသို့သော အခက်အခဲများကို အောင်မြင်စွာဖြေရှင်းနိုင်ရန်အတွက်အနာဂတ်တွင် စွန့်ဦးတီထွင်သူများအတွက် ပံ့ပိုးမှုစနစ်များကို ပိုမိုခိုင်မာအောင် ဖန်တီးပေးရန် လိုအပ်ပြီး ဥပမာအားဖြင့် Start-up အတွက်အထူးချမှတ်ထားသည့် ဘဏ္ဍာရေးအကူအညီများ၊ အစိုးရမှထောက်ပံ့ပေးနိုင်သည့် Innovation Fund များ ဖန်တီးပေးခြင်း၊ နည်းပညာဆိုင်ရာ ပညာပေးသင်ကြားမှုများ တိုးချဲ့ပေးခြင်း၊ နိုင်ငံခြားစွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် အတွေ့အကြုံဖလှယ်နိုင်သည့် International Accelerator Program များ တိုးချဲ့ပေးခြင်းတို့ အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်စေသည့် စီးပွားရေးမူဝါဒများ၊ နည်းပညာ စွန့်ဦးတီထွင်သူများအတွက် အခွင့်အလမ်းပေါင်းစုံဖန်တီး ပေးနိုင်သည့် စီးပွားရေး ပတ်ဝန်းကျင်များကို ဖွဲ့စည်းပေးရန်လည်း လိုအပ်ပါသည်။




ထို့မှသာ မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်သူများသည် မိမိတို့၏ ဉာဏ်ရည်နှင့် စွမ်းရည်များကို အပြည့်အဝ အသုံးချနိုင်ပြီး တီထွင်ဆန်းသစ်နိုင်စွမ်းများ တိုးတက်စေရန်အခွင့်အလမ်းများ ရရှိလာနိုင်မှုများမှတဆင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် အပြည်ပြည်ဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်အောင်မြင်စေနိုင်မည့် အခွင့်အရေး တစ်ရပ်ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ဒေါ်ခင်သီတာဇင်
ဦးစီးအရာရှိ
HRD & RD (DICA)

## ဒီဂျစ်တယ်ခေတ်ရဲ့ လူမှုဘဝပြောင်းလဲမှုများ

**နိဒါန်း**

ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝကို ပြန်ကြည့်ပါ။ မနက်အိပ်ယာထတာနဲ့ ဖုန်းကိုအရင်ဆုံး ရှာမိပါသလား။ သူငယ်ချင်းတွေနဲ့ တွေ့တဲ့အခါ မျက်နှာချင်းဆိုင် စကားပြောမယ့်အစား ဖန်သားပြင်ကိုပဲ စိုက်ကြည့်နေမိပါသလား။ နည်းပညာ ကို အကျိုးရှိအောင် အသုံးချနေပါသလား၊ ဒါမှမဟုတ် နည်းပညာက ကျွန်တော်တို့ကို ထိန်းချုပ်နေပြီလား။ ဒီမေးခွန်းတွေဟာ ဒီနေ့ခေတ်လူတိုင်း ရင်ဆိုင်နေရတဲ့ လက်တွေ့ဘဝပါ။ ဒီဂျစ်တယ်နည်းပညာတွေဟာ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝ အစိတ်အပိုင်းတွေဖြစ်လာပြီး လူမှုဘဝကို အရင်ကနဲ့မတူတဲ့ ပုံစံအသစ်တွေအဖြစ် ပြောင်းလဲစေပါတယ်။ ဒီဆောင်းပါးမှာ ဒီဂျစ်တယ်ခေတ်ရဲ့ ကောင်းကျိုးနဲ့ ဆိုးကျိုးတွေ၊ နည်းပညာ ပြိုင်ဆိုင်မှုရဲ့သက်ရောက်မှုတွေ၊ AI နဲ့ ပတ်သက်တဲ့ ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။



**ကောင်းကျိုးများ**

**ဆက်သွယ်ရေးအဆင်ပြေခြင်း။** အရင်တုန်းကဆို လူတစ်ယောက်နဲ့တစ်ယောက် စကားပြောဖို့၊ သတင်းစကား ပေးပို့ဖို့ဆိုတာ အချိန်ယူရပြီး ခက်ခဲပါတယ်။ အခုတော့ ဖုန်းတွေ၊ အင်တာနက်တွေကြောင့် ကမ္ဘာ့တစ်ဖက်က လူတွေနဲ့ပါ တိုက်ရိုက်ပြောဆိုဆက်သွယ်နိုင်ပါပြီ။ Facebook၊ Instagram နဲ့ TikTok တို့လို လူမှုကွန်ရက်တွေကနေ ဝါသနာတူတဲ့သူတွေနဲ့ အွန်လိုင်းအသိုင်းအဝိုင်းတွေဖန်တီးနိုင်ပါတယ်။

**စီးပွားရေးနှင့် အလုပ်အကိုင်။** အင်တာနက်ရှိတဲ့ ဘယ်နေရာကနေမဆို အလုပ်လုပ်နိုင်တဲ့ အဝေးမှအလုပ်လုပ်ခြင်း (Remote Work) တွေ ခေတ်စားလာပါတယ်။ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး(E-commerce)ကြောင့် အွန်လိုင်းကနေ ပစ္စည်းဝယ်တာ၊ ရောင်းတာတွေလည်း ပိုမိုလွယ်ကူလာပါတယ်။

**အွန်လိုင်းပညာရေးရရှိနိုင်မှု။** ပညာသင်ကြားမှုပုံစံတွေ ပြောင်းလဲလာပြီး အွန်လိုင်းမှ စာသင်ကြားခြင်း၊ ဗဟုသုတ ရှာဖွေခြင်းတွေက အရင်ကထက် အများကြီး ပိုလွယ်ကူလာပါတယ်။ စာကြည့်တိုက်တွေ၊ ပြတိုက်တွေလို နေရာတွေကို မသွားနိုင်ရင်တောင် အင်တာနက်ကနေ ကိုယ်သိချင်တာမှန်သမျှ အချိန်မရွေး ရှာဖွေနိုင်ပါတယ်။



**ကျန်းမာရေးနှင့် လူမှုဖူလုံရေး။** ကျန်းမာရေး ကဏ္ဍမှာလည်း ဆရာဝန်နဲ့ အွန်လိုင်းကနေ ဆွေးနွေးတာ (Telemedicine)၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေကို မှတ်သားထားတာမျိုးတွေလုပ် ဆောင်နိုင်ပါတယ်။

### ဆိုးကျိုးများ

**လူမှုဆက်ဆံရေးထိခိုက်မှု။** အွန်လိုင်းကမ္ဘာထဲမှာ အချိန်ကုန်တာများလာတဲ့အခါ တကယ့်လက်တွေ့ဘဝက လူတွေနဲ့ မျက်နှာချင်းဆိုင် ပြောဆိုဆက်ဆံမှုတွေ နည်းသွားပြီး အပေါ်ယံ ဆက်ဆံရေးတွေသာ ဖြစ်လာတတ်ပါတယ်။ ပညာရှင်များ၏ သုတေသန လေ့လာချက်များစွာကလည်း ဒီဂျစ်တယ်နည်းပညာကြောင့် လူမှုဆက်ဆံရေး လျော့နည်းလာခြင်းကို အတည်ပြုနေကြပါတယ်။ ဒါ့အပြင်၊ အွန်လိုင်းပတ်ဝန်းကျင်က စိတ်ပိုင်းဆိုင်ရာ ထိခိုက် မှု တွေကို ပိုမိုလွယ်ကူစေပါတယ်။ ဆိုရှယ်မီဒီယာတွေပေါ်မှာ အချို့သော ပုံရိပ်ယောင်ပြီးပြည့်စုံမှုတွေကိုကိုယ့်ဘဝနဲ့ နှိုင်းယှဉ်ခြင်းမိတဲ့အခါ စိတ်ဖိစီးမှုနှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုလျော့နည်းလာနိုင်သလို၊ အွန်လိုင်းပေါ်က ဆိုက်ဘာအနိုင်ကျင့်မှု (Cyberbullying) ခံရခြင်းက စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုကို ပြင်းထန်စေပြီး၊ အထီးကျန်မှု၊ စိတ်သောကနဲ့ စိတ်ကျရောဂါတွေပါ ဖြစ်ပေါ်လာစေနိုင်တယ်ဆိုတာ သတိပြုသင့်ပါတယ်။



**ကလေးများနှင့်ဦးနှောက်ဉာဏ်ရည်ထိခိုက်မှု။** ဒီဂျစ်တယ်ခေတ်မှာ ကလေးတွေဟာ ဖုန်း/ ကွန်ပျူတာရှေ့မှာ အချိန်ပိုကုန်လာပြီး ပြင်ပလှုပ်ရှားမှုတွေ နည်းပါးလာပါတယ်။ ဖုန်း/ ကွန်ပျူတာ အလွန်အကျွံ သုံးစွဲခြင်းဟာ မျက်စိကို ထိခိုက်စေနိုင်သလို၊ ကျောင်းစာကို အာရုံမစိုက်နိုင်တော့တာ၊ စာမမှတ်မိတာစတဲ့ ဦးနှောက် ဉာဏ်ရည်ထိခိုက်မှုတွေလည်း ဖြစ်လာနိုင်ပါတယ်။



**နည်းပညာကွာဟချက်။** နည်းပညာကို အလွယ်တကူရရှိသုံးစွဲနိုင်သူတွေနဲ့ မရရှိနိုင်သေးတဲ့ သူတွေအကြား ကွာဟမှုတွေ ပိုများလာနိုင်ပါတယ်။ မြို့ပြနဲ့ ကျေးလက်အကြား၊ ဝင်ငွေနည်းသူနဲ့ များသူအကြား ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း မညီမျှမှုတွေ ပိုမိုဖြစ်ပေါ်လာစေပါတယ်။ လောလောဆယ် ကမ္ဘာတစ်ဝှမ်းတွင် အင်တာနက်သုံးစွဲခွင့်မရသူ ၂.၆ ဘီလျံကျော် ရှိနေကြောင်း International

Telecommunication Union (ITU) ၏ 2024 Facts and Figures အစီရင်ခံစာမှ အတည်ပြုထားပါတယ်။ ဒါကြောင့် နည်းပညာပြိုင်ဆိုင်မှုများနှင့် လူမှုဆက်ဆံရေးအပေါ် သက်ရောက်မှုများကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။



## ကမ္ဘာ့ပြောင်းလဲမှုနှင့် နည်းပညာပြိုင်ဆိုင်မှုများ

ဒီဂျစ်တယ်ခေတ်ဟာ လူမှုဘဝအပေါ် တိုက်ရိုက်သက်ရောက်မှုတွေရှိသလို ကမ္ဘာ့အဆင့် အပြောင်းအလဲတွေနဲ့ နည်းပညာပြိုင်ဆိုင်မှုတွေကလည်း သွယ်ဝိုက်တဲ့နည်းနဲ့ လူသားတွေကို သက်ရောက်မှုရှိစေပါတယ်။ ဉာဏ်ရည်တု (AI) လို နည်းပညာတွေဟာ အရှိန်အဟုန်နဲ့ တိုးတက်နေသလို၊ ဒီနည်းပညာတွေကို ထိန်းချုပ်ပိုင်ဆိုင်ဖို့အတွက် နည်းပညာကုမ္ပဏီကြီးတွေကြား ပြိုင်ဆိုင်မှုတွေလည်း အပြင်းအထန် ဖြစ်ပေါ်နေပါတယ်။

**Nokia ရဲ့ သင်ခန်းစာ။** အရင်ခေတ်က မိုဘိုင်းဖုန်းဈေးကွက်မှာ Nokia ဟာ ထိပ်ဆုံးကနေ ဦးဆောင်ခဲ့တဲ့ ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ Apple ရဲ့ iPhone နဲ့ Google ရဲ့ Android စနစ်တွေ ပေါ်ပေါက်လာတဲ့အခါမှာ နည်းပညာအပြောင်းအလဲကို အမီလိုက်နိုင်ခြင်း မရှိတဲ့အတွက် ဈေးကွက်ဝေစု အကြီးအကျယ်ဆုံးရှုံးပြီး နောက်ဆုံးမှာတော့ ပြိုင်ပွဲကနေ နုတ်ထွက်သွားခဲ့ရပါတယ်။ ဒါဟာ နည်းပညာ ပြိုင်ဆိုင်မှုကြောင့် စီးပွားရေးလောကမှာ ဘယ်လို အကြီးအကျယ် သက်ရောက်မှုရှိတယ်ဆိုတာကို ပြသနေတဲ့ ဥပမာတစ်ခု ဖြစ်ပါတယ်။

**နည်းပညာကုမ္ပဏီကြီးများ၏ အပြိုင်အဆိုင်ထုတ်လုပ်ခြင်း။** Apple နဲ့ Microsoft တို့ရဲ့ ကွန်ပျူတာစနစ် ပြိုင်ဆိုင်မှု၊ Samsung နဲ့ Apple ရဲ့ စမတ်ဖုန်းပြိုင်ဆိုင်မှုတွေဟာ နည်းပညာတွေ အဆက်မပြတ် ဆန်းသစ်တီထွင်လာဖို့အတွက် တွန်းအား ဖြစ်စေပါတယ်။ ဒီလိုအားပြိုင်မှုတွေကြောင့်လည်း ကျွန်တော်တို့ဟာ ပိုမိုကောင်းမွန်တဲ့ ကွန်ပျူတာတွေ၊ ဖုန်းတွေနဲ့ ဝန်ဆောင်မှုတွေကို အသုံးပြုခွင့် ရရှိနေတာဖြစ်ပါတယ်။

**စစ်လက်နက်နှင့်ဆိုက်ဘာလုံခြုံရေးတင်းမာမှုများ။** နည်းပညာ ပြိုင်ဆိုင်မှုဟာ စီးပွားရေး နယ်ပယ်မှာတင်မကဘဲ စစ်လက်နက်နဲ့ ဆိုက်ဘာလုံခြုံရေးနယ်ပယ်မှာပါ အရေးပါလာပါတယ်။ နိုင်ငံအချင်းချင်းကြား နည်းပညာပိုင်ဆိုင်မှုနဲ့ လုံခြုံရေးဆိုင်ရာတင်းမာမှုတွေကလည်းကမ္ဘာ့ငြိမ်းချမ်းရေးကို သွယ်ဝိုက်တဲ့နည်းနဲ့ သက်ရောက်မှုရှိနေပါတယ်။

## AI နှင့် ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများ

AI နည်းပညာ တိုးတက်ပြောင်းလဲလာမှုက ကျွန်တော်တို့ရဲ့နေ့စဉ် လူမှုဘဝတွေအပြင် စီးပွားရေးလုပ်ငန်းနယ်ပယ် တွေအထိ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်လာပါပြီ။ AI ကို အကျိုးရှိစွာ အသုံးချရင် အလုပ်လုပ်နိုင်စွမ်း ပိုမိုမြင့်မားလာနိုင်ပေမယ့် တစ်ချိန်တည်းမှာပဲ ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုအသစ်တွေနဲ့ ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်တွေလည်း ဖြစ်ပေါ်နေပါတယ်။

## ပညာရေးနယ်ပယ်မှာ AI ရဲ့ အခန်းကဏ္ဍ

၂၀၂၅ GEM Report for East Asia ရဲ့ အဆိုအရ အရှေ့အာရှဒေသဟာ ပညာရေးမှာ AI ကို ဦးဆောင် အသုံးပြုနေပါတယ်။ဥပမာအနေနဲ့ တရုတ်နိုင်ငံဟာ AI ပညာရေးမှာ ကမ္ဘာ့ဦးဆောင်သူ ဖြစ်လာဖို့ ရည်မှန်းထားပြီး၊ ၂၀၂၃ ခုနှစ်အထိ တက္ကသိုလ် ၁,၀၀၀ ကျော်မှာ AI နဲ့ သက်ဆိုင်တဲ့ သင်တန်းတွေ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ်အထိမှာတော့ တရုတ်နိုင်ငံဟာ အဆင့်မြင့်ပညာရေး



အပြင် အခြေခံပညာရေး (မူလတန်း၊ အလယ်တန်း) မှာပါ AI သင်ကြားမှုတွေကို မဖြစ်မနေ ထည့်သွင်းဖို့စီမံချက်တွေချမှတ်နေပါပြီ။ဂျပန် နိုင်ငံမှာတော့ AI ကို သုတေသနကဏ္ဍမှာအဓိကထားအသုံးပြုပြီးသုတေသနလက်ထောက်စနစ်တွေ ဖန်တီးပြီးသုတေသနနှင့် ဖွံ့ဖြိုး တိုးတက်ရေး (R&D) အတွက် ဒေါ်လာ ၅ ဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံထားပါတယ်။ အဲ့လိုပဲ ရုရှားနိုင်ငံကလည်း AI ပညာရှင်တွေမွေးထုတ်ဖို့အထူးအလေးပေးပြီး ကျောင်းသား ၁ သိန်းကို AI နည်းပညာတွေနဲ့ သင်ကြားပေးဖို့ ရည်မှန်း ထားပါတယ်။

## ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်း လျော့နည်းလာနိုင်ခြင်း

AI ဟာ လူသားတွေရဲ့ စဉ်းစားတွေးခေါ်မှုတွေကို နည်းပညာနဲ့ ဖန်တီးထားတဲ့ ပရိုဂရမ်တစ်ခုဖြစ်တာကြောင့် သူ့ကို အလွန်အမင်း အားထားမိတဲ့အခါမှာ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်စွမ်းနဲ့ တွေးခေါ်နိုင်စွမ်းတွေ လျော့နည်းလာနိုင်တယ်ဆိုတာ သတိပြုဖို့လိုပါတယ်။

## ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်မှုနှင့် AI အခန်းကဏ္ဍ

ကမ္ဘာ့နိုင်ငံများစွာက AI နည်းပညာကို အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ မောင်းနှင်အားအဖြစ် ရှုမြင်နေကြပြီး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်ရာမှာ AI နယ်ပယ်ဟာ အဓိကနေရာမှ ပါဝင်လာပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အဆင့်မြင့်ပညာရေးစနစ်က AI ပညာရှင်တွေကို ဘယ်လောက်မွေးထုတ်ပေးပြီး၊ AI သုတေသန (R&D) အတွက် အခြေခံအဆောက်အအုံတွေ ဘယ်လောက်ထိခိုင်မာကြောင်း ပြသနိုင်မှုဟာ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် အရေးပါတဲ့ ဆုံးဖြတ်ချက်ချရာမှာ ထည့်သွင်းစဉ်းစားတဲ့ အချက်တွေ ဖြစ်လာပါတယ်။

တရုတ်၊ ဂျပန်နဲ့ ရုရှားတို့လို နိုင်ငံတွေရဲ့ AI ပညာရေးနှင့် သုတေသနတွေမှာ ဒေါ်လာ ဘီလီယံ နဲ့ချီ ရင်းနှီးမြှုပ်နှံနေခြင်းက AI နယ်ပယ်ကနေတစ်ဆင့် ရေရှည်စီးပွားရေးအကျိုးအမြတ်ကို မျှော်မှန်းထားတာကြောင့်ပဲ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲသူတွေအနေနဲ့ AI က ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးခြင်း၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွေကို တိုးတက်စေခြင်းနဲ့ ဆန်းသစ်တီထွင်မှုတွေကို အားပေးခြင်းဖြင့် နိုင်ငံရဲ့ စီးပွားရေးပြိုင်ဆိုင်နိုင်စွမ်းကို တိုက်ရိုက် မြှင့်တင်ပေးတယ်လို့ ယုံကြည်ကြပါတယ်။ ဒါကြောင့်၊ ခေတ်မီပြီး ကျွမ်းကျင်မှုရှိတဲ့ AI ပညာရှင်တွေ မွေးထုတ်ပေးနိုင်တဲ့ နိုင်ငံတွေက လာမည့်ဆယ်စုနှစ်များအတွက် စီးပွားရေးနှင့် နည်းပညာဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွေကို အောင်မြင်စွာ ဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် AI ကို စနစ်တကျနဲ့ မှန်ကန်တဲ့လမ်းကြောင်းမှာ အသုံးပြုဖို့အတွက် ပရော်ဖက်ရှင်နယ်ပီသစွာ အသုံးပြုပြီး ပုဂ္ဂလိကကျင့်ဝတ်နှင့် ရိုးသားမှုကို အမြဲတမ်း ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ AI ရဲ့ အဆိုးတရားတွေ အလွန်အကျွံ ဖြစ်မလာစေဖို့အတွက် ဥပဒေအထိန်းအကျောင်းတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ပြီး ထိန်းချုပ်ကာကွယ်ဖို့ လိုအပ်ပါတယ်။

## အကြံပြုချက်များ

ဒီဂျစ်တယ်ခေတ်ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့နဲ့ နည်းပညာရဲ့ အကောင်းဆုံး အကျိုးကျေးဇူးတွေကို ရယူနိုင်ဖို့အတွက် အောက်ပါအချက်တွေလိုက်နာဖို့ အရေးကြီးပါတယ်-

**ဟန်ချက်ညီအောင် ထိန်းညှိခြင်း။** နည်းပညာကို အလွန်အကျွံ စွဲလမ်းခြင်းကနေ ရှောင်ရှားပြီး လက်တွေ့ဘဝက လူမှုဆက်ဆံရေးတွေကို ဦးစားပေးဖို့ လိုအပ်ပါတယ်။ မိသားစုနဲ့ သူငယ်ချင်းတွေနဲ့အတူ အချိန်ပေးတာ၊ အွန်လိုင်းပေါ်ကနေ ခဏတာ အနားယူတာမျိုး လုပ်သင့်ပါတယ်။ အထူးသဖြင့် မိဘတွေအနေနဲ့ သားသမီးတွေကို ဖုန်း/ ကွန်ပျူတာ သုံးခွင့်အချိန် သတ်မှတ်ပေးတာ၊ အပြင်ထွက်ကစားဖို့နဲ့ အားကစားလုပ်ဖို့ တိုက်တွန်းတာ၊ အိပ်ချိန်ပြည့်ဝဖို့ ဂရုစိုက်ပေးတာ စတဲ့အချက်တွေကို အလေးထားလုပ်ဆောင်သင့်ပါတယ်။

**အသိဉာဏ်ဖြင့် အသုံးပြုခြင်း။** အင်တာနက်ပေါ်က သတင်းအချက်အလက်အားလုံး မှန်ကန်တယ်လို့ ယူဆလို့ မရပါဘူး။ သတင်းမှားတွေ၊ ကောလဟာလတွေကို ဆင်ခြင်သုံးသပ်ပြီး ဝေဖန်ဆန်းစစ်တတ်ဖို့လည်း လိုအပ်ပါတယ်။

**ဒီဂျစ်တယ် လူ့ကျင့်ဝတ် လိုက်နာခြင်း။** အွန်လိုင်း အသိုင်းအဝိုင်းမှာ အချင်းချင်းလေးစားမှုရှိပြီး တာဝန်ယူမှုရှိတဲ့ နည်းလမ်းနဲ့ ဆက်ဆံပြောဆိုဖို့ကလည်း အရေးကြီးပါတယ်။ အွန်လိုင်းအနိုင်ကျင့်တာ (Cyberbullying) တွေနဲ့ အခြားစိတ်အနှောင့်အယှက်ဖြစ်စေတဲ့ အပြုအမူတွေကို ရှောင်ရှားရပါမယ်။

အထက်ပါအချက်အလက်တွေကို ခြုံပြီးပြောရရင် ဒီဂျစ်တယ်ခေတ်ရဲ့ လူမှုဘဝဟာ နည်းပညာကို

ဘယ်လောက်အထိ အသိဉာဏ်နဲ့ တာဝန်ယူမှုရှိရှိ အသုံးချနိုင်လဲဆိုတဲ့ အပေါ်မှာပဲ မူတည်နေပါတယ်။ ဥပမာအားဖြင့် ရုံးအလုပ်တွေမှာ ဉာဏ်ရည်တု (AI) ကို စနစ်တကျ အသုံးချပြီး လုပ်သားတွေရဲ့ အလုပ်အခက်အခဲလျှော့ချခြင်း၊ မိသားစုနဲ့အတူရှိတဲ့အခါ ဖုန်း/ကွန်ပျူတာကင်းကွာချိန်) screen-free time) သတ်မှတ်ထားခြင်း၊ အွန်လိုင်းသတင်းတွေကို fact-check လုပ်ပြီးမှ မျှဝေခြင်းတို့က အဲဒီအသိပညာနဲ့ တာဝန်ယူမှုကို လက်တွေ့ပြသတဲ့ နမူနာတွေ ဖြစ်ပါတယ်။

နိဂုံး

ဒီဂျစ်တယ်ခေတ်ကြီးက ကျွန်တော်တို့ရဲ့ လူမှုဘဝကို အံ့မခန်းပြောင်းလဲပေးခဲ့ပြီး အကျိုးကျေးဇူးတွေ များစွာ ပေးစွမ်းနိုင်ခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အားလုံးဟာ ဒီနည်းပညာရဲ့ ကောင်းကျိုးတွေကို လက်ခံရင်းနဲ့ တပြိုင်နက်တည်းမှာပဲ စိန်ခေါ်မှုတွေကို ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ဒီဂျစ်တယ်ခေတ်ရဲ့ လူမှုဘဝဟာ နည်းပညာကို ဘယ်လောက်အထိ လိမ္မာပါးနပ်စွာ အသုံးချနိုင်လဲဆိုတာအပေါ်မှာပဲ မူတည်နေပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ပြောင်းလဲတိုးတက်လာတဲ့ ခေတ်ရေစီးကြောင်းမှာ လူမှုစီးပွားဘဝတွေ တိုးတက်ဖို့အတွက် AI အပါအဝင် နည်းပညာအသစ်အဆန်းတွေကို မျက်ခြေမပြတ် လိုက်ပါစီးမျောနိုင်ဖို့ လိုအပ်ပါတယ်။ ဘယ်အရာမဆို အကောင်းအဆိုး ဒွန်တွဲနေတတ်တာကြောင့် အကောင်းဘက် ပိုမိုရောက်ရှိအောင် တီထွင်ဆန်းသစ်ဖန်တီးနေဖို့ လိုအပ်သလို အဆိုးဘက်ကို အလွန်အမင်း ရောက်မသွားစေဖို့ ဥပဒေအထိန်းအကျောင်းတွေနဲ့ပါ ကာကွယ်ထိန်းချုပ်နိုင်ဖို့ လိုအပ်ပါတယ်။ အရေးအကြီးဆုံးကတော့ မိမိကိုယ်တိုင်က ကျင့်ဝတ်နဲ့ ရိုးသားမှုရှိအောင်၊ ပရော်ဖက်ရှင်နယ်ပီသအောင် ခံယူချက်ကောင်းတွေ ထားရှိဖို့ကသာ အရင်းခံဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

Source: https://www.itu.int/itu-d/reports/statistics/2024/11/10/ff24-internet-use/

ဒေါ်စန္ဒာမြင့်
ဦးစီးအရာရှိ

## ကုန်စည်ပြပွဲ အခြေပြု နိုင်ငံတကာ ဈေးကွက်ဖော်ဆောင်ရေးသို့

ကုန်စည်ပြပွဲလုပ်ငန်း (**Exhibition Industry**) ကို စနစ်တကျနဲ့ ရေရှည်ဖွံ့ဖြိုး တိုးတက်စေခြင်းဟာ နိုင်ငံနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသလို နိုင်ငံအတွင်း နိုင်ငံတကာဈေးကွက် ဖွံ့ဖြိုးမှုနဲ့ နိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံများမှာဒေသတွင်းနဲ့ နိုင်ငံတကာကုန်စည်ပြပွဲများကို လက်ခံကျင်းပခြင်းဖြင့် နိုင်ငံရဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့ ဒေသခံများရဲ့ အသေးစား၊ အငယ်စား နှင့် အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကာ နိုင်ငံ့စီးပွားတိုးတက်ရေး အတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ရပ်တည်လျက် ရှိကြောင်းတွေ့ရှိရပါတယ်။

ကုန်စည်ပြပွဲဟာ နိုင်ငံ့စီးပွားရေး မောင်းနှင်အားဖြစ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ရာမှာ အဓိကအခန်းကဏ္ဍမှပါဝင်သလို နိုင်ငံရဲ့စီးပွားရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအား တစ်ခုလည်းဖြစ်ပါတယ်။ ကုန်စည်ပြပွဲ ကျင်းပခြင်းကြောင့် မိမိနိုင်ငံကို နိုင်ငံတကာစီးပွားရေးရဲ့ ဈေးကွက်ဗဟိုချက် (Business Hub) အဖြစ် တည်ဆောက်နိုင်ပါတယ်။ ကုန်စည်ပြပွဲဟာ အဆင့်မြင့်ခရီးသွားလုပ်ငန်း (High -value Tourism) မြှင့်တင်ရေး လုပ်ငန်းတစ်ခုဖြစ်ပြီး ခရီးသွားလာရေး ကဏ္ဍမှရရှိတဲ့ နိုင်ငံရဲ့ GDP ကိုလည်း တိုးတက်စေနိုင်ပါတယ်။ ကုန်စည်ပြပွဲ ပလက်ဖောင်းဟာ မိမိ ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ မိတ်ဆက်ခြင်း၊ နိုင်ငံတကာ ကုန်သည်များနှင့် Networking တည်ဆောက်ခြင်း၊ ကုန်အမှတ်တံဆိပ် အသိပညာနှင့် ဈေးကွက်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေတွေကို လေ့လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါတယ်။ ကုန်စည်ပြပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ငန်းစုကို နိုင်ငံတကာမှာ MICE Industry လို့ အတိုကောက် ခေါ်ဆိုပါတယ်။ MICE Industry မှာ Meetings (အစည်းအဝေး ကျင်းပခြင်း)၊ Incentives (ဆက်စပ်အကူအညီပေးရေး လုပ်ငန်းများ၊ ဥပမာ-ဟိုတယ် လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလာရေး လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ)၊ Conferences

(ညီလာခံ၊ စီးပွားရေးတွေ့ဆုံပွဲ)၊ Exhibitions (ကုန်စည်ပြပွဲနှင့် အခမ်းအနားများ) ပေါင်းစပ်ဆောင်ရွက်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံများဟာ သူတို့နိုင်ငံမှာ ဒေသဆိုင်ရာ ကုန်စည်ပြပွဲနဲ့ ထုတ်ကုန်အခြေပြု ကုန်စည်ပြပွဲများ လက်ခံကျင်းပနိုင်အောင် လုပ်ထုံး လုပ်နည်းများချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။

### မှတ်သားဖွယ်ရာ မြန်မာ့ကုန်စည်ပြပွဲများ

မြန်မာနိုင်ငံမှာ နိုင်ငံတော်အဆင့် ကုန်စည်ပြပွဲတွေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်မှာ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ ကျင်းပခဲ့ပါတယ်။ **"မြန်မာကုန်စည် ပြပွဲ-၉၄"** ကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) မှာ **"ပို့ကုန်မြင့်မား ပြည့်စွမ်းအား"** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါတယ်။

**"မြန်မာကုန်စည်ပြပွဲ - ၉၅"** ကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၃ ရက်နေ့ အထိ ရန်ကုန်မြို့၊ သိမ်ကြီးဈေးရှိ မြန်မာ့ကုန်တိုက်တွင် "ကုန်သွယ်မှုမှ ဝေမျှခံစားအကျိုးစီးပွား" ဆောင်ပုဒ်ဖြင့် ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ **"မြန်မာကုန်စည်ပြပွဲ - ၉၆"** ကို ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်)တွင် မြန်မာ့ခရီးသွားနှစ် ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာ-တရုတ် နယ်စပ် ကုန်စည်ပြပွဲကိုလည်း ကုန်သွယ်ရေးဝန်ကြီးဌာန (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)နှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၊ မူဆယ်မြို့နှင့်



မြန်မာကုန်စည်ပြပွဲ-၉၅ အား နိုင်ငံတော်အကြီး အကဲမှ လှည့်လည်ကြည့်ရှုအားပေးစဉ်

တရုတ်နိုင်ငံ ၊ ရွှေလီမြို့တို့တွင်၂၀၀၄ ခုနှစ်မှ စတင်၍ နှစ်စဉ် ဒီဇင်ဘာလတွင် အလှည့်ကျ ကျင်းပပြုလုပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၀၄ ခုနှစ် ၊ ဒီဇင်ဘာလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ **"The First CLMTV-ECS Trade Fair – 2004" ကို** "Towards Prosperity of Five Nations" ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံမှ ဦးဆောင်၍ ရန်ကုန်မြို့ Myanmar Convention Center တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။

နောက်ပိုင်းမှာ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ရန်ကုန်မြို့မှာ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့မှာ ၂ ကြိမ် လက်ခံကျင်းပခဲ့ပါတယ်။ မြန်မာ-တရုတ်(လင်ချန်း)ကုန်စည်ပြပွဲကို ၂၀၁၉ ခုနှစ်မှာ လားရှိုးမြို့ မှာလည်းကောင်း၊ ၂၀၂၃ ခုနှစ်မှာ နေပြည်တော်တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

### မြန်မာနိုင်ငံ၏ ကုန်စည်ပြပွဲလုပ်ထုံးလုပ်နည်း

ကုန်စည်ပြပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရဲ့ မြန်မာနိုင်ငံပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅)တွင် ကုန်စည်ပြပွဲများ ကျင်းပခြင်း



မြန်မာ-တရုတ် စီးပွားရေးကုန်စည်ပြပွဲကို ၂၀၂၃ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပစဉ်

အတွက် ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းဖော်ပြခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဟာ ကုန်စည်ပြပွဲ လုပ်ငန်းများမြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်း/ပြည်ပ ကုန်စည် ပြပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတင်းလွှာ ၁/၂၀၂၅ ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပြီးဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်း ဒေသကြီး

အစိုးရအဖွဲ့များနှင့် စီးပွားရေးအဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ လုပ်ထုံးလုပ်နည်း သတင်းလွှာမှ ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပရာမှာ လုပ်ငန်းရှင်များ သိရှိသင့်သည့် အချက်အလက်အချို့ကို ကောက်နုတ်တင်ပြထားပါတယ်။

## မြန်မာနိုင်ငံတွင် ကုန်စည်ပြပွဲကျင်းပခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီများဟာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှာ ပြပွဲစီစဉ်ကျင်းပသူ (organizer) အဖြစ် ကုမ္ပဏီမှတ်ပုံတင် လက်မှတ် (မိတ္တူ)၊ Company Director List၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် (မိတ္တူ)၊ ကုမ္ပဏီ၏ အခွန်ထမ်းဆောင်မှု (၃ နှစ်စာ)၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာ အသင်း၏ ထောက်ခံချက်တို့ဖြင့် မှတ်ပုံတင် လျှောက်ထားနိုင်ပါတယ်။

ပြပွဲစီစဉ်ကျင်းပသူ (organizer)များ အနေဖြင့် ပြည်တွင်း ကုမ္ပဏီ/လုပ်ငန်းရှင်များ စုပေါင်း ပြသသော ကုန်စည်ပြပွဲများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နိုင်ပါတယ်။ ပြည်ပနိုင်ငံများမှလာရောက်ပြသခြင်း၊ ပူးပေါင်းပြသခြင်းနဲ့ ပြည်ပဝယ်ယူသူများ ဖိတ်ခေါ်ခြင်းစသည့် ကုန်စည်ပြပွဲများကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက် ရယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကုန်စည်ပြပွဲ ခွင့်ပြုမိန့်ကို ပြပွဲကျင်းပမည့်ရက် မတိုင်မီ အနည်းဆုံး ၃ လ ကြိုတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ လိပ်မူ၍ ကုန်စည်ပြပွဲအမည် ကျင်းပမည့်နေ့ရက်/အချိန်၊ ကျင်းပမည့်နေရာဒေသ၊ ပြသမည့် ပစ္စည်းအမျိုးအစား၊ ပြည်တွင်းထုတ်ကုန် (သို့မဟုတ်) ပြည်ပမှ တင်သွင်းကုန်ဖြစ်ကြောင်း ဖော်ပြချက်၊ ကုန်စည်ပြပွဲ စီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း ပူးပေါင်းကျင်းပသော ပြပွဲဖြစ်ပါက ပြည်တွင်းမှ ပြပွဲစီစဉ်ကျင်းပသူနှင့် ပြည်ပမှ တာဝန်ခံစီစဉ် ကျင်းပသူ (Foreign Organizer) တို့အကြား ချုပ်ဆိုထားသော သဘောတူညီချက် (မိတ္တူ)၊ လုံခြုံရေး ကိစ္စရပ်များ ဆောင်ရွက်မည့် အစီအမံနှင့် လုံခြုံရေးကိစ္စရပ်များကို တာဝန်ယူမည်ဖြစ်ကြောင်း ကတိခံဝန်ချက်၊ ပြပွဲကျင်းပမည့် ပြပွဲခန်းမ ဌားရမ်းခြင်းအတွက် ပဏာမသဘောတူညီချက်အထောက်အထား (မိတ္တူ)၊ ပြပွဲအတွက် တာဝန်ပေးအပ်ထားသည့် ဆိပ်ကမ်းရှင်းလင်းရေးနှင့် အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ် အမည်/ကုမ္ပဏီအမည်နဲ့ လွှဲအပ်စာမူရင်း တို့ကို တင်ပြလျှောက်ထားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံ တင်ထားသော စီးပွားရေးသမဝါယမ အသင်းအဖွဲ့များ၊ ကုန်သည်အသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများက ပြည်တွင်းတွင် ကုန်စည်ပြပွဲများ ကျင်းပလိုပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တွင် တရားဝင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီတစ်ခုအား ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer)အဖြစ် တာဝန်ပေး၍ ဆောင်ရွက်နိုင်ပါတယ်။

## ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) ၏ တာဝန်များ

ကုန်စည်ပြပွဲ စီစဉ်ကျင်းပသူ (Organizer) များ အနေနဲ့ အောက်ပါအချက်များကို တာဝန်ယူ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်-

- ကုန်စည်ပြပွဲ ကျင်းပခွင့်ပြုမိန့် ရရှိရေးနှင့် ပြပွဲတွင် ပြသမည့် ပစ္စည်းများ တင်သွင်း၊ တင်ပို့ခွင့် ရရှိရေး ဆောင်ရွက်ခြင်း။
- ပြည်ပမှလုပ်ငန်းရှင်များ ပြည်တွင်းသို့ လာရောက်ရာတွင် သွားလာတည်းခိုနေထိုင်ရေး အဆင်ပြေစေရန် အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း။
- ပြပွဲခန်းမရရှိရေး၊ ပြခန်းများတည်ဆောက်ခြင်း၊ On Site Handling ကိစ္စများ စီစဉ်ဆောင်ရွက်ခြင်း။
- သတင်းမီဒီယာများတွင် ကြော်ငြာခြင်း၊ ဖွင့်ပွဲအခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း။
- ကုန်စည်ပြပွဲတွင် လာရောက်ပြသသည့် လုပ်ငန်းရှင်များ၊ လေ့လာသူများ အားလုံး၏ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့်ဆောင်ရွက်ခြင်း။
- သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နှင့်ညှိနှိုင်း၍ ကုန်စည်ပြပွဲတွင် ပြသ၊ လေ့လာသူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြပွဲတွင် ခင်းကျင်းရောင်းချမည့် စားသောက်ဆိုင်များ၏ အစား

အသေသောက်များ အန္တရာယ် ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ပေးခြင်း။

- ကုန်စည်ပြပွဲတွင် တင်သွင်းပြသသည့် ပစ္စည်းများအား အကောက်ခွန် ရှင်းလင်းရေးဆိုင်ရာ ကိစ္စများနှင့် ဆိပ်ကမ်း ရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ခြင်း။
- ပြပွဲတွင် ရောင်းချသည့်ပစ္စည်းများ (One Stop Service) အဖွဲ့ဖြင့် သွင်းကုန်လိုင်စင်ထုတ်ပေးရေး၊ တင်သွင်းလာသော ပြပွဲပစ္စည်းများ စျေးနှုန်းမှန်ကန်မှုရှိစေရေး၊ ပြပွဲပြီးဆုံး ပြီးနောက် ပြန်လည်တင်ပို့မည့်ပစ္စည်းများ တင်သွင်းလာသော နိုင်ငံသို့ စနစ်တကျပြန်လည် တင်ပို့ နိုင်ရေး ဆောင်ရွက်ခြင်း။
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လာရောက်ပြသသည့် လုပ်ငန်းရှင်များ၊ လေ့လာသူများအားလုံးက တိကျစွာလိုက်နာနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။
- ပြပွဲကျင်းပခဲ့မှုအခြေအနေ အစီရင်ခံစာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ပြပွဲကျင်းပပြီး ၁ လ အတွင်း အပြီးတင်ပြခြင်း။

## ပြသမည့်ပစ္စည်းများ တင်သွင်းခြင်း

ကုန်စည်ပြပွဲတွင် ပြသမည့်ပစ္စည်းများကို အထွေထွေခွင့်ပြုမိန့် (**Open General License-OGL**) ဖြင့် တင်သွင်းခွင့်ပြုထားပြီး ပြပွဲကျင်းပမည့်ရက်မတိုင်မီ ကြိုတင်ရောက်ရှိရမှာ ဖြစ်ပါတယ်။ ပြပွဲပြီးဆုံးပါက သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်တင်ပို့ ရမည်ဖြစ်ပါတယ်။

ပြပွဲကာလအတွင်းနှင့် ပြပွဲပြီးနောက် ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းများ ဆောင်ရွက်လိုပါက စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ကြိုတင် တင်ပြလျှောက်ထား၍ ခွင့်ပြုချက်ရရှိမှသာ ရောင်းချခွင့်ပြုသည်။ ပြပွဲတွင် ရောင်းချသည့် ပစ္စည်းများသည် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာဌာနများ၏ စစ်ဆေးခွင့်ပြု ချက်ရယူရမည့် ပစ္စည်းများဖြစ်ပါက ခွင့်ပြုချက်ရယူပြီးမှ ရောင်းချခွင့်ရှိမည် ဖြစ်ပါတယ်။

ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရောင်းချရန်အတွက် လာရောက်ပြသသော ကုန်ပစ္စည်းများအနက်မှ ရောင်းချပြီးနောက် ရောင်းချ၍မရဘဲ ကျန်သည့်ပစ္စည်းများအား ကုန်စည်ပြပွဲ ပြီးဆုံးပြီးသည့်နေ့မှ (၁) လအတွင်း သက်ဆိုင်ရာနိုင်ငံသို့အပြီး ပြန်လည်တင်ပို့ခြင်း၊ သက်ဆိုင်ရာဌာနများသို့ ပြန်လည်ရှင်းလင်း တင်ပြခြင်းတို့ကို ဆောင်ရွက်ရပါမယ်။ ပြန်လည်တင်ပို့ရာတွင် ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုဘဲ အထွေထွေခွင့်ပြုမိန့် (Open General License-OGL) ဖြင့် တင်ပို့ခွင့်ပြုပါတယ်။

ကုန်စည်ပြပွဲတွင် ရောင်းချသည့် ပစ္စည်းများအတွက် ကျသင့်သည့် သွင်းကုန်လိုင်စင်ကြေး၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အခြားသက်ဆိုင်သည့် အခွန်အခများအား သတ်မှတ်နှုန်းထားများအတိုင်း သက်ဆိုင်ရာဌာနများသို့ မပျက်မကွက်ပေးဆောင်ရမှာ ဖြစ်ပါတယ်။

## ကုန်စည်ပြပွဲစျေးကွက်ဖော်ဆောင်ရေး

ကုန်စည်ပြပွဲ အခြေပြု စီးပွားရေးကို အိမ်နီးချင်း ထိုင်းနိုင်ငံတွင် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံမှာ နိုင်ငံတကာ ကုန်စည်ပြပွဲစင်တာ ၉ ခုရှိပြီး နှစ်စဉ်အဓိကကုန်စည်ပြပွဲ ၆၀ ခန့် ကျင်းပလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလ မတိုင်မီ ၂၀၁၉ ခုနှစ် စာရင်းအရ ကုန်စည်ပြပွဲကျင်းပခြင်းမှ နိုင်ငံGDP ရဲ့ အမေရိကန်ဒေါ်လာ ၁.၂၈ ဘီလီယံ သက်ရောက်မှု ရှိခဲ့ပါတယ်။ အလားတူ အရှေ့တောင်အာရှနိုင်ငံတွေဟာလည်း ၎င်းတို့နိုင်ငံတွေမှာ ကုန်စည်ပြပွဲစျေးကွက်ဖော်ဆောင်နိုင်ဖို့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာလည်း ကုန်စည်ပြပွဲတွေကို နိုင်ငံတော်အစိုးရများအနေနဲ့ ခေတ်အဆက်ဆက် အားပေးမြှင့်တင်ဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနဲ့ နိုင်ငံအတွင်းကုန်စည်ပြပွဲအခြေပြု စီးပွားရေးလုပ်ငန်းကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ပြည်တွင်း/ ပြည်ပ ကုန်စည်ပြပွဲများ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ သော့ချက်ဖြစ်တဲ့ ကုန်စည်ပြပွဲလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းမြန်မာနိုင်ငံ၏ ဦးဆောင်မှုကို ပြသနိုင်ပါရန် တိုက်တွန်းရေးသား တင်ပြအပ်ပါတယ်။

(Dr. သက်လွင်ဦး၊ Myantrade)

## မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီအနေအထားနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ

မြန်မာနိုင်ငံသည် ပထဝီဝင်အရ အရှေ့တောင်အာရှ၏ ဗဟိုတွင်တည်ရှိပြီး၊ ဧရိယာစတုရန်းမိုင် ၂၆၁,၂၂၈ ကျယ်ဝန်းကာ မြောက်မှ တောင်သို့ မိုင် ၁,၃၀၀၊ အရှေ့မှ အနောက်သို့ မိုင် ၆၀၀ ခန့် နိုင်သည်။ ကျယ်ဝန်းသောကြောင့် နိုင်ငံကြီးတစ်နိုင်ငံအဖြစ် သတ်မှတ် ထဝီတည်နေရာ အနေအထားအရ အာရှတိုက်၏ အဓိကအင်အားကြီး ၃ နိုင်ငံ ဆုံရာဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံစု၏ အလယ်ဗဟိုတွင် တည်ရှိသည်။


အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်း နိုင်ငံတို့နှင့် နယ်နမိတ်ထိစပ်လျက်ရှိပြီး အာရှတိုက်၏ မဟာဗျူဟာ ဟန်ချက် Strategic Centre of Gravity အဖြစ် တည်ရှိကာ ကမ္ဘာ့လူဦးရေ၏ ၄၀ရာခိုင်နှုန်းအား လွှမ်းမိုးနိုင်သည့် အခြေအနေအား ပိုင်ဆိုင်သောကြောင့် ကမ္ဘာ့အရှေ့နှင့် အနောက်ဘက်ခြမ်းသို့ ဆက်သွယ်သော ပင်လယ်ရေကြောင်းကို ထိန်းချုပ်နိုင်ပြီး အာရှတိုက်၏ စီးပွားရေးနှင့် နိုင်ငံရေးအရ အရေးပါသော ဆုံချက်တစ်ခုအဖြစ် တည်ရှိသည်။ ၁,၃၈၅ မိုင် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသောကြောင့် ပင်လယ်ရေကြောင်းသွားလာရေးနှင့် ကုန်သွယ်ရေးအတွက် အရေးပါသော ရေနက်ဆိပ်ကမ်းများကို တည်ဆောက်နိုင်စေပြီး၊ ကုန်းတွင်းပိတ် တရုတ်နှင့် အိန္ဒိယနိုင်ငံအတွက်ပင်လယ် ထွက်ပေါက်တစ်ခု ဖြစ်သည်။

### ဒေသတွင်းနှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ

နာမည်ကျော် ရေတပ်ဗိုလ်ချုပ်ကြီး မဟန်းက အိန္ဒိယ သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့သည် ပထဝီနိုင်ငံရေး ကံကြမ္မာ၏ ပတ္တာများ The Hinges of Geo-political Destiny ဟု သုံးသပ်ထားသည်။ မြန်မာနိုင်ငံသည် အဆိုပါ သမုဒ္ဒရာနှစ်ခု၏ အနားသတ်နယ်မြေ Rimland တွင် တည်ရှိနေသောကြောင့် ၂၁ ရာစု၏ မဟာဗျူဟာအကျဆုံး ဒေသများထဲမှ တစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အမေရိကန်၊ တရုတ်နှင့် အိန္ဒိယတို့ကဲ့သို့ အင်အားကြီးနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးအရ ဩဇာချဲ့ထွင်လိုသည့် ပစ်မှတ်တစ်ခုဖြစ်သည်။ဤအခြေအနေသည် မြန်မာနိုင်ငံအပေါ်တွင် သံတမန်ရေးရာ စစ်ပွဲများနှင့် ဖိအားပေးမှုများကို ဖြစ်ပေါ်စေနိုင်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ပြိုင်ဆိုင်မှုများကြားတွင် လိမ္မာပါးနပ်စွာ ရပ်တည်ကာ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ပြီး အကျိုးစီးပွားများကို မြှင့်တင်သွားရန် အထူးလိုအပ်လျက်ရှိသည်။

### မြန်မာ- တရုတ်

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်တွင် တည်ထောင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ကောင်းမွန်သော ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား နယ်စပ်ပြဿနာကို ၁၉၆၀ ပြည့်နှစ်တွင် ညှိနှိုင်းဖြေရှင်းနိုင်ခဲ့သည်။ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ကျူးကျော် တိုက်ခိုက်ခြင်း မပြုရေး သဘောတူညီချက်ကို နှစ်ဖက်လက်မှတ် ရေးထိုးခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် သက်တမ်းကုန်ဆုံးခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆဲရေးအတွက် တရုတ်အစိုးရမှ ကြားဝင်ညှိနှိုင်း ပေးလျက်ရှိသည်။



တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို တည်ဆောက်လျက်ရှိပြီးနယ်စပ်ဒေသတည်ငြိမ်ရေး၊ မဟာဗျူဟာမြောက် စီးပွားရေး အကျိုးစီးပွား၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး မူဝါဒနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ အကျိုးစီးပွားကို အခြေခံ၍ လက်တွေ့ကျသော Pragmatic and Interest-

Based မူဝါဒကို ကျင့်သုံးလျက်ရှိသည်။

မြန်မာ- အိန္ဒိယ

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ၎င်းတို့၏ အရှေ့မြောက်ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အရှေ့တောင်အာရှ နိုင်ငံများမှတစ်ဆင့် အာရှနိုင်ငံများသို့ ချိတ်ဆက်နိုင်ရေးအတွက် အချက်အချာကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။



အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် Looking East Policy- LEP အရှေ့မျှော် မူဝါဒဖြစ်ပြီး Neighbourhood First Policy – NFP အိမ်နီးချင်းဦးစားပေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အာဆီယံသို့ထွက်ပေါက်ဖြစ်ရာ အိန္ဒိယအစိုးရ အနေဖြင့် မြန်မာနိုင်ငံနှင့် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ရန်မှာ အရေးပါသော အခန်းကဏ္ဍတွင်ရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့် LEP အား အကောင်အထည်ဖော်ရာ၌ နယ်စပ်ကုန်သွယ်မှုအား ဖြေလျှော့ခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းသယ်ယူပို့ဆောင်ရေး၊ အာမခံလုပ်ငန်း၊ ကုန်စည်သိုလှောင်ရုံ အဆင့်မြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက အိန္ဒိယနိုင်ငံ အရှေ့မြောက်ဖျား ဒေသအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနောက်ကျသော အနောက်မြောက်ပိုင်းဒေသ အတွက်လည်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

မြန်မာ- ဘင်္ဂလားဒေ့ရှ်

၁၉၇၁ ခုနှစ်တွင် ပါကစ္စတန်မှ လွတ်လပ်ရေးကြေညာပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဦးစွာအသိအမှတ်ပြုခဲ့သော နိုင်ငံများထဲတွင် ပါဝင်ခဲ့သည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၇၂ ခုနှစ် မတ်လ ၂၁ ရက်တွင် စတင်ထူထောင် ခဲ့သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ အစွန်းပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်သည် တောင်အာရှ၏ အစွန်းပိုင်းတွင် တည်ရှိသောကြောင့် ဒေသနှစ်ခုအကြား ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ပေါင်းကူးတံတားအဖြစ် တည်ရှိသောနိုင်ငံများဖြစ်သည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား မဟာဗျူဟာမြောက်ဆက်ဆံရေးသည် ရှုပ်ထွေးပြီး သမိုင်းကြောင်း၊ ပထဝီဝင် အနေအထားနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်တွင် များစွာမူတည်သည်။ ၁၉၇၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ယေဘုယျအားဖြင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ထောင်နိုင်သော်လည်း ဘင်္ဂါလီနှင့် ရခိုင်ပြည်နယ်မှ ဒုက္ခသည်ကိစ္စရပ်များကြောင့် ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် မိတ်ဝတ်မပျက် ဆက်ဆံရေးသာရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံအား လူမျိုးသုဉ်းသတ်ဖြတ်မှု ကြိုးပမ်းခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ICJ တွင် တရားရင်ဆိုင်ရန် တစ်ဖက်လှည့်ဖြင့် နောက်ကွယ်မှ အားပေးစီစဉ်ခဲ့သည်။ နှစ်နိုင်ငံအကြား နယ်နိမိတ်မျဉ်း ၂၇၁ ကီလိုမီတာကျော်တွင် ပဋိပက္ခများနှင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကြောင့် လုံခြုံရေးဆိုင် ရာတင်းမာမှုများ မကြာခဏဖြစ်ပေါ်လေ့ ရှိသောကြောင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော်လည်း ကုန်သွယ်ရေးပမာဏမှာ နည်းပါးနေဆဲဖြစ်သည်။



မြန်မာ- အာဆီယံ

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံ အဖွဲ့ဝင်

နိုင်ငံဖြစ်ပြီး ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်လျက် ရှိသည်။

အဖွဲ့ဝင် ၉ နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးများအနေဖြင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ကောင်းမွန်သောဆက်ဆံရေးရှိပြီး ဘရူနိုင်းနိုင်ငံ အာဆီယံဥက္ကဋ္ဌ ဆောင်ရွက်မှုအတွင်း (၃၈)ကြိမ်မြောက် (၃၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံတို့မှ ကန့်ကွက်သဖြင့် မြန်မာနိုင်ငံမှပါဝင် တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။




ကမ္ဘောဒီးယားနိုင်ငံနှင့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုရှိပြီး အာဆီယံအဖွဲ့အတွင်း နီးကပ်မှုရှိသော နိုင်ငံဖြစ်ပါသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များအနေဖြင့် ညီရင်းအစ်ကိုသဖွယ် ဆက်ဆံရေးရှိပြီး မြန်မာနိုင်ငံအရေးကိစ္စအား ချဉ်းကပ် ဆောင်ရွက်ရာတွင် ရင်းနှီးပွင့်လင်းစွာ ထိတွေ့ဆောင်ရွက်လျက်ရှိပြီး အပြုသဘောဆောင် နားလည်စာနာကာ ဆက်လက် ရပ်တည်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် ကာလရှည်ကြာဆက်ဆံရေးရှိခဲ့ပြီး နောက်ပိုင်းကာလများတွင် ရခိုင်ပြည်နယ် အရေးကိစ္စနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ ဆက်ဆံရေးမှာ အနည်းငယ် အေးစက်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် အာဆီယံ ဥက္ကဋ္ဌတာဝန်ယူချိန်တွင် Quiet Diplomacy အသုံးပြုကာ မြန်မာနိုင်ငံရှိ တပ်မတော်၊ အကြမ်းဖက် အဖွဲ့ NUG၊ EAOs များအပါအဝင် Stake-holders များနှင့် တွေ့ဆုံဆွေးနွေးမှု အကြိမ်ရေ ၁၈၀ နီးပါး ပြုလုပ်ပြီးဖြစ်ကာ တိုးတက်မှုများရှိသည်ဟု နိုင်ငံတကာသို့ အသိပေးထားသော နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံနှင့် ဓလေ့ထုံးတမ်း အစဉ်အလာတို့တွင် တူညီမှုများရှိရာ နီးကပ်သည့် ဆက်ဆံရေးကို အစဉ်ထားရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်းကာလမှစ၍ ကြားနေ အဖြစ် ရပ်တည်ခဲ့သည်။ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း သွားရောက်ခဲ့သည့် ခရီးစဉ်၌ လာအိုနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတား ပြန်လည် ဖွင့်လှစ်ရေးကိစ္စကို ဆွေးနွေးနိုင်ခဲ့သည်။ မလေးရှားနိုင်ငံနှင့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုရှိပြီး နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်ခဲ့သည်။

သို့ရာတွင် ၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံအပေါ် ဘင်္ဂါလီအရေးကိစ္စနှင့်စပ်လျဉ်း၍ အနည်းငယ် အေးစက်ခဲ့သည်။ မလေးရှား နိုင်ငံခြားရေးဝန်ကြီး Dato Saifuddin အနေဖြင့် NUG၊ NUCC တို့မှ ကိုယ်စားလှယ်များနှင့် အလွတ်သဘော တွေ့ဆုံခဲ့ရာ မြန်မာနိုင်ငံခြားရေး ဝန်ကြီးဌာနမှ ကန့်ကွက်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံနှင့် ကာလရှည်ကြာ ချစ်ကြည် ရင်းနှီးမှုကို တည်ဆောက် နိုင်ခဲ့ပြီး သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ချိန်တွင် အပြန်အလှန် အကူအညီများ ထောက်ပံ့လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေးကိစ္စဖြစ်ပွားစဉ်က နိုင်ငံတကာ မျက်နှာစာတွင် ဖိအားပေးခြင်းမရှိဘဲ နားလည်မှုရှိစွာဖြင့် ကူညီဖြေရှင်းရေးအတွက်သာ ရှေးရှုခဲ့သော်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းမှစ၍ သဘောထား တင်းမာမှုကို ပြသခဲ့သည်။ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အများဆုံး နိုင်ငံအဖြစ် ဆက်လက်တည်ရှိသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် စတင်ခဲ့သည်။ အာဆီယံအဖွဲ့အတွင်း နီးကပ်မှုရှိသည့် အိမ်နီးချင်း မိတ်ဆွေရင်းနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်။ ထိုင်းနိုင်ငံ၏ အစိုးရနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိပြီး အာဆီယံအဖွဲ့ အတွင်းသို့ ပြန်လည် ဝင်ရောက်နိုင်ရန် အာဆီယံ၏ တူညီဆန္ဒ ၅ ချက် အကောင်အထည်ဖော်ရာတွင် ဖြစ်နိုင်ချေ အရှိဆုံး ကိစ္စရပ် ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးအတွက် ထိုင်း-မြန်မာနယ်စပ်တွင် ထိုင်းနိုင်ငံမှ နှစ်နိုင်ငံအကြား အကူအညီများပေးအပ်ရေး အဆိုပြုထားသည်။

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၂,၄၀၀ ကျော် (မိုင် ၁,၅၀၀) နယ်နိမိတ်ချင်း ထိစပ်သော နိုင်ငံ

ဖြစ်ပြီး နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး၊ ရွှေ့ပြောင်း အလုပ်သမားဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကြောင့် မဟာဗျူဟာမြောက် အရေးပါသော နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်းများ အနေဖြင့် မြဝတီ-မဲဆောက်ကုန်သွယ်ရေးဇုန်သည် မြန်မာနိုင်ငံအတွက် ဒုတိယအရေးကြီးသော ကုန်သွယ်ရေးဇုန်ဖြစ်ပါသည်။ထို့ပြင်အာရှဖွံ့ဖြိုးရေးဘဏ်မှအကောင်အထည်ဖော်လျက်ရှိသည့် အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်း (East-West Economic Corridor) သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ကနေ မြန်မာနိုင်ငံ၊ သီလဝါ စက်မှုဇုန်အထိ ဖောက်လုပ်မည့် မဟာဗျူဟာမြောက် လမ်းပိုင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်လျက်ရှိသည့် ကမ်းရိုးတန်းနှင့် ထိုင်းနိုင်ငံ၏ အရှေ့တောင်အာရှဒေသတွင်း ဗဟိုချက်ကျသော အနေအထား တို့ကြောင့် နှစ်နိုင်ငံ၏ ဒေသတွင်း ကုန်သွယ်မှုနှင့် လုံခြုံရေးအတွက် မရှိမဖြစ် အရေးပါသော ပထဝီ အနေထားကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံနှင့် အခြားဒေသတွင်း နိုင်ငံများအတွက် အိန္ဒိယ သမုဒ္ဒရာသို့ ပိုမို တိုက်ရိုက် ဝင်ရောက်ခွင့်ရရှိရန် အခွင့်အလမ်းများ ပေးနိုင်သော အနေအထားတွင်တည်ရှိသည်။

ဗီယက်နမ် နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိသည့် ၄၈ နိုင်ငံအနက် သတ္တမမြောက်နိုင်ငံဖြစ်ကာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအတွင်း နီးကပ်သော ဆက်ဆံရေးရှိသည်။ မြန်မာနိုင်ငံရှိ ဗီယက်နမ် စီးပွားရေး လုပ်ငန်းစုများအပေါ် အကြမ်းဖက် အဖွဲ့အချို့မှ ခြိမ်းခြောက်မှုများနှင့် ဖျက်ဆီးမှုများ ကြုံတွေ့ခဲ့ရသည်။ မြန်မာအစိုးရနှင့် မည်သည့်တွေ့ဆုံ ဆွေးနွေးမှုများကို မဆို သတင်းမီဒီယာများတွင် ဖော်ပြခြင်း၊ Third Party သို့ ပေါက်ကြားစေခြင်းနှင့် ဓာတ်ပုံနှင့် ဗီဒီယိုများ ရိုက်ကူးခြင်း မရှိရန် မေတ္တာရပ်ခံထားသောနိုင်ငံဖြစ်သည်။

## ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံပါဝင်မှု

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ The Shanghai Cooperation Organization (SCO)သည် ဥရောပ အာရှဒေသမှ နိုင်ငံအချို့က နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုပြုကြရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ပထဝီနယ်မြေ အကျယ်အဝန်းနှင့် လူဦးရေအရ ကမ္ဘာ့အကြီးဆုံး ဒေသဆိုင်ရာ အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ အဆိုပါ အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်း အကျယ်အဝန်းမှာ ဥရောပအာရှဒေသ တခု လုံး၏ ၆၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းကျော်ရှိပါသည်။ SCO တွင် ဦးစားပေး နယ်ပယ်များ အဖြစ် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် ကုန်သွယ်ရေး၊ယဉ်ကျေးမှု၊ ပညာရေး၊ စွမ်းအင်၊သယ်ယူပို့ဆောင်ရေး၊ခရီးသွားလာရေးနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက် လျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများမှာ အိန္ဒိယ နိုင်ငံ၊ အီရန်၊ ကာဇက်စတန်၊ တရုတ်၊ ကေဂျစ်စတန်၊ ပါကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ရုရှား၊ အူဘက်ကစ္စတန်နှင့် ဘယ်လာရုစ် တို့ဖြစ်သည်။ လေ့လာအကဲဖြတ်နိုင်ငံများမှာ အာဖဂန်နစ္စတန်နှင့် မွန်ဂိုလီယားနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် SCO ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် သတ်မှတ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၅-၅-၂၀၂၃ ရက်တွင် လက်မှတ်ရေးထိုးပြီး SCO ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ခဲ့သည်။

လက်ရှိ ကမ္ဘာ့နိုင်ငံရေး၊ အမေရိကန်သမ္မတ အပြောင်းအလဲ၊ ကုန်သွယ်ခွန်၊ မြေရှားသတ္တုနှင့် အိမ်နီးချင်း နိုင်ငံများ၏ မတည်ငြိမ်မှုများကြောင့် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်၏ အဓိက အစိတ်အပိုင်းဖြစ်သည့်




မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေး တည်ငြိမ်မှုသည် အထူးလိုအပ်လာသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ မြန်မာမူဝါဒသည် ပိုမိုပြတ်သားလာသည်ဟု လေ့လာသူများက မှတ်ချက်ပြုကြသည်။ မြန်မာနိုင်ငံအနေဖြင့် SCO ၏ ဆွေးနွေးဖက်နိုင်ငံ အဆင့်တွင်သာ ရှိသော်လည်း၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည့် SCO

ထိပ်သီးအစည်းအဝေးတွင် အမြဲတမ်းအဖွဲ့ဝင် ဖြစ်လာစေရေး ဆန္ဒပြုပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများစုဝေးရာ SCO အစည်းအဝေးများသို့ တက်ရောက်ခြင်းနှင့် ခေါင်းဆောင်များ တွေ့ဆုံခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာ အသိုက်အဝန်း၏ နွေးထွေးစွာ အသိအမှတ်ပြုမှု ရရှိစေခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသည် ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်လုံခြုံရေး၊ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကမ္ဘာသို့ ချပြနိုင်ခဲ့ပြီး၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ခိုင်မာသော နိုင်ငံတကာဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင်အင်အားကြီးနိုင်ငံအချို့၏ နိုင်ငံရေး၊ စီးပွားရေး ဖိအားပေး အနိုင်ကျင့်မှုများကို တုံ့ပြန်ရန် SCO သည် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် မဟာဗျူဟာကျသည့် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်ရေး Platform အဖြစ် အသွင်ပြောင်းနိုင်ခဲ့ပြီဖြစ်သည်။

### ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) တွင် မြန်မာနိုင်ငံ ပူးပေါင်းပါဝင်မှု

EAEU ကို ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်တွင် ဘယ်လာရုစ်၊ ကာဇက်စတန်၊ ရုရှားတို့မှ စာချုပ်လက်မှတ်ရေးထိုးကာ စတင်တည်ထောင်ခဲ့ပြီး နောက်ပိုင်းတွင် အာမေးနီးယားနှင့် ကာဂျစ္စတန်တို့ ထပ်မံဝင်ရောက်ခဲ့ရာ၊ လက်ရှိတွင် အဖွဲ့ဝင်ငါးနိုင်ငံဖြင့် ဥရောပ-အာရှတိုက်ရှိ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အဖြစ် ရပ်တည်လျက်ရှိသည်။ အဓိက ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်၊ ဝန်ဆောင်မှု၊ အလုပ်သမားနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းနိုင်သည့် တစ်ခုတည်းသော ဈေးကွက်တစ်ခုကို ဖန်တီးရန်ဖြစ်သည်။ လက်ရှိ တွင် EAEU သည် လူဦးရေ ၁၈၃ သန်းကျော်၊ စုစုပေါင်း GDP ၂ ဒသမ ၄ ထရီလီယံကျော်ဖြင့် ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့်အဖွဲ့ဖြစ်ပြီး၊ ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၁၄ ဒသမ ၅ ရာခိုင်နှုန်း နှင့် သဘာဝဓာတ်ငွေ့၏ ၂၀ ဒသမ ၃ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်သည်။

EAEU တွင် ရုရှားနိုင်ငံသည် အကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး၊ စွမ်းအင်အရင်းအမြစ် ကြွယ်ဝသဖြင့် မူဝါဒများကို လွှမ်းမိုးကာ အခြားအဖွဲ့ဝင်နိုင်ငံများအတွက် အရေးပါသော ကုန်သွယ်ဖက်နှင့် စွမ်းအင်ထောက်ပံ့သူအဖြစ် ရပ်တည်သည်။ ဘယ်လာရုစ်နိုင်ငံသည် စက်မှုထွန်းကားသော စိုက်ပျိုးရေးနှင့် စက်မှုကုန်ထုတ်လုပ်မှု အားသာချက်ရှိသည့်နိုင်ငံဖြစ်ပြီး ရုရှားနှင့် မဟာဗျူဟာ မိတ်ဖက်ဖြစ်၍ EAEU ၏ အဓိက မိတ်ဖက်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် EAEU တို့၏ ထိတွေ့ ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီး မြန်မာ၏ ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင် (EEC) ကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ကာ လျှပ်စစ်နှင့် စွမ်းအင်၊ စိုက်ပျိုးရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး စသည့်ကဏ္ဍများတွင် ကျယ်ပြန့်စွာ ဆွေးနွေးခဲ့သည်။ ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်တွင် အရှိန်မြင့်တက်လာခဲ့ပြီး (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။




မြန်မာနိုင်ငံအတွက် သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးထွက်ကုန်၊ သတ္တုတွင်းထွက်ကုန်များကို EAEU သို့ တင်ပို့နိုင်မည့် အလားအလာများရှိသကဲ့သို့၊ ရုရှားနှင့် အခြား EAEU အဖွဲ့ဝင်နိုင်ငံများ၏ စက်မှုထုတ်ကုန်၊ နည်းပညာနှင့် စွမ်းအင် ထုတ်ကုန်များကိုလည်း မြန်မာနိုင်ငံသို့ တင်သွင်းနိုင်မည်ဖြစ်သည်။ မြန်မာ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် နည်းပညာသစ်များ၊ စွမ်းအင်နည်းပညာ၊ အခြားစက်မှုလုပ်ငန်းများအတွက် ရုရှားနှင့် EAEU မှရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများလည်းရှိနေသည်။

အထူးသဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအတွက် EAEU ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ဝင်ရောက်မှု အခွင့်အလမ်းများက စိုက်ပျိုးရေး

ထွက်ကုန်များ၊ စက်မှုထုတ်ကုန်များ တိုးတက်မှုအတွက် အထောက်အကူပြုနိုင်ပြီး စိုက်ပျိုးရေးနည်းပညာ၊ စက်ယန္တရားနှင့် အရည်အသွေးမြှင့်တင်ရေး နည်းပညာများ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝင်ရောက်လာနိုင်မည် ဖြစ်သည်။ ထို့ပြင် မဟာဗျူဟာကျသော ချိတ်ဆက်မှုများကို စူးစမ်းရှာဖွေခြင်း၊ ကုန်သွယ်ရေးနှင့် ဈေးကွက်အခွင့်အလမ်းများ၊ ဒေသတွင်း ပေါင်းစည်းမှု ပုံစံများကို လေ့လာနိုင်ခြင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသတွင်းအဆင့်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို ပိုမိုထင်ရှားစွာ ပြသနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

## သုံးသပ်ချက်

မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် တည်နေရာသည် ကြီးမားသော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ပူးတွဲဆောင်ကြဉ်းပေးလျက်ရှိသည်။ အခွင့်အလမ်းများ အနေဖြင့် ဒေသတွင်း ကုန်သွယ်ရေး၏ ဗဟိုချက် ဖြစ်လာနိုင်သည့် အလားအလာရှိပြီး၊ ကုန်းတွင်းပိတ် နိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့၏ အရှေ့မြောက်ဖျား ဒေသများအတွက် အရေးပါသော ပင်လယ်ထွက်ပေါက်ကို ပေးစွမ်းနိုင်သည်။ ထို့ပြင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို မြှင့်တင်နိုင်မည် ဖြစ်သည်။ သို့သော် နိုင်ငံရေးနှင့် လုံခြုံရေးအရ၊ မြန်မာနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု တိုးချဲ့ရန် ပစ်မှတ်ဖြစ်လာပြီး၊ နိုင်ငံတကာ ဖိအားပေးမှုများနှင့် သံတမန်ရေးရာ ငြင်းခုံမှုများက နိုင်ငံ၏ ပြည်တွင်းရေးအပေါ်များစွာ သက်ရောက်မှုရှိနေသည်။ ထို့ကြောင့် နိုင်ငံခြားရေး မူဝါဒချမှတ်ရာတွင် ဒေသတွင်းနှင့် ကမ္ဘာ့အင်အားကြီးများ၏ ပြိုင်ဆိုင်မှုများကြားတွင် လိမ္မာပါးနပ်စွာ ရပ်တည်နိုင်ရန်၊ ဘက်မလိုက်သော မူဝါဒကို ကျင့်သုံးရန် အထူးလိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင် အနေအထားအရ အိမ်နီးချင်းနိုင်ငံကြီးများ၏ ဩဇာလွှမ်းမိုးမှုသည် ရှုပ်ထွေးနက်နဲလျက်ရှိသော်လည်း လက်ရှိတွင်အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲ၊ SCO ၊ EAEU ကဲ့သို့ ဒေသတွင်း ပူးပေါင်း ဆောင်ရွက်ရေးကို ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ ပြိုင်ဆိုင်မှုများ ကြားတွင် ရပ်တည်နိုင်ရန်၊ လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးပြီး ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် လိုအပ်လျက်ရှိသည်။

## ဇာစ်မြစ်


၁။ Socio-Economic Impact of Act East Policy In Northeastern Region; Partakson Romun Chiru

၂။ ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ပထဝီနိုင်ငံရေး သင်ခန်းစာပို့ချမှု

၃။ ဦးလွင်ဦး၊ အဆင့်မြင့်သံတမန်ရေးရာသင်တန်း သင်ခန်းစာပို့ချမှု

၄။ မောင်မိုး၊ သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏အခွင့်အလမ်း၊ ၁၀-၉-၂၀၂၅ မြန်မာ့အလင်း စာမျက်နှာ ၆

၅။ မောင်မိုး၊ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU) နှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း၊ ၅-၇-၂၀၂၅ ကြေးမုံ သတင်းစာ စာမျက်နှာ ၈

မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီအနေအထားနှင့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ထားမှုများ


နိုင်မင်းထွန်း

## မဲခေါင်သိပ္ပံ ( Mekong Institute – MI) မှ မြန်မာနိုင်ငံရှိ ကျေးဒေသမျာသို့ ပြန်လည်ထူထောင်ရေး အထောက်အပံ့ပေးအပ်နိုင်ရေး အစီအစဉ်တစ်ခု ပြင်ဆင်လျက်ရှိခြင်း

မဲခေါင်သိပ္ပံ (MI) အနေဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၌ ရစ်ချတာစကေး ၇.၇ ရှိသော ပြင်းထန်လျှင်ကြောင့် ပျက်စီးထိခိုက်မှု များဖြစ်ပေါ်ခဲ့သည့် မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ် အပါအဝင် သဘာဝဘေးသင့်ဒေသများအား ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီများ ပေးအပ်ရန် စီမံချက်အဆိုပြုလွှာ တစ်စောင်အား ပြုစု၍ ၁၅-၇-၂၀၂၅ ရက်တွင် ပြုလုပ်ခဲ့သော မဲခေါင်သိပ္ပံ အုပ်ချုပ်မှုကော်မတီ အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့ပြီး ယခုလကုန်တွင် ကျင်းပရန်ရှိသည့် မဲခေါင်သိပ္ပံ၏ အုပ်ချုပ်မှု ဘုတ်အဖွဲ့ အစည်းအဝေး (၁/၂၀၂၅)တွင် တင်ပြ၍ အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူခွင့်ပြုချက်ရရှိရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

မဲခေါင်သိပ္ပံသည် အဆိုပါအစီအစဉ်ကို မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် အလှူရှင်နိုင်ငံ/ အဖွဲ့အစည်းများသို့ အလွတ်သဘောဖြန့်ဝေ၍ ဆွေးနွေးထားပြီး ၎င်းတို့၏ အတည်ပြုချက် ရရှိရေးနှင့် သဘောတူ ခွင့်ပြုချက် ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မဲခေါင်သိပ္ပံက အဆိုပြုတင်ပြထားသည့် မြန်မာနိုင်ငံ သဘာဝဘေး ပြန်လည်ထူထောင်ရေး အစီအစဉ်တွင် စီမံကိန်းများကို အကောင်အထည်ဖော် ရန်အတွက် အောက်ဖော်ပြပါ ဦးစားပေးကဏ္ဍနှစ်ခုကို ရွေးချယ်ထားပါသည်-

(က) စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေး

( ခ ) ပြည်သူ့ကျန်းမာရေးကဏ္ဍ ပြန်လည်ထူထောင်ရေး

အဆိုပါ ကဏ္ဍ ၂ ခုအနက် MI သည် စိုက်ပျိုးရေးကဏ္ဍကို ပထမဦးစားပေးအဖြစ် ရွေးချယ်ထားပြီး စီမံချက်အမည်ကို **"မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ကဏ္ဍ ပြန်လည်ထူထောင်ရေးကို အားဖြည့်ခြင်း"** ဟု အမည်ပေးထားပါသည်။ GMS အဖွဲ့ဝင်နိုင်ငံအစိုးရများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များအနေဖြင့် MI ၏ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များတွင် မြန်မာနိုင်ငံမှ ပါဝင်သူများ (Stakeholder) ပိုမိုပါဝင်နိုင်မည့် အခွင့်အလမ်းများကို စဉ်းစားရန်နှင့် မြန်မာနိုင်ငံမှ ဆက်စပ်ပါဝင်သူများအတွက် အခြား GMS နိုင်ငံများရှိ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများကို လေ့လာနိုင်ရေးအတွက် လေ့လာရေးခရီးစဉ်များ စီစဉ်ပေးရန် အဆိုပြုတင်ပြထားပါသည်။ MI အနေဖြင့် အဆိုပါ စီမံချက်ကို အဖွဲ့ဝင်နိုင်ငံများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အချို့တို့ထံ ၎င်းတို့၏ ကနဦးအကြံပြုချက်များ ရရှိရေးအတွက် မျှဝေထားပြီးဖြစ်ပါသည်။

MI သည် မြန်မာနိုင်ငံ၏ သဘာဝဘေးသင့်ဒေသများမှ လူမှုဘဝများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အထောက်အပံ့ အစီအစဉ်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ရန် ပြင်ဆင်ထားခြင်းဖြစ်ရာ ပထမဦးစားပေး စိုက်ပျိုးရေးကဏ္ဍအတွက် ပြင်ဆင်ထားသည့် ထောက်ပံ့မှုအစီအစဉ်ကို အောက်ပါအတိုင်း အကျဉ်းချုပ်၍ ဖော်ပြအပ် ပါသည်-

စီမံကိန်းအမည် -မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ကဏ္ဍ ပြန်လည် ထူထောင်ရေးကို အားဖြည့်ခြင်း၊

ရည်ရွယ်ချက် -မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး အသွင်ပြောင်းရေးလုပ်ငန်းကို ပံ့ပိုးခြင်း၊ မဟာမိတ်များစွာ ပါဝင်သော ပူးပေါင်း ဆောင်ရွက်မှုကို အားပေးခြင်းနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ (၂၀၂၅-၂၀၃၀) နှင့် ကိုက်ညီစေခြင်း တို့ဖြင့် စီးပွားရေးခံနိုင်ရည်ရှိမှု၊ အစားအစာ ဖူလုံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အတွက် အဓိက အားဖြည့် ပေးရန်၊

မျှော်မှန်းရလဒ် -

(၁) မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုများကို ဖန်တီးရန်၊

(၂) အဖွဲ့အစည်းနှင့်လူသားအရင်းအမြစ်များ

မြှင့်တင်ခြင်း၊ ဦးစားပေး **TOT** အစီအစဉ်များ၊ လေ့လာရေး ခရီးများနှင့် ပူးပေါင်းသုတေသန လုပ်ငန်းများမှတစ်ဆင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် လုပ်ငန်းလည်ပတ်မှု ထိရောက်မှုတို့ကို မြှင့်တင်ရန်၊

(၃) ဆန်းသစ်တီထွင်မှုကို မြှင့်တင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကို အားပေးခြင်း၊ နည်းပညာ လွှဲပြောင်းမှုကို လွယ်ကူစေခြင်းနှင့် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများကို အားပေးခြင်းဖြင့် စိုက်ပျိုးရေး တိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်မှုကို အရှိန်မြှင့်ရန်၊

(၄) မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေပြု အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) အတွက် စျေးကွက်ဝင်ရောက်မှုကို အားဖြည့်ခြင်းနှင့် စီးပွားရေးချိတ်ဆက်မှုများ ဖန်တီးခြင်း၊ နိုင်ငံတကာ စျေးကွက်များသို့ ချဲ့ထွင်နိုင်ရန် ကူညီပေးခြင်းနှင့် စျေးကွက်ချိတ်ဆက်မှုများ၊ စီးပွားရေး လက်တွဲမှုများနှင့် ကုန်သွယ်ရေး မိတ်ဖက်များကို ဖန်တီးပေးရန်။

အဓိကလုပ်ငန်းများ

(၁) တန်ဖိုးကွင်းဆက် ပေါင်းစပ်မှုကို အားဖြည့်ခြင်းဖြင့် စျေးကွက် ချိတ်ဆက်မှုကို မြှင့်တင်ခြင်း၊

(၂) စိုက်ပျိုးရေးထွက်ကုန်များကို ပြုပြင်ခြင်းနှင့် ကုန်သွယ်မှုကို တိုးချဲ့ကာ ပိုမိုခံနိုင်ရည်ရှိပြီး ယှဉ်ပြိုင် နိုင်သော စိုက်ပျိုးရေးစနစ်များကို ဖန်တီးခြင်း၊

(၃) ရာသီဥတုနှင့် လိုက်လျောညီထွေ ရှိသော စိုက်ပျိုးရေး နည်းလမ်းများကို မြှင့်တင်ခြင်းဖြင့် ထုတ်လုပ်မှု တိုးတက်စေခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို သေချာစေခြင်း၊

(၄) စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေခြင်းဖြင့် လယ်သမားများ၏ ဝင်ငွေကို တိုးတက်စေခြင်း၊

အကောင်အထည်ဖော် ဆောင်ရွက်မည့် မဟာဗျူဟာ - မြန်မာနိုင်ငံမှ နည်းပညာရှင်များ အပါအဝင် မဟာမိတ်များစွာဖြင့် ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

ဆက်လက်၍လည်း ပြည်သူ့ကျန်းမာရေးကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် ဒေသဆိုင်ရာ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲခန်းကွန်ရက် (Regional Public Health Laboratory-RPHL) နှင့် ထိုင်းနိုင်ငံ၏ ဆေးပညာသိပ္ပံဌာန (Department of Medical Science- DMSc.) တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းများအား ရောဂါရှာဖွေရေး စွမ်းရည်များနှင့် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲခန်းဝန်ဆောင်မှုများကို အားဖြည့်ဆောင်ရွက်ရန်ရှိပါသည်။ ယင်းအစီအစဉ်ကိုလည်း ဘုတ်အဖွဲ့ဝင်များထံ တင်ပြရန် MI က ပြင်ဆင်လျက်ရှိပါသည်။ MI အနေဖြင့် ဤအစီအစဉ် ၂ ခု အကောင် အထည်ဖော် ဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန်အတွက် ပါဝင်သူများ (Stakeholders) အချင်းချင်း ချိတ်ဆက်မှုများ လွယ်ကူချောမွေ့စေရန်နှင့် အရင်းအမြစ်များ စုဆောင်းရရှိရန် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းထားပါသည်။

မဲခေါင်သိပ္ပံ (Mekong Institute- MI) သည် ထိုင်းနိုင်ငံ၊ ကွန်ကင်းမြို့တွင် အခြေစိုက်ပြီး မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion- GMS) အဖွဲ့ဝင်နိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သည့် ဒေသတွင်းအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း (Inter-regional Government Organization - IGO) ဖြစ်ပါသည်။ အဓိကအားဖြင့် GMS ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ရေရှည်တည်တံ့ခိုင်မြဲသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်ရေရှည်တည်တံ့ရေး၊ လူမှုပေါင်းစည်းမှု၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လုပ်သားပြောင်းရွှေ့မှု အစရှိသည့် ကဏ္ဍများတွင် အသိပညာနှင့် အတွေ့အကြုံဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများအား ကြီးမှူးကျင်းပ စီစဉ်ပေး

ပါသည်။ အဆိုပါအစီအစဉ်များသို့ အဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ပါဝင်တက်ရောက်သူ ကိုယ်စားလှယ်များအနေဖြင့် ဘာသာရပ်ဆိုင်ရာ စွမ်းဆောင်ရည်၊ အတွေ့အကြုံနှင့် အတွေးအခေါ်များ တိုးတက်ရရှိစေခြင်းဖြင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူပြုပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန အနေဖြင့် မဲခေါင်သိပ္ပံမှ ပြုလုပ်သော အစီအစဉ်များသို့ အစိုးရ/ပုဂ္ဂလိက အဖွဲ့အစည်းများမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကိုက်ညီမှုရှိသော ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆိုပြုသည့် စီမံချက်များနှင့် စပ်လျဉ်း၍ မဲခေါင်သိပ္ပံ၏ ဘုတ်အဖွဲ့အစည်းအဝေးများတွင် ထည့်သွင်းဆွေးနွေး အဆိုပြုခြင်း၊ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့်ရလဒ်များ၊ ဖော်ပြချက်များအပေါ် သဘောထားမှတ်ချက် ပြန်ကြားညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မဲခေါင်သိပ္ပံမှ မြန်မာနိုင်ငံ၏ လျှော့ပေါ့သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် စွမ်းရည်မြှင့်မားရေး ဆိုင်ရာ အကူအညီများပေးအပ်ရန် စီစဉ်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်သည့် ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော်ရန် ဖြစ်ပါကြောင်း အသိပေးလိုက်ရပါသည်။

**Source:** ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဌာနခွဲ




မိုမိုနိုင်
ညွှန်ကြားရေးမှူး
ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော
အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ
ဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## မြန်မာနှင့် ကာဇက်စတန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ

ကာဇက်စတန်နိုင်ငံသည် အလယ်အာရှနှင့် အရှေ့ဥရောပ၌ တည်ရှိပြီး အာရှနှင့် ဥရောပတိုက် နှစ်ခုစလုံးတွင် ပါဝင်လျက်ရှိပါသည်။ကမ္ဘာပေါ်တွင် နဝမမြောက် အကြီးဆုံး နိုင်ငံဖြစ်ပြီး အကြီးဆုံး ကုန်းတွင်းပိတ် နိုင်ငံတစ်ခု ဖြစ်ကာ အနောက် ဥရောပထက်ပင် ဧရိယာ ပိုမို ကြီးမားပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ရုရှား၊ တရုတ်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး မြို့တော်အမည်မှာ အက်စ်တာနာ ဖြစ်ပြီး ယခင်မြို့တော်ဖြစ်သော အာမာတီမြို့မှ ၁၉၉၇ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပါသည်။

ကာဇက်ဘာသာစကား အသုံးပြုပြီး ရုရှားဘာသာစကားကိုလည်း တွင်တွင်ကျယ်ကျယ်သုံးစွဲ၍ ကာဇက်၊ ရုရှား၊ ယူကရိန်း၊ ဂျာမန်၊ ဥဇဘက်၊ တာတာနှင့် ဝီဂါလူမျိုးများနေထိုင်ကြပါသည်။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် သီးခြားလွတ်လပ်သောနိုင်ငံတစ်ခုဖြစ်လာခဲ့ပြီး ပထမဆုံး သမ္မတမှာ နူဆူလ်တန်နာဇာဘာယက်ဗ် (Nursultan Nazarbayev) ဖြစ်ပြီး ၂၀၁၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိ သမ္မတအနေဖြင့် ကာဆင်းတိုကာယဲဗ်(KassymTokayev) ဖြစ်ပါသည်။ ကာဇက်စတန်နိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော်လည်း ၎င်းပထဝီ အနေအထားအရ ကုန်းလမ်း ဆက်သွယ်ရေးတွင် အလွန်အရေးပါသော နိုင်ငံတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံမှ ဥရောပ၊ ရုရှားနှင့် အလယ်အာရှဒေသများကို ကုန်းလမ်း၊ ရထားလမ်းများနှင့် ဆက်သွယ်ပေးနိုင်သော ဗဟိုချက်တစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန်များနှင့် ဥရောပရှိ စားသုံးသူ ဈေးကွက်များသို့

ရထားလမ်း၊ ကုန်းလမ်းကွန်ရက်ဖြင့် တိုက်ရိုက် ချိတ်ဆက်ပေးပါသည်။ ကမ္ဘာ့အကြီးဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်တင်ပို့သော နိုင်ငံများထဲမှ တစ်ခုဖြစ်ပြီး ဥရောပနှင့် အာရှ၏ စွမ်းအင် လုံခြုံရေးအတွက် မရှိမဖြစ် အရေးပါသော ပိုက်လိုင်း (Pipelines)များ တည်ရှိရာ ဒေသလည်း ဖြစ်ပါသည်။မြန်မာနိုင်ငံနှင့် ကာဇက်စတန်တို့သည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ ကာဇက်နိုင်ငံသည် ယူရေးရှားကုန်းမြေကို ဥရောပနှင့် ချိတ်ဆက်ပေးသကဲ့သို့ မြန်မာနိုင်ငံသည်လည်း တရုတ်၊ အိန္ဒိယနှင့် တောင်အာရှကို အိန္ဒိယသမုဒ္ဒရာဖြင့် ချိတ်ဆက်ပေးပါသည်။ ချိတ်ဆက်မှုများ ပိုမိုခိုင်မာလာပါက အာရှအလယ်ပိုင်းမှ အရှေ့တောင်အာရှသို့ ကုန်စည်များနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဆင်းနိုင်သော ဒေသတွင်း လမ်းကြောင်း သစ်တစ်ခု ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

### စီးပွားရေးနှင့်ကုန်သွယ်ရေး အခွင့်အလမ်းများ

ကာဇက်စတန်သည် ကမ္ဘာပေါ်တွင် ဧရိယာ အကြီးဆုံး ကုန်းတွင်းပိတ် နိုင်ငံတစ်ခု ဖြစ်သော်လည်း သဘာဝ သယံဇာတနှင့် တွင်းထွက်ပစ္စည်းများ အလွန်ကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ကာဇက်စတန်မှ တင်သွင်းနိုင်သော အဓိကပစ္စည်းများမှာ စွမ်းအင်နှင့် တွင်းထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးနည်းပညာ အပါအဝင် နည်းပညာများဖြစ်ပါသည်။မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက် အထူးသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍ တွင် ဖြည့်ဆည်း ပေးနိုင်သည့် အလားအလာများရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် သယံဇာတ အခြေခံ ကုန်ပစ္စည်းများ၊ ပင်လယ်ရေထွက်ပစ္စည်းများ ကြွယ်ဝသောကြောင့် ကာဇက်စတန်ဈေးကွက်သို့ တင်ပို့နိုင်သော အဓိကကုန်စည်များစွာရှိပါသည်။ မြန်မာနိုင်ငံ၏ အထည်အလိပ်လုပ်ငန်းသည်လည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးရှိသည့်အတွက် ဥရောပ- အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union -EAEU) အဖွဲ့ဝင် ဖြစ်သော ကာဇက်စတန်၏ ဈေးကွက်ကို ထိုးဖောက်နိုင်ပါသည်။

ကာဇက်စတန်သည် သတ္တုတူးဖော်ခြင်းနှင့် သတ္တုသန့်စင်ခြင်းကဏ္ဍများတွင်နှစ်ပေါင်းများစွာ အတွေ့အကြုံနှင့် ခေတ်မီနည်းပညာများ ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်၏ သတ္တုတူးဖော်ရေး၊ သန့်စင်ထုတ်လုပ်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စံနှုန်းများနှင့် နည်းပညာများရယူပြီး တွင်းထွက်ထုတ်လုပ်မှုကဏ္ဍကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်နိုင်ပါသည်။ နှစ်နိုင်ငံအကြား သဘာဝသယံဇာတ ပစ္စည်းများ ဖလှယ်ခြင်း၊ စိုက်ပျိုးရေးနှင့် စက်မှုကုန်စည်များ ကုန်သွယ်ခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ချိတ်ဆက်ခြင်း၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်သော စီးပွားရေး အခွင့်အလမ်း များစွာရှိပါသည်။

### ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

ကာဇက်စတန်နိုင်ငံသည် ၎င်း၏ ပထဝီ အနေအထား တည်ရှိမှုနှင့် အဖိုးတန်တွင်းထွက် သယံဇာတပစ္စည်းများ ကြွယ်ဝသည့်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် စွမ်းအင်လုံခြုံရေးအတွက် အရေးကြီးသော ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်ပို့ရာမှ နိုင်ငံခြားဝင်ငွေများရရှိနေသော နိုင်ငံဖြစ်ပါသည်။ ထို့ပြင် ယူရေနီယံ နှင့် အခြားတွင်းထွက်သယံဇာတများကို ပြည်ပနိုင်ငံအများအပြားကို တင်ပို့ရောင်းချ လျက်ရှိပါသည်။ ယူရေနီယံကို ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချ၍ ရေနံကို တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေများ ရရှိနေသည်လည်းဖြစ်သည်။ ကာဇက်စတန်နိုင်ငံတွင် ရုရှား၊ တရုတ်တို့အပြင် အမေရိကန်၊ တောင်ကိုရီးယား၊ ကာတာ၊ တူကီယဲ နှင့် အနောက်ဥရောပ နိုင်ငံအချို့လည်း ရင်းနှီးမြှုပ်နှံကြသည်။ Astana International Financial Center (AIFC) သည်လည်း National Digital Investment Platform ၏ အစိတ်အပိုင်း တစ်ခုဖြစ်သကဲ့သို့ ကာဇက်စတန်၏ ကြီးမားသော ငွေကြေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးတစ်ခုဖြစ်သည်ကို တွေ့ရှိရပါသည်။

AIFC သည် ဗဟိုအာရှဒေသ၏ အဓိကဘဏ္ဍာရေး စင်တာကြီး တစ်ခုဖြစ်ပြီး ဗဟိုအာရှဒေသအပြင် တရုတ်နိုင်ငံ အနောက်ပိုင်းဒေသ၊ အရှေ့ဥရောပနှင့် အရှေ့ အလယ်ပိုင်းဒေသတို့၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်အရေးပါလျက်ရှိပါသည်။ ထို့ကြောင့် ကာဇက်စတန်သည် ၎င်း၏ တွင်းထွက်သယံဇာတများ တင်ပို့ရောင်းချ၍ ရရှိလာသော နိုင်ငံခြားဝင်ငွေများကို ခေတ်မီ ဒီဂျစ်တယ်နည်းပညာဖြင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုများ လုပ်ငန်းများနှင့်

ပေါင်းစပ်ကာ နိုင်ငံ၏အနာဂတ်စီးပွားရေးကို ပံ့ပိုးဖော်နေသော ဗဟိုအာရှဒေသ၏ စီးပွားရေးမှာ ဦးဆောင်နေသော နိုင်ငံဟုပြောနိုင်ပါသည်။ ကာဇက်စတန်သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍစုံကနေ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းဖွင့်ပေးထား၍ မြန်မာနိုင်ငံအနေဖြင့်လည်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်၍ရသော အခွင့်အလမ်းများရှိသည်ဆိုသည်မှာ လုံးဝ သေချာနေပါသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ ကာဇက်စတန်နိုင်ငံကို သွားရောက် လည်ပတ်ခဲ့သော ခရီးစဉ်မှာ မြန်မာ-ကာဇက်စတန် နှစ်နိုင်ငံကြား စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံပါက နှစ်နိုင်ငံလုံးအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ ကာဇက်စတန်နိုင်ငံကဲ့သို့ မြန်မာတွင်လည်း တွင်းထွက် သယံဇာတများစွာ ထွက်ရှိခြင်းအတွက် သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် ကာဇက်စတန်နိုင်ငံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ပါသည်။ ထို့ပြင် ဒစ်ဂျစ်တယ်အစိုးရတစ်ရပ်အဖြစ် ကူးပြောင်းရန် အကောင်အထည်ဖော်နေသော မြန်မာအစိုးရအနေဖြင့် ဒစ်ဂျစ်တယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အလမ်းများ ရှိနေသည်ကိုလည်း မြင်တွေ့ ရပါသည်။

## ပထဝီအနေအထားအရ ဗျူဟာမြောက်အချက်အချာကျမှု

ကာဇက်စတန်နိုင်ငံသည် ဆာဟာတ်ဖို့ဒ်မက်ကင်ဒါ၏ “Heart Land Theory” အယူအဆ နယ်မြေတွင် ပါဝင်နေပြီး ယူရေးရှားဒေသ၏ အလယ်ဗဟိုချက်လည်းဖြစ်ကာ ကမ္ဘာ့အရှေ့နှင့် အနောက်ဒေသများအကြား ပေါင်းကူးတံတား သဖွယ်ဖြစ်နေသည်။ ကာဇက်စတန်နိုင်ငံသည် ကဏ္ဍပေါင်းစုံ ချိတ်ဆက်ဆောင်ရွက်သည့် နိုင်ငံခြားရေးမူဝါဒကို ထောက်ခံပြီး အမေရိကန်၊ ဥရောပ သမဂ္ဂ၊ ရုရှား၊ တရုတ် စသောနိုင်ငံများနှင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပြဿနာများ အထူးသဖြင့် စွမ်းအင်နှင့်ပတ်သက်၍ အရေးကြီးသော ချိတ်ဆက်မှုတစ်ခု အဖြစ်ရှိနေပါသည်။ ခြုံငုံကြည့်လျှင် ကာဇက်စတန်သည် အနောက်နိုင်ငံများ၊ ရုရှားနှင့်တရုတ်တို့၏ အကျိုးစီးပွားများအကြား အင်အားချိန်ခွင်လျှာ ထိန်းသိမ်းရာတွင် ဘက်ပေါင်းစုံ ချိန်ညှိနေရသော အခြေအနေမှာ ရှိနေပါသည်။ ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများသည် ဗဟိုအာရှမူဝါဒကို ပြုပြင်ပြောင်းလဲရန် အရေးကြီးသောအချက် ဖြစ်လာသောကြောင့် ကာဇက်စတန်အနေနှင့် ဘက်စုံသုံးနိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးလျက်ရှိသော်လည်း ၎င်း၏ အချုပ်အခြာအာဏာနှင့် မဟာဗျူဟာမြောက် ပထဝီအနေအထားကို ဆက်လက်ထိန်းသိမ်းထားရန်အတွက် ဝေးကွာလှသော အမေရိကန်၊ ဥရောပသမဂ္ဂတို့ထက် အင်အားကြီး အိမ်နီးချင်း နှစ်နိုင်ငံ (ရုရှား၊တရုတ်) တို့နှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းသစ်များကို ရှာဖွေလျက်ရှိပါသည်။

## ရရှိလာနိုင်မည့် အခွင့်အလမ်းများ

ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ မြန်မာနိုင်ငံအတွက် ရရှိလာနိုင်သော အခွင့်အလမ်းများ ရှုမြင်ရမည် ဆိုလျှင် အခြေအနေအချို့နှင့် ဆက်စပ်တွေးဆကြည့်ရန် လိုအပ်ပါမည်။ အငယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် ရုရှားနိုင်ငံပိုင်ROSATOM ကုမ္ပဏီနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာအနေဖြင့် ကမ္ဘာ့နံပါတ်တစ် ယူရေနီယံ ထုတ်လုပ်သူ ကာဇက်စတန်နိုင်ငံ၏ မြို့တော် အက်စတာနာမှာ နိုင်ငံ့အကြီးအကဲ နှစ်ဦး တွေ့ဆုံခဲ့မှုသည် မိမိတို့နိုင်ငံ၏ လျှပ်စစ်ကဏ္ဍ အဖြေရှာရေးအတွက် အထောက်အကူ ဖြစ်ပေးမည့် အခွင့်အလမ်း တစ်ခုဖြစ်လာနိုင်သလို စီးပွားရေးနှင့် အခြားနယ်ပယ် အသီးသီးတို့မှာလည်း အခွင့်အလမ်းတွေ ရှိလာနိုင်ပါသည်။



အထူးအားဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်၍ လျှပ်စစ်ကို ထုတ်လုပ်သည့်နေရာမှာ အဓိကလောင်စာဖြစ်သော ယူရေနီယံကြွယ်ဝမှုသည် အဆိုပါနိုင်ငံမှာရှိသော အားသာချက်ဟု ဆိုရမည်ဖြစ်ကာ နှစ်နိုင်ငံအကျိုးစီးပွားအပါအဝင် သဘောတူညီမှုများမှ ကာဇက်စတန်နိုင်ငံနှင့်အကြား မိမိတို့နိုင်ငံအနေဖြင့် ရယူတည်ဆောက်နိုင်ခဲ့မည် ဆိုလျှင် ရုရှားနှင့် မြန်မာအကြား အငယ်စားနျူကလီးယား

လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်ရေး ခြေလှမ်းများကိုပါ အထောက်အကူဖြစ်ပေးသဖြင့် မြန်ဆန်စေလာနိုင်ပါသည်။

ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းများ ဆက်လက် တည်ဆောက်သွားနိုင်မည်ဆိုပါက ရုရှားဦးဆောင်သော ယူရေးရှား စီးပွားရေး ယူနီယံ (Eurasian Economic Union) မှာ တက်ကြွစွာ ပိုမိုပါဝင် လာနိုင်ပြီး နိုင်ငံတကာစိန်ခေါ်မှုများကို ခံနိုင်ရည် ပိုမိုရှိလာနိုင်မည့်အပြင် နှစ်နိုင်ငံအကြား ဆက်ဆံရေးအရလည်း မိတ်ဖက် နိုင်ငံကောင်းများအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ပြီး အနာဂတ်တွင်လည်း အကျိုးများလာနိုင်ကြောင်း သိရှိရပါသည်။

Source: https://www.doca.gov.mm/en/node/52864

ရီရီမွန်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## သက်ဝင်လှုပ်ရှား ရင်းနှီးစီးပွား ပုံရိပ်များ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် **"ရင်းနှီးစီးပွား ပြည့်အင်အား"** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အားကို မြှင့်တင်နိုင်ရန်အတွက် အဓိကအခန်းကဏ္ဍမှ အင်အားဖြည့် ပါဝင်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဝန်ကြီးဌာနတစ်ခုပင်ဖြစ်ပါသည်။ ဝန်ကြီးဌာန၏ အဓိကရည်ရွယ်ချက်မှာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားလုံး အဆင်ပြေ ချောမွေ့မှုရှိစေအောင် မြှင့်တင် ဆောင်ရွက်ပေးခြင်းပင် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌လည်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေရှိစေရန်၊ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု နိုင်စေရန်ကို ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဌာန၏ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေးသည် ပဓာနကျသည်ကို ကောင်းစွာနားလည်သဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် လုပ်ငန်းစဉ် ၄ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပထမဦးစွာ ဗဟိုအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအတွက်လုပ်ဆောင်နိုင်စွမ်းရှိသည့် စီးပွားရေး ဝန်းကျင်ကောင်း တစ်ရပ် ပေါ်ပေါက်လာစေရန် ဖော်ဆောင်မည်ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍများဖြစ်သည့် ပို့ကုန်မြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှု၊ သယံဇာတများ စနစ်တကျထုတ်ယူမှု၊ ဒီဂျစ်တယ် စီးပွားရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖော် ဆောင်သွားမည်ဖြစ်ပါသည်။ တတိယအချက်အနေဖြင့် ပြည်ပအကူအညီများကို နိုင်ငံအတွက် အကျိုးရှိရောက်အောင် အသုံးပြုဆောင်ရွက် သွားမည်ဖြစ်ပြီး စတုတ္ထအချက်မှာ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် မူဝါဒနှင့် လုပ်ငန်းစဉ်များသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခြေခံအုတ်မြစ်ကောင်း တစ်ခုကို ချမှတ် ပေးလျက်ရှိပြီး နိုင်ငံတကာ၏ အထောက်အပံ့များကို စနစ်တကျ စီမံခန့်ခွဲ၍ နိုင်ငံ့စီးပွားရေးကို ရေရှည်တည်တံ့ခိုင်မြဲသော အရှိန်အဟုန်ဖြင့် တိုးတက်စေရန် အဓိကသော့ချက်များပင်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကျရာအခန်းကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စီးပွားရေး၊ လူမှုရေး အစရှိသဖြင့် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ဆောင်ရွက်မှုများကို သိသာထင်ရှားစွာ တွေ့မြင်နိုင်မည်

ဖြစ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်တွင် ပါဝင်သည့် ဈေးကွက် စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဖြစ်သောရှေ့လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅ တွင် ပါဝင်သည့် **"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်"** ဟုဖော်ပြထားသည့်အတွက် ဝန်ကြီးဌာနအနေဖြင့်ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် ပေါ်ပေါက်လာရေးကို အလေးထား ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိပါသည်။

ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို အစွမ်းကုန် မြှင့်တင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်းနှင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား စီးပွားရေးလုပ်ငန်းများ လွယ်ကူ ချောမွေ့စေရန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး ၈ ကြိမ် နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ၇၃ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး ၃ ကြိမ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး ၄၉ ကြိမ်ကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပြီးလက်ရှိလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၉၂ ခုကို အလွှာခွဲကျပန်းနမူနာကောက်နည်း (Stratified Random Sampling Method)ကို အသုံးပြု၍ စစ်တမ်းကောက်ယူခဲ့ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး မဟာဗျူဟာမြောက်ပြုပြင်ပြောင်းလဲမှုများ၊ အခြေခံအဆောက်အအုံ မြှင့်တင်မှုများနှင့် ဘက်စုံလွှမ်းခြုံသော မူဝါဒများ ပေါင်းစပ်ကာ လက်တွေ့ကျကျ ချဉ်းကပ် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ၃ နှစ်တာ ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်ကို ရေးဆွဲနိုင်ခဲ့ပါသည်။

ထို့အပြင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမှန်စာရင်း စစ်တမ်းကောက်ယူရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်၍ စစ်တမ်းကောက်ယူနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစာရင်းများကို အာဆီယံနှင့်နိုင်ငံတကာအဖွဲ့အစည်းများသို့ တင်ပြနိုင်ခဲ့သည့်အပြင် ဌာန၏တရားဝင် Website တွင်လည်းကောင်း၊ အာဆီယံ၏ ASEANStats Database တွင်လည်းကောင်း ထုတ်ပြန်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နှစ်စဉ် ထုတ်ပြန်သည့် Balance of Payment စာရင်းများနှင့် သုံးလပတ်အလိုက် ထုတ်ပြန်သည့် Financial Statistics Bulletin တို့တွင်လည်း ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။

ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းစဉ်များအနေဖြင့် ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဝါဝါမောင်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး ဒေသအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ Pathein Industrial Complex နှင့် Global Earth Agro & Aqua



Industry Public Co., Ltd. တို့သို့ သွားရောက် အားပေး ကြည့်ရှုခဲ့ပါသည်။

ပြည်ပ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းစဉ်များ အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ် ဟိုင်ခုန် ဘက်စုံပေါင်းစည်းမှုဇုန် လေ့လာရေး ခရီးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်အဖွဲ့ သွားရောက်ခဲ့ပါသည်။ ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ကျင်းပပြုလုပ်ခဲ့သည့် (၂၈) ကြိမ်မြောက် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Kirov ဒေသအစိုးရက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လိုကြောင်း ဆက်သွယ်လာခြင်းအပေါ် ကုမ္ပဏီ ၁၉ ခုကို ရွေးချယ်ပြီး Investor Targeting နည်းလမ်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ၌ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation –SCO SUMMIT 2025 Plus) သို့ တက်ရောက်သည့်ခရီးစဉ်၌လည်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး လိုက်ပါတက်ရောက်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲကျင်းပရေး ကော်မတီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်မြို့၌ ကျင်းပသည့် (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲ (The 25th China International Fair for Investment and Trade-CIFIT) သို့ တက်ရောက်ခဲ့ပါသည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ်နိုင်ငံတကာ စက်မှုပြပွဲသို့ လည်းတက်ရောက်ခဲ့ပါသည်။

ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆွေးနွေးပွဲများအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း ကူမင်းမြို့ရှိ Hualuxe Kunming Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ၊ မြန်မာ-ရုရှား စီးပွားရေးဖိုရမ် စကားဝိုင်းဆွေးနွေးပွဲ၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးဆွေးနွေးပွဲ၊ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၂၅၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင်အသင်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ၊ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) တို့နှင့် စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အသိပညာမျှဝေဆွေးနွေးပွဲ၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ စသည်ဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။


မြန်မာ-ရုရှား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး အတွက် မြန်မာနိုင်ငံကိုယ်စားပြု ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (Negotiation Team)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်ပါဝင်သည့် မြန်မာနိုင်ငံ ကိုယ်စားပြု ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး သဘောတူစာချုပ် (မူကြမ်း) အပေါ် နှစ်နိုင်ငံ အကြား အပြီးသတ်သဘောတူညီမှုရရှိခဲ့ပါသည်။ မြန်မာ-ဘယ်လာရုစ် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး အတွက် မြန်မာနိုင်ငံဘက်က ပေးပို့ထားသည့် သဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထား ပြန်ကြားပေးနိုင်ပါရန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှတစ်ဆင့် ဘယ်လာရုစ်နိုင်ငံ ဘက်သို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု တို့အကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်

ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြန်မာနိုင်ငံ ကိုယ်စားပြု ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (Negoti -ation Team) ကို ဖွဲ့စည်းနိုင်ခဲ့ပြီး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် Counter Proposal ကို ပြုစုဆောင်ရွက်ခဲ့ပါသည်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်အသစ် ချုပ်ဆိုနိုင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံဘက်သို့ ပေးပို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ-ကာတာနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဘက်မှ Counter Proposal ကို ပြုစုဆောင်ရွက်ခဲ့ပါသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် (ယခုပြည်ထောင်စုဝန်ကြီး) ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (HLTF-ACV)မှ စုစုပေါင်း (၃) ကြိမ်တက်ရောက်ခဲ့ပြီး (၂၂) ကြိမ်မြောက် အစည်းအဝေး၌ ကွာလာလမ်ပူ ကြေညာချက် စာတမ်းမူကြမ်းကို အတည်ပြုနိုင်ခဲ့ပါသည်။ အာဆီယံ ဒီဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီဝန်ကြီးများ အထူးအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

(၁၇) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေး ဝန်ကြီးများ




အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဝါဝါမောင်က အစည်းအဝေး သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့ပြီး စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင် အကောင်အထည်ဖော်ရေး အတွက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ်အတွက် အလှည့်ကျ စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘာပတိတာဝန်ကို ဗီယက်နမ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထို့အပြင် (၁၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီစီးပွားရေး ဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစီအစဉ်အနေဖြင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် ရည်ရွယ်သည့် **“ ဗီယက်နမ်- မြန်မာ စီးပွားရေးချိတ်ဆက်မှု ကွန်ဖရင့်”** ကို Melia Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက် မိန့်ခွန်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)နှင့်အညီ ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လအထိ MyCO စနစ်ဖြင့် ကုမ္ပဏီပေါင်း ၂၆၅၄ ခု ကို ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ကုမ္ပဏီများ ထိန်းကျောင်းကြပ်မတ်ရေးဆိုင်ရာ ညွှန်ကြားချက် ၂ စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီများနှင့် ပတ်သက်သည့် အချက်အလက်များ၊ ကုမ္ပဏီရုံးခန်းလိပ်စာတွင် အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေခြင်း ရှိ မရှိ သိရှိနိုင်ရန်အတွက် ကွင်းဆင်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဆက်စပ်သောဌာနများကို ညှိနှိုင်းဆက်သွယ်ခြင်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။ အသင်းများဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းမှတ်ပုံတင်ပြီးဖြစ်သည့် အသင်းများမှအမှုဆောင် ဒါရိုက်တာများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး ၃၀၈ သင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရှိ ရည်ရွယ်ချက်နှင့် ကိုက်ညီမှု ရှိ မရှိအား စုံစမ်းစစ်ဆေးခဲ့ပါသည်။ ထို့အပြင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ အီလက်ထရောနစ် မှတ်ပုံတင်စနစ် လုပ်ငန်းစဉ် (Insolvency Practitioner Registry) စတင်ကျင့် သုံးနိုင်ရန် Paradigm Applications, LLC နှင့်ညှိနှိုင်း၍ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းအပါအဝင် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ၊

နည်းဥပဒေတို့နှင့်စပ်လျဉ်းသည့် ပုံစံ ၁၂ မျိုးကို စမ်းသပ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

### စီးပွားရေးပညာဖြင့် အကျိုးပြုဆောင်ရွက်မှုများ

နိုင်ငံတော်တည်ဆောက်ရေးတွင်တစ်ဖက်တစ်လမ်းမှ ပါဝင်ခဲ့သည့် စီးပွားရေးပညာကို ဂုဏ်ပြုသည့်အနေဖြင့် စီးပွားပညာနှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို နိုင်ငံတော်အဆင့်ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါ မြန်မာနိုင်ငံ စီးပွားရေးပညာနှစ် (၁၀၀) ရာပြည့်အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် **"စီးပွားရေး ပညာနှစ် (၁၀၀)"** ရာပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ ၁၃ ခုကို စီးပွားရေးပညာဘွဲ့ရ အစိုးရအရာထမ်းများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး ဦးဆောင် ကော်မတီဥက္ကဋ္ဌအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ စီးပွားရေးပညာနှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပမည့် နေ့ရက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့ တင်ပြ အတည်ပြုချက်ရယူ၍ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ **"စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုး တို့သယ်ပိုး"** ဟူသော ဆောင်ပုဒ်ဖြင့် **"စီးပွားရေးပညာ နှစ် ၁၀၀"** ရာပြည့်အထိမ်းအမှတ်အခမ်းအနား၊ အာစရိယ ပူဇော်ပွဲအခမ်းအနား၊ စာတမ်းဖတ်ပွဲများ၊ ဓာတ်ပုံပြပွဲများ၊ ပြခန်းများနှင့် ဈေးရောင်းပွဲတော်များဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

### လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရာတွင် လူသားအရင်းအမြစ်များစွာ လိုအပ်မည်ဖြစ်ပြီး အခြေခံမှစ၍ ဦးဆောင်မှုအဆင့်အထိ လုပ်တတ်၊ ကိုင်တတ်၊ မြင်တတ်ကြရန် လိုအပ်လှပါသည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ဌာန၏ လုပ်ငန်းတာဝန်များအား ထိရောက်၍ စွမ်းဆောင်ရည်ပြည့်ဝစွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးကို ဝန်ထမ်းများ၏ လုပ်ငန်းခွင် အတွေ့အကြုံများနှင့် အခက်အခဲများအပေါ် အခြေခံ၍ Reform Action Plan များချမှတ်၍ အစဉ်တစိုက် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

လူသားရင်းမြစ် ဖွံ့ဖြိုးမှုအတွက် ဝန်ထမ်းများကို ပြည်တွင်း/ ပြည်ပ ဘွဲ့လွန်သင်တန်းများ၊ မဟာဘွဲ့/ ပါရဂူဘွဲ့တက်ရောက်ရန် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပူးပေါင်း၍ စေလွှတ်လျက်ရှိပါသည်။ ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ ရုံးလုပ်ငန်းအတတ်ပညာ၊ အစည်းအဝေးမှတ်တမ်း ရေးသားခြင်းနှင့် အစီရင်ခံစာရေးသားခြင်းသင်တန်းများ၊ ဥပဒေအသိပညာ ပြန့်ပွားရေးဆင့်ပွား သင်တန်းများ၊ သတင်းရေးသားနည်းသင်တန်းများ စသဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

တို့အပြင် နိုင်ငံတော်၏ လုပ်ငန်းလိုအပ်ချက်အရ အထက်အဖွဲ့အစည်းများသို့ သုတေသနဆိုင်ရာ စာတမ်းငယ်များကိုတင်ပြခြင်း၊ဝန်ကြီးဌာန၏ လုပ်ငန်းအားအထောက်အကူပြုစေမည့် လေ့လာသုံးသပ်ချက်စာတမ်းများ၊ စာအုပ်များ၊ သုတေသနစာတမ်းစာအုပ်များ အခါအားလျော်စွာ ပြုစု ထုတ်ဝေနိုင်ခဲ့ပါသည်။

### ဝန်ကြီးဌာန လှုပ်ရှားမှုများ

ဝန်ကြီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုများ အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပခြင်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း၊ မဟာသင်္ကြန်ပွဲတော် အထိမ်းအမှတ် ဝန်ကြီးဌာန စတုဒိသာ ကျွေးမွေးပွဲ အခမ်းအနားနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ဝန်ကြီးဌာန လှုပ်ရှားမှုများအနက် မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပြိုင်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ နိုင်ငံ့သားကောင်း ဝန်ထမ်းများ၏ စွမ်းဆောင်မှုသည် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အားမာန်တစ်ရပ်အဖြစ် ဖော်ကျူးပုံဖော်ထားသည့် **"ရင်းနှီးမြှုပ်နှံပြည့်အားမာန်"** စိန်နားပန် မီးပုံးပျံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး **"မှိုင်းခံစံချိန်အကောင်းဆုံးဆု"** ကို

ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ပါသည်။



ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ဆောင်ရွက်မှုများ

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှူပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းများအား ထောက်ပံ့ငွေ၊ လှူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ပထမအကြိမ် ထောက်ပံ့မှုအနေဖြင့် ဝန်ထမ်းတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၄၀,၀၀၀/ စီနှင့် အခြေခံစားသောက်ကုန်များ၊ ဒုတိယအကြိမ် ထောက်ပံ့မှုအနေဖြင့် ဝန်ထမ်းတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၄၀,၀၀၀/စီနှင့် လှူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်း များ၊ တတိယအကြိမ်အနေဖြင့် ဝန်ထမ်းတစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၁၀၀,၀၀၀/ စီနှင့် စောင်၊ ခြင်ထောင်များ၊ စတုတ္ထ အကြိမ်အနေဖြင့် ဝန်ထမ်းတစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၃၂၀,၀၀၀/ စီ နှင့် လှူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းများထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ လျှင်ဒဏ်သင့် ဝန်ထမ်းများနေထိုင်ရန် အတွက်လည်း Container House များကို ရေမီးအပြည့် အစုံဖြင့် ချက်ချင်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၂၅-၂၀၂၆ ပညာသင်ထောက်ပံ့ကြေး အနေဖြင့် ဝန်ကြီးဌာန၏ ဝန်ထမ်းသားသမီးများအတွက် ပညာသင် ထောက်ပံ့ကြေးများကို မူလတန်းအဆင့်၊ အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်ဟူ၍ ခွဲခြားထောက်ပံ့ပေး ခဲ့ပြီး မန္တလေးလျှင်ကြီးကြောင့် တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုကြရသည့် ဝန်ထမ်းသား/သမီးများ ဖြစ်ကြသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား/သူများ အား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ပါသည်။

နိဂုံး

အချုပ်အားဖြင့်ဆိုသော် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားစေရန်နှင့် နိုင်ငံသားတိုင်း၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်(၃)ခုဖြစ်သည့် **“ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုကို အားပေးစို့”၊ “ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”၊ “ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့” နှင့် ဦးတည်ချက် (၄)ရပ်တို့ကို** ဝန်ကြီးဌာန၏ လမ်းညွှန်ချက် အဖြစ်ခံယူ ကာ အဓိကကျသည့် အခန်းကဏ္ဍမှနေ၍ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့် အလမ်းများ တိုးတက်များပြားလာစေရေး၊ နှစ်နိုင်ငံ၊ ဒေသ တွင်းနှင့် နိုင်ငံတကာဘပူးပေါင်းဆောင်ရွက်မှုများ အောင်မြင် စွာမြင့်တင်ရေးတို့ကို အင်တိုက်အားတိုက် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးအတွက် ခိုင်မာသော အုတ်မြစ်များ ချမှတ်ပေးနေသည့်အပြင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ် တည်ဆောက်ရေးကိုပါ အထောက်အကူ ပြုလျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

7th Anniversary



# MIFER

# သတင်းများ

www.mifer.gov.mm

## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ချေးငွေအတိုးအရင်း မပေးဆပ်သည့် ကုမ္ပဏီ/ လုပ်ငန်း များမှ ငွေလျှော်ဘေးဒဏ် အမှန်တကယ်ထိခိုက် ခံစားခဲ့ရ သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ချန်လှပ်၍ ကျန်လုပ်ငန်း များအား စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူရန်ကိစ္စ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍနှင့် ရပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍတို့သည် ချေးငွေ သက်တမ်းကာလ ပြည့်မြောက်နေပြီ ဖြစ်သည့်အတွက် ချေးငွေများ ပြန်လည်ကောက်ခံရန်ကိစ္စ၊ နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေနှင့် အထွေထွေ ပိုလျှံရန်ပုံငွေသို့ ပြန်လည် ကောက်ခံရရှိမှုနှင့် ပေးသွင်းပြီးစီးမှုအခြေအနေ၊ ပေးဆပ်ရန်ကျန်ရှိမှုကိစ္စတို့အား ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေ စိစစ်ကြပ်မတ်ရေး ဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ယူ ထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုး အရင်း ကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ် ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေ များနှင့် ချေးငွေ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သူများ အား စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူဆောင်ရွက်နိုင်မှု အခြေအနေတို့အား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူ များက ချေးငွေပြန်လည်ပေးဆပ်မှုမရှိသည့် ကုမ္ပဏီ/ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကော်မတီက စီမံခန့်ခွဲရေး နည်းလမ်းဖြင့် အရေးယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေ ပြန်လည် ကောက်ခံရေးအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်း များ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တို့အား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက် တွင် ရုံးအမှတ်(၁)၏ အနောက်ဘက်ရှိ သတ်မှတ်နေရာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မိမိတို့ဝန်ထမ်းများအနေဖြင့် သစ်တောသစ်ပင်များကို အမြတ်တနိုး တန်ဖိုးထားတတ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သစ်တောသစ်ပင်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးတို့တွင် အဓိကအထောက်အကူပြုသည့်အတွက် မိုးရာသီသစ်ပင်စိုက်ပွဲများအား အလေးအနက်ထား ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ သစ်တောသစ်ပင်များနှင့် သစ်တောဂေဟစနစ်သည် ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးလျက်ရှိပါကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရန်အရေးကြီးပြီး စိုက်သမျှအပင်ရှင်သန်စေရေး၊ အကျိုးရှိစေရေး ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်နှင့် ငါးသယံဇာတ ထိန်းသိမ်းခြင်းနှင့် ငါးမျိုး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးမျိုးပြုန်းတီးမှု မဖြစ်စေရန်အတွက် ငါးသားပေါက်ကောင်ရေများကိုလည်း စိုက်ထည့်ပေးသွားမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဦးဆောင်၍ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးပြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း အမှုထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင် စုစုပေါင်း ၁၀၀ ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း အမှုထမ်းများနှင့်အတူ ငါးသားပေါက် အကောင်ရေ ၁၀၀၀၀ ကို ဝန်ကြီးဌာန အနောက် ဘက်ရှိ ရေကန်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။



## တတိယအကြိမ်မြောက် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

၂၀၂၅ ခုနှစ် ၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံ ပထဝီစီးပွားရေး လုပ်ငန်းအဖွဲ့အစည်းအဝေး (3rd Meeting of ASEAN Geoeconomics Task Force) သို့ မြန်မာနိုင်ငံ၏ အာဆီယံပထဝီစီးပွားရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ ပါဝင်တက်ရောက်ပါသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအပေါ် အမေရိကန်၏ အကောက်ခွန်နှုန်းထား အသစ်များဖြင့် ကောက်ခံမှုဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများအပေါ် အာဆီယံအနေဖြင့် မူဝါဒဆိုင်ရာ ရင်ဆိုင်တုံ့ပြန်မည့် အာဆီယံ ပေါင်းစည်းမှု အစီရင်ခံစာရေးဆွဲရေး၊ အာဆီယံ-အမေရိကန် အနာဂတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းခိုင်မာစေရေး နှင့် လုပ်ငန်းအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးကလက်ရှိဖြစ်ပေါ် နေသည့် ကမ္ဘာ့ပထဝီစီးပွားရေးအခြေအနေကို အာဆီယံ ၏ ခိုင်မာ၍အားလုံးပါဝင်သည့် စီးပွားရေးပေါင်းစည်း မှုဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း၊ ဒေသဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းသည် ပိုမိုညီညွတ် ထိရောက်မှုရှိစေ ရေးအတွက် စီးပွားရေးမဏ္ဍိုင်နှင့် နိုင်ငံရေးမဏ္ဍိုင် တို့အကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရန် လိုအပ်ကြောင်း၊ အာဆီယံ ပေါင်းစည်းမှုအစီရင်ခံစာ (ASEAN Integration Report-AIR) ရေးဆွဲ အကောင် အထည်ဖော်ရာတွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်၍ အာဆီယံ၏ ဗဟိုကျမှု (ASEAN Centrality) ကိုထည့်သွင်းစဉ်းစားရန်၊ ဒေသတွင်း ကြံ့ကြံ့ခံနိုင်မှုကို မြှင့်တင်ရန်နှင့် ထောက်ပံ့ရေးကွင်းဆက်များချိတ်ဆက်မှု ပိုမိုအားကောင်းအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အာဆီယံ ပေါင်းစည်းမှုအစီရင်ခံစာအတွက် လေ့လာ ဆန်းစစ်မှုပြုလုပ်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချက် အလက်များအားလုံးပါဝင်မှုသည် အရေးကြီးကြောင်း၊ အာဆီယံ-အမေရိကန် မဟာဗျူဟာမြောက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်၍ နောက်ထပ် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်း များကို သတ်မှတ်ရန်လိုအပ်ကြောင်း၊ ဒေသတွင်း စီးပွားရေး မျှော်မှန်းချက်များ ချမှတ်ရေးဆွဲရာတွင် မြန်မာနိုင်ငံ အနေဖြင့် အခြားအာဆီယံနိုင်ငံနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Geo-economics Task Force) ကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၏ သဘောတူညီ ချက်ဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအပြောင်းအလဲများကြောင့် အာဆီယံ ဒေသတွင်း ၌ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ထိခိုက်နိုင်မှုများကို သုံးသပ်နိုင်ရန်နှင့် အာဆီယံစီးပွားရေး ဝန်ကြီးများထံသို့ မူဝါဒဆိုင်ရာ ထောက်ခံတင်ပြချက်များ ပြန်လည်တင်ပြရန် အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ လုပ်ငန်းအဖွဲ့တွင် အာဆီယံ နိုင်ငံများမှ ဒုတိယဝန်ကြီးအဆင့် ၁ ဦးစီနှင့် အစိုးရမဟုတ် သည့် အဖွဲ့အစည်းမှ အကြီးတန်း စီးပွားရေးပညာရှင် ၁ ဦး စီ တို့ဖြင့် ဖွဲ့စည်းထားကြောင်း သတင်းရရှိပါသည်။



## ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းနှင့် ရုံးလုပ်ငန်းအတတ်ပညာ၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်းနှင့် အစီရင်ခံစာရေးသားခြင်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းနှင့် ရုံးလုပ်ငန်းအတတ်ပညာ၊ အစည်းအဝေး မှတ်တမ်း ရေးသားခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်း သင်တန်း ဆင်းပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။



သင်တန်းဆင်းပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူး ချုပ်များနှင့် အဆင့်မြင့် အရာရှိကြီးများ၊ သင်တန်းသား/ သင်တန်းသူများနှင့် Online မှ တက်ရောက်သူများ အပါအဝင် စုစုပေါင်း အင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်း အနားသည် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း (၁/၂၀၂၅) နှင့် ရုံးလုပ်ငန်းအတတ်ပညာ၊ အစည်းအဝေး မှတ်တမ်း ရေးသားခြင်းနှင့် အစီရင်ခံစာရေးသားခြင်း သင်တန်းတို့ကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရဥပဒေ အသိပညာပြန့်ပွားရေးသင်တန်းကိုဖွင့်လှစ်ပေးခဲ့ခြင်းဖြစ် ကြောင်း၊ နိုင်ငံသားအားလုံးနှင့် ဝန်ထမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ထမ်းများ အနေဖြင့် ဥပဒေများကို သိရှိရုံသာမက လိုက်နာကျင့်သုံးရန်နှင့် အကောင်အထည်ဖော်ရန် လိုအပ် ကြောင်းနှင့် မိမိတို့ရုံးဌာနရှိ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်း များအတွက် ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာရမည့်အပြင် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင် သော ဥပဒေ၊ နည်းဥပဒေများကို တိကျစွာ အကောင်



အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အဂတိတရား ကင်းရှင်းရန် လိုအပ်ပါကြောင်း၊ ထို့အတူ ဝန်ထမ်းများ အတွက် လုပ်ငန်းခွင်တွင် အမှန်တကယ် လိုအပ်သည့် ရုံးလုပ်ငန်း အတတ်ပညာ၊ အစည်းအဝေးမှတ်တမ်း ရေးသားခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်းတို့ကိုလည်း လက်တွေ့ကျကျ သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ သင်တန်း သားများအနေဖြင့် သင်တန်းမှ လေ့လာသင်ယူခဲ့သော ဥပဒေဆိုင်ရာ အသိပညာများနှင့် ရုံးလုပ်ငန်းဆိုင်ရာ အတတ် ပညာများကို အကျိုးရှိရှိ အသုံးချရန် လိုအပ်ကြောင်း၊ ထူးချွန်ထက်မြက်၍ စည်းကမ်းလိုက်နာသော နိုင်ငံ့ သားကောင်းများနှင့် နိုင်ငံ့ဝန်ထမ်းကောင်းများကို နိုင်ငံ တော်မှ လိုအပ်လျက်ရှိကြောင်း၊ နိုင်ငံတော် တည်ဆောက် ရေးတွင် ကဏ္ဍအသီးသီးမှ ပံ့ပိုးပေးနိုင်သော နိုင်ငံ့ သားကောင်းများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ကြပါစေ ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် Group Presentation ပထမဆုရရှိသည့် အဖွဲ့ကိုယ်စား သင်တန်းသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်ပြီး သင်တန်းသားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက Group Presentation ဒုတိယဆုနှင့် တတိယဆု ရရှိသည့် အဖွဲ့များကိုယ်စား သင်တန်းသားတစ်ဦးစီအားဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းအလိုက် သင်တန်းသားများကိုယ်စား သင်တန်းသား နှစ်ဦးက သင်တန်းမှရရှိသည့် အကျိုးကျေးဇူးများနှင့် သင်တန်းဖွင့်လှစ် ပို့ချပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းသို့ သင်တန်းသား/သူ ၄၀ ဦးနှင့် ရုံးလုပ်ငန်း အတတ်ပညာ၊ အစည်းအဝေးမှတ်တမ်း ရေးသားခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်းသင်တန်းသို့ သင်တန်းသား/သူ ၃၀ ဦး တက်ရောက်ခဲ့ကြပါသည်။

## (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။ အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အီးအေအီးယူ-အာဆီယံ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (EAEU-ASEAN Business Dialogue)တွင် ဆွေးနွေးပြောကြားသူအဖြစ် ပါဝင်ဆောင်ရွက်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သိရှိသင့်သည့် အာဆီယံနှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့၏ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ၊ စီးပွားရေးလုပ်ငန်း/ အဖွဲ့အစည်းများအကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်စေသည့် နည်းလမ်းများ၊ ရေရှည်ကာလတွင် အာဆီယံနှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို အဆုံးအဖြတ်ပေးနိုင်သည့် ကမ္ဘာ့စီးပွားရေး အလားအလာများနှင့် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ၏ အကြံပေးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ရော့စ်ကွန်ဂရက် ဖောင်ဒေးရှင်း၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် သီးခြား တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

(၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်ကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်



အစိုးရနှင့်ရုရှား ဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိုလည်းကောင်း၊ ရုရှားနိုင်ငံ၊ Inter RAO Export LLC နှင့် မြန်မာနိုင်ငံ၊ 24 Hour Mining & Industry Co., Ltd တို့အကြား ထားဝယ်အထူးစီးပွားရေးဇုန်အနီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်းသည့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေး နားလည်မှုစာချွန်လွှာကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

Source: ဥရောပ၊ ဩစတြေးလျနှင့် အာဖရိကဌာနခွဲ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency -CIDCA) ဥက္ကဋ္ဌ ဖြစ်သူ Mr. Chen Xiaodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (China International Development Cooperation Agency-CIDCA) ဥက္ကဋ္ဌ ဖြစ်သူ Mr. Chen Xiaodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ၂၄ ရက်နေ့တွင် နေပြည်တော်၊ Park Royal Hotel ၌ လက်ခံတွေ့ဆုံသည်။

ထို့သို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများအတွက် တရုတ်နိုင်ငံအစိုးရ၏ အချိန်နှင့်တစ်ပြေးညီ လူသားချင်း စာနာထောက်ထားမှု၊ အကူအညီ အထောက်အပံ့များ ပေးအပ်ခဲ့မှုအခြေအနေ၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေးစီမံကိန်းများ၊ နှစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာဘက်မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာန အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်နိုင်ငံဘက်မှ CIDCA ၏ ဒေသရေးရာဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် CIDCA မှ ကိုယ်စားလှယ်များနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund- UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Yasumasa Kimura ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် သည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund- UNICEF) ၏ မြန်မာနိုင်ငံ ဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Yasumasa Kimura ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

ထို့သို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNICEF မှ ဆောင်ရွက်လျက်ရှိသော လူမှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အကျိုးရှိထိရောက်စေရေးနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။


တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့် အရာရှိကြီး များနှင့် မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ် များ တက်ရောက်ကြောင်း သတင်းရရှိသည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အီဂျစ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံ**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် သည် ရန်ကုန်မြို့အခြေစိုက် အီဂျစ်နိုင်ငံသံရုံးမှ သံအမတ် ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်တွင် လက်ခံတွေ့ဆုံသည်။

ထို့သို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား



စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများမြှင့်တင်ရန် ရည်ရွယ်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ- အီဂျစ် အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပနိုင်ရေးနှင့် အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ညီနောင်အသင်းများနှင့် အီဂျစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်း၊ ဝါနှင့် ချည်မျှင် ဆင့်တက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါး နှင့် ဆေးဝါးပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းတို့တွင် ရင်းနှီး မြှုပ်နှံရေးနှင့် နည်းပညာလွှဲပြောင်း ရယူနိုင်ရေးဆိုင်ရာ ကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြား

စီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများ၊ အီဂျစ်သံရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme – WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Michael John Dunford ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များ အကျိုးရှိထိရောက်စေရေးနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်းသိရသည်။



## MOFCOM ပညာသင်ဆုများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာ အထောက်အကူပြု နိုင်ငံအတွက် သစ္စာရှိရှိနှင့် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသူများ ဖြစ်လာစေရေး ကြိုးစားအားထုတ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအသင်းက ကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြု လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာ-၂၀၂၅ ဖွင့်ပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce- MOFCOM) ပညာသင်ဆုပေးအပ်ပွဲကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ တွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက မြန်မာနိုင်ငံရှိတရုတ်လုပ်ငန်းရှင်များအသင်း (CECCM) အနေဖြင့် တရုတ်စီးပွားရေး လုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာ-၂၀၂၅ ထုတ်ပြန်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် က လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာသည် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေနပ်ဖွယ်ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာ လိုအပ်ချက်များအရ လူမှုအသိုင်းအဝိုင်းအတွက် အထောက်အပံ့ကောင်းများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိပ္ပာယ် ပြည့်ဝသော ပံ့ပိုးကူညီမှုများ ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေး

လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Liu Ming က အစီရင် ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက တရုတ်စီးပွားရေးလုပ်ငန်းများ၏ ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အသင်းမှ ဆောက်လုပ်လှူဒါန်းသော စစ်ကိုင်းမြို့ရှိ ရွှေမင်းဝန်ဈေးသစ်စီမံကိန်းကို လွှဲပြောင်းပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce-MOFCOM) က ကြီးမှူးပြုလုပ်သော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရ၏ ပညာသင်ဆုပေးအပ်ပွဲသို့ တက်ရောက်သည်။

ပညာသင်ဆု ပေးအပ်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက MOFCOM ပညာသင်ဆုများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှပေးအပ်သည့် MOFCOM ပညာသင်ဆုများသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်များစွာ အထောက်အကူပြုစေပါကြောင်း၊ အရည်အချင်းပြည့်မီပြီး ပညာသင်ဆု ရွေးချယ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများကို ကျောင်းဝင်ခွင့်လက်မှတ် (Admi-ssion Letter) ချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်းသည် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ပညာသင်ကာလ ပြီးဆုံးပါက လေ့လာဆည်းပူးခဲ့သည့် အသိပညာဗဟုသုတများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးပြုရန်နှင့် နိုင်ငံအတွက် သစ္စာရှိရှိနှင့် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များဖြစ်လာစေရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တရုတ်သံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter) များကို ပညာတော်သင်ဆု ရွေးချယ်ခြင်းခံရသည့် အရာထမ်း၊ အမှုထမ်းများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ပံ့ပိုးကူညီရန် အဆင်သင့်ရှိဟု ပြည်ထောင်စုဝန်ကြီးပြော

မြန်မာအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ပံ့ပိုးကူညီရန် အဆင်သင့်ရှိသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ပြောကြားခဲ့ပါသည်။

နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ပြုလုပ်သည့် မြန်မာနိုင်ငံရှိ တရုတ်လုပ်ငန်းရှင်များအသင်း (Chinese Businessmen Association in Myanmar - CECCM) က ထုတ်ပြန်သည့် ၂၀၂၅ ခုနှစ် လုပ်ငန်းရှင်များ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူ ဆောင်ရွက်ခြင်း (Corporate Social Responsibility - CSR) အစီရင်ခံစာ မိတ်ဆက်ပွဲ အခမ်းအနားတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာပြည်သူလူထုအတွက် တန်ဖိုးရှိသည့် ဝန်းကျင်ကောင်းကို ဆက်လက်ပံ့ပိုးကြမည်ဟု ယုံကြည်သည်ဟုလည်း ဆိုထားပါသည်။

မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေး လုပ်ငန်းများသည် လွန်ခဲ့သည့်ရှစ်နှစ်အတွင်း CSR ပရောဂျက်ပေါင်း ၁၆၀ ကျော်ကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုက လူဦးရေ စုစုပေါင်း ၄၂၀,၀၀၀ ကျော်ကို အကျိုးပြုနိုင်ခဲ့သည်ဟု သိရှိရပါသည်။

ယခုအစီရင်ခံစာ၌ ဖော်ပြထားသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ဖန်တီးမှုများအပြင် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဆောင်ရွက်ချက်များသည် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်ဟု ဒေါက်တာဝါဝါမောင်က ပြောကြားခဲ့ပါသည်။

ထို့ပြင် ၎င်းအခမ်းအနားတွင် စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး၊ မြန်မာ-တရုတ် ချစ်ကြည်ရေး ဈေးရုံတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် တရုတ်ကုမ္ပဏီများအသင်းတို့ ပူးပေါင်းပြီး စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၃,၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်ဟုလည်း သိရှိရပါသည်။



## ပြည်ထောင်စုဝန်ကြီးက UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် သည် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (United Nations Population Fund- UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ကြပါသည်။

အမြင်ချင်းဖလှယ် တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNFPA မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ် (Work Plan) ဆက်လက် သက်တမ်းတိုးမြှင့် ဆောင်ရွက်မည့် အစီအစဉ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် UNFPA တို့အကြား သဘောတူ ညှိနှိုင်းထားသည့် အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များ အကျိုးရှိ ထိရောက်စေရေး စီမံဆောင်ရွက်မှု များကို အလေးထား ဆောင်ရွက်ရန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။



## အာဆီယံဒီဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ ဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ- အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးများကျင်းပ

အာဆီယံ ဒီဂျစ်တယ်စီးပွားရေး မူဘောင်သဘောတူ စာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ ဝန်ကြီးများ အထူးအစည်းအဝေးကို ဩဂုတ်လ ၂၈ နေ့ တွင် ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံ စီးပွားရေးအသိုက်အဝန်း ကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ပါဝင်တက် ရောက် ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီး H.E. Tengku Datuk Seri Utama Zafrul Tengku Abdul Aziz က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအထူးအစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူ စာချုပ်ညှိနှိုင်းမှုကို ဘာသာရပ်ဆိုင်ရာ ညှိနှိုင်းမှုပြီးစီးရန်နှင့် အဆိုပါ မူဘောင်သဘောတူစာချုပ်အား ၂၀၂၆ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းမှုများကို အရှိန် မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံဒီဂျစ်တယ် စီးပွားရေး မူဘောင်သဘောတူစာချုပ်တွင် ထည့်သွင်းမည့် အချက်များနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများအကြား သဘောတူညီချက် ရရှိရန် ကျန်ရှိနေသည့် ကိစ္စရပ်များကို ညှိနှိုင်းသဘောတူခဲ့ပြီး ဆက်လက်ညှိနှိုင်းမည့် ကိစ္စရပ် များအပေါ် မဟာဗျူဟာမြောက်လမ်းညွှန်ချက်များ ပေးခဲ့

ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် ASEAN -India Trade in Goods Agreement (AITIGA) ပြန်လည်သုံးသပ်ရေးဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီး H.E. Tengku Datuk Seri Utama Zafrul Tengku Abdul Aziz က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူ စာချုပ်ပြန်လည် သုံးသပ်မှုကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်နိုင်ရေးအတွက် အာဆီယံ၏ အဆိုပြုရည်မှန်းချက်များကို အသိအမှတ်ပြုကြောင်း၊ အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အောက်မှ အကောက်ခွန်ထပ်မံ ဖြေလျှော့ပေးရမည့် သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ၏ ဘုံသဘောတူညီချက်ရရှိပါက မြန်မာနိုင်ငံ အနေဖြင့် အဆိုပါ သတ်မှတ်ချက်အတိုင်း လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအကောက်ခွန် ဖြေလျှော့ပေးရမည့်နှုန်းသည် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အတွက် တူညီသည့် ဖြေလျှော့မှုနှုန်းဖြစ်ရန်လိုကြောင်း၊ အကောက်ခွန်ဖြေလျှော့မှုများ ဆောင်ရွက်ရာတွင်လည်း ဖွံ့ဖြိုးမှုပိုမိုနည်းပါးသည့် နိုင်ငံများအတွက် အကောင်အထည်ဖော်သည့် ကာလအပိုင်းအခြား (Staging Period) ပေးရန် တောင်းဆိုခဲ့ကြပါသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံး (UN Development Coordination Office – UNDCO) ၏ အာရှ - ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များ ပိုမိုအကျိုးရှိ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂ နိုင်ငံဆိုင်ရာအဖွဲ့ (UN Country Team) တို့အကြား အနီးကပ်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ လျှင်တုံ့ပြန်ဆောင်ရွက် ရေးလုပ်ငန်းစဉ်များအား ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲ လုပ်ငန်းအစီအစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ရေး၊ အကျိုးရှိထိရောက်သော ကူညီထောက်ပံ့မှုများ ဖြစ်စေရန်အတွက် အလေးထားဆောင်ရွက်ရေး ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေးရုံး (UN Development Coordination Office – UNDCO) ၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် သည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံး (UN Development Coordination Office – UNDCO) ၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံ တွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လုပ်ငန်း စီမံချက်များ ပိုမိုအကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂ နိုင်ငံဆိုင်ရာအဖွဲ့ (UN Country Team) တို့အကြား အနီးကပ် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ လျှောင်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များအား ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲ လုပ်ငန်းအစီအစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ရေး၊ အကျိုးရှိ ထိရောက်သော ကူညီထောက်ပံ့မှုများ ဖြစ်စေရန်အတွက် အလေးထားဆောင်ရွက်ရေး ကိစ္စများအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Michael Dunford တို့ တက်ရောက်ကြောင်း သတင်းရရှိသည်။



## မြန်မာနှင့် တရုတ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် တရုတ်နိုင်ငံ၊ တီယန်ကျင်းမြို့ရှိ တန်ဂလာဟိုတယ်၌ ကျင်းပခဲ့ပါသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးချစ်ဆွေ၊ ဦးမင်းနောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဆွေ၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် တရုတ် နိုင်ငံ အသေးစားနှင့် အလတ်စား လုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်း ဆောင်ရွက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စား လုပ်ငန်းများအသင်း (CASME) တိုအကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရွှေသံလွင် ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် နှင့် China Harbor Engineering ကုမ္ပဏီလီမိတက် (CHEC) တို့အကြား ပူးပေါင်းဆောင် ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Royal Green Ocean ကုမ္ပဏီလီမိတက်နှင့် Jiangxi Longzheng Technology developement ကုမ္ပဏီလီမိတက်တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Yunnan Ba-oshan Hengyi Industrial Group ကုမ္ပဏီလီမိတက် နှင့် Transland Public ကုမ္ပဏီလီမိတက်တို့အကြား ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) နိုင်ငံတကာ စင်္ကြံ၏ မြန်မာကံပိုင်တည် - မြစ်ကြီးနား-ပန်ဆောင် အဝေးပြေး လမ်းမကြီး စီမံကိန်း နားလည်မှုစာချွန်လွှာ၊ Platypus ကုမ္ပဏီလီ မိတက် နှင့် China Enerever Solu-tions (Shanghai) ကုမ္ပဏီလီမိတက်တိုအကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြ ခြင်းဖြစ်ပါသည်။

နားလည်မှု စာချွန်လွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဒေါက်တာဝါဝါမောင်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေ တို့၏ ရှေ့မှောက် ၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။






မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း(CASME)တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး လဲလှယ်စဉ်။

## ပြည်ထောင်စုဝန်ကြီး (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲတက်ရောက်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲကျင်းပရေး ကော်မတီ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှမန်မြို့၌ ကျင်းပသည့် (၂၅) ကြိမ်မြောက် တရုတ် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲ (The 25th China International Fair for Investment and Trade-CIFIT) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

စက်တင်ဘာ ၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျင့်ပြည်နယ် ခေါင်းဆောင်များနှင့် ဂျီးမေးလ်ခရိုင်မှူးတို့က တည်ခင်း ဧည့်ခံသော ညစာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ စက်တင်ဘာ ၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည် ပြပွဲ ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် (၅) ကြိမ်မြောက် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်း ဆောင်ရွက်မှု အခမ်းအနားသို့ တရုတ်၊ လာအို၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ် များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် RCEP တွင် ပါဝင်ဆောင်ရွက်လျက် ရှိသည့် အခြေအနေနှင့် အကျိုးသက်ရောက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based industry) ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက် နေသည့် အစီအမံများ၊ ဒေသတွင်း စီးပွားရေး အခြေအနေ၊ ရှေ့ဆက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ RCEP အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အတန်း ကွာဟသည့် အတွက် အကျိုးကျေးဇူးများ မျှတမှုရှိစေရန် ဆောင်ရွက်နိုင်မှု နည်းလမ်းများနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး ပြောကြားခဲ့ပါသည်။

စက်တင်ဘာ ၉ ရက်တွင် ရှမန်နှလုံးသွေးကြောရောဂါ ကုဆေးရုံ၊ ရှမန်တက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနနှင့် ရှမန်နှလုံးသွေးကြော ရောဂါကုဆေးရုံ၊ ရှမန်တက္ကသိုလ် တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုး လဲလှယ်ခဲ့ကြပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတကာမှ လာရောက်ပြသထားသော ပြခန်းများရှိ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ၊ နည်းပညာသစ်များနှင့် စီးပွားရေးကဏ္ဍအမျိုးမျိုးကို သွားရောက်လေ့လာခဲ့ကြပြီး ခရီးစဉ်အတွင်း ရှမန်မြို့ရှိ ICT နည်းပညာဆိုင်ရာ Software Park သို့ သွားရောက်လေ့လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) ၏ အစိတ်အပိုင်း တစ်ရပ်ပင်ဖြစ်ကြောင်း၊ အဂတိကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်မှသာလျှင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို ဦးတည်ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက ဝန်ကြီးဌာနအနေဖြင့် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ထပ်ဆင့်မျှဝေပေးရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းအတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်တင်ပြ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။





## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme- UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ Mr. Norimasa Shimomura အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme- UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ Mr. Norimasa Shimomura အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

ထို့သို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNDP မှ ဆောင်ရွက်လျက်ရှိသော အသိုက်အဝန်း ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်ရေးလုပ်ငန်းစီမံချက် (Enabling Community Recovery and Resilience - ENCORE) ၏ တိုးချဲ့လုပ်ငန်းများအနေဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့မှုအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNDP ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက China Harbour Engineering Co., Ltd. နှင့် Yunnan Baoshan Hengyi Industrial Group Co., Ltd. တို့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် China Harbour Engineering Co.,Ltd မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Xu Huajiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Yunnan Baoshan Hengyi Industrial Group Co.,Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. Duan Zhikui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) နေပြည်တော်တွင် လက်ခံတွေ့ဆုံသည်။

ထို့သို့တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအစိုးရနှင့်အတူ China Harbour Engineering Co., Ltd မှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Yunnan Baoshan Hengyi Industrial Group Co.,Ltd မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံရာတွင် ဥက္ကဋ္ဌဖြစ်သူ Mr. Duan Zhikui နှင့် မြန်မာနိုင်ငံတွင် စွမ်းအင်လုပ်ငန်း၊ နိုင်ငံတကာ ကုန်ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း၊

ထောက်ပံ့ရေးကွင်းဆက်နှင့် E-commerce လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့၌ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၃ ရက်နေ့အထိ ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲ (International Industrial Exhibition **"INNOPROM. Belarus"**) သို့ တက်ရောက်ခဲ့သည်။

မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲဥက္ကဋ္ဌများ ဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးမစ္စတာမက်ဆင်းရူဇန်ကော့ဗ် တို့က ဦးဆောင်ကျင်းပခဲ့သည်။ အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ မတ်လအတွင်းတွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများ အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို လည်းကောင်း၊ လက်မှတ်ရေးထိုးပြီးဖြစ်သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာကို အခြေခံ၍ ရေးဆွဲလျက်ရှိသည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) အပြီးသတ်ရေးဆွဲရေး ကိစ္စရပ်များကိုလည်းကောင်း အသေးစိတ် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် အဆိုပါစာချုပ် စာတမ်းများနှင့် လမ်းပြမြေပုံတို့တွင် ပါဝင်သည့်ကဏ္ဍများဖြစ်သော စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေးနှင့် ဆေးဝါး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် အခွင့်အလမ်းများကို ကဏ္ဍအလိုက် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအပြီးတွင် ပူးတွဲဥက္ကဋ္ဌများက ဒုတိယအကြိမ် ပူးတွဲကော်မတီ အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုလဲလှယ်ခဲ့ကြပြီး ကော်မတီ အစည်းအဝေး ကျင်းပခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ် တို့သည် စက်တင်ဘာလ ၂၉ ရက်နေ့တွင်ကျင်းပသည့် ကုန်သွယ်ရေးပြပွဲ အစီအစဉ်၊ မျက်နှာစုံညီ အစည်းအဝေးနှင့် အထူးဧည့်သည်တော်များအား ဧည့်ခံပွဲတို့သို့

တက်ရောက်ခဲ့သည်။ မျက်နှာစုံညီ အစည်းအဝေးသို့ ဘယ်လာရုစ်၊ ရုရှား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ်စတန်နှင့် တာဂျစ် ကစ်စတန် နိုင်ငံတို့မှ ဝန်ကြီးချုပ်များတက်ရောက်၍ ဥရောပ-အာရှ စီးပွားရေး သမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နည်းပညာများနှင့်ထုတ်ကုန်များကို ပို့ကုန်မောင်းနှင်အားအဖြစ် အထောက်အကူပြုနိုင်သည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာ အသစ်များ၏ မဟာမိတ်များအတွက် မဟာဗျူဟာမြောက် ဦးတည်ချက်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းများအသီးသီး ပြောကြားခဲ့ကြသည်။ မျက်နှာစုံညီအစည်းအဝေးသို့ ဥရောပ-အာရှ စီးပွားရေး သမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ထိပ်တန်းစီးပွားရေး အမှုဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက်၍ ဘယ်လာရုစ်နိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ နည်းပညာမြင့် ထုတ်ကုန်များ၊ ခေတ်မီနည်းပညာများနှင့် စက်ယန္တရားများ ခင်းကျင်းပြသမှုများကို လေ့လာကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကျန်းမာရေး စောင့်ရှောက်မှုဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာအလီယက်စန်ဒါခါဂျာရက်ဗ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာ ဒန်းနစ်ဘာခေ နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စက်မှုနှင့် လယ်ယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့ရှိနို့နှင့် နို့ထွက်ပစ္စည်း စက်ရုံသို့ သွားရောက်၍ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှုနှင့် ဘေးကင်းလုံခြုံရေး စီမံဆောင်ရွက်မှုများကိုလည်းကောင်း၊ မင့်စ်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ မော်တော်ယာဉ်၊ လူနာတင်ကားများ၊ ရွှေ့လျားဆေးကုသသည့်မော်တော်ယာဉ်များ၊ မီးသတ်ကားများ ထုတ်လုပ်နေမှုများနှင့် အရည်အသွေး စမ်းသပ်စစ်ဆေးမှုများကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့ရာ စက်ရုံအသီးသီးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်လမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အလားတူ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ မြန်မာဘက်မှ ကော်မတီအဖွဲ့ဝင်များသည် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးမှုများနှင့် လေ့လာမှုများကို ဆောင်ရွက်ခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို တွဲဖက်ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်၍ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံ

သုတေသနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်သည် Advin CJSC စက်ရုံနှင့် Belmedpreparaty ဆေးဝါးထုတ်လုပ်သည့် စက်ရုံတို့သို့ သွားရောက်၍ စက်ပစ္စည်း ပုံရိပ်ဖော်စက်များ၏ နည်းပညာဆန်းသစ်ထုတ်လုပ်မှုများနှင့် ဆေးဝါးထုတ်လုပ်နေမှုများကိုလေ့လာခြင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကိုယ်စားလှယ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အမျိုးသားဘဏ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခြင်းနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များသည် ဘယ်လာရုစ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခြင်းတို့ကို အသီးသီး ဆောင်ရွက်ခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန တို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး အောက်တိုဘာလ ၄ ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။



## အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်ဦးဆောင်၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်၌ ကျင်းပသည်။ အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ စုစုပေါင်း (၈၀) ဦးခန့်တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား မိတ်ဝတ်မပျက်ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်သည် အာဆီယံအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှု၏ နောက်ဆုံးနှစ်ဖြစ်သည့်အတွက် အေအီးစီလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု၊ မြန်မာနိုင်ငံက လိုက်ပါအကောင်အထည်ဖော်မှုအခြေအနေများနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ရန်၊ ၂၀၂၅ အလွန်တွင် ဆက်လက် ဆောင်ရွက်မည့် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ နှင့် ယင်းအောက်မှ စီးပွားရေးမဏ္ဍိုင်အနေဖြင့် အကောင်အထည်ဖော်မည့် အေအီးစီမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) တို့နှင့် စပ်လျဉ်းပြီး မျှဝေဆွေးနွေးနိုင်ရန်၊ စက်တင်ဘာလတွင် ကျင်းပပြီးစီးခဲ့သော အာဆီယံစီးပွားရေး ဆိုင်ရာ အစည်းအဝေးများ၏ ရလဒ်များနှင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စများကို သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပထဝီနိုင်ငံရေး (Geopolitics) နှင့် ပထဝီစီးပွားရေး (Geoeconomics) ကဏ္ဍများတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး ယင်းစိန်ခေါ်မှုသည် မြန်မာနိုင်ငံ အပါအဝင် အာဆီယံကို ရိုက်ခတ်မှုရှိကြောင်း၊ အာဆီယံအနေဖြင့် အမေရိကန် ပြည်ထောင်စု၏ အခွန်စည်းကြပ်မှု အစီအမံကဲ့သို့ ပထဝီစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကိုတုံ့ပြန်ရန် စုပေါင်းလုပ်ငန်း စဉ်အနေဖြင့် Geoeconomics Task Force (AGTF) ကို ဖွဲ့စည်းပြီး အကြံပြုချက်များ ရေးသားပြုစုနေကြောင်း၊ အာဆီယံအနေဖြင့် စည်းမျဉ်းကိုအခြေခံသော ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှုကို ထောက်ခံကြောင်း ပြသရန် ဝန်ကြီးအဆင့်အထူးအစည်းအဝေးများကိုလည်း ကျင်းပခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက အေအီးစီ ၂၀၂၅ (၂၀၁၆-၂၀၂၅) ကို ၂၀၁၆ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ အကောင်အထည်ဖော်မှုစတင်စဉ်က အေအီးစီလုပ်ငန်းစဉ်များသည် ၁၇၀၀ ကျော်သာရှိသော်လည်း ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင် ကိုဗစ်ကဲ့သို့ မမျှော်မှန်းနိုင်သော ကိစ္စရပ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် စီးပွားရေးကဲ့သို့ အသစ်နှင့်ပေါ်ထွန်းဆဲ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားလာသည့်အတွက် လုပ်ငန်းစဉ်ပေါင်း ၃၈၀၀ ကျော်ထိတိုးမြင့်လာပါကြောင်း၊ လက်ရှိတွင် အဆိုပါလုပ်ငန်းစဉ်များ၏ ၇၅ ရာခိုင်နှုန်းကျော်ကို အကောင်အထည်ဖော်ပြီးစီး၍ ယခုနှစ်အကုန်တွင် ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးရန် မျှော်မှန်းထားကြောင်း၊ ကျန်ရှိနေသော လုပ်ငန်းစဉ်များကို ၂၀၂၅ အလွန်တွင် ဆက်လက်အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုးပြီးသည့် စာချုပ်များအကောင်အထည်ဖော်ရာ၌ ပြည်တွင်းလုပ်ထုံးလုပ်နည်းတွေနဲ့ ကိုက်ညီမှု ရှိအောင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အနာဂတ်ရည်မှန်းချက်အတွက် နောင်နှစ် (၂၀) အထိမျှော်မှန်း၍ အာဆီယံမျှော်မှန်းချက် ၂၀၄၅ကို ရေးဆွဲထားပြီးဖြစ်ကြောင်း၊ အာဆီယံမျှော်မှန်းချက် ၂၀၄၅ ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊

လူမှုယဉ်ကျေးမှု၊ အာဆီယံပေါင်းစပ် ဆက်နွယ်မှုမဏ္ဍိုင် အလိုက် ဆက်လက်ရေးဆွဲခဲ့ကြပါကြောင်း၊ အာဆီယံ စီးပွားရေးမဏ္ဍိုင်သည် အာဆီယံမျှော်မှန်းချက် ၂၀၄၅ ၏ နှစ် ၂၀ Time Frame အောက်တွင် ၅ နှစ်တာ လုပ်ငန်း အစီအစဉ် ၄ ခုကို ရေးဆွဲချမှတ် အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း၊ အေအီးစီမဟာဗျူဟာ လုပ်ငန်း အစီအစဉ် (၂၀၂၆-၂၀၃၀) ကို ၂၀၂၅ ခုနှစ် မေလတွင် ကျင်းပခဲ့တဲ့ (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်း အဝေးတွင် အတည်ပြုပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အလွန် တွင် ဆောင်ရွက်မည့် အေအီးစီ လုပ်ငန်းစဉ်များအား Stakeholder တွေအားလုံး မျှဝေဆွေးနွေးရန် ရှိကြောင်း နှင့် ယင်းအစီအစဉ်အတွက် ဘာသာရပ် ဆိုင်ရာဌာနများ အနေဖြင့် ဝိုင်းဝန်းပံ့ပိုးစေလိုကြောင်း၊ အေအီးစီ မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) အကောင်အထည်ဖော် နိုင်ရေးစပ်လျဉ်းပြီး အေအီးစီလုပ်ငန်း စီမံချက် အသစ်ကို ဆက်လက်ရေးဆွဲရန်ရှိ ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဘာသာရပ် ဆိုင်ရာဌာနများအနေဖြင့် အေအီးစီ အကောင်အထည် ဖော်မှုတွင် မိမိတို့နိုင်ငံ နောက်ကျမကျန်စေရေးအတွက် တတ်အားသမျှ ပါဝင်အကောင်အထည်ဖော်ရန်၊ အကောင် အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများရှိပါက အချိန်နှင့် တစ်ပြေးညီတင်ပြရန်၊ ဌာနတစ်ခုနှင့်တစ်ခု ဆက်စပ် အကောင်အထည်ဖော်ရမည့် လုပ်ငန်း (Cross-cutting Issues) အတွက် ဘာသာရပ်ဆိုင်ရာ ဌာနများအကြား ပူးပေါင်း ဆောင်ရွက်ကြရန်၊ သက်ဆိုင်သူများအကြား ဆွေးနွေးနှီးနှောဖလှယ်မှုများ ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံ မျှော်မှန်းချက် ၂၀၄၅ နှင့် အေအီးစီ မဟာဗျူဟာ လုပ်ငန်း အစီအစဉ် (၂၀၂၆ - ၂၀၃၀) နှင့်စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိဖြစ်သူ ဒေါက်တာ မာလာမျိုးညွန့် က (၅၇) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တို့၏ ဆွေးနွေးချက်များနှင့် ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီများက လုပ်ငန်းကော်မတီ အလိုက် ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကိုတင်ပြခဲ့ရာ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီကို မြန်မာ နိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည် ဖော်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (၂၂) ခုဖြင့် ဖွဲ့စည်း ထားခြင်း ဖြစ်သည်။ အဆိုပါ လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန် များကလည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြား ရေးမှူးချုပ်များကလည်းကောင်း၊ ဘာသာရပ်ဆိုင်ရာ ဌာန များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက် လျက်ရှိသည်။



## တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းသည့်အစည်းအဝေးကျင်းပ

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှမန်ခရီးစဉ်၊ ဘယ်လာရုစ် သမ္မတနိုင်ငံ၊ မင့်စ်မြို့ခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၊ ရုံးအမှတ် (၁)၊ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့ ဦးဆောင်ကျင်းပ ပြုလုပ်ခဲ့သည်။



အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က နိုင်ငံတော်အကြီးအကဲ၏ တရုတ် ပြည်သူ့သမ္မတ နိုင်ငံခရီးစဉ်လမ်းညွှန်ချက်များနှင့်စပ်လျဉ်း ၍ ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လက်ခံ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ နည်းပညာ မြှင့်တင်၍ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့် နိုင်ရေး၊ သတ္တုဆင့်တက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်တင်ပို့ နိုင်ရေးနှင့် အဆိုပါကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရေး၊ AI အပါအဝင် နည်းပညာမြှင့်တင်နိုင်ရေး အတွက် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရန်ကုန်မြို့နှင့်ချန်ဒူးမြို့ တိုက်ရိုက်လေကြောင်းလိုင်းနှင့် ရေထွက်ကုန် ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြား သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဖူကျန်ပြည်နယ်၊ ရှမန် ခရီးစဉ်တွင် ရှမန်မြို့၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲတွင် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းများမှ ပြခန်းဝင်ရောက်ပြသနိုင်ခဲ့မှု အခြေအနေနှင့် စီးပွားရေး အဆက်အသွယ်များ၊ ခရီးစဉ်အတွင်း ရှမန်နှလုံး သွေးကြောဆိုင်ရာ အထူးကုဆေးရုံကြီးနှင့် ဆေးပညာရပ် ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ခဲ့မှု အပေါ် လုပ်ငန်းခွင်သင်တန်း၊လက်တွေ့ကုသရေးသင်တန်း သားများ ရွေးချယ်စေလွှတ်ရေး အခြေအနေများနှင့် ရန်ကုန်မြို့နှင့်ရှမန်မြို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲ နိုင်ရေးနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်များနှင့် ဆန်ကို တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များအား ရှင်းလင်းပြော ကြားခဲ့သည်။

ထို့အတူ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့ခရီးစဉ် တွင်လည်း မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြားကုန်သွယ် ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးတက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း ၍ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အသေးစိတ်ဆောင်ရွက်ရန် ကိစ္စရပ် များ၊ မြန်မာနိုင်ငံမှ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရာဘာ၊ ချုပ်ပြီးအဝတ်အထည်နှင့် ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရေး ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍ၌ ဆေးဝါးနှင့် ဆေးကိရိယာ

ပစ္စည်းများ အထူးသဖြင့် ကင်ဆာရောဂါ ကုသရေးဆေးဝါးများ တင်သွင်းဆောင်ရွက်ရေး၊ ဘယ်လာရုစ်နိုင်ငံထုတ် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အရောင်းပြခန်း ဖွင့်လှစ်မိတ်ဆက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံခရီးသွား ကဏ္ဍတို့အကြား Package Tour များ စီစဉ်ဆောင်ရွက်ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဖော်ထုတ်ရေး ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ ကဏ္ဍများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်အတွက် ဖိတ်ကြားထားသည့် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ ဘယ်လာရုစ် နိုင်ငံတို့နှင့် ကုန်သွယ်မှု လုပ်ငန်းများ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ထို့အတူ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်း နိုင်ငံများနှင့် ကုန်သွယ်မှု တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံဖြစ်သဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို တရုတ်ယွမ်ငွေဖြင့် လက်ခံဆောင်ရွက်နိုင်ရေး အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်စေရေး အတွက် ဆက်လက်ဆောင်ရွက်သင့်သည့် အခြေအနေများ၊ သွင်းကုန်အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ဆောင်ရွက်မှုအခြေအနေများ၊ EV မော်တော်ယာဉ်တင်သွင်း ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ SKD ၊ CKD စနစ်မှ တစ်ဆင့် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဈေးကွက် လိုအပ်ချက်နှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဈေးကွက်သတင်းရရှိရေးအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရာဘာနှင့်ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အသင်းအဖွဲ့များက ကြိုတင်ပြင်ဆင်ထားရှိရေး ကိစ္စများ ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လျက်ရှိသော စီးပွားရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုအခြေအနေ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ ကုန်စည်ပြပွဲနှင့် စီးပွားရေးဖိုရမ်များ ကျင်းပပြုလုပ်နိုင်ရေး၊ စက်မှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဥက္ကဋ္ဌ ဦးအေးဝင်း နှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဘာသာရပ်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဥက္ကဋ္ဌဦးဆောင်၍ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၊ မြန်မာနိုင်ငံရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ သဘာဝ ရာဘာရေရှည်တည်တံ့မှု ဖော်ဆောင်ရေးအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ရေလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအပြင် ပြည်ထောင်စုဝန်ကြီးသည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဖွဲ့စည်းထားသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း ကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ လျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများကို ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲလုပ်ငန်း အစီအစဉ်များအတွင်း ပေါင်းစည်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂယာယီ ညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား အဆိုပြု ညှိနှိုင်းခဲ့သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNRCO ရုံးမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ဟန္နိုင်းမြို့အခြေစိုက် ၊ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝါဝါမောင်က ဟန္နိုင်းမြို့အခြေစိုက် ၊ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံခေါင်းဆောင်များ ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ အခြေအနေများကိုလည်းကောင်း၊ ဘယ်လာရုစ် သမ္မတနိုင်ငံ၊ မင့်စ်မြို့၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ လဆန်းပိုင်းတွင် ကျင်းပခဲ့သည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ ဒုတိယအကြိမ်အစည်းအဝေး၏ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) အပါအဝင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသော စာချုပ်စာတမ်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အဆင့်မြင့်အရာရှိများ၊ ဘယ်လာရုစ်သံရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ- ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝါဝါမောင်သည် ကိုရီးယားနိုင်ငံအခြေစိုက် မြန်မာ- ကိုရီးယား စီးပွားရေး နှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ Mr. Choi Shin-iL ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် ၁ ၊ နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ပထမဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုရီးယား စီးပွား ရေး လုပ်ငန်းရှင်များပါဝင်သည့် မြန်မာ- ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ ကိုယ်စားလှယ်အဖွဲ့ကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ သမိုင်းကြောင်းအရ ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းတံတား၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကိုရီးယားနိုင်ငံမှ ODA ချေးငွေနှင့် အကူအညီအထောက်အပံ့များ ရရှိခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ ဆယ်မားအူးလ် အွန်ဒုန် (Saemaul Undong) စံပြကျေးရွာဖွံ့ဖြိုးမှု စီမံကိန်းသည် မိမိတို့နိုင်ငံအတွက် လိုက်ပါဆောင်ရွက်နိုင်သည့် ပုံစံကောင်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိတ်ဆွေဟောင်းနိုင်ငံများနှင့် သာမက မိတ်ဆွေသစ် နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် ၆ နှင့် ကုန်သွယ်မှုတွင် အဆင့် ၉ နေရာတွင်ရှိပါကြောင်း၊ ခရီးစဉ် အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် CMP အထည်ချုပ်လုပ်ငန်းများတွင် ကိုရီးယားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများရှိနေသဖြင့် ကိုရီးယားလုပ်ငန်းရှင်များ အသိုင်းအဝိုင်းလည်း ခိုင်မာစွာ တည်ရှိနေပြီဖြစ်ပါကြောင်း၊ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုအသစ်များကိုလည်း ဖိတ်ခေါ်ပါကြောင်းနှင့် မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းဖြစ်ပေါ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာ - ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Choi Shin-iL က ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ရန် စိတ်ဝင်စားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိမည့် အကျိုးကျေးဇူးများနှင့် ဥပဒေ၊ နည်းဥပဒေအရ ကူညီပံ့ပိုးပေးမည့် အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း စိတ်ဝင်စား ပါကြောင်းနှင့် မကြာမီကာလတွင် ကိုရီးယားနိုင်ငံမှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ အပါအဝင် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယခုလာရောက်သည့် မြန်မာ - ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာသုတေသနအဖွဲ့ အစည်းတွင် ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်း၊ Digital X-Ray Detector ထုတ်လုပ်သည့် လုပ်ငန်း၊ စက်ရုံးသုံးပန်ကာများ ထုတ်လုပ်သည့် လုပ်ငန်း၊ ဗို့အားမြှင့် ပါဝါဝါယာကြိုး ထုတ်လုပ်သည့် လုပ်ငန်း၊ ဆက်သွယ်ရေး ကိရိယာနှင့် ကွန်ရက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း၊ Screen-Golf လုပ်ငန်းနှင့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်း စသည့် ကဏ္ဍများမှ ကုမ္ပဏီကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြောင်း သတင်းရရှိသည်။



7th Anniversary



# ဦးစီးဌာန
# သတင်းများ

## အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြားဆေးဝါးလုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် PHARMA CONNNECT 2025 အခမ်းအနားကျင်းပ

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးနှင့် အိန္ဒိယ-မြန်မာ ကုန်သည်ကြီးများအသင်း (IMCC) တို့၏ စီစဥ်မှုဖြင့် PHARMA CONNNECT 2025 ကို ရန်ကုန်မြို့၊Pan Pacific Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Abhay Thakurနှင့် အိန္ဒိယ-မြန်မာ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Naresh Kumar Dinodiya တို့က အမှာစကားများ အသီးသီးပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် တက်ရောက်ခဲ့ပြီး Knowledge Sharing Session ၌ Regulation for Setting up a Pharmaceutical Factory in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စကားဝိုင်းဆွေးနွေးပွဲ၌ Challenges and way forward in Myanmar’s Pharmaceutical Industry” ခေါင်းစဉ်ကို စကားဝိုင်းဆွေးနွေးသူ (Panelist) အဖြစ်လည်းကောင်း ပါဝင် ဆွေးနွေးခဲ့ပါသည်။

ယခုအခမ်းအနားကို အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ အကြား ဆေးဝါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်၊ နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများအကြား ဆက်သွယ်ချိတ်ဆက်မှုများ ပိုမို အားကောင်းလာနိုင်စေ ရန်ရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး စုစုပေါင်း လူဦးရေ ၁၆၀ ကျော် တက်ရောက်ခဲ့ကြသည်။




## ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

၂၀၂၅ ခုနှစ်ဩဂုတ်လ ၂၉ ရက်နေ့တွင် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ပြောင်းအခြောက်ခံ သန့်စင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း၏ လုပ်ငန်းတည်နေရာပြောင်း လျှောက်ထားခြင်းအပေါ် သက်ဆိုင်ရာဌာနများနှင့်မြေပြင်ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ အကျိုးတူ လယ်ယာစနစ်ဖြင့် ပြောင်းနှင့် ဆီနေကြာစိုက်ပျိုးထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း ၂ ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ စီးပွားဖြစ် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများနှင့် တိုးတက်မှုများ အပေါ် ဆွေးနွေးခဲ့ကြပါသည်။



## ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါ သည်။အဆိုပါအစည်းအဝေးသို့ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကော်မတီအဖွဲ့ဝင်များနှင့် ရင်းနှီးမြှုပ်နှံသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် မူဝါဒများကို ဆွေးနွေးခဲ့ကြပါသည်။



## ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီအဖွဲ့ဝင်များက ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် ချင်းပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရေး ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။




## တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို ကော်မတီအဖွဲ့ဝင်များနှင့် အထူး ဖိတ်ကြားထားသော သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ရခိုင်နှန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Shwe Pale Thi Co., Ltd. က ငါးအမှုန့်ထုတ်လုပ် ဖြန့်ဖြူးခြင်းနှင့် ဆက်စပ်လုပ်ငန်းကို မူလအတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်ခွင့်ပြုခြင်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသော Deluxe (369) Co., Ltd. ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း



မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ပဲပုပ်ဆီနှင့်နေကြာဆီ သန့်စင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် သွားရောက် စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း



မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ရှိ နာနတ် လျှော်ချည် ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် တွေ့ဆုံ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃ ခု၏ ရင်းနှီးမြှုပ်နှံသူအမည် ပြင်ဆင်ခွင့်၊ အစုရှယ်ယာ လွှဲပြောင်းခွင့်၊ ရင်းနှီးမြှုပ်နှံသည့် အရပ်ဒေသ (များ)မှ မြေဧရိယာအား ပြန်လည်ပြင်ဆင်ခွင့်၊ ကုမ္ပဏီအမည်ပြင်ဆင်ခွင့်နှင့် လုပ်ငန်းတည်ဆောက်မှု/ ပြင်ဆင်မှုကာလ တိုးမြှင့်ခွင့်တို့ တင်ပြလာခြင်းအား အတည်ပြုပေးနိုင်ရန် ဆွေးနွေးခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုခြင်း

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ နိုင်ငံတကာအဆင့်မီ တန်ဖိုး မြင့်ဆန်ထုတ်လုပ် တင်ပို့ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၏ စီးပွားဖြစ်စတင် လည်ပတ်ရန် လျှောက်ထားခြင်းအပေါ် မြေပြင်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာသော မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုကို ဆွေးနွေး အတည်ပြုပေးခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသည့် ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်ရှိ ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းသို့ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ပိုင် ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၂၆ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း




ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် သစ်ပါးလွှာ၊ အထပ်သားမျိုးစုံ၊ လက်ယှက်သစ်စက်ပြင်၊ သစ်စများနှင့် သစ်အခြေခံ မှန်ပုံပြား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ၁ ခုကို အတည်ပြုပေးနိုင်ခဲ့ပါသည်။

7th Anniversary



# ပြည်တွင်း၊ ပြည်ပ စီးပွားရေးသတင်းများ

www.mifer.gov.mm

## ရွှေတစ်ထရွိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ (၄,၃၀၀) အထိ မြင့်တက်

အမေရိကန်နိုင်ငံ၌ စီးပွားရေးအရ မသေချာမှုများပြား လာခြင်းကြောင့် ရွှေဝယ်ယူမှုများ မြင့်တက်ခဲ့ရာ ယခု ရက်သတ္တပတ်အတွင်း ရွှေတစ်ထရွိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ (၄,၃၀၀) အထိ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ရွှေတစ်ထရွိုင်အောင်စလျှင် လက်ငင်းရောင်းဈေး အမေရိကန်ဒေါ်လာ (၄,၃၂၆) ဖြင့် ဈေးပိတ်ခဲ့ပြီး ကြိုရောင်းစာချုပ်ဈေးနှုန်းသည် အမေရိကန် ဒေါ်လာ (၄,၃၄၄) ရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် ရွှေဈေးနှုန်းသည် အမေရိကန် ဒေါ်လာ (၄,၃၀၀) သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ရွှေဈေးနှုန်းသည်ယခင်ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက (၆.၇) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ရွှေဝယ်ယူ စုဆောင်းခြင်းသည် ယုံကြည်စိတ်ချရသဖြင့် ရင်းနှီးမြှုပ်နှံသူများက ရွှေပိုမိုဝယ်ယူလာကြရာ ရွှေဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အမေရိကန်နိုင်ငံ အစိုးရသည် ဘဏ္ဍာငွေ အတည်ပြုချက်မရရှိသေးသည့် ကြားကာလ ပုံမှန်လုပ်ငန်းများ မလုပ်ဆောင်နိုင်ဘဲ အစိုးရလုပ်ငန်းများရပ်ဆိုင်းခြင်း (Shutdown)နှင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများကြောင့်လည်းကောင်း၊ ဗဟိုဘဏ်အတိုးနှုန်းများ လျှော့ချနိုင်ခြေကြောင့်လည်းကောင်း ရွှေဝယ်ယူ စုဆောင်းခြင်းသည် ပိုမိုအလားအလာ ကောင်းသည့် ရင်းနှီးမြှုပ်နှံမှုအဖြစ်ယူဆလာကြ၍ ရွှေဈေးနှုန်း မြင့်တက်လာခြင်း ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် ရွှေကြိုရောင်းစာချုပ်ဈေးနှုန်းသည် တစ်ထရွိုင် အောင်စလျှင် အမေရိကန်ဒေါ်လာ (၂,၆၇၀) ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် နေ့လယ်ပိုင်းတွင် အမေရိကန်ဒေါ်လာ (၄,၂၆၈) အထိ မြင့်တက် ခဲ့သဖြင့် ရွှေဈေးနှုန်းသည် ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်း မှစ၍ (၆၀) ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရှိရပါသည်။



## ဆော်ဒီအာရေဗျနိုင်ငံနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် ယူအေအီးနိုင်ငံမှ ဆောင်ရွက်လျက်ရှိ

ဆော်ဒီအာရေဗျနိုင်ငံသည် ယူအေအီးနိုင်ငံနှင့် ပင်လယ်ရေကြောင်း ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု နက်ရှိုင်းအောင် လုပ်ဆောင်သွားမည့် ၎င်း၏ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ပြီး သင်္ဘောလုပ်ငန်းကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍတို့တွင် နှစ်နိုင်ငံလုံး၏ ကမ္ဘာလုံးဆိုင်ရာ ရပ်တည်မှုအား မြှင့်တင်ပေးသွားမည့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဟု ခေါ်ဆိုခဲ့ပါသည်။

ဒူဘိုင်း၌ ကျင်းပသည့် World Maritime Day Parallel Event 2025 ပြပွဲမှာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း (IMO) ၏ ဆော်ဒီအာရေဗျနိုင်ငံမှ အမြဲတမ်းကိုယ်စား လှယ်ဖြစ်သူ Kamal bin Mohammed Al-Junaidi က ပင်လယ်ရေကြောင်း ပို့ဆောင်ရေးတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘေးကင်းလုံခြုံစေရေးနှင့် ဆန်းသစ်တီထွင်မှုများ တိုးတက်လာစေရေး အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းကြိုးပမ်းမှုများကို မီးမောင်းထိုး ဖော်ပြခဲ့ပါသည်။

Al-Junaidi က IMO CARES၊ GloNoise Partnership၊ Circular Letters၊ GloFouling Partnerships နှင့် Next Wave Seafarers Project ကဲ့သို့သော IMO ၏ ပဏာမ ခြေလှမ်းလှုပ်ရှားမှု အစီအစဉ်များအတွက် ဆော်ဒီရေယာဉ်များကိုအသုံးပြု၍ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကျွန်းဆွယ်ဒေသများမှ ဝန်ထမ်းများအတွက် လေ့ကျင့်ရေးဆိုင်ရာ အခွင့်အလမ်းများအား ပံ့ပိုးပေးထားသည့် ဆော်ဒီအာရေဗျနိုင်ငံ၏ ပံ့ပိုးကူညီမှုများအပေါ် အလေးပေးပြောကြားခဲ့ပါသည်။

၎င်းကသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး တို့ကို ဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုမဏ္ဍိုင်အဖြစ် ဦးစားပေး ဆောင်ရွက်ခဲ့သည့် Saudi Vision 2030 ဦးတည်ချက်၏

အောင်မြင်မှုများအား ထောက်ပြခဲ့ပါသည်။ ၎င်းတွင် စမတ်ဆိပ်ကမ်းများ ချဲ့ထွင်ခြင်း၊ ပိုမိုကောင်းမွန်သော ကုန်တင်/ကုန်ချ ကိုင်တွယ်မှုစနစ်များနှင့် ကမ္ဘာလုံးဆိုင်ရာ စက်မှုလုပ်ငန်း ခေတ်ရေစီးကြောင်းများ၊ ရေရှည်တည်တံ့မှု ပန်းတိုင်များနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရန် အတွက် လူသားအရင်းအနှီးတွင် ရင်းနှီးမြှုပ်နှံမှုများ စသည်တို့ပါဝင်ပါသည်။

Al-Junaidi မှ ဆော်ဒီအာရေဗျနိုင်ငံသည် ယခုအခါ နိုင်ငံတကာ ဘေးကင်းရေး စံချိန်/စံနှုန်းများနှင့် အညီ ၎င်းတို့၏ သင်္ဘောများသည် ဆော်ဒီအလံအောက်မှာ ရွက်လွှင့်သွားလာကြခြင်းဖြင့် ဒေသတွင်း ပထမအဆင့်နှင့် ကမ္ဘာ့အဆင့် ၂၀ တွင် ရပ်တည်လျက်ရှိကြောင်း မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။ ကမ္ဘာ့အဆင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံချက်များ၌ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသည့် ဆော်ဒီအာရေဗျ နိုင်ငံသည် ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းတွင် ရေရှည်တည်တံ့ ခိုင်မြဲသော တိုးတက်မှုကို တွန်းအားပေးမောင်းနှင်သွားရန် ကတိပြုထားကြောင်း ၎င်းကဆက်လက်၍ ပြောကြားခဲ့ပါသည်။

ဒုဘိုင်း၌ နှစ်ရက်ကြာပြုလုပ်ခဲ့သည့် ပင်လယ်ရေကြောင်းဖိုရမ်မှာ ကမ္ဘာ့ခေါင်းဆောင်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက သင်္ဘောလုပ်ငန်း၏ အနာဂတ်အပေါ် ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး လုပ်ငန်း၏ ရေရှည်တည်တံ့မှု အစီအစဉ်ကိုပုံဖော်ရာတွင် ပင်လယ်ကွေ့ ဒေသ၏ ကြီးထွားလာသော ဩဇာလွှမ်းမိုးမှုအပေါ် အလေးပေးဖော်ပြခဲ့ပါကြောင်း သတင်းပါရှိပါသည်။



## အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် သစ်၊ ပြုပြင်ပြီးသစ်သားနှင့် အခြားသစ်တောထွက်ပစ္စည်း သွင်းကုန်များကို ထိန်းညှိခြင်းဆိုင်ရာ ကြေညာချက် ထုတ်ပြန်

အမေရိကန်သမ္မတ အိမ်ဖြူတော်သည် အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် သစ်၊ ပြုပြင်ပြီး သစ်သားနှင့် အခြားသစ်တောထွက်ပစ္စည်း သွင်းကုန်များကို ထိန်းညှိခြင်း (Adjusting Imports of Timber, Lumber and Their Derivative Products into The United States)ဆိုင်ရာ ကြေညာချက် ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်တွင် ပြုပြင်ပြီး သစ်ပွသား (Softwood lumber) သွင်းကုန်များအပေါ် သွင်းကုန်ခွန် (၁၀) ရာခိုင်နှုန်း (Global tariff) ကောက်ခံမည်ဖြစ်ကြောင်း၊ ဆိုဖာ၊ ကုလားထိုင် အပါအဝင် Upholstered furniture များကို သွင်းကုန်ခွန် (၂၅) ရာခိုင်နှုန်း ချမှတ်ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ (၃၀) ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည် ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးဗီရိုနှင့် ဗီရိုနှင့်တွဲထားသည့် စားပွဲ၊ ခုံများ (Kitchen cabinet and vanities) များကို သွင်းကုန်ခွန် (၂၅) ရာခိုင်နှုန်းချမှတ်ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ (၅၀) ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏အမျိုးသား လုံခြုံရေးအပေါ် သစ်သားသွင်းကုန်များ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ဖော်ထုတ်ရန် အမေရိကန်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းသည့် ကုန်သွယ်ဖက်နိုင်ငံများသည် တိုးမြှင့်သည့် သွင်းကုန်ခွန်ကို ဆိုင်းငံ့ရန် အခြားရွေးချယ်စရာ နည်းလမ်း ရရှိမည်ဖြစ်ကြောင်း၊ ဗြိတိန်၊ ဥရောပသမဂ္ဂနှင့် ဂျပန်တို့သည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေး အပေးအယူ သဘောတူညီချက်များအရ အခြားနိုင်ငံများထက် ပိုသာလွန်သည့် ဆက်ဆံမှုဖြစ်သော အထူးအခွင့်အရေးပေး ဆက်ဆံခြင်း (Favorable treatment) ရရှိမည်ဖြစ်ပြီး ဗြိတိန်နိုင်ငံမှတင်သွင်းသည့် ပုဒ်မ ၂၃၂ အရ သွင်းကုန်ခွန် သတ်မှတ်ကောက်ခံသော သစ်တောထွက်ပစ္စည်းများကို သွင်းကုန်ခွန် (၁၀) ရာခိုင်နှုန်း ကျော်လွန် ကောက်ခံမည်မဟုတ်ကြောင်းနှင့် ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့မှ တင်သွင်းသည့် ပုဒ်မ ၂၃၂ နှင့် အခြားနိုင်ငံများသို့ အနိမ့်ဆုံးကောက်ခံသည့် နှုန်းထား

(Most – Favoured Nation tariff) အရ သတ်မှတ်ကောက်ခံသည့် သစ်တောထွက် ပစ္စည်းများကို သွင်းကုန်ခွန် (၁၅) ရာခိုင်နှုန်း ကျော်လွန်ကောက်ခံမည် မဟုတ်ကြောင်း၊ ပုဒ်မ-၂၃၂ သွင်းကုန်ခွန်တွင် မပါဝင်သည့် ကုန်ပစ္စည်းများသည် အပြန်အလှန် သွင်းကုန်ခွန် ကျသင့်မည် ဖြစ်ကြောင်းနှင့် ရည်ရွယ်ချက်တူသော မိတ်ဖက်များအတွက် အလားအလာရှိသည့် သွင်းကုန်ခွန်ဆိုင်ရာ ပြင်ဆင်ချက်များ (Potential Tariff Adjustments for Aligned Partners, PTAAP)တွင် ပါဝင် သည့် ကုန်စည်များအပေါ် ဆက်ဆံမှုနှင့် ပတ်သက်၍ ယင်းပစ္စည်းများကို လျှော့ဈေးဖြင့် စုပုံတင်ပို့ ရောင်းချခြင်း သို့မဟုတ် အစိုးရ အထောက်အပံ့ ရယူတင်ပို့ ရောင်းချခြင်းတို့ကြောင့် ထိခိုက်မှုအပေါ် ကုစားမှု အကောက်ခွန် (Antidumping or countervailing duty) ကောက်ခံသည်မှအပ ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်းအမိန့်ကြေငြာထားပါကြောင်း တင်ပြအပ်ပါသည်။



## မြန်မာ-အိန္ဒိယ အကျိုးရှိမည့် ကဏ္ဍများတွင် ပူးပေါင်းမှု တိုးမြှင့်မည်

မြန်မာ-အိန္ဒိယ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ စက်တင်ဘာ ၁၉ ရက်တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ITEC) ၏ (၆၂) နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောမှ ပြောကြားခဲ့ပါသည်။ အိန္ဒိယ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် သက်တမ်းအရှည်ကြာဆုံး နိုင်ငံတကာ စွမ်းဆောင်ရည် မြှင့်တင်မှု အစီအစဉ်များအနက် တစ်ခုဖြစ်ပြီး မိတ်ဖက်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ဆောင်ရွက်ခဲ့ရာတွင် နှစ်နိုင်ငံ ဆက်ဆံရေး ခိုင်မာတိုးတက်လာသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အရေးပါသည့် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပါရှိသည်ကိုလည်း တွေ့ရှိရသည့်အတွက် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုခဲ့ကြောင်း နိုင်ငံတော် ဝန်ကြီးချုပ်မှ ပြောကြားခဲ့ပါသည်။

ထို့ပြင် မိမိတို့နိုင်ငံအနေနှင့် နှစ်နိုင်ငံအကြား စီးပွားရေး၊ ခရီးသွားလာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များသာမက နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ၁၉၆၄ခုနှစ်က စတင်တည်ထောင်






ခဲ့သည့် ITEC သည် နိုင်ငံတကာ စွမ်းဆောင်ရည် မြှင့်တင်ရေး အတွက် အစောဆုံး တည်ထောင်ခဲ့သည့် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များထဲမှ တစ်ခုဖြစ်ပြီး အရပ်ဘက်နှင့် ကာကွယ်ရေးကဏ္ဍ နှစ်ခုလုံးရှိ နိုင်ငံပေါင်း ၁၆၀ ကျော်မှ အရာရှိပေါင်း ၂၂၅,၀၀၀ ကျော်ကို လေ့ကျင့်ပေးခဲ့ပြီး ဖြစ်သည်ဟု သိရပါကြောင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောမှ ထည့်သွင်း ပြောကြား ခဲ့ပါသည်။

အိန္ဒိယနိုင်ငံသည် လာမည့်နှစ်များတွင် မြန်မာပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ ကဏ္ဍအသီးသီးတွင် ဆက်လက်ပံ့ပိုးကူညီရန် ကတိပြုထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

Source: https://onenewstvchannel.com/politic/foreign-affairs

ကျော့ကျော့သစ်
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## မြန်မာ-ရုရှား ကုန်သွယ်မှု တိုးမြှင့်ရေးဆွေးနွေး

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကုန်သွယ်မှု တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့်လျှပ်စစ်၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရုရှားနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့မှာ ကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ ဆွေးနွေးခဲ့ကြပါသည်။



ဖိုရမ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဆန်စပါး၊ ကော်ဖီ၊ သရက်သီးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရန် အပါအဝင် ကုန်သွယ်မှုတိုးမြှင့်ရေးများကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အလားအလာကောင်းပြီး အာမခံချက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့များမှ ရှာဖွေတူးဖော် ထုတ်လုပ်ရေး၊ Feasibility Study ပြုလုပ်ထားသော ရေနက်ဆိပ်ကမ်းများနှင့် တည်ဆောက် ထားပြီးဖြစ်သော ပိုက်လိုင်းများ အသုံးပြု၍ LNG Hub ကဲ့သို့ Energy Trading ပြုလုပ်နိုင်မည့်အခွင့်အလမ်းများ ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများနှင့် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို နှစ်နိုင်ငံ သက်ဆိုင်ရာ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြပါသည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပခဲ့ပြီး ရုရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများ အကြား ဆက်သွယ်မှုထူထောင်ရေးနှင့် အာရှနှင့် ပစိဖိတ် ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းတစ်ခု ဖြစ်စေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။ လက်ရှိတွင် မြန်မာနှင့်ရုရှားနိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုများ တိုးတက်မှုရှိပြီး ရုရှားမှ မြန်မာသို့ ဆေးဝါးထုတ်ကုန်များ၊ ဓာတ်မြေသြဇာစသော ကုန်ပစ္စည်းများ တင်ပို့နေသည်ဟု သိရပါသည်။

Source: https://onenewstvchannel.com/business/trade/

စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောမြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင်လာရောက်ဆောင်ရွက်ကြရန်ဖိတ်ခေါ်ခဲ့

တရုတ်နိုင်ငံသို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် နန်နင်းမြို့ မြန်မာစီးပွားရေး ကိုယ်စားလှယ်ရုံး၌ ကျင်းပသည့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ အမယ်သစ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ် ၈ ခုတွင် မိမိတို့နိုင်ငံဖြင့် ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်း များစွာရှိကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့ပြင် ယုံကြည်စွာ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေး လုပ်ငန်းရှင်များအတွက် စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေသူများ အနေဖြင့်လည်း ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းများ၊ မူဝါဒများနှင့်အညီ ပို့ကုန်သွင်းကုန်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှုများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co., Ltd Global R & D Center လေ့လာကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက စက်ရုံမှ အဆင့်မြင့် နည်းပညာများဖြင့် ဆန်းသစ်တီထွင် ထုတ်လုပ်လျက်ရှိသည့် စက်ယန္တရားကြီးများ၊ EV စက်ယန္တရားကြီးများနှင့် စက်ပစ္စည်း အစိတ်အပိုင်းများ၊ စက်ရုံမှ ထုတ်လုပ်သည့် EV Loader ဖြင့် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များ၌ အဝေးထိန်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှု ပြကွက်နှင့် ကမ္ဘာတစ်ဝန်း စီမံကိန်းကြီးများတွင် စက်ရုံထုတ် စက်ယန္တရားကြီးများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည့် ပြကွက်တို့ကို ရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။

Source: https://www.mtnewstoday.com/?p=112675

ထက်ထက်လွင်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန



## မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား ကုန်သွယ်ရေးတိုးမြှင့်ရန် ဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တွင် အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် ၁၈ ၀၀ နာရီ အချိန်က စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ရှောင်းဟွေနဲ့ ကျင်းကျန့်ဟိုတယ်မှာ တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။

တွေ့ဆုံပွဲသို့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကော်မရှင် အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်တွေ၊ ပြည်ထောင်စုဝန်ကြီးတွေနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူးနှင့်အတူ စီချွမ်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်နေမှု၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ချိန်တွင် စီချွမ်ပြည်နယ်က ကူညီရေးအဖွဲ့များ စေလွှတ်ခဲ့မှုအခြေအနေ၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုနည်းပညာတွေ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို စီချွမ် ပြည်နယ် ပါတီအတွင်းရေးမှူးက ဂုဏ်ပြုညစာနှင့် တည်ခင်းဧည့်ခံခဲ့သည်ဟုသိရပါသည်။

Source: https://onenewstvchannel.com/business/trade

ရီရီမွန်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန



## မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အပြန်အလှန် ပြည်ဝင်ဗီဇာကင်း လွတ်ခွင့် သဘောတူစာချုပ်ကို စက်တင်ဘာတွင် လက်မှတ်ရေးထိုးမည်

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများ အတွက် အပြန်အလှန် ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ဆိုင်ရာ အစိုးရ အချင်းချင်း သဘောတူ စာချုပ်ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ခရီးသွား လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရေးပါသော အဆင့်တစ်ခုမှာ နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း အပြန်အလှန် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြစ်သည်။ ရုရှားဘက် အနေဖြင့် ဤသဘောတူစာချုပ်ကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီး ဝန်ကြီးချုပ် မီခေးလ်မီရှူစတင်ကလည်း သက်ဆိုင်ရာညွှန်ကြားချက်များ ချမှတ်ပေးထားပြီးဖြစ်သည်။

အဆိုပါ သဘောတူစာချုပ်ကို စက်တင်ဘာလတွင် ကျင်းပမည့် အရှေ့ဖျားစီးပွားရေး ဖိုရမ်၏ ဆက်စပ် အစီအစဉ်တွင် လက်မှတ်ရေးထိုးရန် မျှော်မှန်းထား သည်ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အဆိုပါ သဘောတူစာချုပ် စတင်အသက်မဝင်ခင် ရုရှား နိုင်ငံသို့ လာရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် အီလက် ထရောနစ်ဗီဇာများ လျှောက်ထားနိုင်မည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ပထမ ၄ လအတွင်း ရုရှားနိုင်ငံသို့ ပြည်ဝင်ဗီဇာ လျှောက်ထားမှု အရေအတွက်သည် ၂၀၂၄ ခုနှစ်၊ ကာလ တူနှင့် နှိုင်းယှဉ်ပါက ၂ ဆအထိ တိုးတက်လာကြောင်း ဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် **“Let’s Travel”** နိုင်ငံတကာ ခရီးသွားလာရေး ဖိုရမ်၏ အစီအစဉ်တစ်ခုအဖြစ် ရုရှားစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီး မစ္စတာရယ်ရှဲသငြိကော့ဗ်နှင့် မြန်မာနိုင်ငံ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဦးကျော်စိုးဝင်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မစ္စတာရယ်ရှဲသငြိကော့ဗ်၏ ပြောကြားချက်အရ အရှေ့တောင်အာရှဒေသသို့ ရုရှားခရီးသွားများ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိရာ ၂၀၂၄ ခုနှစ်တွင် အာဆီယံနိုင်ငံများသို့ ရုရှားခရီးသွားများ ၂.၅ သန်း သွားရောက်လည်ပတ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ပထမ ၃ လအတွင်း မြန်မာနိုင်ငံသို့ ရုရှား ခရီးသွားဝင်ရောက်မှု ၆၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ပြည်ဝင်ဗီဇာ လျှော့ပေါ့ပေးခြင်းအပြင် ရန်ကုန်မြို့နှင့် နိုဗိုစီဗစ်မြို့တို့အကြား တိုက်ရိုက် လေကြောင်းခရီးစဉ် ပြန်လည် ပြေးဆွဲမှုကလည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူဖြစ်စေသည်။ အပြည်ပြည် ဆိုင်ရာ မြန်မာလေကြောင်း (MAI) က အောက်တိုဘာလမှ စ၍ တစ်ပတ်လျှင် ၂ ကြိမ် (ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့ များတွင်) ပုံသန်း ပြေးဆွဲသွားမည်ဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အထူးသဖြင့် ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက် မှုကို အလေးထားဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် မစ္စတာ ရယ်ရှဲသငြိကော့ဗ်က ရုရှားနိုင်ငံအနေ ဖြင့် စက်မှုလုပ်ငန်းအတွက်သာမက ခရီးသွားလုပ်ငန်း အတွက် အလားအလာကောင်းများရှိသော ထားဝယ် အထူးစီးပွားရေးဇုန်တွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည်။ ထားဝယ်အပန်းဖြေစခန်းနှင့် မောင်းမကန်ကမ်းခြေ အပန်းဖြေ စခန်းများသည် ဒေသခံများအကြား ရေပန်းစားသည့် အပန်းဖြေစခန်းများ ဖြစ်ကြသည်။ ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများကို အကောင်အထည်ဖော်ရန် အတွက် ဟိုတယ်စတော့ဈေးကွက်၊ အခြေခံ အဆောက် အအုံနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အသေးစိတ် သတင်းအချက်အလက်များ ရရှိရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

Source: https://tass.com/politics/1971353

ကျော့ကေသွယ်အောင်
ဦးစီးအရာရှိ
ဥရောပ၊ ဩစတြေးလျနှင့် အာဖရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## နိုင်ငံအတွက် အားထားရသည့်တနင်္သာရီတိုင်းဒေသကြီး၏ ငါး၊ ပုစွန်လုပ်ငန်း

တနင်္သာရီတိုင်း ဒေသကြီးသည် မြန်မာနိုင်ငံ တောင်ဘက်ခြမ်းတွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း သုံးခုအနက် အရှည်ဆုံးကမ်းရိုးတန်း တစ်ခုဖြစ်ကာ ကမ်းရိုးတန်းမိုင် ၂၀၀ ခန့်ရှည်လျားသည့်အတွက် ကမ်းရိုး တန်း ရေပြင်တွင် ကမ်းဝေး၊ ကမ်းနီး ငါးဖမ်း/ငါးသယ် ရေယာဉ်(လိုင်စင်)စင်းရေ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ၃၂၆၂ စင်း၊ ငါးဖမ်း ရေလုပ်သား ၅၀၀၀၀ ကျော်ခန့်ဖြင့် အဓိက ငါး၊ ပုစွန် ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသည်။ ငါး/ ပုစွန် ၊ ကဏန်းပျော့၊ ဂျင်းခရု၊ ပင်လယ်ရေမှော်၊ ကမာများကိုလည်း ဒေသတွင်းမွေးမြူပြီး ပြည်တွင်း၊ ပြည်ပသို့တင်ပို့ ရောင်းချကာ အဓိကဝင်ငွေ ရရှိနေသောလုပ်ငန်း တစ်ခုဖြစ်သည်။ ပင်လယ်ပြင် ကမ်းနီး ငါးဖမ်း/ငါးသယ်ရေယာဉ် (လိုင်စင်) ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ငါးဖမ်း ၁၆၆၅ စင်း၊ ငါးသယ် ၂၁၅ စင်း၊ ပေါင်း ၁၈၈၀ စင်း၊ ကမ်းဝေးငါးဖမ်း/ ငါးသယ်ရေယာဉ် (လိုင်စင်) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအထိ ငါးဖမ်း ၁၃၃၁ စင်း၊ ငါးသယ် ၅၁ စီး၊ ပေါင်း ၁၃၈၂ စင်းဖြင့် နှစ်ပတ်လည် ပင်လယ်ရေပြင်တွင်ငါး/ပုစွန်များအား ရှာဖွေဖမ်းဆီးလျက် ရှိသည်။ ကမ်းဝေးငါးဖမ်း တစ်စင်းလျှင် တစ်နှစ်ပတ်လည် ကုန်ချိန်ပျမ်းမျှ ၂၉၈ ဒသမ ၅၈၇ တန်နှင့် ကမ်းနီး ငါးဖမ်း တစ်စင်းလျှင် တစ်နှစ်ပတ်လည် ကုန်တန်ချိန် ၂၀ ဒသမ ၂၂၅ တန် ဖမ်းဆီးရရှိသည်ဟု သိရသည်။ ထို့အပြင် ငါး/ ပုစွန် မွေးမြူခြင်းများကိုလည်း တနင်္သာရီတိုင်းဒေသကြီး အတွင်း ဆောင်ရွက်လျက်ရှိရာ ငါးမွေးမြူရေး လုပ်ငန်းရှင် ၂၃ ဦးမှ ဧက ၁၂၄ ဒသမ ဝ၀၂ တွင် ရေပေါ်လှောင်အိမ် ၄၀၉ အိမ်ဖြင့်လည်းကောင်း၊ ပုစွန်မွေးမြူရေး လုပ်ငန်းကို လုပ်ငန်းရှင် ၇ ဦး၊ ဧက၂၂၁၇ ဒသမ ၅၆၀ တွင် မြေကန် ၂၅၄ ကန်၊ ကဏန်းပျော့ မွေးမြူခြင်းကို လုပ်ငန်းရှင်ဦးရေ ခြောက်ဦး၊ ဧက ၅၁၁ ဒသမ ၈၁ ဧကတွင် မြေကန် ၅၃ ကန်ဖြင့်လည်းကောင်း၊ ဂျင်းခရု မွေးမြူခြင်းလုပ်ငန်းကို လုပ်ငန်းရှင် ၂၈၆ ဦးဖြင့် သဘာဝရေပြင် ၈၃၀၇ ဒသမ ၂၅ ဧကတွင် လည်းကောင်း၊ ပင်လယ်ရေမှော် မွေးမြူခြင်းကို လုပ်ငန်းရှင် ၅ ဦးမှ ဧက၂၅၆တွင် ကြိုးတန်း ၁၅၂၀ ဖြင့် လည်းကောင်း၊ ကမာမွေးမြူခြင်းကို လုပ်ငန်းရှင်တစ်ဦးမှ ဧက ၄၀ တွင် ကြိုးတန်း ၄၀ ဖြင့်လည်းကောင်း စုစုပေါင်း လုပ်ငန်းရှင် ၃၂၈ ဦးမှ စုစုပေါင်း ဧက ၁၁၄၅၆ ဒသမ ၆၂၂ ဧကတွင် မွေးမြူထုတ်လုပ် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ ရေငန်ပုစွန် မွေးမြူထားရှိမှုမှာ ထားဝယ်ခရိုင် ရေဖြူတွင် ဧက ၄၀ တွင် ကန်လုံးရေ ရှစ်ကန်၊ မြိတ်ခရိုင် ပုလောမြို့နယ်၌ ၂၉၉ ဒသမ ၇၇ ဧကတွင် ကန်လုံးရေ ၂၅ကန်၊ ကျွန်းစု၌ ၉၁၅ ဒသမ ၁၂ဧကတွင် ကန်လုံးရေ ၁၀၇ကန်၊ တနင်္သာရီ တိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ဧက ၂၂၁၇ ဒသမ ၅၆ ဧကတွင် ကန်လုံးရေ ၂၅၄ လုံးဖြင့် မွေးမြူ ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပ တင်ပို့ ရောင်းချ လျက်ရှိသည်။

ထို့အပြင် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများကို လည်း နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုး တက်ရရှိစေရန် ရည်ရွယ်၍ တိုးချဲ့မွေးမြူဆောင် ရွက်လျက်ရှိရာ ထားဝယ် ခရိုင် သရက်ချောင်းမြို့ နယ်တွင် ၈၄၁ ဧက၊ မြိတ်ခရိုင် မြိတ်၊ ပုလော၊ ကျွန်းစုတွင် ၃၉၂၈ ဒသမ ၅၇ ဧက၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်တွင် ၂၅၃၉ ဒသမ ၂၀ ဧက နှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် ၃၂၉၅ ဧက မွေးမြူဆောင်ရွက်သွားမည်ဖြစ်ပြီး တနင်္သာရီတိုင်း ဒေသကြီး တစ်ခုလုံးအနေဖြင့် ခွင့်ပြုမိန့် ၃၂၉၉ ဒသမ ၆၈ ဧကရရှိခဲ့ပြီး တင်ပြဆဲ ၇၃၅၈ ဒသမ ၀၉ ဧကဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ငါး၊ ပုစွန်၊ အခြား ထုတ်လုပ် တင်ပို့ ရောင်းချမှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ထုတ်လုပ်မှုတန်ချိန် ၅၁၄၁၈၀ ဒသမ ၈၅ ၊ စားသုံးမှု တန်ချိန် ၇၇၉၇၄ ဒသမ ၄၂၊ ပြည်ပတင်ပို့မှု ၂၈၅၃၁၄ ဒသမ ၇၁၄ တင်ပို့ခဲ့ရာ နိုင်ငံခြားဝင်ငွေ ရရှိမှု ၃၀၃ ဒသမ ၆၂၈ သန်းရရှိခဲ့ကာ အဓိက ထိုင်းနိုင်ငံသို့တင်ပို့ခဲ့သည်။ တိုင်းဒေသကြီးအနေဖြင့် စားသုံး၊ ပြည်ပသို့ တင်ပို့ပြီး ပိုလျှံမှုအနေဖြင့် ၁၅၀၈၉၁ ဒသမ ၇၁၃ တန်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးသည် ငါး၊ ပုစွန်ထုတ်လုပ်တင်ပို့မှုအပေါ် ဒေသတွင်းရိက္ခာ ဖူလုံမှုရှိပြီး ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

တနင်္သာရီတိုင်းအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ ငါး၊ ပုစွန် ထုတ်လုပ်မှု ၆၆၉၆၆ ဒသမ ၃၄၆ တန်၊ စားသုံးမှု ၁၉၁၄၃ ဒသမ ၆၁၀ တန်၊ ပြည်ပတင်ပို့မှု ၃၄၅၁၇ ဒသမ၂၉၂ တန်၊ နိုင်ငံခြား ဝင်ငွေရရှိမှု အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၅၅ သန်း ဖြစ်ပြီး ပိုလျှံမှု ၁၃၃၀၅ ဒသမ

၄၄၄ တန် ဖြစ်ကြောင်းနှင့် တင်ပို့ ရာတွင် ငါး (ရေခဲရိုက်)၊ ပုစွန်(Frozen Type) (အေးခဲ)၊ ပြုတ်ခြောက်၊ ပြုတ်ခဲများ တင်ပို့ကြောင်းသိရသည်။ တနင်္သာရီတိုင်း ဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်အခြမ်းတွင် တည်ရှိပြီး ကမ်းရိုးတန်းဧရပြင် ပိုင်ဆိုင်မှုကြောင့် ရေထွက်ပစ္စည်း ပေါကြွယ်ဝသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကာ ရေလုပ်ငန်းနှင့် ပတ်သက်၍လည်း အခြေခံရေလုပ်သားမှစ၍ လုပ်ငန်းရှင်၊ အရောင်းအဝယ်၊ သယ်ယူ ပို့ဆောင်ရေး၊ လူတန်းစား အမျိုးမျိုးရှိပြီး ရေမြင့်လျှင် ကြာတင့်ဆိုသလို ဝင်ငွေမြင့်တက်လျက်ရှိကာ သဘာဝ ရေထွက်ပစ္စည်းထုတ်လုပ်တင်ပို့ ရောင်းချမှုသည် တိုင်းဒေသကြီးအတွက်လည်း GDPတိုးတက်လျက်ရှိပြီး နိုင်ငံခြားဝင်ငွေပါ ရှာဖွေပေးနိုင်သဖြင့် နိုင်ငံအတွက် အားထားရသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။

Source- တနင်္သာရီတိုင်းဒေသကြီး

ငါးလုပ်ငန်းဦးစီးဌာန

## အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေ ဖြည့်တင်းရေး

ယခုအခါ ကမ္ဘာပေါ်ရှိ လူဦးရေသည် တစ်စထက်တစ်စ တိုးတက်များပြားလာသလို ယင်းလူဦးရေများအတွက် နေထိုင် ရေး ကိစ္စသည် မူဝါဒချမှတ်သူများအဖို့ ခေါင်းခဲစရာကိစ္စတစ်ခု ဖြစ်လာခဲ့သည်။ ကျေးလက်ဒေသမှ လူတို့သည် အလုပ်အကိုင် အခွင့်အလမ်းပေါများရာ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်လာကြခြင်း၊ အခြားမြို့တစ်မြို့မှ နောက်တစ်မြို့သို့ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့ကြခြင်း၊ အိမ်ခြံမြေဈေးနှုန်း မြင့်မားလာမှုကြောင့် ဝင်ငွေ အတော်အသင့်ရှိသူများက တိုက်ခန်းနှင့် ကွန်ဒိုမီနီယံများကို ရွေးချယ်ဝယ်ယူလာခြင်း၊ အိမ်ရာကန်ထရိုက်တာများအနေနှင့် မြို့ပြနှင့် ဆင်ခြေဖုံးဒေသများတွင် အိုးအိမ်ဖွံ့ဖြိုးတိုးတက်မှု စီမံချက်များကို ပြုလုပ်လာကြခြင်း၊ နိုင်ငံတော်ပိုင် အိုးအိမ်ဌာနများကလည်း အိုးအိမ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လာကြခြင်း စသည်တို့ကို တွေ့မြင်လာရသည်။ အချို့မြေယာ ပေါများသော နိုင်ငံများသည် မိမိတို့ အိုးအိမ်များကို ဘေးတိုက်ချဲ့ထွင်ခြင်း horizontally)) ဆောင်ရွက်ကြသည်များ ရှိသလို မြေယာအခက်အခဲရှိသော နိုင်ငံများတွင်လည်း အထက်သို့ ချဲ့ထွင်ခြင်း (vertically) နည်းလမ်းဖြင့် ဆောင်ရွက်ကြသည်လည်းရှိသည်။

ယင်းသို့ အိမ်ရာများ တိုးချဲ့ဆောက်လုပ်ရာတွင် အဓိက လိုအပ်သည်မှာ ငွေကြေးအရင်းအနှီးဖြစ်သည်။ ယင်းငွေကြေး အရင်းအနှီးကို ဖြည့်တင်းရေးအတွက် ပုဂ္ဂလိက ကုမ္ပဏီများ၊ အစိုးရများသည် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြရာ ယင်းတို့၏ဆောက်လုပ်ရေးနှင့် အိမ်ရာစီမံကိန်းများအတွက် မည်သို့မည်ပုံ ဘဏ္ဍာငွေများကို ဖြည့်တင်းကြသည်ဆိုသည်ကို လေ့လာသင့်သည်။ အစဉ်အလာအားဖြင့် အိမ်ရာဆောက်လုပ်ရေး ကဏ္ဍများအတွက် လိုအပ်သော ဘဏ္ဍာငွေကို ဖြည့်ဆည်းပေးသောအဖွဲ့မှာ ဘဏ်များဖြစ်သည်။ ခေတ်သစ်ဘဏ္ဍာရေးစနစ်ကြီးအတွင်း ဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းပေါင်းများစွာ ပေါက်လာသလို ဘဏ္ဍာငွေရယူသည့် နည်းလမ်းအသစ်များလည်း အမျိုးအစား စုံလင်စွာ ပေါ်ပေါက်လာခဲ့သည်။

အချို့အိမ်ရာဖွံ့ဖြိုးရေး ပရောဂျက်များသည် အများနှင့် သက်ဆိုင်သောကော်ပိုရေးရှင်းများအဖြစ် တည်ထောင်ကာ မိမိတို့ လိုအပ်သည့် အရင်းအနှီးအတွက် အများပြည်သူသို့ ရှယ်ယာများ ထုတ်ဝေရောင်းချကာ ဖြည့်တင်းလေ့ရှိသည်။ အချို့သော အစိုးရပရောဂျက်များအတွက်လည်း အိမ်ရာဖွံ့ဖြိုးမှုဆိုင်ရာ ငွေချေးစာချုပ်များကို အများပြည်သူသို့ ထုတ်ဝေရောင်းချကာ ဖြည့်တင်းကြသည်လည်းရှိသည်။ အချို့နိုင်ငံများတွင်လည်း အိမ်ရာများကို ပြည်သူများသို့ တိုက်ရိုက်အရစ်ကျစနစ်ဖြင့် ရောင်းချကာ ဖြည့်တင်းကြသည်များရှိသလို အချို့မှာ ပြည်သူများထံမှငွေကို အရင်ရယူပြီး နောက်မှ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများလည်းရှိသည်။

အချို့နိုင်ငံများသည်လည်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ငွေချေးစာချုပ်များ၊ ဒီဗင်ချာများ ထုတ်ဝေကာ အများပြည်သူသို့ ရောင်းချကြသလို အချို့ကလည်းနိုင်ငံတော်ပိုင် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ချေးငွေအစီအစဉ်များကို ဥပဒေများ ပြဋ္ဌာန်းရေးဆွဲကာ အိမ်ရာများ ပြည်သူတို့

သက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ကြသည်ကိုလည်းတွေ့ရှိရသည်။ အချို့နိုင်ငံများတွင် ဆောက်လုပ်ရေး ချေးငွေ Construction Loan အစီအစဉ်များကို ပြဋ္ဌာန်းထားသည်။ ယင်းမှာ အိမ်ရာဆောက်လုပ်ရေးအတွက် လောလောဆယ်ကုန်ကျမည့် စရိတ်များ ကာမိစေရေးအတွက် ဆောက်လုပ်ဆဲကာလအတွင်း ချေးငွေများ ရယူခြင်းဖြစ်သည်။ ဘဏ်များသည် ဆောက်လုပ်နေသော အဆောက်အအုံနှင့် မြေကို အာမခံပစ္စည်းအဖြစ် ရယူခြင်းဖြစ်သည်။ ဆောက်လုပ်သည့် အဆင့်များ သတ်မှတ်ပြီး ချေးငွေကို အရစ်ကျထုတ်ပေးသည်။ ဆောက်လုပ်ပြီးသည့် အချိန်တွင် ငွေထုတ်ချေးအပြီးဖြစ်အောင် အချိန်ကိုက် ချေးခြင်းဖြစ်သည်။ ဆောက်လုပ်ပြီးသည့်အခါ အမြဲတမ်းအိမ်ပေါင် ချေးငွေရယူပြီး ပေးဆပ်သည်။ အမြဲတမ်း အိမ်ပေါင်ချေးငွေကို အဖွဲ့အစည်းလိုက်မြီရှင်များ Institutional Lender) ဖြစ်သော ဘဏ်များ၊ ငွေစုဘဏ်၊ ပင်စင်ရန်ပုံငွေအဖွဲ့များ၊ အာမခံအဖွဲ့များက ထုတ်ချေးခြင်းဖြစ်သည်။

ဤနေရာတွင် ထိုင်းနိုင်ငံ အိမ်ခြံမြေဖွံ့ဖြိုးရေး လုပ်ငန်းတွင် ဘဏ္ဍာငွေဖြည့်တင်းမှုများကို တင်ပြလိုသည်။ ထိုင်းနိုင်ငံ စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အိမ်ခြံမြေဖွံ့ဖြိုးရေး ကုမ္ပဏီများသည် ၎င်းတို့၏ဘဏ္ဍာရေး ဖွဲ့စည်းမှုပုံသဏ္ဍာန် (Financial Portfolio) ကို ပိုမိုအားကောင်းစေရန်အတွက် ကာလတိုနှင့် ကာလလတ် ဒီဗင်ချာများကို အများပြည်သူသို့ ထုတ်ဝေရောင်းချကာ ၎င်းတို့၏ ဘဏ္ဍာငွေ လိုအပ်ချက်များကို ဖြည့်တင်းခဲ့ကြသည်။ ဒီဗင်ချာ (debenture) ဆိုသည်မှာ အပေါင်ပစ္စည်း၊ အာမခံအစရှိသော ကျောထောက်နောက်ခံများ ထားရှိရန်မလိုဘဲ ထုတ်ဝေသော၊ ကုမ္ပဏီများ၏ သိက္ခာနှင့် ယုံကြည်မှုတို့အပေါ်အခြေခံကာ ထုတ်ဝေသော စာချုပ်စာတမ်းများ ဖြစ်သည်။ ယင်းတို့သည် ခိုင်မာမှု အားကောင်းသော ငွေချေးစာချုပ်များဖြစ်ပြီး ကာလ သက်တမ်းကို ၅ နှစ် ၁၀နှစ်၊ အနှစ်၂၀၊ ၃၀ စသည်ဖြင့် ထုတ်ဝေနိုင်သည်။ ပုံမှန်အတိုးပေးပြီး အချိန်စေ့လျှင် အရင်းပြန် ထုတ်ပေးသည်။ တစ်ချိန်တွင် ယင်းတို့ကို စတော့အဖြစ်လည်း ပြောင်းလဲနိုင်သော စာချုပ်များဖြစ်သည်။ ဒီဗင်ချာများ ထုတ်ဝေခြင်းသည် အဆိုပါအိမ်ခြံမြေဖွံ့ဖြိုးရေး အဖွဲ့များ၏ ငွေသားစီးဆင်းမှုပုံသဏ္ဍာန်(CashFlow)ကိုပိုမိုအဆင်ပြေချောမွေ့စေကာ ဘဏ်ချေးငွေများအပေါ် မှီခိုမှုများ၊ ဘဏ်အတိုးနှုန်း ဝန်ပိမှုများကို တစ်နည်း တစ်ဖုံလျော့ကျစေသည်။ အိမ်ခြံမြေ ကုမ္ပဏီတို့သည် မိမိတို့ အိမ်ခြံမြေ စီမံချက်ကာလ သက်တမ်းအလိုက် လိုအပ်သော ဒီဗင်ချာများကို ထုတ်ဝေနိုင်သည်။ အထူးသဖြင့် တိုက်ခန်းနှင့် ကွန်ဒိုမီနီယံ ပရောဂျက်များ တည်ဆောက်ရာတွင် အသုံးပြုလေ့ရှိပြီး ယင်းတည်ဆောက်မှု ကာလသည် နှစ်နှစ်မှ သုံးနှစ်အထိ ကြာမြင့်သည့်အတွက်ကြောင့် ဖြစ်သည်။

နောက်ထပ်တင်ပြလိုသော စနစ်တစ်ခုမှာ အမေရိကန်အစိုးရ၊အိုးအိမ်ဌာနမှ တာဝန်ခံကာ ထုတ်ဝေသော ငွေချေးစာချုပ်Housing Authority Bond များဖြစ်သည်။ ယင်းမှာ ကာလတိုနှင့် ကာလလတ် ငွေချေးစာချုပ်များဖြစ်ပြီး ပြည်သူ့အိုးအိမ်အာဏာ ပိုင်အဖွဲ့မှ ထုတ်ဝေကာ အတိုးနှင့်အရင်းကို ပြန်ပေးရန် အမေ ရိကန်၏ Department of Housing and Urban Developmentမှ အာမခံခြင်းဖြစ်သည်။ ယင်းကို Public Housing Development Bond ဟုလည်းခေါ်ဆိုသည်။ ဤငွေချေးစာချုပ်များကို ထုတ်ဝေရောင်းချ၍ရသော ငွေများဖြင့် ဝင်ငွေနည်းသူများနှင့်ဝင်ငွေအလယ်အလတ်ရှိသူများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရာတွင် သုံးစွဲလေ့ရှိသည်။ အမေရိကန်အစိုးရသည် Federal Home Loan System စနစ်တစ်ခုကို ဖန်တီးကာ အစိုးရအိမ်ရာချေးငွေ ဥပဒေ ၁၉၃၂ အရ ဒေသဆိုင်ရာဘဏ် ၁၂ ခုအား စုစည်း၍ အိမ်ရာချေးငွေ စနစ်တစ်ခု တည်ထောင်ခဲ့သည်။ ယင်းစနစ်အရ ငွေစုငွေချေးအဖွဲ့ အစည်းများsaving and loan org ကိုစုစည်းကာ ငွေကြေးပမာဏ တစ်ခုကို စုစည်းပြီး အိမ်ရာဖွံ့ဖြိုးရေး ဆောင်ရွက်သူများသို့ ထုတ်ချေးခြင်းဖြစ်သည်။ ဤစနစ်အရ အမေရိကန်ရှိ ခရိုင်ဘဏ်များသည် ငွေစုငွေချေးအသင်းများသို့ ချေးငွေများ ထုတ်ချေးကာ ယင်းငွေစုငွေချေး အသင်းများမှတစ်ဆင့် အိုးအိမ်ပရောဂျက်များသို့ ပြန်လည် ထုတ်ချေးခြင်းဖြစ်သည်။ ယင်းသို့အိမ်ရာဖွံ့ဖြိုးရေး ရန်ပုံငွေများကို ကြီးကြပ်ရန်အတွက် ပြည်ထောင်စုအိမ်ရာချေးငွေထောက်ပံ့ရေးဘုတ်အဖွဲ့ (Federal Housing Finance Board ကို တည်ထောင်ထားသည်။ ယင်းအဖွဲ့သည် နိုင်ငံတော်ဥပဒေအရ တည်ထောင်သော ဗဟို အစိုးရအဖွဲ့ အစည်းတစ်ခုဖြစ်ကာ အိမ်ရာချေးငွေများကို တာဝန်ယူ ထုတ်ချေး

သည့် ဘဏ်များကို ကြီးကြပ်ရသည်။ ယင်းဘုတ်အဖွဲ့သည် သမ္မတမှ တိုက်ရိုက်ခန့်အပ်သောအဖွဲ့ဖြစ်ပြီး အဖွဲ့ဝင် ၅ ဦး ပါရှိသည်။ ယင်းအဖွဲ့၏ သက်တမ်းမှာ ၇နှစ် ဖြစ်သည်။

ယင်းအဖွဲ့သည် ခရိုင်ဘဏ်များမှ လက်ခံနိုင်သော အိမ်ရာဖွံ့ဖြိုးမှု ပရောဂျက်များကို တည်ထောင်ခြင်း၊ စျေးကွက်အတိုးနှုန်း ထက်နိမ့်သော အိမ်ပေါင်ချေးငွေများဖြင့် ဝင်ငွေနိမ့်ပြည်သူများအား ငွေထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများထူထောင်ခြင်း၊ အကြွေးဝန်ထုပ်ပိနေသည့် ငွေစုငွေချေးအသင်းများကို ကယ်တင်ခြင်း၊ နေအိမ်အပေါင်များကို အာမခံပေါ်လစီများ ထုတ်ပေးခြင်း စသည့် လုပ်ငန်းများကိုကြီးကြပ်ဆောင်ရွက်ရသည်။

အိန္ဒိယနိုင်ငံသည်လည်း Unio Home Loan စနစ်ကို တည်ထောင်ကာ ဝင်ငွေနည်းပါးသူ ပြည်သူများအတွက် အိမ်ရာချေးငွေစနစ် စီစဉ်ထားရှိကြောင်း သိရှိရသည်။ ဤချေးငွေစနစ်ကို Union Bank of India မှ တာဝန်ယူဆောင်ရွက်သည်။ ဤသို့စီစဉ်ထားသောကြောင့် ပြည်သူများအနေနှင့် တိုက်ခန်းများကိုလည်းကောင်း၊ မြေကွက်များကိုလည်းကောင်း၊ လက်ရှိအိမ်နှင့် တိုက်ခန်းများ ပြုပြင်ထိန်းသိမ်းရေးအတွက်လည်းကောင်း ချေးငွေများကို ရယူနိုင်သည်။ ချေးငွေရယူနိုင်သောသူများမှာ အိန္ဒိယနိုင်ငံသားဖြစ်ရမည့်အပြင် အသက်မှာ (၂၁)နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်။ ချေးငွေကို တစ်ဦးကျဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ စုပေါင်း၍ ချေးယူနိုင်ပြီး ငွေချေးယူသူများအနေနှင့် ပုံမှန်ဝင်ငွေရှိသူများ ဖြစ်ရန်လိုအပ်သည်။ ချေးယူနိုင်သည့် ပမာဏမှာ ဝယ်ယူမည့်တိုက်ခန်း သို့မဟုတ် မြေကွက်၏ တန်ဖိုးနှင့် မိမိတို့ အရစ်ကျပြန်ဆပ်နိုင်သည့် ပမာဏအပေါ်မူတည်သည်။ အိမ်ပြင်ဆင်ရန်အတွက် ချေးငွေပမာဏမှာ အများဆုံး ရူပီး ၃ သန်းဖြစ်သည်။ ချေးငွေချေးယူရာတွင် အနည်းဆုံးချေးယူသူမှ ထည့်ဝင်ရမည့် ပမာဏကိုလည်း သတ်မှတ်ထားသည်။ ချေးငွေ ရူပီး ၇ ဒသမ ၅ သန်းအထိ ရယူလိုသူအတွက် ကနဦးထည့်ဝင်ငွေမှာ ၂ ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေ ၇ ဒသမ ၅ သန်းမှ ၂၀ သန်းအထိကို ၂၅ ရာခိုင်နှုန်း ထည့်ဝင်ရန် လိုအပ်သည်။ ၂၀ သန်းနှင့်အထက် ချေးငွေအတွက် ကနဦးထည့်ဝင်ငွေမှာ ၃၅ ရာခိုင်နှုန်းဖြစ်သည်။ အိမ်ပြင်ဆင်ချေးငွေအတွက်မူ ကနဦးထည့်ဝင်ငွေမှာ ၂ ရာခိုင်နှုန်းဖြစ်သည်။ ချေးငွေအားလုံးအတွက် ဆိုင်းငံ့ကာလကို ၁၈ လ သတ်မှတ်ထားသည်။ အိမ်ရာချေးငွေ ရယူလိုသူများသည် မိမိတို့၏ ချေးငွေကို အနှစ် ၃၀ အတွင်း အကျေဆပ်ရမည်ဖြစ်ပြီး အိမ်ပြင်ချေးငွေအတွက်မူ ၁၀ နှစ်အတွင်း အကျေဆပ်ရန် လိုအပ်သည်။ လစဉ်ပေးရမည့် အတိုးနှုန်းမှာ တစ်ရာခိုင်နှုန်းဖြစ်သည်။ အိန္ဒိယအိမ်ရာ ချေးငွေစနစ်တွင် မှတ်သားစရာကောင်းသည့် အချက်မှာ Third party guarantee မလိုအပ်ခြင်း၊ အခြားသော ဝင်ငွေအရင်း အမြစ်များမှ ငွေပေါ်သောကြောင့် ချေးငွေအကျေဆပ်လျှင်လည်း prepayment penalty ပေးဆောင်ရန်မလိုခြင်းဖြစ်သည်။ သို့ရာတွင် မိမိတို့လက်ဝယ် ရယူထားသော အဆောက်အအုံများအတွက်ဆုံးရှုံးမှုများမှကြိုတင်ကာကွယ်နိုင်ရန် ဖြစ်သည်။

Reference : Investment Guide Book

ထွန်းသက်ထွန်း

# MIFER BULLETIN
# (2/2025)

## ရင်းနှီး၊ စီးပွား ပြည့်စွမ်းအား



7th Anniversary